မြန်မာ့အလင်း

၁၉၁၄ ခုနှစ်က တည်ထောင်သည်။

အတွဲ (၅၂)
အမှတ် (၁၃၆)

Established in 1914

Myanma Alinn Daily

၁၃၇၄ ခုနှစ်၊ တပို့တွဲလဆန်း ၃ ရက်

၂၀၁၃ ခုနှစ်၊ ဖေဖော်ဝါရီ ၁၂ ရက်၊ ဗုဒ္ဓဟူးနေ့။

နိုင်ငံတော် အရေး(၃)ပါး

❖ ပြည်ထောင်စု မပြိုကွဲရေး။

❖ တိုင်းရင်းသား စည်းလုံး ညီညွတ်မှု မပြိုကွဲရေး။

❖ အချုပ်အခြာအာဏာ တည်တံ့ ခိုင်မြဲရေး။

၂၀၁၃ ခုနှစ် (၆၆)နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် ညှော်ခံပွဲနှင့် ညစာစားပွဲအခမ်းအနားကျင်းပ

နေပြည်တော် ဖေဖော်ဝါရီ ၁၂

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ အဂ္ဂမဟာသရေစည်သူ၊ အဂ္ဂမဟာသီရိသုဓမ္မ ဦးသိန်းစိန်နှင့်ဇနီး ဒေါ်ခင်ခင်ဝင်းတို့က တည်ခင်းဧည့်ခံသည့် ၂၀၁၃ ခုနှစ် (၆၆)နှစ်မြောက် ပြည်ထောင်စုနေ့ အထိမ်းအမှတ်ဧည့်ခံပွဲနှင့် ညစာစားပွဲအခမ်းအနားကို ယနေ့ညပိုင်းတွင် နေပြည်တော်ရှိ မြို့တော်ခန်းမ ဥပစာရင်ပြင်၌ ကျင်းပသည်။

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့်ဇနီး ဒေါ်ခင်ခင်ဝင်းတို့သည် ၂၀၁၃ ခုနှစ် (၆၆)နှစ်မြောက် ပြည်ထောင်စုနေ့ အထိမ်းအမှတ်ဧည့်ခံပွဲနှင့် ညစာစားပွဲ အခမ်းအနားကျင်းပသည့် မြို့တော်ခန်းမဥပစာရင်ပြင်သို့ ညနေ ၆ နာရီခွဲတွင် ရောက်ရှိလာပြီး ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း၊ ဒုတိယသမ္မတ ဦးညဏ်ထွန်း၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့်၊ ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦး၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးတင်အေးတို့နှင့်အတူ အခမ်းအနားသို့တက်ရောက်လာကြသည့် လွှတ်တော်ကိုယ်စားလှယ်များ၊ နိုင်ငံရေးပါတီဥက္ကဋ္ဌများ၊ ဖိတ်ကြားထားသော ငြိမ်းချမ်းရေးအဖွဲ့အစည်းများမှ တာဝန်ရှိသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်ကြသည်။

အဆိုပါ ၂၀၁၃ ခုနှစ် (၆၆) နှစ်မြောက် ပြည်ထောင်စုနေ့ အထိမ်းအမှတ်ဧည့်ခံပွဲနှင့် ညစာစားပွဲသို့ ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းနှင့်ဇနီး ဒေါ်နန်းရွှေမုံ၊ ဒုတိယသမ္မတ ဦးညဏ်ထွန်းနှင့်ဇနီး ဒေါ်ခင်အေးမြင့်၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့်၊ ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦး၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးတင်အေး၊

စာမျက်နှာ ၈ ကော်လံ ၁ ❒

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် ဇနီး ဒေါ်ခင်ခင်ဝင်းတို့ (၆၆)နှစ်မြောက် ပြည်ထောင်စုနေ့ အထိမ်းအမှတ်ဧည့်ခံပွဲနှင့် ညစာစားပွဲအခမ်းအနားသို့ တက်ရောက်လာကြသော နိုင်ငံရေးပါတီဥက္ကဋ္ဌများအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။ (သတင်းစဉ်)

နယ်စပ်ကုန်သွယ်မှုတိုးတက်မြင့်မားလာ

အာကာဟိန်း-ရေးသည်

ရန်ကုန် ဖေဖော်ဝါရီ ၁၂

အိမ်နီးချင်းနိုင်ငံများနှင့် ကူးလူးဆက်ဆံမှုများလာသည့် မြန်မာနိုင်ငံသည် ကုန်သွယ်မှုလုပ်ငန်းများလည်း တိုးတက်လာလျက်ရှိရာ နယ်စပ်ကုန်သွယ်မှုလုပ်ငန်းများ ယခင်ကထက် ပိုမိုမြင့်တက်လာကြောင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန နယ်စပ်ကုန်သွယ်ရေး ဦးစီးဌာန တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

"နယ်စပ်ကုန်သွယ်ရေးတိုးတက်လာတယ်။ ပြီးခဲ့တဲ့ ၂၀၁၁-၂၀၁၂ ဇန်နဝါရီလအထိ နယ်စပ်ကုန်သွယ်မှုနဲ့ ၂၀၁၂-၂၀၁၃ ခုနှစ် ဇန်နဝါရီလအထိ ကုန်သွယ်မှုနှိုင်းယှဉ်ရင် အခုဘဏ္ဍာရေးနှစ်အတွင်းမှာ အမေရိကန်ဒေါ်လာ ၂၂၆ သန်းအထိ တိုးတက်လာပါတယ်" ဟု ၎င်းကပြောကြားသည်။

မြန်မာနိုင်ငံသည် အိမ်နီးချင်းနိုင်ငံများနှင့် ဆက်ဆံရေးအဆင်ပြေချောမွေ့လျက်ရှိရာ နယ်စပ်ကုန်သွယ်မှုစခန်း ၁၃ ခုတို့မှ ကုန်စည်စီးဆင်းမှုများ လျင်မြန်ချောမွေ့စေရန်လည်း ကြိုးစားဆောင်ရွက်ပေးလျက်ရှိသည်။ အဟန့်အတားဖြစ်နေသော အချက်အလက်များကိုလည်း ဖြေလျှော့ပေးခဲ့၍ နယ်စပ်ကုန်သွယ်မှုတိုးတက်လာခြင်းဖြစ်သည်။

မြန်မာနိုင်ငံ၏ နယ်စပ်ကုန်သွယ်မှု စခန်းများဖြစ်သည့် မြဝတီ၊ တမူး၊ မူဆယ်၊ မောင်တော စသည့် နယ်စပ်ကုန်သွယ်မှု စခန်းများအနက် မူဆယ်နယ်စပ်ကုန်သွယ်မှုမှာ အများဆုံးဖြစ်သည်။ ထို့အတူ မြဝတီဘက်မှလည်း နယ်စပ်ကုန်သွယ်မှုများ မြင့်တက်လာလျက်ရှိသည်။

နယ်စပ်ကုန်သွယ်ရေးဦးစီးဌာနက ယခုအခါ တစ်ဦးတည်းပိုင်ထုတ်ကုန်၊ သွင်းကုန်မှတ်ပုံတင်များကို ၂၀၁၂ ခုနှစ် နိုဝင်ဘာလမှစတင်ကာ ကုန်သွယ်မှု ပြုလုပ်လိုသူများအား ထုတ်ပေးလျက်ရှိရာ ယခုအခါ ၂၀၅ ဦးအား ထုတ်ပေးနိုင်ခဲ့ပြီး ဖြစ်သည်။

ထိုသို့တစ်ဦးတည်းပိုင်ထုတ်ကုန်၊ သွင်းကုန်မှတ်ပုံတင်များကို စီစဉ်ထုတ်ယူခွင့်ပြုခဲ့ရာ၌ ၂၀၁၃ ခုနှစ် ဖေဖော်ဝါရီလဆန်းအထိ တမူးနယ်စပ်ကုန်သွယ်ရေးစခန်းတွင် ထုတ်ကုန်သွင်းကုန်မှတ်ပုံတင် ၆၄ကတ် ထုတ်ပေးနိုင်ခဲ့သည်။ ထို့အတူ မြဝတီနယ်စပ်ကုန်သွယ်ရေးအတွက် ၁၆ ကတ်နှင့် မူဆယ် နယ်စပ်ကုန်သွယ်ရေးတွင်

စာမျက်နှာ ၃ ကော်လံ ၆ ●

ယနေ့ မာတိကာ

အရွယ်အစားကြီးမားသော ဂြိုဟ်သိမ် ကမ္ဘာမြေနှင့် နီးကပ်စွာ ဖြတ်သန်းမည် စာ-၅

ဝယ်လိုအားကောင်းသော ပုလဲသွယ်စပ်မျိုးစပါး တောင်သူများတိုးချဲ့စိုက်ရန် စိတ်ဝင်စား စာ-၁၀

ခရီးစဉ်တိုးချဲ့ပျံသန်းပြေးဆွဲမည့် Air KBZ လေယာဉ်သစ်ရောက်ရှိ စာ-၁၁

မြန်မာ့အလင်း အယ်ဒီတာ့အာဘော်

ဥသြငှက်တွန်သံကြားရလေတိုင်း ...

ဤလောက၌ 'ပီယဝါစာ'ချစ်ဖွယ်ချိုသာစွာပြောဆိုခြင်းကို လူတိုင်းနှစ်သက်ကြကုန်၏။ ''ဖရုသဝါစာ'' ရုန့်ရင်းကြမ်းတမ်းစွာ ပြောဆိုခြင်းကိုမူ လူတိုင်းရွံမုန်းကြလေကုန်၏။ သို့ရာတွင် အချို့အချို့သော သူတို့သည်ကား ချိုသာစွာပြောဆိုတတ်သည့် အလေ့အကျင့်မရှိ၍လည်းကောင်း၊ ဂုဏ်မောက်မာ၍သော်လည်းကောင်း၊ စည်းစိမ်ချမ်းသာကိုအကြောင်းပြု၍သော်လည်းကောင်း လူတစ်ဖက်သားတို့အပေါ် ရိုင်းပျစွာပြောဆိုတတ်ကြ၏။ ဤလောက၌ လူတို့သည် ကြမ်းတမ်းစွာပြောဆိုခြင်းကိုပယ်၍ ချစ်ဖွယ်ချိုသာစွာ ပြောဆိုအပ်ကြောင်း ငါးရှင့်ငါးဆယ် သုဇာတာဇာတ်က ဤသို့ဆို၏။

ရှေးလွန်လေပြီးသောကာလ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းကြီး မင်းပြုလေ၏။ မင်းကြီး၏ မယ်တော်မိဖုရားကြီးကား ကြမ်းကြုတ်၏။ အမျက်ဒေါသကြီး၏။ ရန်တွေ့တတ်၏။ ဤ၌ မင်းကြီးလည်း မယ်တော်အား အဆုံးအမပေးရန် သင့်လျော်သော အခါကာလကို ရှာကြံတွေးဆ၍နေလေ၏။

တစ်နေ့သ၌ မင်းကြီးလည်း ဥယျာဉ်ကစားသွားလတ်သည်ရှိသော် မယ်တော်အား အတူတကွလိုက်ပါစေ၏။ ထိုသို့ ခရီးသွားရင်းမှ လမ်းခုလတ်တစ်နေရာ၌ တစ်တီတူးငှက်သည် ကျယ်လောင်စွာ အော်မြည်လေ၏။ မင်း၏အခြွေအရံတို့သည် ထိုအသံကိုကြားလျှင် နားကိုလျင်မြန်စွာပိတ်၍-

''ဟယ်...ငှက်ယုတ်၊ သင်၏ ရုန့်ရင်းကြမ်းတမ်းလှစွာသောအသံဖြင့် မဟစ်ကြွေးလင့်''ဟု ဆိုကြလေ၏။ ဥယျာဉ်တော်သို့ရောက်၍ လှည့်လည်သောအခါ အပွင့်တို့ဝေဆာလျက်ရှိသော အင်ကြင်းပင်ကိုင်းဖျား၌ နားနေသော ဥသြငှက်သည်ကား သာယာချိုမြိန်သောအသံကို တွန်ကျူးလေ၏။ ထိုအခါ မင်းကြီး၏ အခြွေအရံတို့သည်လည်း ထိုအသံကိုကြားလေလျှင်-

''အို...သိမ်မွေ့နူးညံ့သော အသံရှင်အဆွေငှက် ထပ်မံ၍ မြည်ကြွေးပါဦးလော့''ဟု လည်ကိုမော့ကာ နားထောင်နေကြကုန်၏။ ဤတွင် မင်းကြီးလည်း ထိုအကြောင်းနှစ်ပါးကိုအခြေခံ၍ အဆုံးအမပေးခြင်းငှာ သင့်လျော်ပေပြီဟု ကြံစည်ယူဆကာ-

''အို...မိခင် အဆင်းနှင့်ပြည့်စုံ၍ သာယာသောအသံ၊ ချစ်ဖွယ်သောအသံ ဖြစ်စေကာမူ ရုန့်ရင်းကြမ်းကြုတ်သော စကားကို ပစ္စုပ္ပန်၊ တမလွန်လောကမှာပင် မချစ်မနှစ်သက်အပ်ပါ။ မည်းနက်၍ အဆင်းမလှသော ဥသြငှက်ပင်ဖြစ်သော်လည်း သိမ်မွေ့ချိုသာစွာ တွန်ကျူးလေသောကြောင့် လူများစွာတို့ ချစ်ခင်ကြသည်မဟုတ်ပါလော''ဟု ပြောဆိုလေ၏။

မှန်ပေ၏။ တစ်တီတူးငှက်သည် အဆင်းတင့်တယ်သော်လည်း ရုန့်ရင်းကြမ်းတမ်းစွာ အော်မြည်တတ်၍ လူတို့ရွံမုန်းကြ၏။ ဥသြငှက်သည် မည်းနက်၍ အဆင်းမလှသော်လည်း ချိုသာစွာ အော်မြည်တတ်၍ လူတို့ချစ်ခင်ကြလေ၏။ ဤပုံပြင်ကိုထောက်ရှုလျက် လူတိုင်းသည်လည်း ချိုသာသောစကားကိုသာ ပြောဆိုအပ်၏။ ပီယဝါစာ ချစ်ဖွယ်သောစကားကို လူတိုင်း လိုလားနှစ်သက်ကြကုန်၏။ ဖရုသဝါစာ ကြမ်းတမ်းသောစကားကို ရွံမုန်းကြ၏။ ထို့ကြောင့် လူတိုင်းသည် ဥသြငှက်တို့တွန်သံကြားလေတိုင်း ချိုသာစွာပြောဆိုကြခြင်းကို မမေ့အပ်ပါကြောင်း။ ။

ပြည်တွင်းသတင်း

ကုန်သည်/စက်မှုအသင်းချုပ်ဥက္ကဋ္ဌနှင့် ဟောင်ကောင်မှကိုယ်စားလှယ်တို့တွေ့ဆုံ

ရန်ကုန် ဖေဖော်ဝါရီ ၁၂

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအသင်းချုပ် ဥက္ကဋ္ဌ ဦးဝင်းအောင်နှင့် တွဲဖက်အထွေထွေ အတွင်းရေးမှူး ဦးမိုးကျော်တို့အား ဟောင်ကောင်မှ ကိုယ်စားလှယ် ဟောင်ကောင်စီးပွားရေးနှင့် ကုန်သွယ်ရေးရုံး(အာဆီယံ) (Hong Kong Economic and Trade Office-ASEAN) ညွှန်ကြားရေးမှူး Mr. Fong Ngai နှင့် ဒုတိယညွှန်ကြားရေးမှူး Ms. Joyce Chan တို့သည် ဖေဖော်ဝါရီ ၇ ရက် မွန်းလွဲ ၂ နာရီတွင် အသင်းချုပ်ရုံး၌ လာရောက်တွေ့ဆုံကြသည်။

ထိုသို့တွေ့ဆုံရာတွင် မြန်မာ-ဟောင်ကောင်စီးပွားရေးလုပ်ငန်းများ တိုးမြှင့်ပူးပေါင်းဆောင်ရွက်နိုင်ရေး၊ မြန်မာနိုင်ငံ၏ အထည်ချုပ်လုပ်ငန်းများ ပိုမိုဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် နည်းပညာဆိုင်ရာသင်တန်းများ ပူးတွဲဖွင့်လှစ်သင်ကြားနိုင်ရေးနှင့် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးရေးဆိုင်ရာ သင်တန်းနည်းပြများ ပေါ်ထွန်းလာစေရေးအတွက် သင်တန်းများပူးပေါင်းဖွင့်လှစ်ရေး၊ ကုန်သည်/စက်မှုအသင်းချုပ်မှ ဦးဆောင်၍ မြန်မာ စီးပွားရေးလုပ်ငန်းရှင်များ ပါဝင်သော ကိုယ်စားလှယ်အဖွဲ့ ဟောင်ကောင်သို့လာရောက်၍ ဌာနေစီးပွားရေးလုပ်ငန်းရှင်များနှင့် စီးပွားရေးလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်နိုင်ရေးတို့အတွက် တွေ့ဆုံဆွေးနွေးရေးနှင့် မြန်မာနိုင်ငံရှိ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာဥပဒေများ၊ အခွင့်အလမ်းများကို တင်ပြဆွေးနွေးပေးရန် ကိစ္စ၊ ဟောင်ကောင်မှ အဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့ ၂၀၁၃ ခုနှစ် ဇွန်လကုန်တွင် လာရောက်နိုင်ရန်စီစဉ်လျက်ရှိသည့် ကိစ္စနှင့် အသင်းချုပ်မှ လိုအပ်သည်များကို ကူညီပေးရန်တို့ကို ဆွေးနွေးခဲ့ကြသည်။ **(သတင်းစဉ်)**

တမူးနယ်စပ်ကုန်သွယ်ရေးစခန်း၌ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဌာန ဖွင့်လှစ်ရန် ကုန်သည်များလိုလား

တမူး ဖေဖော်ဝါရီ ၁၂

မြန်မာ-အိန္ဒိယနယ်စပ် တမူးနယ်စပ် ကုန်သွယ်ရေးစခန်းတွင် ၂၀၁၂ ခုနှစ် နိုဝင်ဘာ ၂၁ ရက်က စတင်ပြီး Individual Trading Card (ITC)ကတ်ကို အသုံးပြုပြီး လုပ်ငန်းရှင် တစ်ပိုင်တစ်နိုင် ကုန်သည်အသေးစားများအား ကုန်သွယ်မှုလုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက်ခွင့်ပြုခဲ့ပြီး နိုင်ငံတော်မှ ခွင့်ပြုထားသော (ITC)ကတ်ဖြင့် ကုန်သွယ်မှုပြုလုပ်လာသူများ တဖြည်းဖြည်းများပြားလာကာ တမူးမြို့မှ ဒေသခံ တစ်ပိုင်တစ်နိုင် ကုန်သည်အသေးစားများအပြင် စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ ကလေး၊ မုံရွာဒေသများမှ ကုန်သည်အငယ်စားများကလည်း လာရောက်လုပ်ကိုင် ရောင်းဝယ်နေကြပြီဖြစ်ကြောင်း တွေ့ရှိရသည်။

ပို့ကုန်/သွင်းကုန် ကုန်သွယ်မှုလုပ်ငန်း လုပ်ကိုင်ဆောင်ရွက်ရန်အတွက် နယ်စပ်ကုန်သည်များအသင်းတွင် (ITC) မှတ်ပုံတင် ကတ်စာရင်းသွင်း ဆောင်ရွက်ထားသူ ၇၀ ရှိပြီး တမူးနယ်စပ် ကုန်သွယ်ရေးဦးစီးဌာနတွင် ၂၀၁၃ ခုနှစ် ဇန်နဝါရီလကုန်အထိ (ITC) ကတ်ဖြင့် လုပ်ငန်းလုပ်ဆောင်သူ ၆၄ ဦးရှိကာ ခွင့်ပြုလိုင်စင် စောင်ရေ ၇၀ ကျော်ဖြင့် ပို့ကုန်/သွင်းကုန် ကုန်သွယ်မှုပမာဏ ကျပ်သန်းပေါင်း ၁၈၂ သန်းကျော်ထိ လုပ်ကိုင်ဆောင်ရွက်နေကြောင်း နယ်စပ်ကုန်သွယ်ရေးဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦး၏ ပြောပြချက်အရ သိရှိရသည်။

နယ်စပ်ပို့ကုန်ပစ္စည်းအမယ်များအနေဖြင့် ဒေသထွက် ချင်းပဲ၊ ပဲပုပ်စေ့၊ ကုလားပဲလုံးဝါနှင့် မုန်ညင်းစေ့များ တင်ပို့နိုင်ခဲ့ပြီး သွင်းကုန်ပစ္စည်းအမယ်များအနေဖြင့် ရွှေရည်စိမ်လက်ကောက်၊ ပလတ်စတစ်လက်ကောက်၊ ပုဆိုး၊ ပါတိတ်လုံချည်၊ ပိတ်စ၊ စွပ်ကျယ်၊ လက်နှိပ်ဓာတ်မီး၊ ခေါင်းလျှော်ရည်၊ ခေါင်းလိမ်းဆီ၊ ရေမွှေး၊ အလှကုန်ပစ္စည်းမျိုးစုံ၊ ဆာရီစနှင့် ဒူးစွပ်၊ ဖနောင့်စွပ်၊ ဖိနပ်မျိုးစုံတို့ကို တင်သွင်းခဲ့ပြီး ကုန်သွယ်မှုပြုလုပ်ခဲ့ကြသည်။ ပြည်တွင်းဈေးကွက်တွင် ဝယ်လိုအားများပြီး ကုန်သွယ်မှုပမာဏရှိသည့် စားသောက်ကုန်ပစ္စည်းများ ဖြစ်သော ချိုချဉ်၊ သကြားလုံး၊ နို့မုန့်၊ ဝေဖာ၊ ဘီစကစ်မုန့်မျိုးစုံ၊ စွန်ပလွန်ယို၊ အသားတုံ၊ ပါပလာများသည် သွင်းကုန်ခွင့်ပြု လိုင်စင်ရရှိစေကာမူ ကျန်းမာရေးဝန်ကြီးဌာန၊ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဌာန FDA (Food & Drug Administration) ၏ ထောက်ခံချက်လက်မှတ် ရယူရန်လိုအပ်သဖြင့် (ITC)ကတ်ဖြင့် တစ်ပိုင်တစ်နိုင် လုပ်ကိုင်ဆောင်ရွက်နေကြသော ကုန်သည်အသေးစားများသည် စားသောက်ကုန်ပစ္စည်းများ တင်သွင်းလုပ်ကိုင်ဆောင်ရွက်ရာတွင် အခက်အခဲများစွာနှင့် ကြုံတွေ့နေရကြောင်း ကုန်သည်လုပ်ငန်းရှင်များ၏ ပြောပြချက်အရ သိရသည်။

FDA အခက်အခဲအနေအထားများအရ စားသောက်ကုန်ပစ္စည်းများကို တရားဝင်လမ်းကြောင်းပေါ်မှ ကုန်သွယ်သွားလာမှု မပြုကြတော့ဘဲ အကောက်ခွန်မဲ့ တရားမဝင်လမ်းကြောင်းပေါ်မှ သွားလာမှုပြုလုပ်နေကြောင်း၊ စားသုံးသူအကာအကွယ်ပေးရေးနှင့် တရားမဝင်ကုန်သွယ်မှုတားဆီးထိန်းချုပ်ရေးအဖွဲ့ (Mobile Team) တမူးမြို့၏ ဖမ်းဆီးရမိသောပစ္စည်းများက အထောက်အထားများဖြင့် သက်သေပြနေကြောင်း တွေ့ရပေသည်။ FDA ဌာနခွဲ အမြန်ဆုံးထားရှိဆောင်ရွက်ပေးနိုင်ရန် ကုန်သည်လုပ်ငန်းရှင်အသေးစားများက လိုလားလျက်ရှိကြောင်း သိရှိရသည်။ စားသောက်ကုန်ပစ္စည်းများသည် တရားဝင်ကုန်သွယ်မှုလမ်းကြောင်းပေါ်သို့ မှန်ကန်မြန်ဆန်စွာ ရောက်ရှိလာပါက နိုင်ငံတော်အတွက် ရသင့်ရထိုက်သော အခွန်အခများ တိုးမြှင့်ရရှိပြီး ကုန်သွယ်မှုပမာဏများ တိုးတက်မြင့်မားလာမည်ဖြစ်ကြောင်း သိရသည်။ **(ဝင်းနိုင်)**

မိတ္ထီလာမြို့ (၃၃)ကြိမ်မြောက် ဝိနယာဒိနုဂ္ဂဟပရိယတ္တိစာမေးပွဲကို ဖေဖော်ဝါရီ ၁၁ ရက်က မြို့မရပ်ကွက်ရှိ မြို့ကျက်သရေဆောင် သာသနာ့ဗိမာန်တော်၌ ကျင်းပရာ မြို့နယ်အတွင်းရှိ ကျောင်းတိုက်ပေါင်း ၂၄ ကျောင်းမှ စုစုပေါင်း စာဖြေသံဃာတော် ၆၁၂ ပါး ဝင်ရောက်ဖြေဆိုကြစဉ်။ (၄၃၅)

စာမေးပွဲကြီးနီးလာပြီ

အတန်းတင်စာမေးပွဲကြီး နီးကပ်လာပြီဖြစ်သည့်အလျောက် ကျောင်းသားကျောင်းသူများလည်း ကျောင်းသင်ခန်းစာများကို ကျေညက်အောင် ပြန်လည်လေ့ကျင့် ကျက်မှတ်နေကြရပြီဖြစ်ရာ ရန်ကုန်တိုင်းဒေသကြီး ဒလမြို့နယ် မြို့မ(၄)ရပ်ကွက်တွင် စတုတ္ထတန်းကျောင်းသူလေးတစ်ဦး မိခင်ဖြစ်သူအား ဈေးကူရောင်းပေးရင်း ကျောင်းသင်ခန်းစာများ ကျက်မှတ်လေ့ကျင့်နေသည်ကို တွေ့ရစဉ်။ (၁၅၅)

ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်

နေပြည်တော် ဖေဖော်ဝါရီ ၁၂

ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ် ခွင့်ပြုရန်ပုံငွေကျပ် သန်း ၁၀၀ ဖြင့် ပင်းတယမြို့နယ် မိုင်းအင်-မိုင်းလီလမ်း(၄)မိုင် ကျောက်ခင်းခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။ အလားတူ ခွင့်ပြုရန်ပုံငွေကျပ် သန်း ၂၁၀ ဖြင့် ရွာငံမြို့နယ် ရွာငံ-ရေဦး-ကျောက်မြောင်းလမ်း(၆)မိုင် ကတ္တရာခင်းခြင်းလုပ်ငန်းကိုလည်း တစ်ပြိုင်တည်းဆောင်ရွက်လျက်ရှိကြောင်း သိရှိရသည်။ **(ကိုထွေး)**

ပြည်တွင်းသတင်း

ပြည်သူများ၏ တိုင်းပြည်တည်ငြိမ်အေးချမ်းစေလိုမှု၊ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေလိုမှု ဆန္ဒနှစ်ရပ်ကိုဆောင်ရွက်ပေးနေ

နေပြည်တော် ဖေဖော်ဝါရီ ၁၂

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် (၆၆)နှစ်မြောက် ပြည်ထောင်စုနေ့အခမ်းအနားသို့ တက်ရောက်လာကြသည့် တိုင်းဒေသကြီးနှင့်ပြည်နယ်များမှ တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးများအား ယနေ့မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ တောင်သူပညာပေးဇေ(၅၀၀)စက်မှုလယ်ယာစံပြစိုက်ခင်း အစည်းအဝေးခန်းမ၌ တွေ့ဆုံသည်။

တွေ့ဆုံပွဲ အခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီးများနှင့် ဖိတ်ကြားထားသူများ၊ ဒုတိယဝန်ကြီးများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးများနှင့် ဌာနဆိုင်ရာအကြီးအကဲများ တက်ရောက်ကြသည်။

ရှေးဦးစွာ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်က အမှာစကားပြောကြားရာတွင် မိမိအနေဖြင့် တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးများနှင့် ယခု ဒုတိယအကြိမ် ပြန်လည်တွေ့ဆုံခြင်းဖြစ်ပါကြောင်း၊ ပထမအကြိမ် တွေ့ဆုံခဲ့စဉ်က ကတိပြုခဲ့သည့်အတိုင်း တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးများကို ပြည်ထောင်စုနေ့ အခမ်းအနားကြီးသို့ဖိတ်ကြားခဲ့ခြင်းဖြစ်ပါကြောင်း၊ နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေခုံရုံးက တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးများသည် တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့ဝန်ကြီးများနှင့် အဆင့်တူညီသည်ဟု ဆုံးဖြတ်ပေးခဲ့ပြီးဖြစ်ပါကြောင်း၊ ယင်းဆုံးဖြတ်ချက်နှင့်အညီ တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးများ၏ လုပ်ပိုင်ခွင့်နှင့် ခံစားခွင့်များရရှိအောင် စီစဉ်ဆောင်ရွက်ပေးနေပြီဖြစ်ပါကြောင်း၊ မကြာမီ အကောင်အထည်ပေါ်လာတော့မည်ဖြစ်ပါကြောင်း။

တိုင်းရင်းသားစည်းလုံးညီညွတ်မှုသည် နိုင်ငံဖွံ့ဖြိုးတိုးတက်မှု၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲမှု၊ နိုင်ငံရေရှည်ရပ်တည်နိုင်မှုတို့နှင့် ဆက်စပ်လျက်ရှိပါကြောင်း၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုကို နှုတ်ဖြင့်သာ ပြောဆိုတည်ဆောက်၍ မရပါကြောင်း၊ တိုင်းရင်းသားအချင်းချင်း ထိတွေ့ဆက်ဆံမှု၊ တစ်ဦးနှင့် တစ်ဦးကိုယ်ချင်းစာနာ နားလည်မှု၊ တစ်ဦး၏အခက်အခဲကို တစ်ဦးက နားလည်လက်ခံနိုင်မှု၊ တစ်ဦး၏ ယဉ်ကျေးမှုဓလေ့ထုံးစံများကို တစ်ဦးက တန်ဖိုးထားမှုစသည်တို့ဖြင့် ထိတွေ့ဆက်ဆံနေမှသာ တိုင်းရင်းသားစည်းလုံးညီညွတ်မှုခိုင်မြဲမည်ဖြစ်ပါကြောင်း ၊ ထို့ကြောင့် မိမိအနေဖြင့် တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးများနှင့်အမြဲထိတွေ့ဆက်ဆံဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ တိုင်းရင်းသားလူမျိုးရေးရာ ဝန်ကြီးများအနေဖြင့်လည်း မိမိတို့ တိုင်းရင်းသားလူမျိုးစုများနှင့်ပတ်သက်၍ ကိစ္စရပ်များရှိပါက နိုင်ငံတော်သမ္မတရုံးသို့ တိုက်ရိုက်ဆက်သွယ်ဆောင်ရွက်နိုင်ရန်အတွက် သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှထွန်းကို တာဝန်ပေးအပ်ထားသဖြင့် တိုက်ရိုက်ဆက်သွယ်ဆောင်ရွက်နိုင်ပါကြောင်း။

နိုင်ငံတော်သမ္မတဦးသိန်းစိန် (၆၆)နှစ်မြောက် ပြည်ထောင်စုနေ့ အခမ်းအနားသို့ တက်ရောက်လာကြသည့် တိုင်းဒေသကြီး နှင့် ပြည်နယ် များမှ တိုင်း ရင်း သား လူမျိုး ရေးရာ ဝန်ကြီး များအား တွေ့ဆုံ အမှာစကားပြောကြားစဉ်။

(သတင်းစဉ်)

မိမိတို့ အစိုးရအနေဖြင့် ပြုပြင်ပြောင်းလဲရေးလုပ်ငန်းများ ဆောင်ရွက်နေခြင်းသည် တစ်ဦးတစ်ယောက် နာမည်ကောင်းရရန်အတွက် ရည်ရွယ်ဆောင်ရွက်နေခြင်းမဟုတ်ပါကြောင်း၊ သန်း ၆၀ သော ပြည်သူများ၏ ဆန္ဒဖြစ်သည့် တိုင်းပြည်တည်ငြိမ်အေးချမ်းစေလိုမှု၊ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေလိုမှုဟူသည့် ဆန္ဒနှစ်ရပ်ကို အကောင်အထည်ဖော် ဆောင်ရွက်ပေးနေခြင်းသာ ဖြစ်ပါကြောင်း။

နိုင်ငံရေး ပြုပြင်ပြောင်းလဲရေး ဆောင်ရွက်ရာတွင် နိုင်ငံရေးအဖွဲ့အစည်းအားလုံးနှင့် သဟဇာတဖြစ်ပြီး ၎င်းတို့အနေဖြင့် နိုင်ငံရေးလုပ်ငန်းစဉ်တွင် ပါဝင်လာအောင် ဆောင်ရွက်ခဲ့ပါကြောင်း၊ ထို့အတူ လွတ်လပ်ရေးရရှိချိန်ကတည်းက ဖြစ်ပွားနေသည့် တိုင်းရင်းသားလူမျိုးစု လက်နက်ကိုင်ပဋိပက္ခများ ချုပ်ငြိမ်းအောင်လည်း ဆောင်ရွက်နေပါကြောင်း၊ ထိုသို့ ဆောင်ရွက်ရာတွင် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ (၁၀) ဖွဲ့နှင့် အပစ်အခတ်ရပ်စဲနိုင်ခဲ့ပြီး ကေအိုင်အေ တစ်ဖွဲ့နှင့်သာ ဆွေးနွေးနေဆဲအဖြစ် ကျန်ရှိနေပါကြောင်း၊ ယခုနှစ် ဖေဖော်ဝါရီ ၄ ရက်က ကျင်းပခဲ့သည့် ရွှေလီ ဆွေးနွေးပွဲတွင် ရလဒ်ကောင်းများ ရရှိခဲ့သည့်အတွက် မကြာမီတွင် ကချင်ပြည်နယ်၌ ငြိမ်းချမ်းရေးရောင်ခြည် သန်းလာတော့မည် ဖြစ်ပါကြောင်း၊ ကေအိုင်အေနှင့် ငြိမ်းချမ်းရေးရရှိပါက ၁၉၄၈ ခုနှစ်နောက်ပိုင်းတွင် မြန်မာတစ်နိုင်ငံလုံး၌ ပထမဆုံးအကြိမ် သေနတ်သံများရပ်စဲပြီး ငြိမ်းချမ်းရေးရရှိပြီဟု သမိုင်းမှတ်တမ်းတင်နိုင်တော့မည်ဖြစ်ပါကြောင်း၊ ငြိမ်းချမ်းရေး ဆောင်ရွက်ရာတွင် အဆင့်သုံးဆင့်ဖြင့် ဆောင်ရွက်လျက်ရှိပါကြောင်း၊ ယင်းသို့ဆောင်ရွက်ရာတွင် နောက်ဆုံးအဆင့်ဖြစ်သည့် ပြည်ထောင်စုလွှတ်တော်၌ ကျင်းပမည့် ဆွေးနွေးပွဲတွင် တိုင်းရင်းသားကိုယ်စားလှယ်ပေါင်းစုံ ပါဝင်ဆွေးနွေးကြမည်ဖြစ်ကြောင်း၊ တစ်နိုင်ငံလုံး တည်ငြိမ်အေးချမ်းပါက တရားဥပဒေစိုးမိုးရေးကို ပို၍ထိရောက်အောင် ဆက်လက်ဆောင်ရွက်သွားနိုင်မည်ဖြစ်ပါကြောင်း။

တိုင်းရင်းသားပြည်သူများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြုပြင်ပြောင်းလဲဆောင်ရွက်ရာတွင် မိမိတို့၌ သဘာဝသယံဇာတ ပစ္စည်းအပါအဝင် ဖွံ့ဖြိုးမှုအခြေခံကောင်းများရှိသော်လည်း အရင်းအနှီး၊ နည်းပညာနှင့် လူ့စွမ်းအားအရင်းအမြစ်များ ပြည့်စုံမှုမရှိသဖြင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုကို ဖိတ်ခေါ်ရန်လိုအပ်ပါကြောင်း၊ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများ ဝင်ရောက်လာနိုင်ရန်အတွက် လိုအပ်သော နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဥပဒေကိုလည်း ပြဋ္ဌာန်းပေးနိုင်ခဲ့ပြီ ဖြစ်ပါကြောင်း၊ အဆိုပါရင်းနှီးမြှုပ်နှံမှုများကို အဟန့်အတားဖြစ်စေသည့် စီးပွားရေး ပိတ်ဆို့တားဆီးမှုများကိုလည်း ပထမအဆင့်တွင် ဖြေလျှော့စေရန်နှင့် ဒုတိယအဆင့်တွင် လုံးဝပယ်ဖျက်လာစေရန် ဆောင်ရွက်လျက်ရှိပါကြောင်း၊ နိုင်ငံတကာဆက်ဆံရေးတွင် အရှေ့ အနောက်မခွဲခြားဘဲ နိုင်ငံအားလုံးနှင့် ချစ်ကြည်ရင်းနှီးစွာ ဆက်ဆံလျက်ရှိရာ နိုင်ငံတကာနှင့် ဆက်ဆံရေးတိုးတက်လာသည်နှင့်အမျှ စီးပွားရေးပိတ်ဆို့မှုများလည်း ဖြေလျှော့ပေးခဲ့မှုများကို ရရှိနေပြီဖြစ်ပါကြောင်း၊ ယင်းအခြေအနေကောင်းများကို တိုင်းရင်းသားအားလုံး သိရှိနားလည်ပြီး တစ်စိတ်တစ်ဝမ်းတည်း ပူးပေါင်းဆောင်ရွက်စေလိုပါကြောင်းဖြင့် ပြောကြားသည်။

အခမ်းအနားသို့တက်ရောက်လာကြသည့် ပြည်ထောင်စုဝန်ကြီးများကလည်း နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကဏ္ဍအလိုက် အကောင်အထည်ဖော် ဆောင်ရွက်နေမှုများအား အသီးသီးရှင်းလင်းဆွေးနွေးတင်ပြကြသည်။

ထို့နောက် နိုင်ငံတော်သမ္မတက လိုအပ်သည်များကို ဖြည့်စွက်ရှင်းလင်းပြောကြားပြီး တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးများအား အမှတ်တရလက်ဆောင်ပေးအပ်ကာ ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

နိုင်ငံတော်သမ္မတဦးသိန်းစိန် တိုင်း ရင်း သား လူမျိုး ရေးရာ ဝန်ကြီးများအား အမှတ်တရ လက်ဆောင် ပေးအပ်ကာ ရင်းရင်း နှီးနှီး နှုတ်ဆက်စဉ်။

(သတင်းစဉ်)

ယင်းနောက် နိုင်ငံတော်သမ္မတသည် တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးများအား တောင်သူပညာပေးဇေ (၅၀၀) စက်မှုလယ်ယာစံပြစိုက်ခင်းအတွင်း မွေးမြူထားသည့် တစ်နိုင်တစ်ပိုင် နွားမွေးမြူရေးခြံကိုလည်းကောင်း၊ ဇီဝဓာတ်ငွေ့ထုတ်လုပ်မှုနှင့် ဇီဝဓာတ်ငွေ့ဖြင့် အင်ဂျင်စက်မောင်းနှင်၍ လျှပ်စစ်မီးထွန်းထားရှိမှုကိုလည်းကောင်း၊ တစ်ပိုင်တစ်နိုင်စနစ်တကျမွေးမြူထားသော အသားတိုးဝက်မွေးမြူရေးခြံကို လည်းကောင်း၊ အောင်မြင်ဖြစ်ထွန်းနေသည့် မြေပဲ၊ စပ်မျိုးပြောင်း၊ ဝါစိုက်ခင်းများနှင့် နွေစပါးစိုက်ခင်းများကို လည်းကောင်း လိုက်လံရှင်းလင်းပြသပြီး တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးများက သိရှိလိုသည်များကို မေးမြန်းကြရာ နိုင်ငံတော်သမ္မတက ရှင်းနှီးစွာ ပြန်လည်ဖြေကြားခဲ့ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

ပြည်ထောင်စုနေ့အခမ်းအနား ရခိုင်ရိုးရာတိုင်းရင်းသားအကများဖြင့် ဖျော်ဖြေ

မောင်တော ဖေဖော်ဝါရီ ၁၂

ရခိုင်ပြည်နယ် မောင်တောခရိုင် (၆၆)နှစ်မြောက် ပြည်ထောင်စုနေ့ အခမ်းအနားကို မောင်တောမြို့ မြို့မအားကစားကွင်းတွင် ဖေဖော်ဝါရီ ၁၂ ရက် နံနက် ၇ နာရီခွဲက ကျင်းပရာ မောင်တောခရိုင် အထွေထွေအုပ်ချုပ်ရေးမှူး ဦးအောင်မြင့်စိုးက နိုင်ငံတော်သမ္မတ အဂ္ဂမဟာသရေစည်သူ၊ အဂ္ဂမဟာသီရိသုဓမ္မ ဦးသိန်းစိန်ထံမှ ပေးပို့သော ပြည်ထောင်စုနေ့သဝဏ်လွှာအား ဖတ်ကြားခဲ့သည်။

ဖျော်ဖြေတင်ဆက်

အခမ်းအနားတွင် တိုင်းရင်းသားရိုးရာအကများဖြင့် တင်ဆက်ဖျော်ဖြေရာ ရခိုင်ရိုးရာ အဇိမ်စိုက်ကေယိမ်းအက၊ မြို့တိုင်းရင်းသား ရိုးရာယဉ်ကျေးမှု အတီးအမှုတ်အက၊ မဟာနွယ်တပင်တိုင်အက၊ စည်းလုံးခြင်းအတွက် သီချင်းအကတို့ဖြင့် ဖျော်ဖြေတင်ဆက်ကြကြောင်း သိရှိရသည်။ **(ဝဲပုံ)**

(ခရိုင် ပြန်/ဆက်)

မြန်မာ့ရုပ်မြင်သံကြား

၁၃-၂-၂၀၁၃ (ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

၇း၀၀ တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
၇း၂၅ ကျန်းမာဖို့အတူကစားစို့
၇း၃၀ နံနက်ခင်းသတင်း
၇း၄၀ International News
၈း၀၅ ရင်နှစ်ပန်းတို့ လန်းစေချင်
၈း၃၀ **Road to 27th SEA GAMES** (ကြက်တောင်)
၈း၄၅ မြန်မာ့ရိုးရာတောဓလေ့ ကျေးလက်တေးသံများ စာကလေး (ဆင်တပ်မင်္ဂလာပြောညွှန့်)

ညပိုင်း

၄း၀၀ မြန်မာ့ရုပ်မြင်သံကြားအဖွင့်တေး
၄း၂၀ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ -ဒုတိယနှစ် (အင်္ဂလိပ်စာအထူးပြု) (အင်္ဂလိပ်စာ)
၄း၄၀ ဂီတမဟာပျော်စရာ
၄း၅၀ **ဖွံ့ဖြိုးမှုအလှပန်းစုံ ရန်ကုန်တိုင်းဒေသကြီး၊ ဖွံ့ဖြိုးဝေစည်တိုင်းဧရာဝတီ**
၆း၀၀ ညနေခင်းသတင်း
၆း၁၅ မိုးလေဝသအခြေအနေ
၆း၂၀ ဝတီဖျားမှုနန္ဒာကန်
၆း၃၀ ရွှေရင်ခုန်သံ
၇း၀၀ ပြည်တွင်းသတင်း
၈း၀၀ ပြည်တွင်းသတင်း နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ **Road to SEA GAMES (Basketball)** (သရုပ်ဆောင်-ဟက်ကက်၊ ခင်သဇင်)
၁၀း၀၀ ပြည်တွင်းသတင်း မြန်မာ့ရုပ်ရှင် **မြစ်တို့၏မာယာ** ရန်အောင်၊ ရဲအောင်၊ မေသန်းနု (ဒါရိုက်တာ-မီးပွား)

● ***ရှေ့ဖုံးမှ***

၁၂၅ ကတ်ကို ထုတ်ပေးခဲ့ပြီးဖြစ်သည်။

တစ်ဦးတည်းပိုင် ထုတ်ကုန်၊ သွင်းကုန် မှတ်ပုံတင်ရရှိပြီးသူများသည် တရားဝင်ခွင့်ပြုထားသည့် ကုန်ပစ္စည်းများကို တစ်ရက်လျှင် ငွေကျပ် ၁၀ သိန်းဖိုးနှင့် သီတင်းတစ်ပတ်လျှင် ငွေကျပ်သိန်း ၅၀ ဖိုးအထိ ကုန်သွယ်မှုပြုနိုင်မည်ဖြစ်သည်။

ထိုသို့ တစ်ဦးတည်းပိုင် ထုတ်ကုန်၊ သွင်းကုန် မှတ်ပုံတင်များ ထုတ်ပေးခြင်းသည် နယ်စပ်ကုန်သွယ်မှုကို တိုးတက်မြင့်မားစေရန် အထောက်အကူပြုမည်ဖြစ်သည်။

(မြန်မာ့အလင်း)

စာအုပ်စာပေ လူ့မိတ်ဆွေ

နိုင်ငံတကာသတင်း

အမေရိကန်သူရဲကောင်း စစ်ဘက်ဆိုင်ရာအမြင့်ဆုံးဆုချီးမြှင့်ခံရ

နယူးယောက် ဖေဖော်ဝါရီ ၁၂

အမေရိကန်သမ္မတ ဘားရက်အိုဘားမားသည် အာဖဂန်နစ္စတန်နိုင်ငံအတွင်း ကြီးမားသောတိုက်ခိုက်မှုတစ်ခုတွင် ရဲစွမ်းသတ္တိပြောင်မြောက်စွာဖြင့် တာဝန်ထမ်းဆောင်ခဲ့သည့် စစ်မှုထမ်းဟောင်းတစ်ဦးကို ဂုဏ်ပြုဆုတံဆိပ်ပေးအပ်ချီးမြှင့်ခဲ့ကြောင်း ဖေဖော်ဝါရီ ၁၂ ရက်က ဘီဘီစီသတင်းတွင် ဖော်ပြသည်။ (အောက်ပုံ)

အဆိုပါ ဂုဏ်ပြုဆုတံဆိပ်ချီးမြှင့်ခံရသော အသက် ၃၁ နှစ် အရွယ်ရှိ တပ်ကြပ်ကြီးဟောင်း ကလင်တန်ရိုမီရှာသည် ပြီးခဲ့သည့် လေးနှစ်အတွင်းက အာဖဂန်နစ္စတန်နိုင်ငံအတွင်း တာလီဘန်တိုက်ခိုက်ရေးသမား ရာပေါင်းများစွာအား ဆန့်ကျင်တိုက်ခိုက်ခဲ့သည့် တိုက်ပွဲတစ်ခုတွင် ဦးဆောင်ခဲ့သည်။

အမေရိကန်တပ်ဖွဲ့ဝင်ပေါင်း ၅၀ ခန့်သည် ပါကစ္စတန်နယ်စပ် အနီးရှိ ကိတင်းတိုက်ခိုက်ရေး အခြေစိုက်စခန်း၌ ရှိနေချိန်တွင် တာလီဘန်စစ်သွေးကြွများ၏ ဝင်ရောက်စီးနင်းခြင်းကို ခံခဲ့ရသည်။

အမေရိကန်နိုင်ငံ၏ အမြင့်ဆုံးစစ်ဘက်ဆိုင်ရာဆုတံဆိပ်ကို ရရှိသည့် ရိုမီရှာသည် အာဖဂန်နစ္စတန်စစ်ပွဲတွင် လေးဦးမြောက် အသက်ရှင်ကျန်ရစ်သည့် စစ်မှုထမ်းဟောင်းတစ်ဦးဖြစ်သည်။

၎င်းသည် အမေရိကန် အနောက်ပိုင်း မြောက်ဒါကိုတာရှိ မီနော့မြို့တွင် သူ၏မိသားစုဝင် သုံးဦးနှင့်အတူ နေထိုင်ပြီး ရေနံတူးဖော်ရေးလုပ်ငန်းကို လုပ်ကိုင်နေသည်။

၂၀၀၉ ခုနှစ် အောက်တိုဘာ ၃ ရက်က တာလီဘန်တိုက်ခိုက်ရေးသမား ၄၀၀ ကျော်တို့သည် အာဖဂန်အရှေ့ပိုင်း နူရစ်စတန်ပြည်နယ် ကမ်ဒတ်ရှ်ခရိုင်ရှိ ကိတင်းတိုက်ခိုက်ရေး အခြေစိုက်စခန်း၌ အမေရိကန်အရာရှိများရှိနေစဉ် ဝင်ရောက်တိုက်ခိုက်ခဲ့ခြင်းဖြစ်သည်။

ပြန်လည်ခုခံ

ယင်းတိုက်ပွဲတွင် ၎င်း၏ဦးဆောင်မှုဖြင့် ရန်သူများကို ရစရာမရှိအောင် ပြန်လည်ခုခံတိုက်ခိုက်ခဲ့ကြောင်း တပ်ကြပ်ကြီး ရိုမီရှာက ပြန်ပြောင်းပြောပြခဲ့သည်။ **(ဘီဘီစီ)**

ကမ္ဘာ့သံမဏိထုတ်လုပ်မှုတွင် အီရန်(၁၅)ခုမြောက် အကြီးဆုံးဖြစ်

တီဟီရန် ဖေဖော်ဝါရီ ၁၂

အီရန်နိုင်ငံသည် ပြီးခဲ့သည့် ၂၀၁၂ ခုနှစ်က ကမ္ဘာပေါ်တွင် (၁၅) ခုမြောက် အကြီးဆုံးသံမဏိလုပ်ငန်း ထုတ်လုပ်သည့် နိုင်ငံဖြစ်ခဲ့ကြောင်း မကြာသေးမီက ထုတ်ပြန်သည့် အချက်အလက်များအရ သိရသည်။

အီရန်နိုင်ငံသည် ပြီးခဲ့သည့် ၂၀၁၂ ခုနှစ်က သံမဏိအကြမ်းထည် တန်ပေါင်း ၁၄ ဒသမ ၄၆၃ သန်းအထိ ထုတ်လုပ်ခဲ့ပြီး ကမ္ဘာပေါ်တွင် (၁၅) ခုမြောက်အကြီးဆုံး သံမဏိထုတ်လုပ်သည့်နိုင်ငံအဖြစ် သတ်မှတ်ခံခဲ့ရခြင်းဖြစ်ကြောင်း ကမ္ဘာ့သံမဏိအဖွဲ့၏ နောက်ဆုံးထုတ်ပြန်သည့် အချက်အလက်များအရ သိရသည်။

အီရန်သည် အရှေ့အလယ်ပိုင်းနှင့် မြောက်အာဖရိကတွင် အကြီးဆုံး သံမဏိထုတ်လုပ်သူဖြစ်ကြောင်း၊ နိုင်ငံ၏အဓိကထုတ်လုပ်သောသံမဏိစက်ရုံများသည် အစ်ဖာဟန်နှင့် ခူဇီစတန်ပြည်နယ်တို့တွင်ရှိကြောင်း အဆိုပါထုတ်ပြန်ချက်တွင်ဖော်ပြပါရှိသည်။

အီရန်နိုင်ငံ၏ အဓိကသံမဏိအကြမ်းထည်ထုတ်လုပ်သူများတွင် မိုဘာရာကီသံမဏိစက်ရုံသည် အစုရှယ်ယာဈေးကွက်တွင် ၄၇ ရာခိုင်နှုန်းခန့်၊ ခူဇီစတန်သံမဏိကုမ္ပဏီသည် အစုရှယ်ယာဈေးကွက်တွင် ၂၃ ရာခိုင်နှုန်း၊ အစ်ဖာဟန်ဖောင်ဒရီးသည် အစုရှယ်ယာဈေးကွက်တွင် ၂၀ ရာခိုင်နှုန်းနှင့် အီရန်အမျိုးသား သံမဏိစက်မှုဇုန်အုပ်စုက အစုရှယ်ယာဈေးကွက်တွင် ၁၀ ရာခိုင်နှုန်းခန့် ပါရှိသည်ဟုဆိုသည်။ **(ပရက်စ်တီဗွီ)**

ကွန်ဂိုသူပုန်ခေါင်းဆောင်အား ဖမ်းဆီးလိုက်ပြီ

ကီဗူး ဖေဖော်ဝါရီ ၁၂

ကွန်ဂိုဒီမိုကရက်တစ်သမ္မတနိုင်ငံ (ဒီအာရ်စီ)ရဲအဖွဲ့က တောင်ကီဗူးပြည်နယ်အရှေ့ပိုင်း၌ သူပုန်ခေါင်းဆောင်အား ဖမ်းဆီးလိုက်ပြီဖြစ်ကြောင်း ပြည်နယ်အစိုးရတာဝန်ရှိသူတစ်ဦးက ပြောကြားလိုက်သည်။

ကွန်ဂိုသူပုန်ခေါင်းဆောင် ဂူစတေ့ဘာဂါမာမူကွီတက်ဂျီးအား အဆိုပါပြည်နယ် မြို့တော်ဘူကာဗူတောင်ဘက် တန်ဂန်ရီကာကန်၏ကမ်းခြေ၌ ဖေဖော်ဝါရီ ၁၀ ရက်က ဖမ်းဆီးနိုင်ခဲ့ကြောင်း အစိုးရတာဝန်ရှိသူ ခေါက်ဝီမာဆိုသူက ဖေဖော်ဝါရီ ၁၁ ရက်တွင် ပြောကြားသည်။

နိုင်ငံရေးနှင့် စစ်ရေးပြုလုပ်ပြီး သမ္မတဂျိုးဆက်ကာဘီလာအား ဖြုတ်ချသွားမည်ဟု သူပုန်ခေါင်းဆောင် ဘာဂါမူကွီက ဇန်နဝါရီလအတွင်းက ကြေညာခဲ့သည်။ ထိုအတောအတွင်း တောင်အာဖရိကရဲတပ်ဖွဲ့က ကွန်ဂိုအစိုးရကိုဖြုတ်ချရန် ကြိုးကိုင်နေသူ ကွန်ဂိုနိုင်ငံသားတစ်ဦးကို ဖမ်းဆီးနိုင်ပြီဖြစ်ကြောင်းလည်း ဖေဖော်ဝါရီ ၁၀ ရက်တွင် ပြောကြားသည်။ **(ပရက်စ်တီဗွီ)**

လိုက်ဘေးရီးယား၌ လေယာဉ်ပျက်ကျမှုတွင် ဂီနီစစ်ဘက်ခေါင်းဆောင်နှင့် အရာရှိများသေဆုံး

မွန်ရိုးဗီးယား ဖေဖော်ဝါရီ ၁၂

လိုက်ဘေးရီးယားနိုင်ငံ မြို့တော် မွန်ရိုးဗီးယားအနီး ဖေဖော်ဝါရီ ၁၁ ရက်က လေယာဉ်တစ်စင်းပျက်ကျမှုတွင် ဂီနီစစ်ဘက်ခေါင်းဆောင်အပါအဝင် အခြား ၁၀ ဦးသေဆုံးကြောင်း ဘီဘီစီသတင်းတစ်ရပ်တွင် ဖော်ပြသည်။

ဂီနီတပ်ဖွဲ့ခေါင်းဆောင် ဗိုလ်ချုပ်ဆောလီမာနီကလီဖာဒီယာလိုသည် လိုက်ဘေးရီးယားနိုင်ငံ နှစ်ပတ်လည် တပ်မတော်နေ့ကို တက်ရောက်ဂုဏ်ပြုရန် ဂီနီကိုယ်စားလှယ်အဖွဲ့ကို ဦးဆောင်ပြီး လိုက်ပါလာခြင်းဖြစ်သည်။

အဆိုပါ လေယာဉ်သည် တောနက်ထူထပ်သော သစ်တောအတွင်းသို့ ထိုးဆင်းသွားခဲ့ပြီးနောက် လိုက်ပါလာသူ စစ်ဘက်ဆိုင်ရာအရာရှိခြောက်ဦးနှင့် လေယာဉ်အမှုထမ်းငါးဦးစလုံး အသက်ရှင်ကျန်ရစ်ခြင်းမရှိကြောင်း သတင်းတွင် ဖော်ပြသည်။ လေယာဉ်ပျက်ကျရသည့် အကြောင်းအရင်းကို ရှင်းလင်းစွာမသိရသေးကြောင်း လိုက်ဘေးရီးယားကာကွယ်ရေးဝန်ကြီး ဘရောင်နီဆာမူကီက ပြောကြားခဲ့သည်။ **(ယာပုံ)**

ယင်းလေယာဉ်သည် မွန်ရိုးဗီးယား အပြည်ပြည်ဆိုင်ရာလေဆိပ်အနီး ချာလက်စ်ဗီလီတွင် ပျက်ကျခဲ့ခြင်းဖြစ်ကြောင်း လိုက်ဘေးရီးယား ပြန်ကြားရေးဝန်ကြီးက ပြောကြားသည်။ လေယာဉ်ပျက်ကျသည့် နေရာသို့ လိုက်ဘေးရီးယားသမ္မတ အီလန်ဂွန်ဆန်သည် ဂီနီသံအမတ်နှင့်အတူ သွားရောက်ခဲ့ပြီး ဝမ်းနည်းကြေကွဲဖွယ်နေ့တစ်နေ့အဖြစ် တရားဝင်ထုတ်ပြန်ကြေညာခဲ့သည်ဟု ဆိုသည်။ **(ဘီဘီစီ)**

တင်မောင်လွင် – စုစည်းသည်

မာလီမြောက်ပိုင်းရှိ သူပုန်များအား ပြန်လည်တိုက်ထုတ်

ဂါအို ဖေဖော်ဝါရီ ၁၂

မာလီနိုင်ငံမြောက်ပိုင်း ဂါအိုမြို့၌ အစ္စလာမ္မစ်သူပုန်များနှင့် တိုက်ပွဲအကြီးအကျယ်ဖြစ်ပွားခဲ့ပြီးနောက် မာလီစစ်တပ်က သူပုန်များအား တစ်အိမ်တက်ဆင်း ရှာဖွေမှုများ ပြုလုပ်လျက်ရှိကြောင်း ဘီဘီစီ သတင်းတစ်ရပ်တွင် ဖော်ပြသည်။

တိုက်ခိုက်နိုင်ခဲ့

သူပုန်အဖွဲ့ဝင်များသည် ပြည်သူများအကြား ပုန်းအောင်းနေနိုင်ကြောင်း ဂါအိုမြို့မှ ဘီဘီစီ သတင်းထောက်တစ်ဦးက ပြောကြားသည်။ ဂါအိုမြို့တွင် မာလီစစ်တပ်က သူပုန်များကို ဖေဖော်ဝါရီ ၁၀ ရက်တွင် အကြီးအကျယ် ထိုးစစ်ဆင်ခြေမှုန်း တိုက်ခိုက်နိုင်ခဲ့ကြောင်း ၎င်းက ပြောကြားသည်။ ပြင်သစ်နှင့် မာလီတို့၏ ပူးပေါင်းတပ်ဖွဲ့ဝင်များသည် လွန်ခဲ့သော သီတင်းနှစ်ပတ်က အစ္စလာမ္မစ်သူပုန်တို့အား ထိုးစစ်ဆင်တိုက်ခိုက် မောင်းထုတ်ခဲ့သည်။

သို့သော်လည်း ယင်းတို့သည် သစ်သားလှေများဖြင့် နိုင်ဂျာမြစ်ကိုဖြတ်ပြီး ပြန်လည်ဝင်ရောက်လာကြသည်။ သူပုန်အဖွဲ့သည် ရဲဌာနချုပ်တစ်ခုကို သူပုန်စခန်းအဖြစ် ခြေကုပ်ယူ တိုက်ခိုက်ခဲ့သည်။ သို့သော်လည်း မာလီစစ်တပ်က ဖေဖော်ဝါရီ ၁၀ ရက်တွင် သူပုန်အဖွဲ့အား လေးနာရီကြာအောင် ပြန်လည်တိုက်ထုတ်ခဲ့ရသည်ဟု ဆိုသည်။ **(ဘီဘီစီ)**

အရွယ်အစားကြီးမားသော ဂြိုဟ်သိမ် ကမ္ဘာမြေနှင့်နီးကပ်စွာ ဖြတ်သန်းမည်

လာမည့် ဖေဖော်ဝါရီ ၁၅ ရက်တွင် ဘောလုံးကွင်းတစ်ဝက်နီးပါး စာရှိသောဂြိုဟ်သိမ်တစ်ခု ကမ္ဘာနှင့် နီးကပ်စွာ ဖြတ်သန်းလိမ့်မည်ဟု နာဆာက ဖေဖော်ဝါရီ ၁၁ ရက်တွင် ထုတ်ဖော်ပြောကြားသည်။

အဆိုပါဂြိုဟ်သိမ် ကမ္ဘာအနီး ဖြတ်သန်းသွားမှု အကွာအဝေးသည် ဂြိုဟ်ပတ်လမ်းအတွင်း လွှတ်တင်ထားသော များစွာသော မိုးလေဝသဂြိုဟ်တုများထက်ပင် ကမ္ဘာနှင့် နီးကပ်လွန်းသော အကွာအဝေးမှ ဖြတ်သန်းသွားမည်ဖြစ်ကြောင်း၊ သို့သော် ကမ္ဘာနှင့်နီးကပ်စွာဖြတ်သန်းသွားမည့် ယင်းဂြိုဟ်သိမ်သည် ကမ္ဘာကိုဝင်တိုက်နိုင်ခြေမရှိကြောင်း နာဆာက ထုတ်ပြန်ခဲ့သည်။

2012 DA 14 ဟုအမည်သတ်မှတ်ထားသော ယင်းဂြိုဟ်သိမ် ကမ္ဘာအနီးမှ ဖြတ်သန်းချိန်ကျရောက်မည့် ဖေဖော်ဝါရီ ၁၅ ရက်တွင် ကမ္ဘာဂြိုဟ်နှင့် ဂြိုဟ်သိမ်တို့ကြား အကွာအဝေးမှာ မိုင် ၁၇၂၀၀ မိုင် အနီးထိ ချဉ်းကပ်ဖြတ်သန်းသွားမည် ဖြစ်သည်။ ကမ္ဘာဂြိုဟ်ပတ်လမ်းအတွင်း လွှတ်တင်ထားသော မိုးလေဝသ၊ ဆက်သွယ်ရေးနှင့် GPS စနစ်ဂြိုဟ်တုများ ပတ်လမ်းအကွာအဝေးထက်မိုင် ၅၀၀၀ ပိုနီးကပ်စွာ ကမ္ဘာအနီးမှ ဖြတ်သန်းသွားလိမ့်မည်ဟု နာဆာကဆိုသည်။

ပြီးခဲ့သည့်နှစ်အတွင်းက ထောက်လှမ်းတွေ့ရှိခဲ့သည့် ယင်းဂြိုဟ်သိမ်၏ ပမာဏမှာ ပေ ၁၅၀ လုံးပတ်ရှိပြီး ၄င်းရွေ့လျားရာ လမ်းကြောင်းသည် ကမ္ဘာအနီး ဖြတ်သန်းသွားမည်ဖြစ်သော်လည်း ကမ္ဘာဂြိုဟ်နှင့် ဝင်တိုက်မိရန်မှာ မဖြစ်နိုင်ကြောင်း နာဆာ၏ တရားဝင်ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။



ယခု 2012 DA14 ဂြိုဟ်သိမ် အရွယ်အစားရှိ ဂြိုဟ်သိမ်ဂြိုဟ်မွှားမျိုး ကမ္ဘာနှင့် နီးကပ်စွာဖြတ်သန်းသွားမှုသည် ပထမဆုံးအဖြစ် မှတ်တမ်းတင်မည်ဖြစ်သည်။ ထိုသို့သော ဂြိုဟ်သိမ်မျိုး ကမ္ဘာနှင့် နီးကပ်စွာ ဖြတ်သန်းသွားချိန်တွင် ဂြိုဟ်သိမ် ဂြိုဟ်မွှားတို့၏ သဘောသဘာဝကို လေ့လာနိုင်မည့် အကျိုးရလဒ်များကို ဆုပ်ကိုင်ရယူနိုင်ရေးအတွက် နာဆာသိပ္ပံပညာရှင်များနှင့် ကမ္ဘာတစ်ဝန်းရှိနက္ခတပညာရှင်များက ကြိုတင်ပြင်ဆင်လျက်ရှိသည်။

ထိုနေ့သို့ ရောက်ရှိခဲ့ပါလျှင် ကမ္ဘာနှင့်နီးကပ်စွာ ဖြတ်သန်းသွားမည့် ယင်းဂြိုဟ်သိမ်ကို အမိအရလေ့လာပြီး အာကာသဒြပ်ထုများဖြစ်သည့် ဂြိုဟ်သိမ်ဂြိုဟ်မွှားတို့၏ ကိုယ်ပိုင်ဝင်ရိုးပေါ်လည်ပတ်မှု လမ်းကြောင်းမည်သို့ လုပ်ဆောင်သည်ကို ရှင်းလင်းစွာ သိနိုင်ရေးကြိုးစားရမည်ဖြစ်ကြောင်း နယူးမက္ကဆီကိုရှိ အမျိုးသားရေဒီယိုအာကာသ ဒြပ်စင်စောင့်ကြည့်ထောက်လှမ်းရေးစခန်းမှ ခေါင်းဆောင်တစ်ဦးဖြစ်သူ မိုက်ကယ်ဘတ်ချ်က ထုတ်ပြန်ပြောကြားသွားသည်။

ပတ်ဝန်းကျင်လေထုညစ်ညမ်းမှုက ပေါင်မပြည့်သော ကလေးငယ်များမွေးဖွားမှုကိုတွန်းအားပေး

ကိုယ်ဝန်ဆောင်ချိန် အပိုင်းအခြားကာလများအတွင်း ပတ်ဝန်းကျင်လေထုသန့်ရှင်းမှုသည် မွေးဖွားလာသည့်ကလေးငယ်တို့၏ ကျန်းမာရေးအပေါ် သက်ရောက်မှုများစွာရှိသည်ဟု သုတေသနပြုချက်တစ်ရပ်က ဆိုသည်။

ကိုယ်ဝန်ဆောင်ချိန်တွင် လေထုညစ်ညမ်းမှုမှ ကာကွယ်မှုများမထားရှိပါက ပေါင်ချိန်နည်းသော ကလေးငယ်များ မွေးဖွားနိုင်ခြေလွန်ကဲစွာရှိနေကြောင်း နိုင်ငံတကာအကြီးစား သုတေသနပြုချက်အရ တွေ့ရှိခဲ့ခြင်းဖြစ်သည်။



အဆိုပါ နိုင်ငံတကာ သုတေသနအဖွဲ့သည် နိုင်ငံကိုးနိုင်ငံရှိ ကျန်းမာရေးစင်တာ ၁၄ ခုတွင် ကလေးမွေးဖွားမှုပေါင်း သုံးသန်းထက်မနည်းကို ကာလရှည်သုတေသနပြု၍ အချက်အလက်များကို စိစစ်ခဲ့ခြင်းဖြစ်သည်။

ထိုသုတေသနပြုရလဒ်ကို သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ကျန်းမာရေးရာအရှိတရားဆိုသည့် ဝက်ဘ်ဆိုက်တွင် ပြီးခဲ့သည့်အပတ်အတွင်းက ဖော်ပြခဲ့သည်။ လေထုညစ်ညမ်းမှုနှင့် ကိုယ်ဝန်ဆောင်ချိန် ကျန်းမာရေးရလဒ်များကို ရှေ့ဦးအစကပင် သုတေသနများ ပြုလုပ်ခဲ့သော်လည်း ဆီလျော်ခိုင်မာသည့်ရလဒ်အဖြေများ ရရှိအောင် သုတေသနမပြုလုပ်နိုင်ခဲ့ပေ။

ယခု သုတေသနပြုချက်တွင်မူ ကျန်းမာရေးစင်တာ အသီးသီးမှ သတင်းအချက်အလက်များကို အသေးစိတ်ခွဲခြားစိစစ်သည်။ စီးပွားရေးအခြေအနေနှင့် ကျန်းမာရေးစစ်ဆေးချက်ပါ တိကျမှန်ကန်စွာ ဆောင်ရွက်ခဲ့ပြီးနောက် လေထုညစ်ညမ်းမှုနှင့် ပေါင်မပြည့်သော ကလေးမွေးဖွားနိုင်မှုရာနှုန်းအလိုက်ကို ဖော်ထုတ်နိုင်ခဲ့သည်။

လေထု ညစ်ညမ်းလွန်းသော ပတ်ဝန်းကျင်တွင် ပေါင်မပြည့်သည့် ကလေးမွေးဖွားမှုသည် လေထုညစ်ညမ်းမှုနည်းသော ပတ်ဝန်းကျင်ထက် ၁၀ ရာခိုင်နှုန်းမှ ၁၅ ရာခိုင်နှုန်းအထိ မြင့်မားစွာရှိနေသည်ကို သုတေသနပြုတွေ့ရှိခြင်း ဖြစ်သည်။

ယခုကျန်းမာရေးဆိုင်ရာ တွေ့ရှိချက်အရ လူထုကျန်းမာရေးဆိုင်ရာတွင် များစွာအကျိုးတရားရှိစေမည်ဖြစ်ကြောင်း သုတေသနစာတမ်းဦးဆောင်ရေးသားသူလည်းဖြစ် ဘာစီလိုနာရှိ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ကူးစက်ရောဂါဗေဒသုတေသနစင်တာမှ ပညာရှင်လည်းဖြစ်သော ဒေါက်တာပါရက်ဒါဒီဗန်က ပြောကြားခဲ့သည်။

"ပေါင်မပြည့်ဘဲ မွေးလာတဲ့ကလေးငယ်များက ဘဝနောက်ပိုင်းအချိန်များမှာ ကျန်းမာရေးအကျိုးသက်ရောက်မှုများ ဖြစ်စေနိုင်ပါတယ်။ အာရုံကြောဆိုင်ရာရောဂါများ၊ ဆီးချိုရောဂါ၊ ဆီးလွန်ရောဂါနဲ့ အခြားသော နာဖျားမကျန်းမမာမှုများ ပေါင်ချိန်နည်းကလေးငယ်များမှာ ပိုပြီးဖြစ်ပွားစေပါတယ်။ အချိန်မတိုင်ခင်သေဆုံးမှုနှင့် ကျန်းမာရေးချူချာမှုများက ပေါင်မပြည့်ဘဲ မွေးတဲ့ကလေးငယ်များအတွက် အန္တရာယ်တစ်ပါးပါပဲ" ဟူ၍ ဒေါက်တာပါရက်က ပြောကြားခဲ့သည်။

မောင်သံဆင့် - ရေးသည်

နိုင်ငံတကာသတင်း

မြောက်ကိုရီးယား တတိယအကြိမ် နျူကလီးယားစမ်းသပ်

တတိယအကြိမ်မြောက် မြေအောက်နျူကလီးယားကို အောင်မြင်စွာ စမ်းသပ်နိုင်ခဲ့ပြီဖြစ်ကြောင်း မြောက်ကိုရီးယားနိုင်ငံက ဖေဖော်ဝါရီ ၁၂ ရက်တွင် အတည်ပြုပြောကြားသည်။ ယင်းစမ်းသပ်မှုကို အသေးစားနျူကလီးယားလက်နက်ပစ္စည်းတစ်ခု ပါဝင်၍ လုံခြုံဘေးကင်းစွာ စမ်းသပ်နိုင်ခဲ့ကြောင်း ပြုံယမ်းကပြောကြားသည်။ နျူကလီးယားစမ်းသပ်မည့်နေရာကို မြေငလျင်တိုင်းတာစစ်ဆေးခဲ့ပြီးနောက် နာရီပိုင်းအကြာတွင် ၎င်းသတင်းကို မြောက်ကိုရီးယားက အတည်ပြုခဲ့သည်။ မြောက်ကိုရီးယားအား နျူကလီးယားမစမ်းသပ်မီ လုံခြုံရေးကောင်စီက ထိရောက်သော အကျိုးဆက်များခံစားရလိမ့်မည်ဟု သတိပေးပြောကြားခဲ့သည်။ ကုလသမဂ္ဂလုံခြုံရေးကောင်စီဆုံးဖြတ်ချက်ကို ချိုးဖောက်ခြင်းဖြစ်၍ ကုလသမဂ္ဂအတွင်းရေးမှူးချုပ်ဘန်ကီမွန်းက အလွန်အမင်း စိုးရိမ်ပူပန်လျက်ရှိသည်။ မြောက်ကိုရီးယားနိုင်ငံသည် ၂၀၀၆ ခုနှစ်နှင့် ၂၀၀၉ ခုနှစ်များတွင်လည်း မြေအောက်နျူကလီးယားစမ်းသပ်မှုများ ပြုလုပ်ခဲ့သည်။

ဆီးရီးယားဒုက္ခသည်များအား ဂျော်ဒန်ဖြိုခွင်း

ဂျော်ဒန်နိုင်ငံမြောက်ပိုင်း ဒုက္ခသည်စခန်းတစ်ခု၌ ဆင်းရဲနွမ်းပါးစွာနေထိုင်ရခြင်းနှင့် ကျန်းမာရေးအခြေအနေများကြောင့် ဆီးရီးယားဒုက္ခသည်များက ဆန္ဒပြခဲ့ကြရာ ဂျော်ဒန်လုံခြုံရေးတပ်များက မျက်ရည်ယိုဗုံးများသုံး၍ ဖြိုခွင်းခဲ့သည်။ ဒေါသထွက်နေသော ဒုက္ခသည်များ၏ တုတ်နှင့်ရိုက်၊ ကျောက်တုံးများနှင့် ပစ်ခတ်ခံရ၍ အကူအညီပေးရေးအလုပ်သမား ခုနစ်ဦးဒဏ်ရာရခဲ့ကြောင်း၊ ထိုအတောအတွင်း ဖေဖော်ဝါရီ ၁၂ ရက် နံနက်ပိုင်းက ဇာတာရီ ဒုက္ခသည်စခန်း၌ နံနက်စာအတွက် ပေါင်မုန့်များ ဖြန့်ဝေပေးခဲ့ကြောင်း ဂျော်ဒန်ရဲတပ်ဖွဲ့က ပြောသည်။

အဆိုပါ ဒုက္ခသည်စခန်း၌ ဆီးရီးယားစစ်ပြေးဒုက္ခသည် ၅၀၀၀၀ ခန့် နေထိုင်လျက်ရှိသည်။ ပြီးခဲ့သည့်နှစ်ဇူလိုင်လက ဒုက္ခသည် စခန်းဖွင့်လှစ်ပြီးနောက် မကြာခဏဆန္ဒပြလျက်ရှိသည်။ ဆီးရီးယားမှတ်ပုံတင်ထားသော ဒုက္ခသည် ၆၁၂၁၃၄ ဦးတို့သည် အိမ်နီးချင်းနိုင်ငံများနှင့် မြောက်အာဖရိက၌ ရှိကြောင်း ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံး (ယူအင်န်အိတ်ချ်စီအာရ်) က ဇန်နဝါရီ ၁၁ ရက်က ကြေညာခဲ့သည်။

မူဘာရက်ပြုတ်ချမှု နှစ်နှစ်ပြည့်

ဟို့စနီမူဘာရက် ဖြုတ်ချနိုင်မှု နှစ်နှစ်ပြည့် ဆန္ဒပြပွဲတစ်ရပ် ကိုင်ရိုမြို့၌ ပြုလုပ်ခဲ့ရာ ဆန္ဒပြသူများနှင့် ရဲတပ်ဖွဲ့တို့ အဓိကရုဏ်းဖြစ်ပွားခဲ့ကြောင်း ဖေဖော်ဝါရီ ၁၁ ရက်က ဘီဘီစီသတင်းတစ်ရပ်တွင် ဖော်ပြသည်။ ရဲတပ်ဖွဲ့က ခဲများဖြင့်ပစ်ပေါက်နေသော ဆန္ဒပြလူအုပ်အား မျက်ရည်ယိုဗုံးများ၊ ရေသေနတ်များသုံးပြီး ဖြိုခွင်းခဲ့ရသည်ဟု ဆိုသည်။ ဆန္ဒပြသူများသည် အီဂျစ်နိုင်ငံ၏ ပထမဆုံးသော ဒီမိုကရေစီ ခေါင်းဆောင်အား ဖြုတ်ချသွားရန် လိုလားနေကြကြောင်း သမ္မတမော်စီ ထောက်ခံသူများက ပြောဆိုသည်။ မူဘာရက်သည် အီဂျစ်နိုင်ငံကို နှစ်ပေါင်း ၃၀ နီးပါး အုပ်ချုပ်ခဲ့သူ ဖြစ်သည်။ ၄င်းသည် အာဏာဆက်လက်ရယူရန် ကြိုးပမ်းမှုအဖြစ် ၂၀၁၁ ခုနှစ် ဖေဖော်ဝါရီ ၁၁ ရက်က ဆန္ဒပြလူအုပ်အား ချေမှုန်းခဲ့သည်။

ပါကစ္စတန်က ဒုံးကျည် အောင်မြင်စွာစမ်းသပ်

နျူကလီးယားထိပ်ဖူး သယ်ဆောင်သွားနိုင်သော တာတိုပစ်ဒုံးကျည်တစ်စင်းကို အောင်မြင်စွာ စမ်းသပ်ခဲ့ကြောင်း ပါကစ္စတန်စစ်တပ်က ပြောကြားသည်။

အင်န်အေအက်စ်အာရ်ဟု အမည်ပေးထားသော အဆိုပါ ဒုံးကျည်သည် ကီလိုမီတာ ၆၀ အကွာအဝေးသို့ နျူကလီးယားထိပ်ဖူးများ သယ်ဆောင်ပစ်ခတ်နိုင်စွမ်းရှိကြောင်း ပါကစ္စတန်စစ်တပ်တွင် ဖေဖော်ဝါရီ ၁၁ ရက်က ထုတ်ပြန်သော ကြေညာချက်တစ်ရပ်၌ ဖော်ပြသည်။ ၎င်းဒုံးကျည်သည် ဒုံးပျံကာကွယ်ရေးစနစ်အဖြစ်လည်း အသုံးပြုနိုင်သည်ဟု ဆိုသည်။ ပါကစ္စတန်က ၂၀၁၂ ခုနှစ် နိုဝင်ဘာလတွင် နျူကလီးယားထိပ်ဖူးသယ်ဆောင်သွားနိုင်သော အလတ်စားတိုက်ချင်းပစ်ဒုံးကျည် အောင်မြင်စွာ စမ်းသပ်ခဲ့ပြီးနောက် ယခုတစ်ဖန်တာတိုပစ်ဒုံးကျည်ကို အောင်မြင်စွာ စမ်းသပ်နိုင်ခဲ့သည်။ ပါကစ္စတန်နှင့် အိန္ဒိယနိုင်ငံတို့သည် ၁၉၉၈ ခုနှစ်တွင် နျူကလီးယားလက်နက်များ ထုတ်ဖော်ပြသခဲ့ပြီးကတည်းက မကြာခဏဒုံးကျည်များ စမ်းသပ်ခဲ့ကြသည်။

မြင့်မောင်စိုး - စုစည်းသည်။

ဆောင်းပါးနှင့်ပြည်တွင်းသတင်း

ဖွံ့ဖြိုးတိုးတက်ရေးလမ်းကြောင်းပေါ်မှ ယနေ့ရခိုင်ပြည်နယ်

(လမ်းပန်းဆက်သွယ်ရေးလုပ်ငန်းများ)

အရှေ့ကိုကြည့်၊ တောင်တန်းရှိ၏။
အနောက်ကိုကြည့်၊ ပင်လယ်ရှိ၏။
တောင်တန်းများနှင့်၊ ပင်လယ်အကြား
ရခိုင်သားတို့၊ ကြိုးစားအားထုတ်
အလုပ်လုပ်ကြ၊ ဧညဝတီ
အမည်ကြွဲခိုင်၊ ပြည်မဏ္ဍိုင်လျှင်
ရခိုင်သာစွ၊ သာစွလေ။ ။

မောင်ကောက်စံ(ပြည်ရခိုင်)

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ အနောက်ဘက် ပင်လယ်ကမ်းရိုးတန်းတွင် တည်ရှိနေသည့် ရခိုင်ပြည်နယ်ကား အများပြောမည်ဆိုက ပြောနိုင်လောက်အောင် ရခိုင်ရိုးမတောင်တန်းကြီးနှင့် ဘင်္ဂလားပင်လယ်အော်တို့အကြား သီးသီးသန့်သန့်ပင်တည်ရှိနေသည့် ဒေသတစ်ခုဖြစ်သည်။ မြောက်ဘက်၌ ကျယ်ပြန့်သော ကုလားတန်မြစ်ဝှမ်းလွင်ပြင်နှင့် လေးမြို့မြစ်ဝှမ်းလွင်ပြင်များရှိနေပြီး တောင်ဘက်တွင် တဖြည်းဖြည်းကျဉ်းမြောင်းသွားကာ တောတောင်ထူထပ်ပေါများသည့် နေရာတစ်ခုလည်းဖြစ်သည်။ မြစ်ချောင်းပေါများခြင်းကြောင့် လမ်းပန်းဆက်သွယ်ရေးခက်ခဲခြင်း၊ ရိုးမအရှေ့ဒေသများနှင့် သွားလာဆက်သွယ်မှုခက်ခဲခြင်းတို့ကြောင့် အခြားဒေသများနှင့် အနေစိမ်းသလိုဖြစ်နေခဲ့ကြရသည်။ ရခိုင်ပြည်နယ်၏ စီးပွားရေးမှာလည်း တိုးတက်ဖွံ့ဖြိုးနိုင်သလောက် ဖွံ့ဖြိုးတိုးတက်ခြင်းမရှိခဲ့ဘဲ မြန်မာနိုင်ငံ၏ ပြည်နယ်/ တိုင်း ၁၄ ခုအနက် အဆင့် ၁၃ တွင်သာ ရှိနေခဲ့ရသည်။ လွတ်လပ်ရေးရပြီးနောက် ရခိုင်ဒေသကို အပိုင်းသုံးပိုင်းဖြင့် လေ့လာကြည့်မြင်နိုင်ကြမည်။ ပထမပိုင်းမှာ လွတ်လပ်ရေးရပြီး ၁၉၄၈ ခုနှစ်မှ ၁၉၇၄ ခုအပိုင်းဖြစ်သည်။ ထိုအချိန်က ရခိုင်ဒေသသည် ပြည်နယ်အဖြစ် သတ်မှတ်ခြင်းမရှိသေးဘဲ ပြည်မကြီး၏ တိုင်းတစ်တိုင်းအနေဖြင့်သာ ရှိနေခဲ့သည်။ သို့ရာတွင် ၁၉၇၄ ခုနှစ်တွင် ရေးဆွဲခဲ့သော ဖွဲ့စည်းပုံ အခြေခံဥပဒေအရ ရခိုင်ပြည်နယ်အဖြစ် သတ်မှတ်ခြင်းခံခဲ့ရသည်။ ပြည်နယ်တစ်ခုအနေဖြင့် ဒေသတွင်းစီးပွားရေး၊ လူမှုရေး၊ စီမံခန့်ခွဲရေးနှင့် တရားစီရင်ရေးလုပ်ငန်းများကို ရခိုင်ပြည်သူများကိုယ်တိုင် စီမံခန့်ခွဲပိုင်ခွင့်ရှိလာခဲ့သည်။ သို့ရာတွင် ထိုစဉ်က ခေတ်စနစ်ကြောင့် ဗဟိုချုပ်ကိုင်မှုများလွန်းသည်ကြောင့် ဖွဲ့စည်းပုံအခြေခံဥပဒေက ပေးသလောက် လုပ်ကိုင်နိုင်ခြင်းမရှိခဲ့ကြ။ ၁၉၇၄ ခုနှစ်မှ ၂၀၁၀ ခုနှစ်အထိကာလကို ရခိုင်ပြည်သူတို့ ဖြတ်သန်းခဲ့ကြရသည်။ ၂၀၀၈ ခုနှစ်တွင် ရေးဆွဲအတည်ပြုခဲ့သည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံ အခြေခံဥပဒေအရ ဒီမိုကရေစီနည်းစနစ်နှင့်အတူ ပြည်သူများကိုယ်တိုင် ရွေးချယ်တင်မြှောက်ပေးခဲ့သည့် ပြည်သူ့ကိုယ်စားလှယ်များဖြင့် ရခိုင်ပြည်နယ်လွှတ်တော်၊ ရခိုင်ပြည်နယ် အစိုးရအဖွဲ့တို့ကို ဖွဲ့စည်းနိုင်ခဲ့ပြီးဖြစ်သည်။ ရခိုင်ပြည်နယ်အစိုးရအဖွဲ့ ဖွဲ့စည်းဖြစ်ပေါ်လာခဲ့သည်မှာ တစ်နှစ်နှင့် ဆယ်လခန့်ရှိလာခဲ့ပြီဖြစ်သည်။ ရခိုင်ပြည်နယ်အစိုးရသည် ရခိုင်ပြည်သူတို့၏ ဆန္ဒ၊ ရခိုင်ပြည်သူတို့၏အသံများကို နားထောင်ပြီး ရခိုင်ပြည်နယ်တိုးတက်ဖွံ့ဖြိုးရေးအတွက် ဆောင်ရွက်လျက်ရှိသည်။ သို့ရာတွင် ၂၀၁၂ ခုနှစ်တွင် မမျှော်လင့်ဘဲ ဖြစ်ပေါ်ခဲ့သည့် ပဋိပက္ခများကြောင့် ရခိုင်ပြည်နယ် ဖွံ့ဖြိုးတိုးတက်ရေးကို အဟန့်အတားများ ဖြစ်ပေါ်စေခဲ့သည်။ သို့ရာတွင် ရခိုင်ပြည်နယ်အစိုးရသည် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို တစိုက်မတ်မတ်ဆောင်ရွက်နေသည်ကို တွေ့ရှိရသည်။ အထူးသဖြင့် ရခိုင်ပြည်နယ်တွင် လိုအပ်နေသည့် လျှပ်စစ်ဓာတ်အားရရှိနိုင်ရေး၊ လမ်းပန်းဆက်သွယ်ရေး တိုးတက်ကောင်းမွန်ရေးနှင့် ရခိုင်ပြည်သူများ အလုပ်အကိုင် အခွင့်အလမ်းများ ပိုမိုရရှိလာရေးအတွက် ပုဏ္ဏားကျွန်းစက်မှုဇုန်နှင့် ကျောက်ဖြူအထူးစီးပွားရေးဇုန်တည်ဆောက်ရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိနေသည်။ ရခိုင်ပြည်နယ်အား ဖွံ့ဖြိုးတိုးတက်ရေးလမ်းကြောင်းပေါ်သို့ ရောက်အောင် ဆွဲတင်လျက်ရှိနေခြင်းလည်းဖြစ်သည်။

ရခိုင်ပြည်နယ်တွင်းမှ လမ်းများ

ရခိုင်ပြည်နယ်အတွင်း ပြည်ထောင်စုအစိုးရအဖွဲ့မှ စီမံခန့်ခွဲသည့်လမ်း (၁၁) လမ်းရှိပြီး လမ်းအရှည် မိုင်ပေါင်း ၆၆၀ မိုင် ၁ ဖာလုံရှိသည်။ အဆိုပါလမ်းများမှာ ရခိုင်ပြည်နယ်မှ ရိုးမအရှေ့ဒေသများသို့ ဆက်သွယ်သွားလာနိုင်သည့်လမ်းများလည်းဖြစ်သည်။ ရခိုင်ပြည်နယ်သားတို့ ပြောနေကြသည့် ဂွ-တောင်ကြားဖြတ်ကျော်လမ်းဖြင့် ဆက်သွယ်သွားလာနိုင်သည့် ငါးသိုင်းချောင်း-ဂွလမ်းအပိုင်း ၂၇ မိုင်နှင့် သံတွဲ-ဂွလမ်း(၈၂) မိုင်၊ တောင်ကုတ်-တောင်ကြားလမ်းဖြင့် ဆက်သွယ်သွားလာနိုင်သည့် ပန်းတောင်း-တောင်ကုတ်လမ်းအပိုင်း (၅၅ မိုင် ၃ ဖာလုံ)နှင့် ရန်ကုန်- ကျောက်ဖြူလမ်း(တောင်ကုတ်-မအီ- ကျောက်ဖြူလမ်းအပိုင်း) (၁၁၉ မိုင် ၇ ဖာလုံ)နှင့် အမ်းတောင်ကြားလမ်းဖြင့် ဖြတ်ကျော်သွားလာနိုင်သည့် မင်းဘူး-အမ်း- စစ်တွေလမ်း (၂၃၅ မိုင် ၃ ဖာလုံ) အပိုင်းများ ပါဝင်လျက်ရှိသည်။

ရခိုင်ပြည်နယ်ပတ်လမ်း

ယင်းလမ်းများအနက် ရခိုင်ပြည်နယ် စစ်တွေမြို့မှ ဂွမြို့အထိ ဆက်သွယ်သွားလာနိုင်သည့် ရခိုင်ပြည်နယ်ပတ်လမ်းလည်း ပါဝင်လျက်ရှိသည်။ စစ်တွေ-အမ်းလမ်းကြောင်းပေါ်တွင်ရှိသည့် စစ်တွေ- ပုဏ္ဏားကျွန်း-ကျောက်တော်-မြောက်ဦး-မင်းပြား-အမ်းသို့ ဆက်သွယ်သွားလာနိုင်သည်။ အမ်းမှဆက်ပြီး မအီလမ်းခွဲမှတစ်ဆင့် ရမ်းဗြဲ- ကျောက်ဖြူမြို့များသို့လည်းကောင်း၊ မအီလမ်းခွဲမှဆက်ကာ တောင်ကုတ်-သံတွဲ-ဂွ မြို့များသို့လည်းကောင်း ရောက်ရှိသွားလာနိုင်ကြပြီဖြစ်သည်။ ထို့အတူ ရသေ့တောင်

ကျွန်းသားမေန်း

မြို့သည် စစ်တွေ-အမ်းလမ်းမကြီးသို့ ရသေ့တောင်မှ ပုဏ္ဏားကျွန်းသို့ ဆက်သွယ်မည့်လမ်းဖြင့် ဆက်သွယ်သွားလာနိုင်မည်ဖြစ်ကာ ပေါက်တောမှ မင်းပြား၊ မြေပုံမှ မင်းပြားသို့ဆက်သွယ်မည့်လမ်းများဖြင့် ပေါက်တောနှင့် မြေပုံမြို့များသည် မင်းပြားတွင် စစ်တွေ-အမ်းလမ်းမကြီးနှင့် ဆက်သွယ်သွားရောက်နိုင်ကြမည်ဖြစ်သည်။ ဘူးသီးတောင်-ကျောက်တော်ကားလမ်းသည် ကျောက်တော်မြို့အနီးတွင် ရန်ကုန်-စစ်တွေကားလမ်းနှင့် ချိတ်ဆက်မိသွားမည်ဖြစ်သည်။ ဤလမ်းမှာ တောင်အာရှ လမ်းမကြီးတစ်ခုဖြစ်သော ဘူတန်၊ အိန္ဒိယ၊ ဘင်္ဂလားဒေ့ရှ်၊ သီရိလင်္ကာ၊ မြန်မာတို့ပါဝင်သည့် ဘင်းမ်စတက်လမ်းမကြီး၏ အစိတ်အပိုင်းတစ်ခုလည်းဖြစ်သည်။ ယခုအခါ မောင်တောမှ ဘင်္ဂလားဒေ့ရှ်နယ်စပ်

တောင်ပြိုလက်ဝဲအထိ ဆက်သွယ်မိနေပြီလည်းဖြစ်သည်။ တစ်ဆက်တည်းမှာပင် ချင်းပြည်နယ် ပလက်ဝမြို့နှင့်လည်း ပလက်ဝ-ကျောက်တော်လမ်းသည် ကျောက်တော်မြို့အနီးတွင် ရန်ကုန်-စစ်တွေကားလမ်းဖြင့် ဆက်သွယ် သွားလာနိုင်မည်ဖြစ်သည်။

ပြည်ထောင်စုအစိုးရအဖွဲ့မှ စီမံခန့်ခွဲသည့် လမ်းများသည် ရခိုင်ပြည်နယ်အတွင်း မြို့နယ်များ အချင်းချင်းအား ချိတ်ဆက်မိစေသည်သာမက ရိုးမအရှေ့ဒေသများရှိ အခြားဒေသများနှင့်ပါ ချိတ်ဆက်သွားလာနိုင်နေပြီဖြစ်သည်ကို တွေ့ကြရမည်ဖြစ်သည်။

လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်ခြင်းကြောင့် ဒေသ၏ သယ်ယူပို့ဆောင်ရေးလုပ်ငန်းများ လွယ်ကူချောမွေ့လာကာ ကုန်စည်စီးဆင်းမှုလည်း မြန်ဆန်သွက်လက်လာသည်ကို တွေ့ရသည်။ ရိုးမအရှေ့ရှိ အောင်ပန်း၊ တောင်ကြီး၊ မန္တလေး၊ မုံရွာ၊ ပျော်ဘွယ်၊ မကွေး၊ ပြည်၊ ရန်ကုန်ဒေသများမှ ဒေသတွင်းပြည်သူများအတွက် လူသုံးကုန်နှင့် စားသုံးကုန်ပစ္စည်းများ၊ ဘင်္ဂလားဒေ့ရှ် နယ်စပ်ပို့ကုန်များသည်လည်း ကုန်းလမ်းကြောင်းဖြင့် လွယ်လင့်တကူ ဝင်လာနေခြင်းကြောင့် ရခိုင်ပြည်နယ်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု အလားအလာများကို အားဖြည့်ပေးနေကြောင်းတွေ့ရသည်။

ပြည်နယ်တွင်းလမ်းများ

ပြည်ထောင်စုအစိုးရအဖွဲ့မှ စီမံခန့်ခွဲသည့် လမ်းများအပြင် ပြည်နယ်အစိုးရအဖွဲ့မှ စီမံခန့်ခွဲဆောင်ရွက်နေသည့် လမ်းပေါင်း ၃၃ လမ်းရှိသေးသည်။ အဆိုပါ လမ်းများမှာ မြို့နယ်အတွင်း လမ်းများပါဝင်သလို မြို့နယ်ချင်းဆက်လမ်းများလည်း ပါဝင်လျက်ရှိသည်။ ပြည်နယ်အစိုးရအဖွဲ့မှ စီမံခန့်ခွဲဆောင်ရွက်နေသည့် လမ်းအရှည်မိုင်ပေါင်းမှာ ၄၇၂ မိုင် ၅ ဖာလုံရှိကြောင်းလည်း သိရသည်။

ယနေ့ ရခိုင်ပြည်နယ်တစ်ခုလုံးတွင် ပြုပြင်တည်ဆောက်လျက်ရှိသည့် လမ်းများမှာ စုစုပေါင်း ၁၁၃၂ မိုင် ၆ ဖာလုံရှိကြောင်း သိရသည်။ ယင်းတို့အနက် ကတ္တရာလမ်း ၄၅၄ မိုင် ၄ ဖာလုံ၊ ကျောက်လမ်း ၂၄၂ မိုင် ၅ ဖာလုံနှင့် မြေသားလမ်း ၁၄၃ မိုင် ၁ ဖာလုံဖြစ်ကြောင်းလည်း သိရသည်။ ပြည်ထောင်စုအစိုးရအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် ၆၆၀ မိုင် ၁ ဖာလုံ ပါဝင်ပြီး ပြည်နယ်အစိုးရအဖွဲ့မှ စီမံခန့်ခွဲသည့်လမ်း ၄၇၂ မိုင် ၅ ဖာလုံ ပါဝင်ကြောင်းလည်း သိရသည်။

ရခိုင်ပြည်နယ်သည် မြစ်ချောင်းပေါများသည့် ဒေသတစ်ခု ဖြစ်သည်။ တစ်ခေတ်တစ်ချိန်က ရေကြောင်းခရီးလမ်းကိုသာ အားပြုသွားလာနေခဲ့ကြရသည်။ ယနေ့အချိန်အခါတွင်မူ ရခိုင်ပြည်နယ် တစ်နံတစ်လျားသို့ ကုန်းလမ်းကြောင်းဖြင့် သွားလာနိုင်ကြပြီ။ ရခိုင်ဒေသမှ ရိုးမအရှေ့သို့ သွားလိုသူများ ယခင်က လေကြောင်းခရီးစဉ်နှင့် ရေကြောင်းခရီးစဉ်ကိုသာ အဓိကအားထားသွားခဲ့ကြရသော်လည်း ယခုမူ ကုန်းကြောင်းဖြင့်လည်း သွားလာနိုင်ကြပြီ။ သွားချင်သည့်အချိန်၊ သွားလိုသည့်နေရာဒေသများသို့ သွားရောက်နိုင်ကြပြီဖြစ်သည်ကို မျက်ဝါးထင်ထင် လက်တွေ့အကျိုးခံစားခွင့် ရလာနေပြီဖြစ်သည်။ ၂၀၁၂-၂၀၁၃ ခုနှစ်တွင် လမ်းများ၊ တံတားများအတွက် ကျပ်သန်းပေါင်း ၆၂၄၈ ဒသမ ၈၀၂ သန်းအား သုံးစွဲ၍ အရှိန်အဟုန်မြှင့် တည်ဆောက်ပေးလျက်ရှိကြောင်းကို တွေ့မြင်နိုင်ကြမည်ဖြစ်သည်။

ကျေးလက်ဒေသမီးလင်းရေးပုဏ္ဏားကျွန်း၌ ငွေထုတ်ချေး

ပုဏ္ဏားကျွန်း ဖေဖော်ဝါရီ ၁၂

ရခိုင်ပြည်နယ် ပုဏ္ဏားကျွန်းမြို့နယ် ကျေးလက်ဒေသ မီးလင်းရေးအတွက် ရခိုင်ပြည်နယ်အစိုးရအဖွဲ့မှ ထုတ်ချေးသော ငွေကျပ် သိန်း ၅၀ကို အတိုးနှစ်ကျပ်နှုန်းဖြင့် ကွန်းတောင်ကျေးရွာနှင့် သဲတော်ကျေးရွာ လျှပ်စစ်မီးလင်းရေးအတွက် ချေးငွေပေးအပ်ပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၁၀ ရက် နံနက် ၉ နာရီက ဦးရာဇ်မင်္ဂလာခန်းမ၌ ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးညီညီအောင်၊ ကျေးလက်ဒေသ မီးလင်းရေးကော်မတီဥက္ကဋ္ဌ မြို့နယ်လျှပ်စစ်မှူး ဦးမိုးကျော်သူနှင့် ကော်မတီဝင်များ၊ သက်ဆိုင်ရာ ကျေးရွာလျှပ်စစ်မီးလင်းရေးကော်မတီဝင်များ စုံညီစွာ တက်ရောက်ကြသည်။

အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူးက ထုတ်ချေးငွေများကို ပေးအပ်ရာ သက်ဆိုင်ရာကျေးရွာလျှပ်စစ်မီးလင်းရေးကော်မတီဝင်များက လက်ခံယူကြသည်။ ယခုကဲ့သို့ ကျေးရွာလျှပ်စစ်မီးလင်းရေးအတွက် အခြေခံလိုအပ်သော မတည်ငွေများကို အတိုးနှုန်းသက်သာစွာဖြင့် ထုတ်ချေးပေးကြောင်း သိရသည်။

သူ(ပုဏ္ဏားမြို့)

စာသင်သံဃာတော်များ ပိဏ္ဍပတ်ဆွမ်းခံကြွရောက်

ရန်ကုန် ဖေဖော်ဝါရီ ၁၂

မြန်မာနိုင်ငံလုံးဆိုင်ရာ ထေရဝါဒ ဗုဒ္ဓဘာသာအဖွဲ့ချုပ်နှင့် နယ်စပ်တောင်တန်းဒေသ သာသနာ့နုဂ္ဂဟအသင်း(ဗဟို)နှင့် ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာတောင်ညွန့်မြို့နယ် သာသနာ့နုဂ္ဂဟအသင်းတို့ ပူးပေါင်းစီစဉ်မှုဖြင့် နိုင်ငံတော် ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်) ကမ္ဘာအေးမှ ပါမောက္ခချုပ်ဆရာတော်အရှင် အာဒိစ္စဝံသနှင့် သင်ကြားစီမံဆရာတော်များ၊ စာသင်သံဃာတော် အပါး (၁၁၀)တို့သည် ဖေဖော်ဝါရီ ၁၀ ရက် နံနက် ၈ နာရီက ကန်တော်ကလေး (အရှေ့ရပ်ကွက်)လုံးကျွတ်၊ လမ်းသွယ်(၈)လမ်းသို့ ပိဏ္ဍစာရဆွမ်းကျင့်စဉ်အရ ပိဏ္ဍပတ်ဆွမ်းခံကြွရောက်တော်မူသည်။ ရပ်ကွက်နေပြည်သူများ၊ ဗုဒ္ဓဘာသာဝင်တရုတ်လူမျိုး၊ ဟိန္ဒူဘာသာဝင် အိန္ဒိယလူမျိုးများပါ ဆွမ်းဆန်အိတ်များ၊ ဆွမ်းဟင်းများအပြင် စာသင်သံဃာတော်များအတွက် စာရေးကိရိယာများ၊ သံဃာအသုံးအဆောင်ပစ္စည်းများနှင့် နဝကမ္မအလှူငွေများ လောင်းလှူကြသည်။ **(အပေါ်ပုံ)** (၀၂၇)

ပြည်တွင်းသတင်း

နိုင်ငံတော်တည်ဆောက်ရာတွင် ပညာဖြင့်သာတည်ဆောက်နိုင်သည့်အတွက် ပညာတတ်များစွာ ထွက်ပေါ်လာရန်လို

ပြည်ထောင်စုလွှတ်တော်နာယက အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့် မန္တလေးတိုင်းဒေသကြီး ပျော်ဘွယ်မြို့ အမေထိန်းခန်းမ၌ကျင်းပသည့် ပျော်ဘွယ်မြို့နယ် ဆင်းရဲနွမ်းပါးပညာသင်ဆု ငွေပဒေသာပင် စိုက်ထူလှူဒါန်းခြင်းအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

နေပြည်တော် ဖေဖော်ဝါရီ ၁၂

ပြည်ထောင်စုလွှတ်တော်နာယက အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့်သည် ဖေဖော်ဝါရီ ၁၁ရက် နံနက် ၁၁ နာရီခွဲတွင် မန္တလေးတိုင်းဒေသကြီး ပျော်ဘွယ်မြို့ အမေထိန်းခန်းမ၌ကျင်းပသည့် ပျော်ဘွယ်မြို့နယ် ဆင်းရဲနွမ်းပါးပညာသင်ဆု ငွေပဒေသာပင်စိုက်ထူလှူဒါန်းခြင်း အခမ်းအနားသို့တက်ရောက်၍ အမှာစကား ပြောကြားသည်။

အခမ်းအနားသို့ လွှတ်တော်ကိုယ်စားလှယ်များ၊ တိုင်းဒေသကြီး သစ်တောနှင့် သတ္တုဝန်ကြီး၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့မိမြို့ဖများ၊ အလှူရှင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်ထောင်စုလွှတ်တော်နာယက ဦးခင်အောင်မြင့်က အမှာစကားပြောကြားရာတွင် ယခုကဲ့သို့ ပျော်ဘွယ်မြို့နယ်၌ ဆင်းရဲနွမ်းပါးပညာသင်ဆု ငွေပဒေသာပင် စိုက်ထူနိုင်သည့်အတွက် မြို့နယ်မှ ပညာတတ်များ ယခင်ထက်များစွာ ထွက်ပေါ်လာတော့မည်ဖြစ်ကြောင်း၊ နိုင်ငံတော်တည်ဆောက်ရာတွင် ပညာဖြင့်သာ တည်ဆောက်နိုင်သည့်အတွက် ပညာတတ်များစွာ ထွက်ပေါ်လာရန်လိုကြောင်း၊ ယခု ငွေပဒေသာပင်ကို ပျော်ဘွယ်မြို့နယ်မှ ကျောင်းမနေနိုင်သည့်ကလေးများ ကျောင်းနေနိုင်ပြီး ပညာတတ်များ ဖြစ်ပေါ်လာစေရန် စိုက်ထူခြင်းဖြစ်ကြောင်း၊ ယခုစိုက်ထူသည့် ပညာသင်ဆုငွေပဒေသာပင်ကို စည်းကမ်းစနစ်တကျ၊ သမာသမတ်ကျစွာဖြင့် အမှန်တကယ်လိုအပ်သူများကိုသာ စိစစ်ရွေးချယ်ထောက်ပံ့ရန်လိုကြောင်း၊ ယခုချိန်တွင် မိမိတို့နိုင်ငံ၌ ဒီမိုကရေစီစနစ်ကျင့်သုံးနေပြီဖြစ်သည့်အတွက် လူတိုင်း နိုင်ငံရေး၊ အုပ်ချုပ်ရေးတွင် ပါဝင်လာနိုင်သောကြောင့် ပညာတတ်မြောက်ရန်လိုကြောင်း၊ ဒီမိုကရေစီစနစ်သည် ပြည်သူကအုပ်ချုပ်သည့်စနစ်ဖြစ်သောကြောင့် ပညာတတ်မှသာလျှင် နိုင်ငံတော်၏ အာဏာသုံးရပ်ကို ကျင့်သုံးနေသည့် ပုဂ္ဂိုလ်များကို မှန်ကန်စွာ ရွေးချယ်နိုင်မည်ဖြစ်ကြောင်း၊ သို့ဖြစ်၍ ယခု ဆင်းရဲနွမ်းပါး ပညာသင်ဆု ငွေပဒေသာပင်ကို ရေရှည်တည်တံ့ခိုင်မြဲအောင် ဝိုင်းဝန်းထိန်းသိမ်းကြရန်လိုကြောင်းဖြင့် ပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုလွှတ်တော်နာယကထံ ပျော်ဘွယ်မြို့နယ် ဆင်းရဲနွမ်းပါးပညာသင်ဆု ငွေပဒေသာပင်အတွက် အမျိုးသားကြီးပွားတိုးတက်ရေးကုမ္ပဏီဒါရိုက်တာအဖွဲ့ဝင် ဦးကျော်မင်းနိုင်က မတည်ငွေကျပ် သိန်း ၁၀၀ကို ပေးအပ်လှူဒါန်းသည်။

ထို့နောက် ပျော်ဘွယ်မြို့နယ် အုပ်ချုပ်ရေးမှူး ဦးကျော်အောင်ဆန်းက ပျော်ဘွယ်မြို့နယ် ဆင်းရဲနွမ်းပါး ပညာသင်ဆု ငွေပဒေသာပင်စိုက်ထူခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြရာတွင် ပျော်ဘွယ်မြို့နယ်၌ ရပ်ကွက် (၈)ရပ်ကွက်၊ ကျေးရွာအုပ်စု (၇၅)အုပ်စုတည်ရှိပါကြောင်း၊ ပျော်ဘွယ်မြို့နယ်၌ အထက၊ အထက(ခွဲ)၊ အထက(တွဲ)၊ အလက၊ အလက(ခွဲ)၊ အလက(တွဲ)၊ အမက(လွန်)၊ အမက၊ အမက(ခွဲ)၊ ကျောင်းပေါင်း (၂၁၅) ကျောင်းရှိပါကြောင်း၊ မူလတန်းအဆင့်ကို နိုင်ငံတော်မှ အခမဲ့ပညာရေးစနစ် ဆောင်ရွက်နေကြောင်း၊ သို့ဖြစ်၍ အလယ်တန်းနှင့် အထက်တန်းအဆင့်ကိုသာ စည်းကမ်းချက်များနှင့်အညီ ထောက်ပံ့ပေးသွားမည်ဖြစ်ကြောင်း၊ ယခုကဲ့သို့ ဆောင်ရွက်ရခြင်းမှာ ပြည်ထောင်စုလွှတ်တော်နာယက အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ၏ လမ်းညွှန်မှုဖြင့်ဆောင်ရွက်ရခြင်းဖြစ်ကြောင်း၊ ဆင်းရဲနွမ်းပါးပြီး အရည်အချင်းရှိသည့် မပြည့်စုံသူ ကျောင်းသား ကျောင်းသူများကို စိတ်အေးချမ်းသာစွာ ပညာသင်ကြားနိုင်စေရန် စီစဉ်ရခြင်းဖြစ်ကြောင်း၊ ယခု ပညာသင်ဆုများကို ကော်မတီ(၃)ခုဖြင့် စိစစ်ရွေးချယ်ထောက်ပံ့ပေးသွားမည်ဖြစ်ကြောင်းဖြင့် ရှင်းလင်းတင်ပြပြီး မြို့နယ်ပညာရေးမှူးက ကျေးဇူးတင်စကားပြန်လည်ပြောကြားသည်။ **(သတင်းစဉ်)**

မြန်မာနိုင်ငံ လူ့အခွင့်အရေးအခြေအနေဆိုင်ရာ အထူးအစီရင်ခံစာတင်သွင်းသူ စစ်တွေခရိုင်အတွင်း လှည့်လည်လေ့လာ

မြန်မာနိုင်ငံ လူ့အခွင့်အရေးအခြေအနေဆိုင်ရာ အထူးအစီရင်ခံစာတင်သွင်းသူ Mr. Tomas Ojea Quintana နှင့်အဖွဲ့ဝင်များ မင်းဂံကယ်ဆယ်ရေးစခန်းတွင် ကြည့်ရှုစဉ်။ (သတင်းစဉ်)

ရန်ကုန် ဖေဖော်ဝါရီ ၁၂

မြန်မာနိုင်ငံ လူ့အခွင့်အရေးအခြေအနေဆိုင်ရာ အထူးအစီရင်ခံစာတင်သွင်းသူ Mr.Tomas Ojea Quintana သည် ကုလသမဂ္ဂအဖွဲ့အစည်းများဆိုင်ရာ ဌာနေညှိနှိုင်းရေးမှူး Mr.Ashok Nigam နှင့် တာဝန်ရှိသူများလိုက်ပါလျက် ဖေဖော်ဝါရီ ၁၁ ရက် နံနက် ၉ နာရီတွင် ရခိုင်ပြည်နယ်စစ်တွေမြို့ ပြည်နယ်အစိုးရအဖွဲ့ရုံးညှိနှိုင်းခန်းမ၌ ပြည်နယ်ဝန်ကြီးချုပ် ဦးလှမောင်တင်အား တွေ့ဆုံ၍ ရခိုင်ပြည်နယ်၏ လက်ရှိအခြေအနေ၊ ဒုက္ခသည်များအား ကူညီပံ့ပိုးနေမှု၊ ကယ်ဆယ်ရေးစခန်းများ အခြေအနေ၊ ပြန်လည်နေရာချထားပေးမည့်အစီအစဉ်များနှင့် စပ်လျဉ်း၍ မေးမြန်းရာ ပြည်နယ်ဝန်ကြီးချုပ် ဦးလှမောင်တင်နှင့် တာဝန်ရှိသူများက ရှင်းလင်းဖြေကြားကြသည်။

ယင်းနောက် Mr.Tomas Ojea Quintana နှင့် အဖွဲ့ဝင်များသည် ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး ထိန်လင်းနှင့် ပြည်နယ်ဥပဒေချုပ် ဦးလှသိန်းတို့ လိုက်ပါလျက် မွန်းလွဲ ၁ နာရီခွဲတွင် စစ်တွေခရိုင် မြေပုံမြို့သို့ရောက်ရှိကြပြီး ကန်သာထွက်ဝရပ်ကွက် မြောက်ပိုင်းဘောလုံးကွင်းရှိ ကယ်ဆယ်ရေးစခန်းနှင့် တောင်ပေါ်ရပ်ကွက် ကယ်ဆယ်ရေးစခန်းများသို့ သွားရောက်ကြည့်ရှုလေ့လာကာ ဒုက္ခသည်များနှင့် သီးခြားလွတ်လပ်စွာတွေ့ဆုံ၍ သိလိုသည်များကို မေးမြန်းကြသည်။

ဆက်လက်၍ ပေါက်တောမြို့နယ် ကြိမ်နီပြင် ကယ်ဆယ်ရေးစခန်းသို့ သွားရောက်လေ့လာကြပြီး ဒုက္ခသည်များနှင့်သီးခြားလွတ်လပ်စွာ တွေ့ဆုံ၍ သိလိုသည်များကို မေးမြန်းကြသည်။

Mr.Tomas Ojea Quintana နှင့်အဖွဲ့ဝင်များသည် ယနေ့နံနက် ၈ နာရီ ၁၅ မိနစ်တွင် စစ်တွေအကျဉ်းထောင်သို့သွားရောက်ပြီး အကျဉ်းသားများနှင့် တစ်ဦးချင်းစီ လွတ်လပ်ပွင့်လင်းစွာ တွေ့ဆုံမေးမြန်း၍ အမျိုးသားအဆောင်၊ အမျိုးသမီးအဆောင်နှင့် ဆေးရုံအဆောင်တို့ကို လှည့်လည်ကြည့်ရှုကာ အကျဉ်းသား အကျဉ်းသူများအား သီးခြားစီတွေ့ဆုံ၍ သိလိုသည်များကို မေးမြန်းသည်။

ထိုမှတစ်ဆင့် မင်းဂံကယ်ဆယ်ရေးစခန်းနှင့် သက္ကေပြင် ကယ်ဆယ်ရေးစခန်းများသို့သွားရောက်၍ စခန်းအတွင်း လှည့်လည်ကြည့်ရှုလေ့လာကာ ဒုက္ခသည်များနှင့် သီးခြားလွတ်လပ်စွာ တွေ့ဆုံသည်။

ယင်းနောက် စစ်တွေဟိုတယ်၌ ရပ်မိရပ်ဖများအားတွေ့ဆုံ၍ နှစ်ဖက်သဘောထားအမြင်များကို လွတ်လပ်ပွင့်လင်းစွာ မေးမြန်းဆွေးနွေးပြီး လေကြောင်းခရီးဖြင့် စစ်တွေမြို့မှ ရန်ကုန်မြို့သို့ ညနေပိုင်းတွင် ပြန်လည်ရောက်ရှိသည်။

(သတင်းစဉ်)

မွန်ငြိမ်းချမ်းရေးကာကွယ်ရေးအဖွဲ့မှ ဗိုလ်မှူးအဆင့်ရှိ စိုးမြင့် ဦးစီး ၁၀ ဦး အလင်းဝင်

နေပြည်တော် ဖေဖော်ဝါရီ ၁၂

ဖေဖော်ဝါရီ ၁၀ ရက် ည ၇နာရီခွဲခန့်တွင် တနင်္သာရီတိုင်းဒေသကြီး ပြည်ကြီးမဏ္ဍိုင်မြို့နယ်ခွဲ လေညာကျေးရွာရှိ နယ်မြေခံတပ်ရင်းသို့ မွန်ငြိမ်းချမ်းရေး ကာကွယ်ရေးအဖွဲ့မှ ဗိုလ်မှူးအဆင့်ရှိ နိုင်ညိုနှင့် ဗိုလ်အဆင့်ရှိ အချန်းတို့နှစ်ဦးသည် အမ် ၃၂ ပစ္စတိုတစ်လက်၊ ပွိုင့် ၃၀ ကာဘိုင်တစ်လက်၊ ဆက်စပ်ပစ္စည်းများနှင့်အတူ အလင်းဝင်ရောက်ခဲ့ကြသည်။

အလင်းဝင်ရောက်

တပ်မတော်၏ နွေးထွေးပျူငှာစွာဆက်ဆံမှုကြောင့် ၎င်းတို့နှစ်ဦးက လက်ကျန်အဖွဲ့များအား ဆက်သွယ်ခေါ်ဆောင်ရာ ဖေဖော်ဝါရီ ၁၁ ရက် ညနေ ၄ နာရီခွဲခန့်တွင် ဗိုလ်မှူးအဆင့်ရှိ စိုးမြင့်ခေါင်းဆောင် အဖွဲ့ဝင်ရှစ်ဦးသည် ပွိုင့်၃၀ ကာဘိုင်တစ်လက်၊ အမ် ၁၆ နှစ်လက်၊ အိပ်ချ်ကေ နှစ်လက်၊ ကေအေ ၄၇ တစ်လက်၊ ပွိုင့် ၂၂ တစ်လက်၊ ပြောင်းချော သေနတ်ကြီး တစ်လက်၊ ၄၀ မမ ဗုံးပစ်လောင်ချာ တစ်လက်၊ လုပ်သေနတ်တို တစ်လက်၊ ဆက်စပ်ပစ္စည်းများနှင့်အတူ ထပ်မံအလင်းဝင်ရောက်လာခဲ့ကြောင်း သိရှိရသည်။ **(အောက်ပုံ)**

၎င်းတို့ ၁၀ ဦးနှင့်အတူ လက်နက်မျိုးစုံ ၁၂ လက်၊ ခဲယမ်းမျိုးစုံ ၁၂၀၇ တောင့်၊ ကျည်အိမ်မျိုးစုံ ၂၂ ခု ပါရှိလာခဲ့ပြီး တာဝန်ရှိသူများမှ စားသောက်ဖွယ်ရာများ၊ အဝတ်အထည်များထောက်ပံ့ပေးအပ်၍ ၎င်းတို့မိသားစုဘဝ လုံခြုံရေးနှင့် ပြန်လည်တည်ဆောက်ရေးအတွက် လိုအပ်သည်များပံ့ပိုးကူညီ ဆောင်ရွက်ပေးလျက်ရှိကြောင်း ကာကွယ်ရေးဝန်ကြီးဌာနမှ သတင်းရရှိသည်။

(သတင်းစဉ်)

ပြည်ထောင်စုနေ့အထိမ်းအမှတ် ပျော်ပွဲရွှင်ပွဲများကျင်းပ

သထုံ ဖေဖော်ဝါရီ ၁၂

မွန်ပြည်နယ် သထုံမြို့နယ် လိပ်အင်းရပ်ကွက် ရွာဦးရပ်တွင် (၆၆)နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် ပျော်ပွဲရွှင်ပွဲ၊ အားကစားပြိုင်ပွဲများကို ဖေဖော်ဝါရီ ၁၂ ရက်က စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့သည်။

“ဝမ်းရေးနဲ့ မိသားစုအတွက် အစဉ်သဖြင့် ပင်ပန်းဆင်းရဲစွာနဲ့ ရုန်းကန်လှုပ်ရှားနေရတဲ့ ရပ်ကွက်နေပြည်သူတွေကို အခုလို နေ့ထူးနေ့မြတ်တွေမှာ တစ်နေ့တာလောက်ဖြစ်ဖြစ် ပျော်ရွှင်စေချင်တဲ့အတွက် စုပေါင်းပြီး ကျင်းပပေးရတာပါ ”ဟု ဦးဆောင်စီစဉ်သူတစ်ဦးဖြစ်သူ ဦးဝင်းဇော်ထွန်းက ပြောကြားသည်။

ယင်းနေ့တွင် ဘောလုံးပြိုင်ပွဲ၊ အပြေးပြိုင်ပွဲ၊ ဂုန်နီအိတ်စွပ်ပြေးပွဲ၊ အာလူးကောက်ပွဲ၊ ဆန်ကောရွက်၊ အပ်မြီးထိုး၊ မုန့်ကိုက်၊ လွန်ဆွဲ၊ ချောတိုင်တက် **(အပေါ်ယာပုံ)** အစရှိသည့်



ရိုးရာအားကစားနည်းပေါင်း ၂၀ ကျော်ကို နံနက် ၈ နာရီမှ ညနေ ၅ နာရီအထိ စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့ပြီး ရပ်ကွက်နေလူကြီး၊ လူငယ်နှင့် ကလေးများက ပျော်ရွှင်စွာဖြင့် ပါဝင်ဆင်နွှဲကြကာ ပြိုင်ပွဲအသီးသီး၌ ဆုရရှိကြသူများကိုလည်း ဆုများပေးအပ်ချီးမြှင့်ခဲ့ကြကြောင်း သိရှိရသည်။

အောင်သက်ဦး

ပြည်တွင်းသတင်း

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့်ဇနီး ဒေါ်ခင်ခင်ဝင်း (၆၆)နှစ်မြောက် ပြည်ထောင်စုနေ့ အထိမ်းအမှတ် ဧည့်ခံပွဲနှင့် ညစာစားပွဲ အခမ်းအနားသို့တက်ရောက်လာကြသော လွှတ်တော်ကိုယ်စားလှယ်များအား ရင်းရင်း နှီးနှီး နှုတ်ဆက်စဉ်။ (သတင်းစဉ်)

ရင်းရင်းနှီးနှီး နှုတ်ဆက်

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့်ဇနီးဒေါ်ခင်ခင်ဝင်း (၆၆)နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ်ဧည့်ခံပွဲနှင့် ညစာစားပွဲအခမ်းအနားသို့ တက်ရောက်လာကြသော ဖိတ်ကြားထားသည့် ငြိမ်းချမ်းရေးအဖွဲ့အစည်းများမှ တာဝန်ရှိသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။

(သတင်းစဉ်)

❒ **ရှေ့ဖုံးမှ**

ဒုတိယ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)ဗိုလ်ချုပ်ကြီး စိုးဝင်း၊ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးနန္ဒကျော်စွာ၊ အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးမြညိမ်းနှင့် ၎င်းတို့၏ဇနီးများ၊ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး လှဌေးဝင်း၊ ပြည်ထောင်စုဝန်ကြီးများ၊ လွှတ်တော်ရေးရာ ကော်မတီဥက္ကဋ္ဌများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ပြည်ထောင်စုကိုယ်စားလှယ်များ စုံညီစွာ တက်ရောက်ကြသည်။

ဖျော်ဖြေတင်ဆက်

(၆၆)နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ်ဧည့်ခံပွဲနှင့် ညစာစားပွဲတွင် ညစာမသုံးဆောင်မီနှင့် ညစာ သုံးဆောင်နေစဉ်အတွင်း ဧည့်သည်တော်များအား မြန်မာ့အသံခေတ်ပေါ်တေးဂီတအဖွဲ့က ပဏာမဧည့်ခံတီးလုံးဖြင့် လည်းကောင်း၊ မြန်မာ့အသံခေတ်ပေါ်တေးဂီတနှင့်တွဲဖက်၍ ပြည်ထောင်စုတိုင်းရင်းသား တိုင်းရင်းသူများနှင့်တေးသံရှင်များက တေးသံသာများဖြင့်လည်းကောင်း ဧည့်ခံဖျော်ဖြေတင်ဆက်ကြသည်။

ညစာစားပွဲအပြီးတွင် ညစာစားပွဲသို့တက်ရောက်ကြသူများအား မြို့တော်ခန်းမ လဟာပြင်ဇာတ်ရုံ၌ ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာနမှ အနုပညာရှင်များနှင့် ပြည်ထောင်စုနေ့ အခမ်းအနားသို့ တက်ရောက်လာကြသော တိုင်းရင်းသား ရိုးရာယဉ်ကျေးမှုအဖွဲ့များက အဆို၊အကများဖြင့် ဖျော်ဖြေတင်ဆက်ကြသည်။ **(သတင်းစဉ်)**

မန္တလေးတိုင်းဒေသကြီးရှိ သမဝါယမ ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်း

နေပြည်တော် ဖေဖော်ဝါရီ ၁၂

သမဝါယမ ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်းသည် သမဝါယမဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ မန္တလေးတိုင်းဒေသကြီး သမဝါယမဦးစီးဌာနတိုင်းဒေသကြီး ဦးစီးမှူး၊ တိုင်းဒေသကြီး သမဝါယမအသင်းစုချုပ်မှ တာဝန်ရှိသူများ လိုက်ပါ၍ ဖေဖော်ဝါရီ ၉ ရက် မွန်းလွဲပိုင်းတွင် မန္တလေးတိုင်းဒေသကြီး အစိုးရဝန်ထမ်းပေါင်းစုံ သမဝါယမအသင်း၏ GEC ဆေးရုံကို သွားရောက်ကြည့်ရှုပြီးအသင်းတွင် တိုင်းဒေသကြီးအတွင်းရှိ ဝန်ထမ်းများအားလုံး အသင်းသားများအဖြစ် ပါဝင်လာအောင် စည်းရုံးဆောင်ရွက်သွားရေး၊ အသင်းမှရရှိသော အကျိုးခံစားခွင့်များကို ဝန်ထမ်းများ အပြည့်

အဝခံ ... ပေးေ ... Auto ... ကော ... Digit ... ကော ... မှာကြ ... သမဝ

မိမိတို့၏အရည်အသွေး ပိုမိုမြင့်မားလာစေရန် လေ့လာမှုများ၊ သုတေသနလုပ်ဆောင်မှုများ မပြတ်ဆောင်ရွက်

နေပြည်တော် ဖေဖော်ဝါရီ ၁၂

သုတေသနလုပ်ငန်း ဆောင်ရွက်နေသူများအနေဖြင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူပြုမည့် သုတေသနလုပ်ငန်းများ ပေါ်ထွန်းနိုင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်ကြရန်၊ သက်ဆိုင်ရာ သုတေသနနယ်ပယ် အသီးသီး၌ မိမိတို့တတ်သိ နားလည်ထားသလောက်ဖြင့် ဆောင်ရွက်နေရုံဖြင့် မပြီးဘဲ မိမိတို့၏ အရည်အသွေး ပိုမိုမြင့်မားလာစေရန်အတွက် လေ့လာမှုများ၊ သုတေသန လုပ်ဆောင်မှုများ မပြတ်ဆောင်ရွက်ကြရန်၊ သုတေသနလုပ်ငန်းများကို လုပ်ဆောင်ရာတွင် လတ်တလော အကျိုးပြုနိုင်ရန်အတွက် ကြိုးပမ်းလုပ်ဆောင်ကြရန်နှင့် ရေရှည်အတွက်လည်း သုတေသနလုပ်ငန်းများကို စဉ်ဆက်မပြတ် လုပ်ဆောင်ကြရန်၊ သုတေသနလုပ်ငန်းများကို လုပ်ဆောင်ရာတွင် အောင်မြင်မှုရှိစေရန် ရည်မှန်းချက်ထား ကြိုးပမ်းကြရန်၊ နိုင်ငံတကာနှင့် ပူးပေါင်းဆောင်ရွက်ရာတွင် ဘာသာရပ်ကျွမ်းကျင်ရုံသာမကဘဲ အင်္ဂလိပ်စာကိုလည်း ကျွမ်းကျင်စွာ အသုံးချနိုင်မှ စီမံချက်များ ရေးသားခြင်း၊ တွေ့ဆုံဆွေးနွေးခြင်းများ ဆောင်ရွက်နိုင်မည်ဖြစ်၍ အင်္ဂလိပ်စာ ပိုမိုကျွမ်းကျင်လာစေရေးအတွက်လည်း လေ့လာဆောင်ရွက်ကြရန် ဖေဖော်ဝါရီ ၁၀ ရက်တွင် မြန်မာ့သိပ္ပံနှင့် နည်းပညာသုတေသနဦးစီးဌာန၌ ကျင်းပသော သုတေသနလုပ်ငန်းဆိုင်ရာ ညှိနှိုင်းအစည်းအဝေးတွင် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကိုကိုဦးက တိုက်တွန်းမှာကြားခဲ့သည်။

ထို့နောက် အစည်းအဝေးတက်ရောက်လာကြသည့် သုတေသနပညာရှင်များက သုတေသနလုပ်ငန်းလုပ်ဆောင်နေမှုများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြခဲ့ကြကြောင်းသတင်းရရှိသည်။ **(သတင်းစဉ်)**

မြန်မာ-ဂျပန် ပထမအကြိမ် လူ့အခွင့်အရေးဆိုင်ရာ ဆွေးနွေးပွဲကျင်းပ

နေပြည်တော် ဖေဖော်ဝါရီ ၁၂

မြန်မာ-ဂျပန် ပထမအကြိမ် လူ့အခွင့်အရေးဆိုင်ရာ ဆွေးနွေးပွဲကို ဖေဖော်ဝါရီ ၁၁ ရက်တွင် နိုင်ငံခြားရေးဝန်ကြီးဌာန၌ ကျင်းပရာ ဆွေးနွေးပွဲသို့ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသန့်ကျော် တက်ရောက် အဖွင့်အမှာစကား ပြောကြား၍ ဖွင့်လှစ်ပေးခဲ့သည်။

ဆွေးနွေးပွဲသို့ ပြည်ထဲရေးဝန်ကြီးဌာန၊ ကာကွယ်ရေးဝန်ကြီးဌာန၊ နိုင်ငံခြားရေးဝန်ကြီးဌာန၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ သာသနာရေးဝန်ကြီးဌာန၊လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံအမျိုးသား လူ့အခွင့်အရေးကော်မရှင်၊ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် အကျဉ်းဦးစီးဌာနတို့မှ ဘာသာရပ်ဆိုင်ရာ ကျွမ်းကျင်သူများ၊ ဂျပန်နိုင်ငံခြားရေးဝန်ကြီးဌာနမှ ကုလသမဂ္ဂဆိုင်ရာသံအမတ်ကြီး မစ္စတာဂျွန်ရှင်းမိ၊ ဂျပန်သံရုံးမှ သံမှူး မစ္စတာ ဟိစနဂ တိုမိအိုကာ၊ ဂျပန်နိုင်ငံခြားရေးဝန်ကြီးဌာန လူ့အခွင့်အရေးနှင့် လူသားချင်းစာနာမှုရေးရာဌာနမှ မစ္စမိဟိုနာဂါတာတို့ တက်ရောက်ကြသည်။

ဆွေးနွေးပွဲတွင် လူ့အခွင့်အရေးကဏ္ဍ၌ မြန်မာ-ဂျပန် ပူးပေါင်းဆောင်ရွက်နိုင်မှု၊ တိုးတက်ဖြစ်ပေါ်မှုများနှင့် အကူအညီပေးနိုင်မှုများကို ဆွေးနွေးခဲ့ကြသည်။

(သတင်းစဉ်)

အိန္ဒိယသမ္မတနိုင်ငံ အောက်လွှတ်တော်ဥက္ကဋ္ဌနှင့်အဖွဲ့ ချစ်ကြည်ရေးခရီးရောက်ရှိ

ရန်ကုန် ဖေဖော်ဝါရီ ၁၂

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း၏ ဖိတ်ကြားချက်အရ အိန္ဒိယသမ္မတနိုင်ငံ အောက်လွှတ်တော် (LOK SABHA) ဥက္ကဋ္ဌ Honourable Smt. Meira Kumar ခေါင်းဆောင်သော အိန္ဒိယလွှတ်တော် ကိုယ်စားလှယ်အဖွဲ့သည် ယနေ့နံနက်ပိုင်းတွင် လေကြောင်းခရီးဖြင့် ရန်ကုန်မြို့သို့ ချစ်ကြည်ရေးခရီး ရောက်ရှိလာကြသည်။

ကြိုဆိုနှုတ်ဆက်

အဆိုပါ အိန္ဒိယသမ္မတနိုင်ငံ အောက်လွှတ်တော်ဥက္ကဋ္ဌ ခေါင်းဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့အား ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးစိန်တင်ဝင်း၊ ဒုတိယဥက္ကဋ္ဌ ဦးတင်အောင်၊ ပြည်သူ့လွှတ်တော် နိုင်ငံတကာဆက်ဆံရေးကော်မတီအတွင်းရေးမှူး ဦးကိုကိုထွန်း၊ ရန်ကုန်တိုင်းဒေသကြီး လွှတ်တော် ဥပဒေပြုရေးဆိုင်ရာကော်မတီဥက္ကဋ္ဌ ဦးလှထွန်းနှင့် တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များ၊ မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယသမ္မတနိုင်ငံ သံအမတ်ကြီး Dr. Villur Sundararajan Seshadri နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။

အိန္ဒိယသမ္မတနိုင်ငံ အောက်လွှတ်တော်ဥက္ကဋ္ဌ ခေါင်းဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် ညနေပိုင်းတွင် ဒဂုံမြို့နယ် ဇိဝကလမ်းရှိ ဇဖားရ်ရှားဂူဗိမာန်သို့ သွားရောက်ဂါရဝပြုကြပြီး ဆက်လက်၍ ရွှေတိဂုံစေတီတော်အား သွားရောက်ကြည်ညိုကြသည်။

ညပိုင်းတွင် အိန္ဒိယသမ္မတနိုင်ငံ အောက်လွှတ်တော်ဥက္ကဋ္ဌ Hono - urable Smt. Meira Kumar ခေါင်းဆောင်သော အိန္ဒိယလွှတ်တော် ကိုယ်စားလှယ်အဖွဲ့အား ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်ဆွေနှင့်ဇနီး ဒေါ်ခင်သက်ဌေးတို့က ကန်တော်ကြီးပဲလေ့စ်ဟိုတယ်၌ဂုဏ်ပြုညစာဖြင့် တည်ခင်းဧည့်ခံသည်။ **(သတင်းစဉ်)**

ဗလငါးတန်ဖွံ့ဖြိုးဖို့ စာအုပ်စာပေလေ့လာစို့



Mc ... ဖေ

သမဝါယမအသင်းပိုင်လုပ်ငန်းများအား
ကျော်ဆန်း သွားရောက်ကြည့်ရှုအားပေး

လးတိုင်းဒေသ
းပေါင်းစုံ သမ
EC ဆေးရုံကို
ပြီးအသင်းတွင်
င်းရှိ ဝန်ထမ်း
သားများအဖြစ်
ရုံးဆောင်ရွက်
ရှိသော အကျိုး
မ်းများ အပြည့်

အဝခံစားခွင့်ရရှိအောင် ဆောင်ရွက်ပေးရေး၊ ဆေးရုံဓာတ်ခွဲခန်းကို Semi Auto ဓာတ်ခွဲခန်းအဖြစ်လည်းကောင်း၊ ဓာတ်မှန်စက်ကို Auto Digital ဓာတ်မှန်စက်အဖြစ်လည်းကောင်း တိုးမြှင့်ဆောင်ရွက်ရေးတို့ကို မှာကြားသည်။

ထို့မှတစ်ဆင့် မိုးကုတ်မြို့နယ် သမဝါယမအသင်းစု၏ ပတ္တမြားငမောက်ဟိုတယ်ကို သွားရောက်ကြည့်ရှုပြီး ပြည်ပခရီးသည်လာရောက်မှု မြင့်တက်လာမှုနှင့်အညီ ဟိုတယ်ကိုအဆင့်မြှင့်တင်ရေး၊ ဓာတ်လှေကားတပ်ဆင်ရေး၊ အခင်းအကျင်း ဆွဲဆောင်မှုရှိအောင်နှင့် ဝန်ဆောင်မှု အရည်အသွေးမြင့်အောင် ဆောင်ရွက်ရေးတို့ကိုမှာကြားသည်။

ယင်းနောက် မန္တလေးတိုင်းဒေသကြီး သမဝါယမအသင်းစုချုပ်၏ Shopping Center နှင့် ရတနာပူရ မြန်မာ့လက်မှုနှင့် အနုပညာဗိမာန်သို့ သွားရောက်ကြည့်ရှုပြီး ဆိုင်ခန်းများတွင် ပစ္စည်းပိုမိုစုံလင်အောင်နှင့် ခင်းကျင်းမှု ဆွဲဆောင်နိုင်အောင် ဆောင်ရွက်ရေး၊ မြန်မာ့လက်မှုနှင့် အနုပညာဗိမာန်တွင် ရောင်းချသော လက်မှုအနုပညာ ပစ္စည်းများကို နိုင်ငံခြားသားများ တစ်ပိုင်တစ်နိုင် ဝယ်ယူမှုအပြင် ပစ္စည်းအများအပြား ဝယ်ယူပါက ၎င်းတို့နိုင်ငံအရောက် ပေးပို့နိုင်သည့် စနစ်တစ်ခုကို DHL Co., Ltd. များနှင့် ညှိနှိုင်းတည်ဆောက်ထားရေးတို့ကို မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ကျက်ရှိ

အိန္ဒိယသမ္မတနိုင်ငံအောက်လွှတ်တော်ဥက္ကဋ္ဌ Honourable Smt. Meira Kumar ခေါင်းဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ ဖေဖော်ရှုဂူဗိမာန်အတွင်း ကြည့်ရှုလေ့လာစဉ်။ (သတင်းစဉ်)

❖ *ကျောဖုံးမှ*

ပြည်ထောင်စုနေ့ အခမ်းအနား ကျင်းပသည့် မြို့တော်ခန်းမဥပစာ ရင်ပြင်သို့ ရောက်ရှိလာပြီး စင်မြင့်ပေါ်၌ နေရာယူသည်။

ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းသည် ဂုဏ်ပြုတပ်ဖွဲ့၏ အလေးပြုခြင်းကိုခံယူပြီး ဒုတိယသမ္မတနှင့်အခမ်းအနားသို့ တက်ရောက်လာကြသူများက ဂုဏ်ပြုတပ်ဖွဲ့နှင့်အတူ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အလံအား အလေးပြုကြရာ ဂုဏ်ပြုတပ်ဖွဲ့မှ နိုင်ငံတော်သီချင်းကို တီးမှုတ်သည်။

ယင်းနောက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ အဂ္ဂမဟာသရေစည်သူ၊ အဂ္ဂမဟာသီရိသုဓမ္မ ဦးသိန်းစိန်ထံမှ ၂၀၁၃ ခုနှစ် (၆၆)နှစ်မြောက် ပြည်ထောင်စုနေ့အခမ်းအနားသို့ ပေးပို့သော သဝဏ်လွှာကို ပြည်ထောင်စုနေ့ကျင်းပရေး ဗဟိုကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းက ဖတ်ကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အဆိုပါအခမ်းအနားသို့ ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ၊ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးများ၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ တပ်မတော်အရာရှိကြီးများ၊ ဒုတိယဝန်ကြီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ (၆၆)နှစ်မြောက် ပြည်ထောင်စုနေ့ကျင်းပရေး စီမံခန့်ခွဲမှု ကော်မတီဝင်များ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးမှ တိုင်းရင်းသားရေးရာ ဝန်ကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ဝန်ကြီးဌာနများမှဝန်ထမ်းများ၊ တိုင်းရင်းသား ရိုးရာယဉ်ကျေးမှုအဖွဲ့ဝင်များ၊ နေပြည်တော် ကောင်စီနယ်မြေအတွင်းရှိ မြို့နယ်များမှ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ တပ်ရင်းတပ်ဖွဲ့များမှ မိသားစုများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ တိုင်းရင်းသားတိုင်းရင်းသူကိုယ်စားလှယ်များနှင့် ဖိတ်ကြားထားသူများ စုစုပေါင်းအင်အား ၂၃၀၀ ကျော် တက်ရောက်ကြသည်။

၂၀၁၃ ခုနှစ် (၆၆)နှစ်မြောက် ပြည်ထောင်စုနေ့ အကြိုညဖြစ်သည့် ယမန်နေ့ညနှင့် ယနေ့ညတို့တွင် နေပြည်တော်ရှိ ဝန်ကြီးဌာနရုံးများ၊ နေပြည်တော် မြို့တော်ခန်းမနှင့် လမ်းဆုံအဝိုင်းများ၊ မြန်မာ့ကျောက်မျက်ရတနာပြတိုက်၊ မဏိရတနာ ကျောက်စိမ်းခန်းမနှင့် ကျောက်စိမ်းဥယျာဉ်၊ နေပြည်တော်ရှိဈေးများ၊ အဆောက်အအုံများ၊ ဝန်ထမ်းအိမ်ရာများ၌ ရောင်စုံမီးများလှပခံ့ညားစွာ ထွန်းညှိ၍ ပြည်ထောင်စုနေ့အား ဂုဏ်ပြုကြိုဆိုကြသည်ကို တွေ့ရသည်။

(သတင်းစဉ်)

ပြည်တွင်းသတင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ အဂ္ဂမဟာသရေစည်သူ၊ အဂ္ဂမဟာသီရိသုဓမ္မ ဦးသိန်းစိန်ထံမှပေးပို့သော (၆၆)နှစ်မြောက် ပြည်ထောင်စုနေ့သဝဏ်လွှာအား ပြည်ထောင်စုနေ့ကျင်းပရေး ဗဟိုကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတဒေါက်တာစိုင်းမောက်ခမ်း ဖတ်ကြားစဉ်။ (သတင်းစဉ်)

(၆၆)နှစ်မြောက် ပြည်ထောင်စုနေ့ အလံအလေးပြုပွဲအခမ်းအနား

၂၀၁၃ခုနှစ် (၆၆)နှစ်မြောက် ပြည်ထောင်စုနေ့ အလံအလေးပြုပွဲ အခမ်းအနားသို့ တက်ရောက်လာကြသူများအား တွေ့ရစဉ်။ (သတင်းစဉ်)

❍ *ကျောဖုံးမှ*

ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကချင်ပြည်နယ်၊ မွန်ပြည်နယ်၊ ကယားပြည်နယ်နှင့် ချင်းပြည်နယ်တို့မှ ပြိုင်ပွဲဝင်တစ်ဦးစီ ပါဝင်ယှဉ်ပြိုင်ခဲ့ရာ ကျန်းမာကြံ့ခိုင်မှုနှင့် လေ့ကျင့်ထားမှုများကို အထင်းသားမြင်တွေ့ရသည်။

ပါဝင်ယှဉ်ပြိုင်

ထို့အတူ အမျိုးသား ၈၀ ကီလိုတန်းကာယဗလမောင် ပြိုင်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ မကွေးတိုင်းဒေသကြီး၊ မွန်ပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်တို့မှ ကိုယ်စားပြုပြိုင်ပွဲကိုးဦး ပါဝင်ယှဉ်ပြိုင်ခဲ့ကြသည်။ တစ်ဖန် ၉၀ ကီလိုတန်းတွင်ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်တို့မှ ကိုယ်စားပြုယှဉ်ပြိုင်သူခုနစ်ဦး ပါဝင်ယှဉ်ပြိုင်ခဲ့ကြသည်။

၅၅ ကီလိုတန်းကာယဗလမောင် ပြိုင်ပွဲတွင် ပထမရွှေတံဆိပ်ဆုကို ရန်ကုန်တိုင်းဒေသကြီးမှ ကျော်မင်းသန်း၊ ဒုတိယငွေတံဆိပ်ဆုကို တနင်္သာရီတိုင်းဒေသကြီးမှ ရန်အောင်၊ တတိယကြေးတံဆိပ်ဆုကို ဧရာဝတီတိုင်းဒေသကြီးမှ ဖြိုးဝေလင်းတို့က အသီးသီးဆွတ်ခူးရရှိခဲ့သည်။

၆၀ ကီလိုတန်းကာယဗလမောင် ပြိုင်ပွဲတွင် ပထမဧရာဝတီတိုင်းဒေသကြီးမှ မြတ်သူထွန်း၊ ဒုတိယ ရခိုင်ပြည်နယ်မှ သန်းနိုင်၊ တတိယအဖြစ် စစ်ကိုင်းတိုင်းဒေသကြီးမှ သိန်းထွန်းဦးတို့ အသီးသီးဆွတ်ခူးရရှိသွားသည်။ ၇၀ ကီလိုတန်းတွင် ချင်းပြည်နယ်မှ နီဖြူက ပထမရွှေတံဆိပ်ဆု၊ ရန်ကုန်တိုင်းဒေသကြီးမှ စောသိန်းအောင်က ဒုတိယငွေတံဆိပ်ဆုနှင့် ရှမ်းပြည်နယ်မှ စိုင်းချစ်ငွေက ကြေးတံဆိပ်ဆုအသီးသီး ဆွတ်ခူးရရှိခဲ့သည်။

၈၀ ကီလိုတန်း ကာယဗလမောင် ပြိုင်ပွဲတွင် ပထမရွှေတံဆိပ်ဆုကို မန္တလေးတိုင်းဒေသကြီးမှ မျိုးဆက်အောင်၊ ဒုတိယငွေတံဆိပ်ဆုကို စစ်ကိုင်းတိုင်းဒေသကြီးမှ မင်းဇော်နှင့်တတိယကြေးတံဆိပ်ဆုကို မကွေးတိုင်းဒေသကြီးမှ အောင်ချမ်းမင်းတို့က ရရှိခဲ့ကြသည်။

ဆွတ်ခူး

၉၀ ကီလိုတန်း ကာယဗလမောင် ပြိုင်ပွဲတွင် ခန္ဓာကိုယ်ကြွက်သား အဖုအထစ်များ ပြိုင်းပြိုင်းထအောင် ဖော်ထုတ်ပြသ ယှဉ်ပြိုင်နိုင်ခဲ့သည့် ချင်းပြည်နယ်မှ ဆလိုင်းကျော်မင်းက ရွှေတံဆိပ်ဆု၊ မန္တလေးတိုင်းဒေသကြီးမှ သင်းဝင်းက ငွေတံဆိပ်နှင့် ရန်ကုန်တိုင်းဒေသကြီးမှ ဇာလီတင်တို့က ကြေးတံဆိပ်များဆွတ်ခူးသွားခဲ့ကြသည်။

Model Physique အမျိုးသမီး ၅ ပေ ၃ လက်မအထက် ပြိုင်ပွဲတွင် ရွှေတံဆိပ်ဆွတ်ခူးသွားသော ကချင်ပြည်နယ်မှ ခေါ်ဝင်းအား ဆုယူအပြီးတွေ့ရစဉ်။

အမျိုးသမီးအရပ် ၅ ပေ ၃ လက်မအောက် Model Physique ပြိုင်ပွဲတွင် သံစဉ်တေးသွားနှင့် အညီ ခန္ဓာကိုယ်ကြံ့ခိုင်မှု၊ အချိုးအစားကျနပြေပြစ်မှု၊ ခန္ဓာကိုယ်၌ အဆီပိုကင်းမှု၊ လက်မောင်း၊ ပေါင်တင်လှပပြီး ကြွက်သားများတင်းရင်းမှု၊ ကိုယ်ဟန်လှုပ်ရှားမှုကောင်းမွန်မှု စသည့်အချက်များကို ဦးစားပေးရွေးချယ်ခဲ့သည်။ ယင်းပြိုင်ပွဲတွင် ကရင်ပြည်နယ်မှ မနန်းထက်ထက်လင်းက ပထမရွှေတံဆိပ်၊ ဧရာဝတီတိုင်းဒေသကြီးမှ မဟေမာန်နှင်းက ငွေတံဆိပ်နှင့် ကချင်ပြည်နယ်မှ ဆိုင်းမိုင်က တတိယကြေးတံဆိပ်များ အသီးသီးရရှိခဲ့ကြသည်။

ပထမ ရွှေတံဆိပ်ဆုရရှိခဲ့သည့် မနန်းထက်ထက်လင်းက "အခုလို ပထမရလို့အလွန်ဝမ်းသာပြီး ဂုဏ်ယူစိတ်တွေဖြစ်ရပါတယ်" ဟု ပြောကြားသည်။ ဆက်လက်ပြီး အရပ် ၅ ပေ ၃ လက်မအထက် ပြိုင်ပွဲတွင် ခန္ဓာကိုယ် ဖွဲ့စည်းမှုကျစ်လျစ်ပြီး ကြံ့ခိုင်သန်စွမ်းကာ ဟန်ပန်လှုပ်ရှားပြသမှု၊ ကြွက်သားများ တင်းရင်းမှုရှိသော ကချင်ပြည်နယ်မှ ခေါ်ဝင်းက ရွှေတံဆိပ်၊ မန္တလေးတိုင်းဒေသကြီးမှ မခိုင်ဝေလွှင်က ငွေတံဆိပ်နှင့် တနင်္သာရီတိုင်းဒေသကြီးမှ မဆွေဆွေအောင်တို့က ကြေးတံဆိပ်များ အသီးသီး ဆွတ်ခူးသွားခဲ့ကြသည်။ ပြည်ထောင်စုအစိုးရအဖွဲ့ ဖလား ရရှိရန် နေပြည်တော်တွင် ပြိုင်ပွဲများ ဆက်လက် ကျင်းပသွားမည်ဖြစ်သည်။

(မြန်မာ့အလင်း)



ရွှေတံဆိပ်ဆွတ်ခူး

၉၀ ကီလိုတန်း ကာယဗလမောင်ပြိုင်ပွဲတွင် ရွှေတံဆိပ်ဆွတ်ခူးသွားသော ချင်းပြည်နယ်မှ ဆလိုင်းကျော်မင်းအား တွေ့ရစဉ်။

ကချင်ပြည်နယ်၌ တပ်မတော်အနေဖြင့် တိုက်ခိုက်မှုများ မဖြစ်ပွားစေရေး ထိန်းသိမ်းဆောင်ရွက်လျက်ရှိ

နေပြည်တော် ဖေဖော်ဝါရီ ၁၂

ကချင်ပြည်နယ်အတွင်း ငြိမ်းချမ်းရေးအမြန်ရရှိရန်ရည်ရွယ်၍ တပ်မတော်သည် နိုင်ငံတော်သမ္မတရုံး၏ ၂၀၁၁ ခုနှစ် ဒီဇင်ဘာ ၁၀ ရက် ရက်စွဲပါညွှန်ကြားချက်နှင့် ပြည်ထောင်စုအစိုးရအဖွဲ့၏ သတင်းထုတ်ပြန်ကြေညာချက် (၃/ ၂၀၁၃) ပါအတိုင်း မိမိကိုယ်ကိုကာကွယ်ခြင်းမှအပ ပစ်ခတ်တိုက်ခိုက်မှုမပြုရန် အလေးထားလိုက်နာဆောင်ရွက်လျက်ရှိသည်။

ဖားကန့်မြို့နယ်အတွင်း နယ်မြေစိုးမိုးရေးဆောင်ရွက်လျက်ရှိသော တပ်မတော်စစ်ကြောင်းတစ်ကြောင်းသည် ယမန်နေ့ မွန်းလွဲ ၁၂ နာရီခွဲခန့်တွင် ဝေလုံ/ဝေခါ အရှေ့ဘက် ဂျာရားယန်ကျေးရွာအနီး ရောက်ရှိခဲ့စဉ် ရွာအတွင်းမှ ကေအိုင်အေရင်း(၆)မှဗိုလ်ကြီး လဒွဲဦးစီး ၁၀ ဦးခန့်သည် တပ်မတော်စစ်ကြောင်းရှိရာသို့ ရောက်ရှိလာပြီး မိတ်ဆက်ပြောဆိုလာ၍ တပ်မတော်စစ်ကြောင်းမှလည်း ခင်မင်ရင်းနှီးစွာ နှုတ်ဆက်ကာ မိမိတာဝန်ကျနေရာသို့ ဆက်လက်ထွက်ခွာခဲ့ကြောင်း၊ ဖေဖော်ဝါရီ ၄ ရက် နောက်ပိုင်းတွင် တပ်မတော်အနေဖြင့်ပစ်ခတ်တိုက်ခိုက်မှုများ မဖြစ်ပွားစေရေးအတွက် ထိန်းသိမ်းလုပ်ဆောင်လျက်ရှိကြောင်း ကာကွယ်ရေးဝန်ကြီးဌာနမှ သတင်းရရှိသည်။

(သတင်းစဉ်)

ပြည်တွင်းသတင်းနှင့်ဈေးကွက်

ဝယ်လိုအားကောင်းသော ပုလဲသွယ်စပ်မျိုးစပါး တောင်သူများတိုးချဲ့စိုက်ရန်စိတ်ဝင်စား



နေပြည်တော် ဖေဖော်ဝါရီ ၁၂

မြန်မာနိုင်ငံတွင် စပါးတစ်ဧက အထွက်နှုန်း တိုးတက်ကောင်းမွန်ရေးအတွက် အထွက်နှုန်းကောင်း ပုလဲသွယ် စပ်မျိုးစပါးများ အစားထိုးစိုက်ပျိုးလျက်ရှိရာ အထွက်နှုန်းကောင်းပြီး ဈေးကွက်ဝယ်လိုအားကောင်းခြင်းကြောင့် စိုက်ပျိုးလိုသူ တောင်သူများ ပိုမိုများပြားလာကြောင်း၊ တပ်ကုန်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဦးချစ်ဆွေဦးက ပြောကြားသည်။

"ဒီစပ်မျိုးစပါးက မြေလည်းကောင်းမယ်။ ရေလည်းသေချာတယ်။ သွင်းအားစုလည်း ကောင်းမယ်ဆိုရင် တကယ်အထွက်နှုန်းကောင်းတဲ့ စပါးမျိုးပါပဲ။တစ်ဧကကို အနည်းဆုံး တင်း ၁၄၀ ကနေ တင်း ၁၉၀ ကျော်အထိ ထွက်ရှိနိုင်ပါတယ်။ ပြီးခဲ့တဲ့နွေစပါးတုန်းကဆိုရင် တစ်ဧက ပျမ်းမျှ ၁၄၇ ဒသမ ၈၇ တင်း ထွက်ခဲ့ပါတယ်။ အများဆုံးအနေနဲ့ တစ်ဧက ပျမ်းမျှ ၁၉၂ တင်းအထိ ထွက်ရှိခဲ့ပါတယ်" ဟု ဦးချစ်ဆွေဦးက ဆက်လက်ရှင်းပြသည်။

ပုလဲသွယ်စပ်မျိုးစပါးကို လက်ရှိတပ်ကုန်းမြို့၌ တင်း ၁၀၀ လျှင် ငွေကျပ် ၄၄၀၀၀၀ အထိ ဈေးပေးဝယ်နေခြင်းကြောင့် စပါးစိုက်တောင်သူများ ဧကတိုးချဲ့စိုက်ပျိုးသွားရန် အထူးစိတ်ဝင်စားလျက်ရှိကြောင်း သိရသည်။ ပုလဲသွယ် စပ်မျိုးစပါးများကို ဒေသကုန်သည် အများစုက ပြည်ပဈေးကွက်တင်ပို့နိုင်ခြင်းကြောင့် ဈေးကောင်းပေး ဝယ်နေကြသည်။

ယခု နွေစပါးစိုက်ပျိုးရာသီတွင် ဆည်ရေရရှိမှုအပေါ်တွင်မူတည်၍

သတင်း-မြင့်မောင်စိုး
ဓာတ်ပုံ-ကျော်သူဝင်း

တပ်ကုန်းမြို့နယ်အတွင်း နွေစပါး ၁၆၆၅ ဧက စိုက်ပျိုးသွားရန် လျာထားလျက်ရှိပြီး ပုလဲသွယ်စပ်မျိုးစပါးကိုဧက ၂၁၀ စိုက်ပျိုးသွားမည်ဖြစ်ကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန စာရင်းအင်းများ၌ ဖော်ပြထားသည်။

ပုလဲသွယ် စပ်မျိုးစပါးများကို ယခု နွေစပါးစိုက်ပျိုးရာသီတွင် မြို့နယ်စိုက်ပျိုးရေးရုံးမှ အကြွေးစနစ်ဖြင့် ရောင်းချပေးထားပြီဖြစ်ကြောင်း၊ စပါးပေါ်မှ ကျသင့်ငွေ ပေးချေရမည်ဖြစ်ကြောင်း သိရသည်။

နေပြည်တော် တပ်ကုန်းမြို့နယ်အတွင်း ၂၀၁၂-၂၀၁၃ မိုးစပါးစိုက်ပျိုးရေးရာသီအတွင်း စပါးစိုက်ဧက ၄၆၄၀၂ စိုက်ပျိုးခဲ့ရာ ပုလဲသွယ်စပ်မျိုးစပါး ၁၀၅၁ ဧက စိုက်ပျိုးနိုင်ခဲ့သည်။ ပုလဲသွယ်စပ်မျိုးစပါးသည် ယခုအခါ အထွက်နှုန်းကောင်း မျိုးပြောင်းလဲစိုက်ပျိုးရာတွင် စိုက်ပျိုးမှုအများဆုံး စပါးမျိုးဖြစ်လာသည်။ ၎င်းစပါးမျိုးများသည် စိုက်ပျိုးနည်းစနစ်နှင့် သွင်းအားစုမှန်ကန်အောင် အသုံးပြုနိုင်လျှင် အထွက်သိသာသော စပါးမျိုးဖြစ်သည်။

ပိုမိုကောင်းမွန်

တောင်သူများအနေဖြင့် ပုလဲသွယ် စပ်မျိုးစပါးကို ရေရရှိမှု သေချာခြင်း၊ စိုက်စနစ်မှန်ကန်ခြင်း၊ သွင်းအားစုများ မှန်မှန်ကန်ကန် အသုံးပြုခြင်းတို့ရှိလျှင် တစ်ဧကအထွက်နှုန်းကောင်းသည့်အပြင် ဈေးကွက်ဝယ်လိုအား ပိုမိုကောင်းမွန်ခြင်းတို့ကြောင့် အကျိုးအမြတ်များ တိုးပွားလာမည်ဖြစ်ပါသည်။

(မြန်မာ့အလင်း)

ပြည်ထောင်စုနေ့ကိုဂုဏ်ပြုသောအားဖြင့် နေပြည်တော်ဆေးရုံကြီးသို့ စုပေါင်းသွေးလှူဒါန်း

နေပြည်တော် ဖေဖော်ဝါရီ ၁၂

နေပြည်တော် ဇမ္ဗူသီရိမြို့နယ် ဥဏ္ဏသိဒ္ဓိရပ်ကွက် ဆောက်လုပ်ရေး

ဝန်ကြီးဌာန ဝန်ထမ်းအိမ်ရာအနီးတွင် တည်ထောင်ထားသော "ကမ်းလက်များ" ပရဟိတအဖွဲ့၏ ပထမအကြိမ် နေပြည်တော် ခုတင် (၁၀၀၀)ဆေးရုံကြီးသို့ စုပေါင်းသွေးလှူဒါန်းပွဲကို ဖေဖော်ဝါရီ ၁၀ ရက် နံနက် ၁၀ နာရီက ခုတင် (၁၀၀၀) နေပြည်တော်ဆေးရုံကြီး သွေးလှူဘဏ်၌ လှူဒါန်းခဲ့ကြောင်း သိရသည်။ **(အပေါ်ပုံ)**

ယခုသွေးလှူဒါန်းမှုပြုသည့် "ကမ်းလက်များ" ပရဟိတအဖွဲ့သည် အဖွဲ့ဝင် ၃၀၀ ရှိသည့်အနက် ဆေးရုံကြီးမှ သတ်မှတ်ထားသော သွေးလှူရှင်တစ်ဦးတွင်ရှိရမည့် စည်းကမ်းချက်များနှင့် ညီညွတ်သော "ကမ်းလက်များ" ပရဟိတအဖွဲ့ဝင် ၂၆ ဦးမှ တစ်ဦးလျှင် တစ်လီတာပမာဏခန့်စီ စုပေါင်း၍ လှူဒါန်းခြင်းဖြစ်ကြောင်း သိရသည်။ "ကမ်းလက်များ" ပရဟိတအဖွဲ့ (နေပြည်တော်)ကို ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ထမ်းများအဖွဲ့က ဦးစီး၍ ၂၀၁၂ ခုနှစ် မတ် ၂၅ ရက်က စတင်တည်ထောင်ခဲ့ပြီး အများပြည်သူ အယုတ်၊ အလတ်၊ အမြတ်မရွေး တွေ့ကြုံရသည့် သာရေး၊ နာရေး၊ လူမှုရေးကိစ္စအဝဝကို ကူညီဆောင်ရွက်ပေးလျက်ရှိပြီး လာမည့် မတ်လမှစ၍ အခြေခံပညာ တက္ကသိုလ်ဝင်စာမေးပွဲ ဖြေဆိုပြီး ကျောင်းသား၊ ကျောင်းသူများအား ကွန်ပျူတာပညာ၊ အင်္ဂလိပ်စာနှင့် အင်္ဂလိပ်စကားပြောသင်တန်းများ ဖွင့်လှစ်သင်ကြားပေးမည်ဖြစ်ကြောင်း "ကမ်းလက်များ" ပရဟိတအဖွဲ့ဥက္ကဋ္ဌ ဦးကျော်ထံမှ သိရသည်။

"ကျွန်တော်တို့ ကမ်းလက်များ" ပရဟိတအဖွဲ့အနေနှင့် ပြည်သူတို့၏ သာရေး၊ နာရေးကိစ္စများပေါ်ပေါက်လာလျှင် အတတ်နိုင်ဆုံးကူညီမှုပြုလုပ်ပေးပါတယ်။ နာရေးဖြစ်ပေါ်လာလျှင်နာရေးကိစ္စဖြစ်ပွားသော နာရေးရှင်ထံမှ ငွေကြေးရယူမှု၊ တောင်းခံမှု မရှိဘဲ မီးသဂြိုဟ်ပြီးစီးသည်အထိ အစအဆုံးကူညီမှု ပြုလုပ်ပေးပါတယ်။ နာရေးယာဉ်ကိုတော့ နေပြည်တော် စည်ပင်သာယာရေးကော်မတီမှ အခမဲ့ အကူအညီပေးပါတယ်။ နေ့၊ ည ရာသီမရွေး လမ်းကြောင်း လမ်းမတွေမှာ ယာဉ်တိုက်မှုဖြစ်ပေါ်ပါက ကျွန်တော်တို့ထံ ဆက်သွယ်အကူအညီ တောင်းခံလျှင် အခင်းဖြစ်နေရာကို ချက်ချင်းပြေးသွားပြီး လူနာကို ဆေးရုံသို့ ပို့ဆောင်ကူညီပေးခြင်းတွေကိုလည်း ဆောင်ရွက်ပေးနေပါတယ်"ဟု ၎င်းအဖွဲ့မှအတွင်းရေးမှူးဖြစ်သူ ဦးမောင်မောင်က မြန်မာ့အလင်းသို့ ပြောကြားသည်။

ကမ်းလက်များ ပရဟိတအဖွဲ့သို့ ဆက်သွယ် အကူအညီတောင်းခံလိုပါက ဦးမောင်မောင်အတွင်းရေးမှူး "ကမ်းလက်များ"ပရဟိတအဖွဲ့ ဖုန်း ၀၉-၄၂၀၇၂၁၁၉၉ သို့ ဆက်သွယ် အကူအညီတောင်းခံနိုင်ကြောင်း သိရသည်။

မင်းမင်းလတ်(မန်းတက္ကသိုလ်)

မင်းဘူးမြို့နယ် ရွာသာယာက မြန်မာ့အိုးလုပ်ငန်း

မကွေးတိုင်းဒေသကြီး မင်းဘူးမြို့နယ် ရွာသာယာကျေးရွာသည် အိမ်ခြေ ၄၀၀ ကျော်ရှိပြီး လွန်ခဲ့သောနှစ် ၁၀၀ ကျော်ကစပြီး မိရိုးဖလာ အိုးလုပ်ငန်းကို လုပ်ကိုင်ခဲ့ကြကြောင်း သိရသည်။ ရွာသာယာကျေးရွာသည် မင်းဘူးနှင့်အထက် မင်းလှသွားကားလမ်းဘေး၌ရှိပြီး တွဲဖက်အထက်တန်းကျောင်း၊ တိုက်နယ်ဆေးရုံနှင့် ရဲစခန်းများလည်းရှိသည်။ ရွာသာယာကျေးရွာမှ ဦးမင်းနိုင်-ဒေါ်ပန်းတို့သည် မိရိုးဖလာလုပ်ငန်း တစ်ခုဖြစ်သော အိုးလုပ်ငန်းကို တစိုက်မတ်မတ် လုပ်ကိုင်ခဲ့ကြသူများဖြစ်ပြီး သူတို့ထုတ်လုပ်သည့် အိုးများကို မကွေး၊ မင်းဘူး၊ ပွင့်ဖြူ၊ ပဒါန်း၊ ဆင်ပေါင်ဝဲနှင့် ပြည်ဈေးကွက်များအထိ နေ့စဉ်ပို့လျက်ရှိသည်။ မိမိသည် ရွာသာယာအိုးလုပ်ငန်းကို ကွင်းဆင်း၍ လေ့လာခဲ့ပါသည်။

အိုးလုပ်ငန်းအတွက် အရေးအကြီးဆုံး ကုန်ကြမ်းမှာ ရွှံ့စေး၊ သဲဝါနှင့် အိုးဖုတ်ရန်ထင်းတို့ဖြစ်သည်။ ရွာသာယာ၏ တောင်ဘက်တွင် ရွှံ့စေးများထွက်သော ကန်ဟောင်းကြီးတစ်ခုရှိသည်။ ထိုကန်ဟောင်းကြီးကို အိုးလုပ်ငန်းရှင်များ စုပေါင်း၍ ကုန်ကြမ်းအတွက် ဝယ်ထားကြသည်။ သဲဝါကိုတော့ ဧရာဝတီမြစ်ကမ်းနဖူးတွင် လိုသလောက် တူးယူကြသည်။ သူတို့ထုတ်လုပ်သော အိုးအမျိုးအစားပေါင်းမှာ အိုးကြီး၊ အိုးလေး ၃၀ ခန့်ရှိသည်။ အိုးလုပ်ငန်းရှင် ဒေါ်ပန်းက အိုးလုပ်ပုံ အဆင့်ဆင့်ကို ရှင်းပြသည်။

"ပထမဆုံးရွှံ့စေးကို ဆန်ကာချပြီးသား သဲဝါကြမ်းနဲ့နယ်ခြေထောက်နဲ့နင်း၊ ခဏလောက်နှပ်ထား နောက်ကိုယ်လိုချင်တဲ့ ပုံစံရိုက်ပြီးတော့ ဆုံလည်စက်နဲ့ပုံဖော်၊ အိုးထဲကို လက်ခုပြီး အပေါ်ကလက်ခတ်နဲ့ ပုံဖော်ယူတာ၊ ရွှံ့နဲ့လုပ်တဲ့လက်မှုပညာတစ်မျိုးပေါ့။ သောက်ရေအိုး၊ ရေခပ်အိုး၊ ပန်းအိုး၊ မြူအိုး၊ ညောင်ရေအိုး၊ စုဘူး၊ ကလေးကစားစရာ အိုးပုတ်ချိုးရုပ်ကလေးတွေကအစ လုပ်ကြတယ်" ပုံလောင်းပြီးသား အိုးစိမ်းတွေ အိုးဖုတ်တဲ့ကွင်းကို အချိန်မီရောက်အောင်ပို့ရတယ်။ ကွင်းထဲမှာ နေပြရတယ်။ မွန်းလွဲ ၂ နာရီမှာ အိုးစိမ်းတွေကို စီထပ်ရတယ်။ စီပြီးတော့ အိုးခြမ်းကွဲတွေ အိုးခြမ်းပဲ့တွေနဲ့ဖုံးရတယ်။ သူ့အပေါ်ကမှ မြက်တွေထပ်ဖုံးရတယ်။ နောက်မြေနီတွေနဲ့မံရတယ်။ နောက်ထင်းတွေနဲ့ မီးထိုးရတယ်။ ၃ နာရီလောက်မီးထိုးလိုက်ရင် အိုးတွေ ကျက်သွားပြီ၊ မီးလည်းထိုးပြီးသွားပြီ၊ အပူရှိန်မီးသေအောင် နှပ်ထားရတယ်။ မနက်မိုးလင်းတာနဲ့ အိုးတွေဖော်ကြပြီး ဈေးကွက်ကို ပို့ဖို့ကားပေါ်တန်းတင်ကြတယ်၊ မင်းဘူး-မကွေး-ပွင့်ဖြူ-ဆင်ပေါင်ဝဲနဲ့ ပြည်ဈေးကွက်ကို အများဆုံးပို့တယ်" ဟု ရှင်းပြသည်။

အိုးတစ်ခါဖုတ်လျှင် အိုးအလုံးပေါင်း ၁၀၀၀ ခန့် အကြီး၊ အသေး၊ အလတ် မျိုးစုံပါဝင်သည်။ နွေရာသီတွင်သောက်ရေအိုး၊ ပန်းအိုး၊ ဘုရားညောင်ရေအိုးများ အရောင်းသွက်သည်။ ဘုရားပန်းကပ်ရာတွင် မြေအိုးက ပန်းကိုကြာရှည်ခံသည်။ သောက်ရေအိုးကြီးတစ်လုံး ဖောက်သည်ဈေးရွာ၌ ကျပ် ၃၀၀၊ မြူအိုးကအလုံး(၁၀၀)ကိုငွေကျပ်၆၀၀၀၊ မကွေးအရောက်ပို့ပေးရလျှင် ၁၀၀၀၀ ကျပ်၊ အင်တုံကြီးတစ်လုံး ဖောက်သည်ဈေး ငွေကျပ် ၃၅၀ ရှိသည်။ ကားတင်ခများမှာ အိုးတစ်ဖိုလုံး မကွေးအရောက်ပို့ပေးရလျှင် ကျပ် ၃၅၀၀၀ ၊ ပွင့်ဖြူ ကျပ် ၆၅၀၀၀၊ ပဒါန်း ကျပ် ၁၀၀၀၀၀ ပေးရသည်။ အိုးရိုက်ကျွမ်းကျင်လုပ်သားတစ်ဦးတစ်နေ့ ကျပ် ၂၀၀၀ ပေးရသည်။ အိုးဖုတ်သည့်ကွင်း၌ လုပ်သားပေါင်း ၃၀ ခန့် ငှားရသည်။ မီးထိုးရသည့်လူကိုကျပ် ၂၅၀၀ ၊ အိုးစီသမားကျပ်၂၀၀၀၊ အထွေထွေလုပ်သား ကျပ် ၁၀၀၀ ပေးရသည်။ အိုးတစ်ဖိုလျှင်ထင်းလှည်း ၁၀ စီးခန့်အသုံးပြုရသည်။ ထို့နောက် ဒေါ်ပန်းက ဆက်ပြောရာတွင် "မိုးတွင်းဆိုရင် အိုးလုပ်ငန်းနားနေရတယ်။ အိုးမဖုတ်ရတော့ဘူး။ တန်ခူးလကတည်းက ရွှံ့တွေစုပြီး လှောင်ထားရတယ်။ အိုးကြမ်းတွေရိုက်ထားရတယ်။ မိုးမရွာရင် မိုးမအုံ့ရင် အိုးဖုတ်တယ်။အိုးတွေက မိုးအုံ့တာနဲ့ ကွဲအက်လာတယ်။ အိုးကိုမဖုတ်ခင်နေပြရသေးတယ်။ ခေတ်တွေဘယ်လိုပြောင်းပြောင်း မြေအိုးနေရာမှာ ဘယ်လိုပစ္စည်းတွေအစားထိုးဝင်ရောက်လာစေကာမူ မြန်မာ့ကျေးလက်တွေမှာတော့ မြန်မာ့ရိုးရာမြေအိုးကို လက်လွှတ်လို့ မရသေးပါဘူး။ သုံးနေရဆဲပါ။ ဥပမာပြောမယ်၊ မကွေးမြို့က ရန်ပယ်ဈေးမှာ တောကားတွေအများဆုံးဝင်တယ်။ အဲဒီဈေးမှာ ဦးစန်းမောင်ရဲ့ အိုးဆိုင်ရှိတယ်။ ကျွန်မတို့ဆီက အိုးဖောက်သည်ယူတယ်။ နေ့တိုင်း အိုးတွေပို့ပေးနေရတယ်" ဟု ရှင်းပြသည်။

ခေတ်တွေစနစ်တွေ ဘယ်လိုပဲပြောင်းသော်လည်း မြန်မာ့ရိုးရာမြန်မာမှုပစ္စည်းအိုးများသည် မြန်မာလူမျိုးများအတွက် အသုံးပြုနေရဆဲ လက်လွှတ်၍မရဘဲ မြန်မာ့ဈေးကွက်တွင် မျက်နှာပန်းလှလျက်ရှိနေသေးကြောင်း ရေးသားလိုက်ရပါသည်။

(မကွေးလှမြင့်)

ဖျာပုံရွှေပုစွန်ခြောက်ကုန်ကြမ်း ရှားပါးသွား၍ ဈေးမြင့်လာ

ပုစွန်ခြောက်သည် မြန်မာ့အစားအစာနှင့် အာဟာရတို့တွင် မြန်မာ့ဟင်းခပ်အဖြစ် နေရာရခဲ့ပေသည်။ စာရေးသူတို့ ပြည်သူများသည် ဒေသတစ်ခုခုသို့ရောက်လျှင် ဒေသထွက်ပစ္စည်းတစ်ခုခုကို အိမ်အပြန် လက်ဆောင်အဖြစ် ဝယ်ယူတတ်ကြပါသည်။ စာရေးသူတို့ ဖျာပုံမြို့သို့ရောက်လျှင်တော့ ဒေသထွက်ကုန်တစ်ခုဖြစ်သည့် ဖျာပုံရွှေပုစွန်ခြောက်ကို အိမ်အပြန်လက်ဆောင်အဖြစ် ဝယ်ယူတတ်ကြသည်။

ဖျာပုံပုစွန်ခြောက်သည် ရေချို၊ အင်းအိုင်၊ ချောင်းမြောင်းများမှ ရရှိသော ရေချိုပုစွန်များကို ဆားပေါ့ပေါ့ဖြင့် နေလှန်းအခြောက်ခံ ပြုလုပ်ထားခြင်းဖြစ်သည်။ သို့အတွက် သိမ်းဆည်းရလွယ်ကူပြီး ဟင်းခပ်အချိုအဖြစ် အသုံးပြုနိုင်သောကြောင့် အိမ်ရှင်မများ အလွန်ကြိုက်နှစ်သက်သည့် ဒေသထွက်ကုန် တစ်ခုဖြစ်ပေသည်။

ယခုရာသီတွင် ရေချိုပုစွန်ရှားပါးလာခြင်းကြောင့် ပုစွန်ခြောက် တစ်ပိဿာလျှင် ပျမ်းမျှကျပ် ၁၂၀၀၀ မှ ၂၈၀၀၀ ရှိရာကနေ တစ်ပိဿာလျှင် ကျပ် ၁၈၀၀၀ မှ ကျပ် ၃၄၀၀၀ အထိ မြင့်တက်နေကြောင်း သိရသည်။ မည်သို့ပင် ဈေးမြင့်တက်နေစေကာမူ ဖျာပုံရွှေပုစွန်ခြောက်သည် မြန်မာအိမ်ရှင်မများ၏ မီးဖိုချောင်သုံး ဈေးကွက်တွင်သာမက ပြည်ပဈေးကွက်များသို့တိုင် ဝင်ရောက်နေရာယူထားပြီဖြစ်ကြောင်း ရေးသားလိုက်ရပေသည်။

သူဇာနွယ်(ဖျာပုံ)



အမြို့မြို့ အနယ်နယ်ပျံ့သည့် သတင်းစာ မြန်မာ့အလင်း တွင် ကြော်ငြာပါ။

ပြည်တွင်းသတင်းနှင့်ဆောင်းပါး

ခရီးစဉ်တိုးချဲ့ပျံသန်းပြေးဆွဲမည့် Air KBZ လေယာဉ်သစ်ရောက်ရှိ

ရန်ကုန် ဖေဖော်ဝါရီ ၁၂

Air KBZ လေကြောင်းလိုင်းမှ ဝယ်ယူထားသော ပြင်သစ်နိုင်ငံလုပ် ATR-72-600 အမျိုးအစားလေယာဉ်သစ်နှစ်စင်းအနက် ပထမတစ်စင်းသည် ဖေဖော်ဝါရီ ၁၁ ရက် မွန်းလွဲပိုင်းတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိခဲ့သည်။ ၎င်းအပြင် ဒုတိယမြောက်ရောက်ရှိမည့် ATR-72-600 လေယာဉ်သစ်မှာ ၂၀၁၃ ခုနှစ် ဇွန်လပိုင်းတွင် ရန်ကုန်မြို့သို့ ရောက်ရှိမည်ဖြစ်ကြောင်း သိရသည်။

Air KBZ အနေဖြင့် ၂၀၁၃ ခုနှစ် နှစ်လယ်ပိုင်းမှစ၍ ATR-72-500 လေယာဉ်အမျိုးအစား လေးစင်း၊ ATR-72-600 လေယာဉ်အမျိုးအစား နှစ်စင်း စုစုပေါင်းလေယာဉ်ခြောက်စင်းဖြင့် လက်ရှိပြေးဆွဲနေသော ရန်ကုန်၊ မန္တလေး၊ ညောင်ဦး၊ ဟဲဟိုး၊ လားရှိုး၊ တာချီလိတ်၊ ကျိုင်းတုံ၊ ကလေး၊ မြစ်ကြီးနား၊ သံတွဲ၊ စစ်တွေ၊ ထားဝယ်၊ မြိတ်၊ ကော့သောင်းစသည့်မြို့ကြီးများအပြင် ထပ်မံ၍ နေပြည်တော်၊ မုံရွာ၊ ဟုမ္မလင်း၊ ဗန်းမော်၊ ပူတာအို၊ ကျောက်ဖြူစသည့် မြို့ကြီး ၂၀ သို့ တိုးချဲ့ပျံသန်းပြေးဆွဲသွားမည်ဖြစ်ကြောင်း သိရသည်။ **(အပေါ်ပုံ)**

(ကိုစိုးညွန့်)

ကျိုင်းတုံမြို့၌ ခိုင်သဇင်စတိုးဆိုင် မီးလောင်မှုဖြစ်ပွား

ကျိုင်းတုံ ဖေဖော်ဝါရီ ၁၂

ရှမ်းပြည်နယ်(အရှေ့ပိုင်း)ကျိုင်းတုံမြို့ အမှတ်(၂)ရပ်ကွက် အမှတ်(၂၂) ကျိုင်းတုံလမ်း(၂)လမ်းနှင့် ပါလို့လမ်းထောင့်ရှိ ခိုင်သဇင်စတိုးဆိုင်၌ ဖေဖော်ဝါရီ ၁၁ ရက် နံနက် ၃ နာရီ ၃၅ မိနစ်ခန့်တွင် မီးလောင်မှုဖြစ်ပွားခဲ့သည်။

မီးလောင်မှုဖြစ်ပွားရာသို့ တပ်မတော်သားများ၊ ရှမ်းပြည်နယ် (အရှေ့ပိုင်း)တွဲဖက်ပြည်နယ် မီးသတ်ဦးစီးဌာနမှူး ဦးကြည်သိန်း၊ မြို့နယ်မီးသတ်ဦးစီးဌာနမှူး ဦးအေးသန်းစိုး၊ မြို့နယ်မီးသတ်စခန်းမှူး ဦးဇော်မင်းနှင့် မီးသတ်တပ်ဖွဲ့ဝင်များ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ ကျိုင်းတုံမြို့နယ် မြို့မရဲစခန်းမှူး ရဲအုပ်သန်းထွန်းနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ရှမ်းပြည်နယ် (အရှေ့ပိုင်း) တွဲဖက်ပြည်နယ် ကြက်ခြေနီသူနာပြု တပ်ဖွဲ့ဦးစီးမှူး (ပထမတန်း) ဦးစိုင်းကိုကိုအောင်၊ မြို့နယ်ကြက်ခြေနီသူနာပြုတပ်ရင်းမှ ဒုတိယတပ်ရင်းမှူး ဦးနေဝင်းနှင့် ကြက်ခြေနီသူနာပြုတပ်ဖွဲ့ဝင်များနှင့် မီးငြိမ်းသတ်ယာဉ်ခုနစ်စီးဖြင့် နံနက် ၄ နာရီကျော်တွင် စတင်မီးငြိမ်းသတ်ခဲ့ရာ နံနက် ၅ နာရီ ၃၆ မိနစ်ခန့်တွင် မီးငြိမ်းသတ်နိုင်ခဲ့သည်။

ဖြစ်ပွားခဲ့

မီးလောင်မှု ဖြစ်ပွားရသည့်အကြောင်းရင်းမှာ ခိုင်သဇင်စတိုးဆိုင်အတွင်း မီးအားမြှင့်စက် ဖွင့်ထားမိခဲ့ရာမှ ဝိုင်ယာရှော့ခ်ဖြစ်ကာ အနီးအနားတွင်ရှိသော ရေခဲသေတ္တာရှိ ဂက်စ်အိုးအား မီးကူးစက်လောင်ကျွမ်းမှုကြောင့် မီးလောင်မှုဖြစ်ပွားခဲ့ကြောင်း၊ မီးလောင်မှုကြောင့် ခိုင်သဇင်စတိုးဆိုင်၏ အလျား ၂၅ ပေ၊ အနံပေ ၂၀ ရှိ RC သုံးထပ်အဆောက်အအုံတစ်ခုလုံးမှာ မီးလောင်ကျွမ်းမှုများ ဖြစ်ပေါ်ခဲ့ကြောင်း၊ လူအသေအပျောက်နှင့် ထိခိုက်ဒဏ်ရာရရှိမှု မရှိခဲ့ကြောင်း၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဒေသခံပြည်သူများနှင့် မီးငြိမ်းသတ်ရေးယာဉ်များဖြင့် စုပေါင်းဆောင်ရွက်ခဲ့ကြမှုကြောင့် အနီးပတ်ဝန်းကျင်သို့ ကူးစက်လောင်ကျွမ်းမှုမရှိခဲ့ကြောင်း သိရသည်။

(နိုင်နိုင်အောင်ဝေ)

အကြွေစေ့လောင်းကစားမှုပပျောက်ရေး ပြင်ဦးလွင်ပြည်သူများ လိုလားနေကြောင်းသိရ

ပြင်ဦးလွင် ဖေဖော်ဝါရီ ၁၂

မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့နယ်တွင် ကလေးများ ကစားကွင်းအမည်ခံလျက် ကာစီနိုလောင်းကစားဝိုင်းများ၊ ကေတီဗွီအနှိပ်ခန်းများ၊ စင်တင်ကာရာအိုကေ၊ ဘီယာဆိုင်များ ညအချိန်မတော်အထိ ရပ်ကွက်ကြီးများအတွင်း ဖွင့်လှစ်လုပ်ကိုင်လျက်ရှိကြောင်း သိရသည်။

ကလေးများ ကစားကွင်းဟူ၍ ဆိုင်ရှေ့မျက်နှာစာတွင် ဆိုင်းဘုတ်တင်လျက် ဆိုင်အတွင်း၌ ကာစီနိုလောင်းကစားစက်မျိုးစုံတို့ဖြင့် အကြွေစေ့အရောင်းကောင်တာများ ထားရှိလျက် လောင်းကစားရန် အကြွေစေ့များ ရောင်းချပေးနေသည်ကို တွေ့မြင်ရကြောင်း၊ အချို့လူလတ်ပိုင်းများမှာ အကြွေစေ့များကို သိန်းရာချီဝယ်ယူလျက် လောင်းကစားနေပြီး အမျိုးသမီးအချို့လည်း မိုးလင်းမှမိုးချုပ်သည်အထိ လောင်းကစားမှုပြုလုပ်နေကြကြောင်း၊ ကျောင်းသားအရွယ် ကလေးများပါ ဆော့ကစားနေကြောင်း မြို့ခံတစ်ဦးက ပြောပြသည်။

ဘီယာဆိုင်အမည်ခံ၍ ဆိုင်အတွင်း စင်တင်ကာရာအိုကေသီချင်းများကို ညအချိန်မတော်အထိ သီဆိုနေမှုများကြောင့် ကျောင်းသားကျောင်းသူများ စာမေးပွဲကြီးနီးလာချိန်၌ စာကျက်မရဖြစ်နေရပြီး အနီးဝန်းကျင်ရှိ ပြည်သူများလည်း ညအိပ်ချိန် အိပ်မရအောင်ဖြစ်နေသည်ဟု ရပ်ကွက်နေပြည်သူတစ်ဦးက ပြောသည်။

မြို့ပေါ် ရပ်ကွက်များအတွင်း ကာစီနိုဆိုင်များ၊ စင်တင်ကာရာအိုကေ ဘီယာဆိုင်များနှင့် ကေတီဗွီအနှိပ်ခန်းများ ဖွင့်လှစ်လုပ်ကိုင်နေမှုကြောင့် လူငယ်များ အကျင့်စာရိတ္တကို ထိပါးနိုင်ပြီး အကြွေစေ့လောင်းကစားမှုကြောင့် ရှုံးသူများက လက်ကိုင်ဖုန်းပေါင်၊ ဆိုင်ကယ်ပေါင်သည်များလည်းရှိလာရာ အဆိုပါလောင်းကစားမှုများ ပပျောက်ရေးအတွက် မြို့ခံပြည်သူများက လိုလားလျက်ရှိကြောင်း သိရသည်။ **(ဝ၃၂)**

နည်းပညာတက္ကသိုလ်(ပင်လုံ) သတ္တမအကြိမ်ဘွဲ့နှင်းသဘင်ကျင်းပ

လှိုင်လင် ဖေဖော်ဝါရီ ၁၂

နည်းပညာတက္ကသိုလ်(ပင်လုံ) ဒုတိယအကြိမ် မဟာအင်ဂျင်နီယာဘွဲ့၊ သတ္တမအကြိမ် အင်ဂျင်နီယာဘွဲ့၊ အင်ဂျင်နီယာနည်းပညာဘွဲ့ ဘွဲ့နှင်းသဘင်အခမ်းအနားကို ဖေဖော်ဝါရီ ၁၀ ရက် နံနက် ၉ နာရီက ဘွဲ့နှင်းသဘင်ခန်းမဆောင်၌ကျင်းပရာ ဘွဲ့ယူမောင်မယ်များနှင့် မိဘဆွေမျိုးများ၊ ဖိတ်ကြားထားသော ဧည့်သည်များတက်ရောက်ကြသည်။ **မိုးလွင်ဦး(လှိုင်လင်)**

သင်တန်းပို့ချ

လှိုင်လင် ဖေဖော်ဝါရီ ၁၂

လှိုင်လင်မြို့ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန လှိုင်လင်ခရိုင်ရုံးမှ ဦးစီးအရာရှိ ဦးထွန်းရှိန်က ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လှိုင်လင်ခရိုင်ရုံးဖွင့်လှစ်လျက်ရှိသော ရပ်ကွက်/ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများ လုပ်ငန်းစွမ်းဆောင်ရည်မြှင့်မားရေးသင်တန်းတွင် မော်တော်ယာဉ်မှတ်ပုံတင်ခြင်း၊ သက်တမ်းတိုးခြင်းနှင့် မိမိဌာန၏လုပ်ငန်းတာဝန်များ၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းနှင့်ပတ်သက်၍ ဖေဖော်ဝါရီ ၁၁ ရက် နံနက် ၉ နာရီက သင်တန်းပို့ချခဲ့ကြောင်း သိရှိရသည်။ **(မြို့နယ် ပြန်/ဆက်)**

သွေး သည် အသက်

ကန့်ကွက်နိုင်ပါကြောင်း

မရမ်းကုန်းမြို့နယ်၊ အိမ်အမှတ် ၂/၃၊ (၁၀)ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၆၁/ကံဘဲ့၊ မြေကွက်အမှတ် **၇ဃ**^၁၏ အစိတ်အပိုင်းဖြစ်သည့် မြေကွက် အမှတ် **၇ဃ**^၁/၆၊ မြေဧရိယာ စတုရန်းပေ ၃၆၆၀၊ ဝဒသမဝ၈၄ဧကေရှိမြေကွက်အား ဦးအေးဟန် ၁၂/ဥကမ(နိုင်)၁၃၄၀၃၀နှင့် ဦးကျော်မိုးလွင် ၁၂/လမန(နိုင်)၁၀၇၅၂၀သို့ အထူးဂရန်ခွင့်ပြုချထားပေးမည်ဖြစ်ပါ၍ ကန့်ကွက်ရန်ရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း ဤဦးစီးဌာနသို့ လာရောက်၍ သက်ဆိုင်ရာ စာရွက်စာတမ်း အထောက်အထားမူရင်းများ တင်ပြ၍ ကန့်ကွက်နိုင်ပါကြောင်းနှင့် သက်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်မှုမရှိပါက မြေငှားစာချုပ် (အထူးဂရန်) ထုတ်ပေးမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

မြေနှင့်အခွန်ဌာနခွဲ
မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန



မန္တလေးနှင့် အထက်မြန်မာပြည်သတင်း

စူဠဘွဲ့နှင်းသဘင်နှင့် ဆွမ်းဆန်တော်လောင်းလှူပွဲ ကျောက်ဆည်တွင် ကျင်းပ

ကျောက်ဆည် ဖေဖော်ဝါရီ ၁၂

၂၀၁၂ ခုနှစ် ပါဠိပထမပြန် စာမေးပွဲတွင် အောင်မြင်တော်မူခဲ့ကြသည့် စာအောင်သံဃာတော်များအား အောင်လက်မှတ်နှင့် စာအောင်ဆု ဆက်ကပ်လှူဒါန်းသည့် စူဠဘွဲ့နှင်း သဘင်အခမ်းအနားနှင့် ဆရာတော် သံဃာတော် ၂၀၇ ပါးအား ဆွမ်းဆန် တော်လောင်းလှူပွဲကို ဖေဖော်ဝါရီ ၁၀ ရက် မွန်းလွဲ ၁ နာရီက ကျောက် ဆည်မြို့ သီရိသာသနာ့ဓမ္မာရုံတော်ကြီး၌ ကျင်းပသည်။

အခမ်းအနားကို နမောတဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ ဖွင့်လှစ်ပြီး မန္တလေးတိုင်းဒေသကြီး ဩဝါဒါစရိယ အင်ရောင်းမင်းကျောင်း ဆရာတော်ထံမှ ငါးပါးသီလခံယူ ဆောက်တည်ကာ တိုင်းဒေသကြီး သံဃနာယကအဖွဲ့ဝင် ဧရာဝတီ ကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တ ပါမောက္ခ ဘိဝံသက ဩဝါဒကထာ မိန့်ကြားသည်။ ထို့နောက် ခရိုင်အုပ် ချုပ်ရေးမှူး ဦးအုန်းသန်းက သာသနာ ရေးဆိုင်ရာများ လျှောက်ထားပြီး မြို့နယ်သံဃနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဆရာတော်က စာအောင်ဆုချီးမြှင့် မည့်အစီအစဉ်များကို ရှင်းလင်း မိန့်ကြားကာ တာဝန်ရှိသူများက ဆရာ တော်သံဃာတော်ကြီးများ ရှေ့မှောက် တွင် စာအောင်သံဃာတော်များအား အောင်လက်မှတ်နှင့် စာအောင်ဆုများ ဆက်ကပ်လှူဒါန်းကြသည်။

ကျောက်ဆည်မြို့နယ်အတွင်းရှိ ကျောင်းတိုက်များမှ ဆရာတော် သံဃာတော် ၂၀၇ ပါးအား ဌာနဆိုင်ရာ များနှင့် မြို့ပေါ်ရပ်ကွက်များမှ အလှူ ရှင်များက ဆွမ်းဆန်တော်နှင့် လှူဖွယ် ပစ္စည်းများ ဆက်ကပ်လှူဒါန်းခဲ့ကြောင်း သိရှိရသည်။ **(အပေါ်ပုံ)**

(ထွန်းထွန်းနိုင်)

အဘိဓမ္မာနှင့် ဝိသုဒ္ဓိမဂ်သင်တန်းဖွင့်မည်

မန္တလေး ဖေဖော်ဝါရီ ၁၂

ဆုထူးပန် အဘိဓမ္မာပြန့်ပွားရေး အသင်း(မန္တလေး)က ကြီးမှူးပြီး အဘိဓမ္မာနှင့် ဝိသုဒ္ဓိမဂ်သင်တန်းကို ဖေဖော်ဝါရီ ၉ ရက်မှဒီဇင်ဘာ ၈ ရက် အထိ အပတ်စဉ် စနေနှင့် တနင်္ဂနွေ နေ့တိုင်း ကုသိုလ်ယူဖွင့်လှစ်ပို့ချမည်။ ဝိသုဒ္ဓိမဂ် သင်တန်းကို နံနက် ၉ နာရီ မှ ၁၁ နာရီခွဲအထိလည်းကောင်း၊ အဘိဓမ္မာ (ရိုးရိုး)ကို ညနေ ၄ နာရီမှ ၆ နာရီအထိ လည်းကောင်း၊ ၂၉ လမ်းနှင့် ၃၀ လမ်းကြား၊ ၈၃ လမ်းနှင့် ၈၄ လမ်းကြား၊ ရှင်ဘို့မယ်ဘုရား သိမ်တော်၌ ဖွင့်လှစ်မည်ဖြစ်ပြီး အဘိဓမ္မာ(ဂုဏ်ထူးဆောင်)ကို မွန်းလွဲ ၁ နာရီမှ ညနေ ၃ နာရီခွဲအထိ၊ လမ်း ၈၀ (၂၃ လမ်းနှင့် ၂၄ လမ်း)ကြား ဓမ္မဗိမာန်တော်၌ ဖွင့်လှစ်ပို့ချမည် ဖြစ်ရာ မည်သူမဆို တက်ရောက်သင် ယူနိုင်ကြောင်း သိရသည်။ **(ဝင်ဝ)**

အဆင့်မြင့်ဘောလုံးကွင်း(မန္တလေး) အား/ကာညွှန်ချုပ် ကြည့်ရှု

မန္တလေး ဖေဖော်ဝါရီ ၁၂

အားကစားဝန်ကြီးဌာန အားကစား နှင့်ကာယပညာဦးစီးဌာန ညွှန်ကြား ရေးမှူးချုပ် ဦးမျိုးလှိုင်သည် ဖေဖော်ဝါရီ ၉ ရက် နံနက်ပိုင်းက ချမ်းမြသာစည်မြို့နယ်ရှိ အဆင့်မြင့် ဘောလုံးကွင်းသို့ ရောက်ရှိလာပြီး ရှင်းလင်းဆောင်တွင် တည်ဆောက် ရေးနှင့်ပတ်သက်သည့် လုပ်ငန်းများ အား စီမံကိန်းတာဝန်ခံအင်ဂျင်နီယာ ဦးထွန်းထွန်းဝင်းက ရှင်းလင်းတင်ပြ ပြီးနောက် တည်ဆောက်ရေးလုပ်ငန်း ခွင်သို့ လှည့်လည်ကြည့်ရှုစစ်ဆေးကာ စံချိန်စံညွှန်းနှင့်အညီ ဖြစ်စေရေး၊ အရည်အသွေးကောင်းမွန်ရေး၊ အချိန်မီ ပြီးစီးရေးနှင့် လုပ်ငန်းလိုအပ်ချက်များ အား မှာကြားခဲ့သည်။ ထို့နောက် အားကစားနှင့် ကာယပညာသိပ္ပံ (မန္တလေး)ရှိ နိုင်ငံခြားသား နည်းပြများ ထားရှိမည့်အခန်းများ ဆောင်ရွက်နေ ခြင်းလုပ်ငန်း၊ ကျွမ်းဘားအားကစားရုံ အတွင်း အားကစားပစ္စည်းများ တပ်ဆင်နေခြင်းလုပ်ငန်း၊ ဖူဆယ်အား ကစားရုံ အခင်းခင်းခြင်းလုပ်ငန်း၊ ရေ ကူးကန်အချောသပ် ဆောင်ရွက်နေ ခြင်းလုပ်ငန်းနှင့် Fitness Room အတွင်း စက်ပစ္စည်းများထားရှိရေး လုပ်ငန်းနှင့် ဆေးဘက်ဌာနစိတ်ပြုပြင် နေမှုလုပ်ငန်းများအား လှည့်လည်စစ် ဆေးခဲ့ပြီး ကျောင်းအုပ်ကြီးနှင့် တာဝန် ရှိသူများအား မှာကြားခဲ့ကြောင်း သိရှိ ရသည်။**(အောက်ပုံ)** **(အား/ကာ)**

နွားစာရှားပါး၍ နွားပွဲဈေးတွင် နွားရောင်းချသူများ များပြား

သာစည် ဖေဖော်ဝါရီ ၁၂

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာ ခရိုင် သာစည်မြို့နယ်အတွင်းရှိ ကျေးရွာများတွင် နွားစာရှားပါး၍ နွားပွဲဈေးများတွင် နွားရောင်းချသူ များ များပြားလျက်ရှိကြောင်း သိရ သည်။

မြန်မာ့လယ်ယာစိုက်ပျိုးရေး လုပ် ငန်းများတွင် လက်မှုလယ်ယာမှ စက်မှုလယ်ယာသို့ ကူးပြောင်းဆောင် ရွက်လျက်ရှိသော်လည်း တောင်သူများ ၏ လယ်ယာစိုက်ပျိုးရေးလုပ်ငန်းများ တွင် နွားမွေးမြူရေးလုပ်ငန်းသည် တစ်ဖက်တစ်လမ်းမှ ဝင်ငွေရရှိသော လုပ်ငန်းတစ်ခုဖြစ်သည်။

ယခုနှစ် မြန်မာနိုင်ငံအလယ် ပိုင်းဒေသတွင် မိုးရွာသွန်းမှုနည်းပါး ခြင်းကြောင့် သာစည်မြို့နယ်အတွင်း ရှိ ကျေးရွာများတွင် နွားစာရှားပါးသည့် အခက်အခဲများရှိနေသည်။ နွားစာ ကောက်ရိုး နွားလှည်းတစ်စီးလျှင် ငွေကျပ် ၁၅၀၀၀ မှ ၂၀၀၀၀ အထိ ပေး၍ ဝယ်ယူကြရသည်။ နွားစာ ရောင်းချမည့်သူ မရှိသလောက်ရှားပါး ပြီး သာစည်မြို့နယ် နွားထိုးကျေးရွာနှင့် ညောင်ရမ်းကျေးရွာတွင်သာ အနည်း ငယ်ရောင်းချမည့်သူရှိသည်။ မိသားစု တစ်စု ငါးဦးရှိလျှင် တစ်နေ့ ဆန်တစ် ပြည်နှင့် ဝမ်းရေးအတွက် အဆင်ပြေ သော်လည်း နွားတစ်ကောင်၏ တစ်နေ့ နွားစာဖိုးသည် ငွေကျပ် ၂၀၀၀ ရှိမှ ရသည်။ နွားစာဈေးနှုန်းကြီးမြင့်ခြင်း ကြောင့် အချို့တောင်သူများသည် နွေကာလတွင် နွားများကို ရောင်းချပြီး မိုးဦးကျမှ ပြန်လည်ဝယ်ယူရန် ဆောင်ရွက်လျက်ရှိသည်။

တောင်သူများ၏ စိုက်ပျိုးစရိတ် ချေးငွေ ပြန်လည်ပေးဆပ်ရသည့် ကာလဖြစ်၍ စိုက်ပျိုးစရိတ်ချေးငွေ ပြန်လည်ပေးဆပ်ရန် နွားပွဲဈေးများ တွင် နွားရောင်းချသူများ များပြား လျက်ရှိသည်။ လာမည့်နှစ်တွင် စိုက် ပျိုးစရိတ်ချေးငွေတစ်ဧက ငွေကျပ် တစ်သိန်းနှုန်း ထုတ်ချေးမည်ဖြစ်၍ စိုက်ပျိုးစရိတ်ချေးငွေကို မိုးဦးကျ ခပ်စောစော ထုတ်ချေးပေးစေလိုကြ သည်။ စိုက်ပျိုးရေးလုပ်ငန်းများ အချိန်မီ စိုက်ပျိုးနိုင်မှ စိုက်ပျိုးရေး လုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းပြီး ချေးငွေများ ပြန်လည်ပေးဆပ်ရာတွင် အဆင်ပြေကြောင်း သာစည်မြို့နယ် ကျီတိုင်ကုန်းကျေးရွာမှ ဒေသခံ တောင်သူတစ်ဦးက ပြောကြားသည်။

မျိုးမင်း(သာစည်)

အပတ်စဉ်သန့်ရှင်းရေး ကုသိုလ်ပြုပွဲကျင်းပ

မြင်းမူ ဖေဖော်ဝါရီ ၁၂

အပတ်စဉ် တနင်္ဂနွေနေ့တိုင်း ဘုရားစေတီတော်များနှင့် ပရဝဏ်များ အတွင်း ကုသိုလ်ဖြစ်သန့်ရှင်းရေး ဝေယျာဝစ္စလုပ်ငန်းများကို မြင်းမူမြို့ တွင် ကျင်းပလျက်ရှိရာ ယခုဆိုလျှင် (၁၉)ကြိမ်မြောက်ရှိပြီ ဖြစ်သည်။

အဆိုပါ ဘုရားပရဝဏ်များတွင် လုပ်အားဒါနပြုသန့်ရှင်းရေး ဆောင်ရွက် ကုသိုလ်ယူကြသူများကို နံနက်စာ အာဟာရဒါနအဖြစ် လက်ဖက်ရည်၊ မုန့်နှင့် စားသောက်ဖွယ်ရာများကို လည်းကောင်း၊ သန့်ရှင်းရေးဆောင် ရွက်ရာတွင်လိုအပ်သည့် ပေါက်ပြား၊ ဓား၊ ဂေါ်၊ ထွန်ခြစ်၊ တောင်း၊ တံမြက် စည်း(အနု/အကြမ်း) စသည်တို့ကို လည်းကောင်း အလှူရှင် ၁၅ ဦးတို့က လှူဒါန်းထားရှိသည်။

ထို့အပြင် ဝေယျာဝစ္စလုပ်အား ဒါနပြုကြသည့် စေတနာရှင်များအား ကားအကြိုအပို့ ကုသိုလ်ရှင်များလည်း ရှိရာ ကုသိုလ်ပါဝင်လိုသူများအနေဖြင့် တနင်္ဂနွေနေ့ နံနက်ပိုင်းတွင် အဆင်ပြေ သလို ပါဝင်ဆောင်ရွက်ရန် ဖိတ်ခေါ် ပါကြောင်းနှင့် YOUTH SQUARE ဖုန်း-၀၉-၂၀၁၇၁၂၁ သို့ ဆက်သွယ် နိုင်ကြောင်း သိရှိရသည်။ **(သန်းမြင့်)**

သတ္တဌာနမဟာစေတီ ငါးဆူကျောင်းတိုက်ဘုရားပွဲကျင်းပ

မိတ္ထီလာ ဖေဖော်ဝါရီ ၁၂

မန္တလေးတိုင်းဒေသကြီး သာစည် မြို့အမှတ်(၁)ရပ်ကွက်တွင် တည်ထား ကိုးကွယ်လျက်ရှိသော သတ္တဌာန မဟာစေတီ ငါးဆူကျောင်းတိုက်၏ (၃၉)ကြိမ်မြောက် ဗုဒ္ဓပူဇနိယဘုရားပွဲ တော်ကို နှစ်စဉ် တပို့တွဲလဆန်း ၁ ရက်မှ ၁၀ ရက်အထိ စည်ကားသိုက် မြိုက်စွာ ကျင်းပလျက်ရှိသည်။

ဘုရားပွဲတွင် မျိုးဆက်သစ်လူငယ် ဘောလုံးပြိုင်ပွဲ၊ နိုင်ငံကျော်တေးသံရှင် များ၏ ဂီတပွဲများ၊ မြန်မာ့ရိုးရာ ဇာတ်ပွဲများအပြင် ထူးခြားမှုမှာ ကျေးရွာများ၏ အရပ်သားပြဇာတ် ပြိုင်ပွဲများပါဝင်ခြင်းဖြစ်သည်။ အရပ် သားပြဇာတ်ပြိုင်ပွဲကို တစ်ညလျှင် တစ်ရွာနှုန်း ယှဉ်ပြိုင်ကပြကြသည်။ ကျေးလက်ဒေသ အရပ်သားပြဇာတ် တွင် မြန်မာသံစဉ်တေးသီချင်းများ၊ ခေတ်ပေါ်တေးသီချင်းများ၊ ပြဇာတ် များဖြင့် အဆင့်မြင့်မြင့်ယှဉ်ပြိုင်က ပြကြသည်။ အရပ်သားပြဇာတ်ယှဉ် ပြိုင်သည့် ကျေးရွာများအပြင် အခြား ကျေးရွာများမှလည်း ငါးဆူကျောင်း တိုက်ဆရာတော်ကြီးအား နှစ်စဉ် အစဉ်အလာမပျက် ရွာလုံးကျွတ် ပျော်ပွဲရွှင်ပွဲများဖြင့် လာရောက် ကန်တော့ကြကြောင်း သိရှိရသည်။

သာစည်မျိုး



ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ ကမာရွတ်မြို့နယ်၊ အမှတ်(၃)ရပ်ကွက်၊ ရတနာမြိုင်လမ်း၊ အမှတ် ၉(က+ခ) ဟုခေါ်တွင်သည့် မြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော သုံးခန်းတွဲ သုံးထပ်ခွဲ (ဒါဘာ)အဆောက်အအုံမှ အလယ်ခန်း(မြေညီထပ်)၊ (အလျား ၁၁ပေ×အနံ ၅၂×အမြင့် ၉ပေ)ရှိ တိုက်ခန်းနှင့် ယင်းတိုက်ခန်းနှင့်ပူးတွဲဆက်စပ်လျက်ရှိသော အကျိုးခံစားခွင့်အရပ်ရပ်တို့ကို တရားဝင်လက်ရှိပိုင်ဆိုင်သူ ဦးသန်းရွှေ ၁၁/ကမန(နိုင်)၀၃၆၆၄၆ ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် စရန်ငွေတစ်စိတ် တစ်ဒေသအား ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ တိုက်ခန်းအရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ခုနစ်ရက်အတွင်း ခိုင်လုံသော စာချုပ်စာတမ်းအထောက်အထားဖြင့် ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

လွှဲအပ်ချက်အရ-
ဒေါ်နွယ်နီအောင် LL.B, LL.M, D.I.R
တရားလွှတ်တော်ရှေ့နေ (စဉ်-၈၀၄၈)
အမှတ် ၂၇/၂၉၊ ဒုတိယထပ်၊ ၃၅လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း-၂၅၁၈၆၅၊ ၃၈၉၆၇၇၊ ၀၉-၅၀၅၈၃၅၈

ကုန်အမှတ်တံဆိပ်သတိပေးကြေညာချက်

ရန်ကုန်မြို့၊ ဒဂုံမြို့နယ်၊ ယောမင်းကြီးရပ်ကွက်၊ ဗိုလ်ရာညွှန့်လမ်း၊ အမှတ် ၃/၄၆နေ ဒေါ်သန္တာစိုး ၁၃/ကတန(နိုင်)၀၀၈၉၆၁ သည် အောက်ဖော်ပြပါ ကုန်အမှတ်တံဆိပ်ကို ရန်ကုန်မြို့စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင် ပူးတွဲပါစာချုပ်အမှတ်ဖြင့် တစ်ဦးတည်းမူပိုင်အဖြစ် သုံးစွဲရန် မှတ်ပုံတင်ထားပြီးဖြစ်ပါသည်။

(၁၄၈၉၅/၂၀၁၂)

အထက်ဖော်ပြပါ ကုန်အမှတ်တံဆိပ် အမည်အမှတ်အသားဖြင့် အသား၊ အသီးအရွက်၊ အနံ့ အရသာပစ္စည်းများပါဝင်သော အသင့်ချက်ခေါက်ဆွဲ၊ ကြာဆံထုပ်အမျိုးမျိုး၊ အသင့်ချက်ဟင်း အမျိုးမျိုး၊ ဟင်းချက်မှုန့်အမျိုးမျိုး၊ ဟင်းခတ်မှုန့်အမျိုးမျိုး၊ ပဲငံပြာရည်၊ ငါးငံပြာရည်၊ ငရုတ်ဆီ၊ ခရုဆီ၊ ရှာလကာရည် စသည့် ဟင်းခတ်အနံ့အရသာပစ္စည်း အမျိုးမျိုးတို့အား အရသာအမျိုးမျိုး၊ ပုံစံအမျိုးမျိုး၊ အထုပ်အမျိုးမျိုးတို့ကို ထုတ်လုပ် ဖြန့်ချိရောင်းချသွားမည်ဖြစ်ပြီး အဆိုပါပစ္စည်းများ ထည့်သွင်းအသုံးပြုသော ပလတ်စတစ်အိတ်အမျိုးမျိုး၊ ပုလင်းအမျိုးမျိုး၊ စက္ကူဘူး၊ စက္ကူကတ်၊ စက္ကူအိတ်၊ စက္ကူပတ်အမျိုးမျိုး၊ အသားတံဆိပ်အမျိုးမျိုးတို့အပေါ်တွင် ဖိနှိပ်၍ ကပ်နှိပ်၍ ရိုက်နှိပ်၍ ရန်ကုန်မြို့နှင့်တကွ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံအနှံ့အပြားတွင် လက်လီလက်ကား ထုတ်လုပ်ဖြန့်ချိရောင်းချသွားမည်ဖြစ်ပါသည်။

အထက်ဖော်ပြပါ ကုန်အမှတ်တံဆိပ်အမည်အမှတ်အသားကို တစ်စိတ်တစ်ဒေသဖြစ်စေ၊ တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍သော်လည်းကောင်း၊ ဆင်တူယိုးမှားတုပ၍သော်လည်း ကောင်း ပြုလုပ်သုံးစွဲပြီး ကုန်ပစ္စည်းများကို ထုတ်လုပ်ဖြန့်ဖြူးရောင်းချသူများအား တရားမ ကြောင်းအရဖြစ်စေ၊ ပြစ်မှုကြောင်းအရဖြစ်စေ ထိရောက်စွာအရေးယူမည်ဖြစ်ပါကြောင်း သတိပေး ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်မြလှဲ့ဝင်း LL.B, D.B.L အထက်တန်းရှေ့နေ
အမှတ် ၈၃၊ အထက်ဗဟိုလမ်း၊ (၂)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း-၇၀၅၄၄၅၊ ၀၉-၅၁၅၁၈၃၃၊ ၀၁-၆၉၉၆၀၀၄

အများသိစေရန်ကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ကန်တော်ကလေး၊ ၉၁ လမ်း၊ အမှတ် ၁၂၇ နေ ဦးမောင်သိန်း ၁၂/မဂတ(နိုင်)၀၄၃၃၉၆ ၏ ညွှန်ကြားချက်အရ အောက်ပါအတိုင်းကြေညာအပ်ပါသည်။

ဦးမောင်သိန်း(အယူခံတရားလို)သည် ဦးစိုးအောင်(ခ)Rathnesh Kumar (အယူခံတရားပြိုင်)အပေါ် ပြည်ထောင်စုတရားလွှတ်တော်ချုပ်သို့ တင်သွင်းခဲ့သည့် ၂၀၁၁ ခုနှစ် တရားမပထမအယူခံမှုအမှတ်-၁၆ တွင် ၂၄-၅-၂၀၁၂ ရက်၌ ပြည်ထောင်စုတရားလွှတ်တော်ချုပ်က-သို့အတွက် ဤအယူခံမှုကိုခွင့်ပြု သည်။ တိုင်းဒေသကြီးတရားလွှတ်တော်၏ ၂၇-၁၀-၂၀၁၁ ရက်စွဲပါ စီရင်ချက် နှင့်ဒီကရီကို ပယ်ဖျက်၍ အယူခံတရားပြိုင်သည် အယူခံတရားလိုသို့ ငွေကျပ် သိန်း ၅၀၅၀ (ကျပ်သိန်းငါးထောင်ငါးဆယ်တိတိ)ကို ပြန်လည်ပေးဆပ် စေရန် စရိတ်နှင့်တကွ အနိုင်ဒီကရီချမှတ်လိုက်သည်ဟု အမိန့်ဒီကရီချမှတ်ခဲ့ပါသည်။

ယင်းအနိုင်ဒီကရီအရ ဦးမောင်သိန်းသည် ၁၃-၇-၂၀၁၂ ရက်က တရားနိုင် ပြုလုပ်ကာ ဦးစိုးအောင်(ခ)Rathnesh Kumar အား တရားရှုံးအဖြစ်ထားရှိ၍ ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်တွင် ၂၀၁၂ ခုနှစ်၊ တရားမဇာရီမှုအမှတ်- ၁၃ ကို ဖွင့်လှစ်ဆောင်ရွက်ခဲ့ပါသည်။

အဆိုပါဇာရီမှုဖွင့်လှစ်သည့်လျှောက်လွှာအပိုဒ်(ည)တွင် တရားရှုံးက တရားနိုင်အား ဒီကရီကျငွေ ၅၀၅၀၀၀၀၀၀/-(ကျပ်သိန်းငါးထောင့်ငါးဆယ် တိတိ)နှင့် မူလရုံးတရားစရိတ်ငွေ-၁၅၁၆၇/-(ကျပ်တစ်သောင်းငါးထောင် တစ်ရာခြောက်ဆယ့်ခုနစ်ကျပ်တိတိ)၊ အယူခံရုံးစရိတ်-၄၅၁၆၁/-(ကျပ် လေးသောင်းငါးထောင်တစ်ရာခြောက် ဆယ့်တစ်ကျပ်တိတိ)၊ စုစုပေါင်းငွေ- ၅၀၅၀၆၀၃၂၈/-(ကျပ်သိန်းငါးထောင့်ငါးဆယ်ခြောက်သောင်းသုံးရာနှစ်ဆယ့် ရှစ်ကျပ်တိတိ)ကို တရားရှုံးက တရားနိုင်သို့ပေးအပ်စေရန်(သို့မဟုတ်)တရားရှုံး ပိုင်ပစ္စည်းများဖြစ်သော Yangon River View Tower ဗိုလ်တထောင်မြို့နယ်၊ ကမ်းနားလမ်းမပေါ်၊ ၄၁ နှင့် ၄၂ လမ်းကြား၊ Level 07(Room-C)အခန်း တစ်ခန်းနှင့် ရန်ကုန်မြို့၊ ပန်းဘဲတန်းမြို့နယ်၊ (၆)ရပ်ကွက်၊ ရွှေဘုံသာလမ်း၊ တိုက်အမှတ် ၄၂/၅၀၊မြေညီထပ်၊(ကုန်သည်လမ်းဘက်အခြမ်းအတွင်း ဘက်) တိုက်ခန်း၊ ရန်ကုန်မြို့၊ ပန်းဘဲတန်းမြို့နယ်၊ (၉)ရပ်ကွက်၊ ၃၁ လမ်း၊ ပထမ ထပ်၊ အမှတ် ၅၂တိုက်ခန်းတို့ကို လေလံတင်ရောင်းချခွင့်ပြုပါရန် တရားနိုင်၏ ဒီကရီကျငွေကို ခုနှိမ်ရယူခွင့်ပြုပါရန်ဟု ဖော်ပြခဲ့ပါကြောင်း အများသိစေအပ် ပါသည်။

လွှဲအပ်ညွှန်ကြားသူ	ညွှန်ကြားချက်အရ-
(ဦးမောင်သိန်း)	(ဦးမောင်မောင်စိုး၊ စဉ်-၂၂၈၉)
၁၂/မဂတ(နိုင်)၀၄၃၃၉၆	ဦးမောင်သိန်း၏ တရားလွှတ်တော်ရှေ့နေ

အမှတ် ၈၃/၁၀၊ ဒုတိယထပ်၊ ပန်းဆိုးတန်းလမ်း၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့

နိုင်ငံတကာအားကစားသတင်း

ချယ်လ်ဆီးနဲ့ လီဗာပူးတို့ ရင်ဆိုင်ရမယ့် ယူရိုပါလိဂ် ရှုံးထွက်ပွဲစဉ်တွေလာပြီ

မိုးမြင့်လင်းလက်-ရေးသားသည်

ယူရိုပါလိဂ် ရှုံးထွက်အဆင့် (ပထမအကျော့)ပွဲစဉ်တွေကို ဖေဖော်ဝါရီ ၁၄ ရက်နဲ့ ၁၅ ရက်တွေမှာ ယှဉ်ပြိုင်ကစားကြမှာ ဖြစ်ပါတယ်။ ပွဲကြီးပွဲကောင်းတွေ ဆက်တိုက်အားပေးခဲ့ရတဲ့ ပရိသတ်တွေဟာ ချန်ပီယံလိဂ်ပွဲတွေအပြင် ဆက်တိုက်ဆိုသလို ယူရိုပါလိဂ်ဘောလုံးပွဲတွေက စောင့်ကြိုအသုံးတော်ခံဦးမှာမို့ ဒီတစ်ပတ်ကတော့ ဘောလုံးရသမျိုးစုံ ခံစားကြရမယ့် ပွဲစဉ်တွေချည်းပါပဲ။ ယူရိုပါလိဂ်ပွဲစဉ်တွေဟာ ရှုံးထွက်အဆင့် ရောက်ရှိလာပြီဖြစ်တာမို့ အရေးကြီးတဲ့ ပွဲတွေအဖြစ် မြင်တွေ့ကြရမှာဖြစ်ပါတယ်။

ဇင်းနစ်နှင့် လီဗာပူး

ခြေပျက်နေတဲ့ ဇင်းနစ်တို့အိမ်ကွင်းမှာ ကစားရမှာဖြစ်ပေမယ့် မျှော်လင့်ချက်မြင့်မြင့်မားမား ထားလို့မရပါဘူး။ အိမ်ကွင်း အဝေးကွင်းတွေမှာ ဆက်တိုက်ရှုံးပွဲတွေကြုံနေရတဲ့ ဇင်းနစ်ဟာ လီဗာပူးကို အနိုင်ကစားဖို့ ခက်ခဲမှာဖြစ်ပါတယ်။ ဇင်းနစ်ရဲ့အိမ်ကွင်း နောက်ဆုံးကစားခဲ့တဲ့သုံးပွဲမှာ တစ်ပွဲမှ နိုင်ပွဲမရခဲ့ပါဘူး။ လီဗာပူးတို့က နောက်ဆုံးအဝေးကွင်းမှတ်တမ်းတွေက သရေပွဲတွေများနေတာမို့ နိုင်ပွဲရလဒ်ကို အခုပွဲမှာရအောင် ဖန်တီးပုံဖော်ပါလိမ့်မယ်။ ယူရိုပါလိဂ်မှာ အားထည့်နေတဲ့ လီဗာပူးဟာ ဒီပွဲမှာ ပရိသတ်တွေအလိုကျတဲ့ရလဒ်ကို ဖန်တီးပေးနိုင်မလားကြည့်ရမယ့်ပွဲ ဖြစ်ပါတယ်။

စပါတာပရပ်ဂ်နှင့် ချယ်လ်ဆီး

စပါတာပရပ်ဂ်က ပွဲရလဒ်တွေ မကောင်းလို့ ဖိအားပေးခံနေရသလို ချယ်လ်ဆီးတို့ကလည်း ရလဒ်မကောင်းတာမို့ ယုံကြည်မှုကျဆင်းနေပါတယ်။ ဒါပေမယ့် ဒီပွဲမှာ ချယ်လ်ဆီးတို့ ညှစ်အားထုတ်နိုင်ရင်တော့ စပါတာပရပ်ဂ်ကို ကျော်ဖြတ်နိုင်မှာ ဖြစ်ပါတယ်။ ချည့်နဲ့နေတဲ့အိမ်ရှင်တို့ရဲ့ ခြေစွမ်းကို ချယ်လ်ဆီးတိုက်စစ်မှူးတွေ ချိုးဖြတ်ပြီး အနိုင်ရလဒ်ကိုပဲ ဦးတည်ကစားပါလိမ့်မယ်။

စပါးနှင့် လိုင်ယွန်

နှစ်သင်းစလုံး ခြေအတက်အကျဖြစ်နေတဲ့အတွက် ဒီပွဲမှာ အပြိုင်ခြေစွမ်းပြကစားကြပါလိမ့်မယ်။ ပြည်တွင်းလိဂ်တွေမှာတော့ ပုံမှန်ခြေစွမ်းရအောင် ကစားနေပြီး ခြေရည်လည်း တူကြတာမို့ နှစ်သင်းစလုံး သတိကြီးကြီးထားပြီး ကြိုးစားကြရမယ့် အနေအထားပါပဲ။ စပါးဟာ အိမ်ကွင်းမှာ ပြိုင်ဘက်တွေကို ချေမှုန်းနိုင်တဲ့ စွမ်းရည်ရှိပြီး လိုင်ယွန်တို့ကတော့ လက်ရှိယှိုင်နဲ့နေတဲ့ ခြေစွမ်းကို မပြုပြင်နိုင်ရင်တော့ ခါးသီးတဲ့ခံစားချက်တွေနဲ့ ပြန်ရကိန်းရှိနေပါတယ်။

အင်တာမီလန်နှင့် ကလုဂျ်

ပြည်တွင်းလိဂ်မှာ အမှားအယွင်းတွေများလာတဲ့ အင်တာမီလန်ဟာ ရလဒ်တွေ မတောက်ပနိုင်ဘဲဖြစ်နေပါတယ်။ ကလုဂျ်တို့ကလည်း နိုင်ပွဲရအောင် ကြိုးစားနေတာမို့ အင်တာမီလန်တို့ အိမ်ကွင်း ဆိုပေမယ့် စိတ်ဓာတ်ပြင်းပြင်းနဲ့ တိုက်စစ်ဖွင့်ပြီး ကစားမှုရပါလိမ့်မယ်။ အင်တာမီလန်က စီးရီးအေမှာ လက်ရှိတန်းစီဇယားရဲ့ ပဉ္စမနေရာမှာရှိနေသလို ရိုမေးနီးယားကလပ် ကလုဂျ်ကလည်း ဒီနှစ် ရိုမေးနီးယားလိဂ်မှာ ပဉ္စမနေရာမှာ ရပ်တည်နေပါတယ်။ ရပ်တည်မှုတူညီပြီး အားထုတ်မှုတွေကလည်း အပြိုင်ဖြစ်နေတဲ့ ဒီနှစ်သင်းရဲ့ အနေအထားက ညီမျှခြင်းကျနိုင်သလို အပျော်ဆိုရင်လည်း အင်တာမီလန်တို့ပဲ ပိုင်ဆိုင်သွားနိုင်ပါတယ်။

ဂလာဘတ်နှင့် လာဇီယို

ဘွန်ဒက်စ်လီဂါမှာ သတ္တမနေရာမှာရှိနေတဲ့ ဂလာဘတ်က စီးရီးအေမှာ တတိယနေရာရောက်နေတဲ့ လာဇီယိုကို အိမ်ကွင်းမှာ ဘယ်လိုခြေစွမ်းမျိုးနဲ့ တိုက်စစ်ဆင်မလဲ ဆိုတာ ကြည့်ရမှာပါ။ လာဇီယိုဟာ အဝေးကွင်း ခြေပျက်တာ မှန်ပေမယ့် ဂလာဘတ်ကိုတော့ အနိုင်ယူမယ့် ခြေစွမ်းရှိနေပါတယ်။ ဂလာဘတ်ဟာ အိမ်ကွင်းမှာ ခြေစွမ်းမာကျောတာမို့ လာဇီယိုတို့ အခက်အခဲကြုံရနိုင်ပါတယ်။ အသင်းလိုက်ကစားအားမှာ လာဇီယိုတို့က သာလွန်နေပေမယ့် အဆုံးသတ်ပိုင်းမှာ ဂလာဘတ်တိုက်စစ်မှူးတွေက သေသပ်တာမို့ ဒီပွဲရလဒ်က ရင်ခုန်စရာကောင်းတာတော့ အမှန်ပါပဲ။

ဒိုင်နမိုကိဗ်နှင့် ဘော်ဒိုး

ယူကရိန်းကလပ် ဒိုင်နမိုကိဗ်ရဲ့ ခြေစွမ်းက ခန့်မှန်းရခက်သလို ဘော်ဒိုးတို့ကလည်း ခြေအတက်အကျတွေနဲ့ မာယာများနေပါတယ်။ ဒါပေမယ့် ဘော်ဒိုးဟာ ပြည်တွင်းလိဂ်ပွဲစဉ်တွေမှာတော့ အနိုင်ရလဒ်တွေကို ဆက်တိုက် သိမ်းပိုက်နေတာမို့ ဒိုင်နမိုကိဗ်တို့အိမ်ကွင်း ပွဲကျပ်သွားနိုင်ပါတယ်။

အားကစားသတင်းအတိုအထွာ

မောင်ချစ်ကြည် - ရေးသားသည်

- ချီလီကွင်းလယ်ကစားသမား အသက် ၁၇ နှစ်အရွယ်ရှိ ခရစ်စတင်းချီဝက်စ်အား ချယ်လ်ဆီးအသင်းက နွေရာသီ အပြောင်းအရွှေ့ကာလ၌ ခေါ်ယူရန် ပြင်ဆင်လျက်ရှိသည်။
- ဝက်စ်ဘရွန်းတိုက်စစ်မှူး ရိုန်းလွန်းအား လာဇီယိုနှင့် ဆီဗီလာအသင်းတို့က လာမည့် နွေရာသီအပြောင်းအရွှေ့ကာလ၌ ခေါ်ယူရန် အပြိုင်ကြိုးစားလျက်ရှိသည်။
- အာဆင်နယ်ခံစစ်မှူး အသက် ၂၉ နှစ်အရွယ်ရှိ ဆန်တို့စ်သည် အသင်းမှထွက်ခွာရန်ပြင်ဆင်နေပြီး ဘရာဇီးကလပ်အသင်းတစ်သင်းသို့ ပြန်လည်ကစားရန်ပြင်ဆင်လျက်ရှိသည်။
- စပါးနည်းပြ ဘိုအက်ရှ်က အာဖရိကဖလားပွဲသွားရောက်ဆင်နွှဲပြီးနောက် ပြန်လာရန်ရှိနေ သောတိုက်စစ်မှူး အဒီဘာယောအား အမြန်ပြန်လည်ရောက်ရှိရန် ကိုယ်ပိုင်လေယာဉ် စေလွှတ်လိုက်ကြောင်း ထုတ်ဖော်ပြောကြားသည်။

ပြန်ကြားရေးဝန်ကြီးဌာန
သတင်းနှင့် စာနယ်ဇင်းလုပ်ငန်းအတွက်
Nikkon Camera များဝယ်ယူရန် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ပြန်ကြားရေးဝန်ကြီးဌာန၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းအတွက် အသုံးပြုရန်လိုအပ်သော Nikkon Camera D-7000 ငါးလုံးကို ဝယ်ယူရန်အတွက် အိတ်ဖွင့်တင်ဒါများ တင်သွင်းကြရန် ဖိတ်ခေါ်ပါသည်။
၂။ အိတ်ဖွင့်တင်ဒါပုံစံများကို ၁၄-၂-၂၀၁၃ ရက်မှ ၂၅-၂-၂၀၁၃ ရက်အထိ နေ့စဉ်နံနက် ၉း၃၀ နာရီမှ ၁၆း၃၀ နာရီအတွင်း အောက်ပါလိပ်စာတွင် လာရောက်ထုတ်ယူနိုင်ပါသည်။
၃။ အိတ်ဖွင့်တင်ဒါများကို ၂၆-၂-၂၀၁၃ ရက် ၉း၃၀ နာရီမှ ၁၆း၃၀ နာရီအတွင်း ပြန်ကြားရေးဝန်ကြီးဌာန၊ ရုံးအမှတ်-၇ ရှိ သတင်းနှင့် စာနယ်ဇင်းလုပ်ငန်း(ရုံးချုပ်)တင်ဒါအဖွဲ့ဝင်များရှေ့မှောက်၌ လာရောက်ပေးသွင်းရန် ဖြစ်ပါသည်။ သတ်မှတ်ကာလထက် ကျော်လွန်သော တင်ဒါများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။
၄။ အိတ်ဖွင့်တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ဖုန်း-၀၆၇-၄၁၂၁၂၃၊ ၀၆၇-၄၁၂၁၂၈ တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

တင်ဒါပုံစံများ ထုတ်ယူရန်လိပ်စာ
သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း
ပြန်ကြားရေးဝန်ကြီးဌာန
ရုံးအမှတ် (၇)၊ နေပြည်တော်
ဖုန်း-၀၆၇-၄၁၂၁၂၃၊ ၀၆၇-၄၁၂၁၂၈

မြစ်ခြေနယ်အသင်း(ရန်ကုန်)
နှစ်ပတ်လည်မိတ်ဆုံ ဖိတ်ကြားလွှာ

မြစ်ခြေနယ်သူ၊ နယ်သားများ နှစ်ပတ်လည်တွေ့ဆုံလိုပါသဖြင့် မပျက်မကွက် တက်ရောက်ကြပါရန် ခင်မင်လေးစားစွာ ဖိတ်ကြားအပ်ပါသည်။

နေ့ရက် - ၁၆-၂-၂၀၁၃ ရက် (စနေနေ့)
အချိန် - မွန်းလွဲ ၁ နာရီ
နေရာ - ပခုက္ကူမြို့နယ်အသင်း ဓမ္မာရုံ(ရွှေတိဂုံစေတီတော်မြောက်ဘက်မုခ်ဦးအနီး)
ဖုန်း-၀၉-၅၁၆၅၄၈၀၊ ၀၉-၄၃၁၆၀၈၉၉၊ ၇၃၁၄၁၇၃၄၊ ၅၄၀၇၆၅၀

အမှုဆောင်အဖွဲ့

၁၀-၂-၂၀၁၃ ရက်စွဲပါ ကြေးမုံသတင်းစာ၏ စာမျက်နှာ(၁၆)ပါ စာရေးသူ(ဒီစိုး)၏ "ကမ်းရိုးတန်း အထူးအမြန်ရေယာဉ်များ အလေးထား စဉ်းစားဖွယ်ရာ" ခေါင်းစဉ်နှင့် ပတ်သက်၍ အများသိရှိနိုင်ရန် ပြန်လည်ရှင်းလင်း အသိပေးကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေ မြိတ်မြို့၊ မြစ်ငယ်ရပ်၊ ဗဟိုလမ်း၊ အမှတ်(၂၈)နေ Jade Flower Co., Ltd. ၏ MD ဖြစ်သူ ဦးကျောက်စိမ်း [၆/မအရ(နိုင်)၀၀၀၀၁၄]၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်းအများသိရှိစေရန်ပြန်လည်ရှင်းလင်းအသိပေးကြေညာအပ်ပါသည်။

(၁၀-၂-၂၀၁၃)ရက်စွဲပါ ကြေးမုံသတင်းစာ၏ စာမျက်နှာ(၁၆)တွင် ကမ်းရိုးတန်းအထူးအမြန်ရေယာဉ်များ အလေးထားစဉ်းစားဖွယ်ရာ ခေါင်းစဉ်နှင့်တွဲလျက်ပါရှိသည့် ရန်ကုန်-ထားဝယ်-မြိတ်-ကော့သောင်း(မှန်လုံအအေးခန်း) Fortune Express(727) ကမ်းရိုးတန်း အထူးအမြန်ရေယာဉ်မှာ ပို့ဆောင်ရေးဝန်ကြီးဌာန၏(၇-၂-၂၀၀၈)ခုနှစ်ရက်စွဲပါ စာအမှတ်၊ ၆၁-ပဆ/ခွဲ(၁) ၂၀၀၈ ခုနှစ်(ည)(၂/၅၄)ဖြင့် ရေကြောင်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန၏ လုပ်ထုံးလုပ်နည်းများနှင့်အညီ လိုအပ်သော ကျွမ်းကျင်အဆင့်ရှိ သင်္ဘောကပ္ပတိန်(GRT 500)လက်မှတ်ကိုင်ဆောင်သူ Chief Engineer (Horse Power 3000) အထိ မောင်းနှင်နိုင်ခွင့်လက်မှတ်ကိုင်ဆောင်သူ အပါအဝင် သက်ဆိုင်ရာ ကျွမ်းကျင်လက်မှတ်ကိုင်ဆောင်သူ သင်္ဘောသားများ၊ သင်္ဘောလုံခြုံရေးနှင့်ပတ်သက်သော ရေကြောင်းပြကိရိယာများဖြစ်သည့်(GPS, Navigator, Radar, echosounder)များအပြင် အနီးအဝေးဆက်သွယ်နိုင်သော ရေဒီယိုစကားပြောစက်၊ မိုးလေဝသသတင်းပေးပို့စက်များ တပ်ဆင်ပြီးစီးပြီးဖြစ်ပါ၍ သက်ဆိုင်ရာဝန်ကြီးဌာနမှ ခွင့်ပြုချက်ရခဲ့ပြီး (၃၁-၁-၂၀၁၃)ရက်နေ့မှစတင်၍ မြိတ်-ရန်ကုန်၊ ရန်ကုန်-မြိတ် ခရီးစဉ်ကို နေ့ချင်းရောက် ပထမဦးဆုံး စတင်ပြေးဆွဲနိုင်ခဲ့သည့် ကမ်းရိုးတန်း အထူးအမြန်ရေယာဉ်တစ်စင်းဖြစ်ပါသည်။ ယခုအချိန်တွင် အသွားအပြန်ခရီးစဉ် စုစုပေါင်း(၃)ကြိမ် ပြေးဆွဲပြီးဖြစ်ပါသည်။ ကျွန်ုပ်၏ မိတ်ဆွေကုမ္ပဏီသည် Fortune Express(2), (7), (27), (77) အမည်ဖြင့်လည်း ကမ်းရိုးတန်းရေယာဉ်(၄)စင်းအား ထားဝယ်-မြိတ်၊ ကော့သောင်းကမ်းရိုးတန်းခရီးသည် ကုန်စည်ပို့ဆောင်ခြင်းလုပ်ငန်းကို (၁၉၉၈)ခုနှစ်ကတည်းက လုပ်ကိုင်နေသော ကုမ္ပဏီဖြစ်ပါသည်။

အထက်ပါရေယာဉ်အား ရန်ကုန်-မြိတ်၊ မြိတ်-ရန်ကုန်သို့ နေ့ချင်းအမြန်ရောက်ရှိနိုင်ရန်အတွက် ၂၀၀၆ခုနှစ်တွင် မလေးရှားနိုင်ငံ Kuching သို့ Aluminium ဖြင့် ပြုလုပ်ပေးရန် အထူးအော်ဒါမှာ၍ အပ်နှံခြင်းဖြစ်ပြီး (၂၀၀၇)ခုနှစ်တွင် မြန်မာနိုင်ငံသို့ရောက်ရှိလာသည့် ရေယာဉ်အသစ် စက်စက်ဖြစ်ပါသည်။ အနှစ်(၂၀)ကျော်ကြာနေသည့် ရေယာဉ်ဟောင်းလုံးဝမဟုတ်ပါ။ ယင်းကမ်းရိုးတန်း အထူးအမြန်ရေယာဉ်(၇၂၇)မှာ အလျား ၄၅ မီတာ၊ အနံ ၅ ဒသမ ၅ မီတာရှိပြီး မြင်းကောင်ရေ(၂၂၅၀) Mitsubishi Diesel Engine (၂)လုံးထိုင်ထားသည့် RPM(1800) ထိမောင်းနိုင်ပြီး (၁)နာရီ မိုင်(၃၀)နှုန်းဖြင့် ခရီးသည်(၃၅၆)ဦးတင်ဆောင်၍ မောင်းနှင်နိုင်ပြီး မှန်လုံလေအေးပေးစက် တပ်ဆင်ထားသည့်ရေယာဉ်ဖြစ်ပါသည်။

အထက်ပါရေယာဉ်နှင့်ပတ်သက်ပြီး ရေယာဉ်ပေါ်တွင် အန္တရာယ်တစ်စုံတစ်ခု ရင်ဆိုင်ကြုံတွေ့ရပါက ခရီးသည်များ၏အသက်အန္တရာယ်ကယ်တင်နိုင်ရန် လုံလောက်သောအသက်ကယ်အင်္ကျီနှင့် (၆၅)ယောက် စီးနင်းလိုက်ပါနိုင်သည့် အသက်ကယ်ဖောင်(၆)လုံး ထည့်ထားပေးပါသည်။ယင်းသို့ထည့်ထားပေးသည့် အသက်ကယ်ဖောင်(၆)လုံးနှင့်ပတ်သက်၍လည်း (၈-၁၀-၂၀၁၂)နေ့တွင် Survey လုပ်ထားခဲ့ပြီးဖြစ်ပါသည်။ ထို့ကြောင့် ခရီးသည်များအတွက် အန္တရာယ်ကင်းအောင် စီစဉ်ထားပြီးဖြစ်ပါသည်။

အထက်ပါရေယာဉ်၏ International Load Line Certificate(1966) ကို (၂-၅-၂၀၁၂)နေ့က ရရှိခဲ့ပြီး ယင်း၏ Certificate သက်တမ်းမှာ (၃၀-၄-၂၀၁၇)နေ့အထိဖြစ်ပါသည်။ အဆိုပါရေယာဉ်နှင့်ပတ်သက်၍ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာန၊ နေပြည်တော်မှ(၂-၁-၂၀၁၃)ရက်တွင် လိုင်စင်နံပါတ် (SL 1913) ဖြင့် Fortune Express(727) ရေယာဉ်ကို Ship Station Licence ထုတ်ပေးထားပြီးဖြစ်ပါသည်။ ၎င်းအပြင် ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန နေပြည်တော်မှပင် အထက်ပါရေယာဉ်အတွက် MMSI နံပါတ် 506050500 အား ခရီးသွားလာနေစဉ် ခေါ်ဆိုအသုံးပြုနိုင်ရန်(၂-၁-၂၀၁၃)ရက်စွဲပါ စာအမှတ်-၃၆၆-ဆညၤ၊ ခွဲ(၃)ရေး/ဝသ ဖြင့် သတ်မှတ်ပေးထားပြီးဖြစ်ပါသည်။

Jade Flower Co.,Ltd မှ ရေယာဉ်ကြံခိုင်မှုကို ပို့ဆောင်ရေးဝန်ကြီးဌာန၏ ခွင့်ပြုချက်အရ အဆင့်ဆင့်စစ်ဆေးခံယူပြီးမှ ခွင့်ပြုချက်ရရှိ၍ စတင်ပြေးဆွဲခဲ့ခြင်းဖြစ်ပါသည်။ Fortune Express(727)ရေယာဉ်နှင့်ပတ်သက်၍ စာရေးသူ(ဒီစိုး)မှ အကြောင်းရင်းမှန်ကို သေချာ ဂဃနဏ သိရှိခြင်းမရှိဘဲ ကျပ်(၁၀၈)သိန်းကျော်ကျော် အရှုံးပေါ်သွားသည်ဟုလည်းကောင်း၊ ပြည်ပနိုင်ငံများတွင် နှစ်ရှည်လများသုံးစွဲပြီး အဟောင်းကို ဆေးပြန်သုတ်လျက် ခရီးနီးမြို့ကြီး၊ မြို့ငယ်များသို့ အနှစ် ၂၀ကျော်ကြာပြေးဆွဲပြီးမှ ကော့သောင်း၊ မြိတ်၊ ရန်ကုန်ပင်လယ်ပြင်ခရီးကို ခရီးသည် ၃၅၀ဦး တင်ဆောင်ပြေးဆွဲခြင်းသည် လူ့အသက်ပေါင်းများစွာ အသက်အန္တရာယ်ရှိကြောင်း မှားယွင်းစွာရေးသားဖော်ပြခဲ့ခြင်းသည် ခရီးသွားပြည်သူများအား မြိတ်-ရန်ကုန်၊ ရန်ကုန်-မြိတ်နေ့ချင်းရောက်စေရန် ရေယာဉ်အသစ်စက်စက်ကို စနစ်တကျအော်ဒါမှာယူတည်ဆောက်ခိုင်းခဲ့သည့် ကျွန်ုပ်မိတ်ဆွေ၏ စိတ်စေတနာကို စော်ကားရာရောက်ပြီး ကျွန်ုပ်မိတ်ဆွေကုမ္ပဏီ၏စီးပွားရေးလုပ်ငန်းကို များစွာထိခိုက်နစ်နာစေပါသည်။ ကိုယ်တိုင်သေချာမသိရှိသည့် သတင်းအမှားဖြင့် ကျွန်ုပ်မိတ်ဆွေ၏ စီးပွားရေးလုပ်ငန်းကိုထိခိုက်စေရန် အကြံဖြင့် သွားပုပ်လေလွင့် ဖော်ပြရေးသားခြင်းဖြစ်၍ ကျွန်ုပ်မိတ်ဆွေ၏ ကောင်းသောနာမည်ဂုဏ်သတင်းကို များစွာထိခိုက်နစ်နာစေပါသည်။

စာရေးသူအနေဖြင့် ခရီးသွားပြည်သူများအားသိရှိစေရန် ဖော်ပြရေးသားရာ၌ပင် အရှေ့အနောက် ညီညွတ်ခြင်းမရှိသည်မှာ ပေါ်လွင်နေပြီး ကျွန်ုပ်၏မိတ်ဆွေများ ဂုဏ်သိက္ခာကျဆင်းစေကာ ခရီးသွားလုပ်သားပြည်သူများ ရေယာဉ်အပေါ် ယုံကြည်မှုကင်းမဲ့စေရန် ရည်ရွယ်နေကြောင်းသာ ပေါ်လွင်နေပါသည်။ ကျွန်ုပ်မိတ်ဆွေ၏ ခွင့်ပြုချက်မရရှိဘဲ Fortune Express(727)ရေယာဉ်ဓာတ်ပုံကို ဖော်ပြသုံးစွဲကာ ကိုယ်တိုင်သေချာမသိရှိသည့် အကြောင်းရင်းမှန်ကို သိသယောင်ယောင်ရေးသားဖော်ပြခဲ့သည့် စာရေးသူ(ဒီစိုး)အနေဖြင့် ကျွန်ုပ်၏မိတ်ဆွေအား တစ်ပတ်အတွင်း အမြန်ဆုံး ပြန်လည်ဖြေရှင်းပေးရန်နှင့် ပြန်လည်ဖြေရှင်းခြင်းမပြုပါက စာရေးသူ(ဒီစိုး)အား ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားမည် ဖြစ်ပါကြောင်းနှင့် နောက်နောင် ကျွန်ုပ်မိတ်ဆွေကုမ္ပဏီ၏ဂုဏ်သတင်းကို ထိခိုက်စေသည့် မဟုတ်မမှန် ဝေဖန်ရေးသားမှုများ ဆက်လက်ရေးသားပါက ဥပဒေအရ ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အလေးအနက် သတိပေးကြေညာအပ်ပါသည်။

ဦးကျောက်စိမ်း၏ လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်ကျော့ကျော့လှိုင်
LL.B,LL.M,D.I.L., D.M.L
တရားလွှတ်တော်ရှေ့နေ (စဉ်-၇၀၉၉)
အမှတ်-၈၅၊ ၁၃ လမ်း၊ ၃-လွှာ(အလယ်)၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့

ကြော်ငြာ

C B BANK

ဝမ်းမြောက်ဖွယ်သတင်းကောင်း

မြန်မာနိုင်ငံတွင်ရှိသော ဟိုတယ်များ၊ Shopping Center များ၊ စားသောက်ဆိုင်များ၊ အမှတ်တရပစ္စည်းဆိုင်များ၊ Mobile အရောင်းဆိုင်များ၊ ရတနာ့ပစ္စည်းအရောင်းဆိုင်များ နှင့် အမျိုးမျိုးသောဆိုင်များအတွက် CB Bank မှ VISA Card, MasterCard, CUP Card သုံးမျိုးမှကြိုက်နှစ်သက်ရာ Card နှင့်အသုံးပြုနိုင်ရန်စီစဉ်ထားသော POS (Cardနှင့်ငွေပေးချေသောစက်)အားတပ်ဆင်နိုင်ရန်စီစဉ်ဆောင်ရွက်ပေးနေပြီဖြစ်ပါသည်။ လူကြီးမင်းတို့၏ဆိုင်များတွင် အထက်ပါ POS (Cardနှင့်ငွေပေးချေသောစက်)အား တပ်ဆင်နိုင်ရန်အတွက် CB Bank သို့အမြန်ဆုံးစာရင်းပေးသွင်းနိုင်ကြောင်း သတင်းကောင်းပါးအပ်ပါသည်။

ဆက်သွယ်ရန်လိပ်စာ -

CB Bank Merchant Service Centre

Phone : (01) – 378 905, 378 906 (သို့ပေးတိ)

e-mail : pos.merchant@cbbankmm.com

သို့အမြန်ဆုံးဆက်သွယ်နိုင်ပါပြီ။

Let's Win Win Together !

မန္တလေးနှင့်အထက်မြန်မာပြည်သတင်း

စာဆိုတော်နေ့အထိမ်းအမှတ် စာပေဟောပြောမည်

မန္တလေး ဖေဖော်ဝါရီ ၁၂

ဖေဖော်ဝါရီ ၁၄ ရက်တွင် မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် ဝမ်းတွင်းမြို့နယ် သဖန်းစံပြကျေးရွာတွင် နိုင်ငံကျော်စာရေးဆရာများဖြစ်ကြသော ဆရာချစ်ဦးညို၊ ဆရာမောင်သာချို့နှင့် ဆရာမသျှီ(အင်ကြင်း)တို့က စာဆိုတော်နေ့အထိမ်းအမှတ်အဖြစ် ဟောပြောမည်ဖြစ်ကြောင်း သိရှိရသည်။

ယခုကျင်းပမည့် စာပေဟောပြောပွဲသည် သဖန်းစံပြကျေးရွာတွင် ပထမဦးဆုံးကျင်းပသော စာပေဟောပြောပွဲဖြစ်ပြီး လူငယ်များ အသိဉာဏ်ဖွံ့ဖြိုးတိုးတက်စေရန်အတွက် ရပ်မိရပ်ဖများက ဦးစီးကျင်းပခြင်း ဖြစ်သည်။ "စာပေဟောပြောပွဲတွေကို နှစ်စဉ်ကျင်းပသွားနိုင်အောင် ကြိုးစားသွားပါ့မယ်။ ဒီလို စာပေဟောပြောပွဲတွေ ကျင်းပပေးနိုင်မယ်ဆိုရင် လူငယ်တွေ အသိ၊ အမြင်၊ အတွေးအခေါ်တွေ အများကြီး ပွင့်လင်းလာနိုင်တဲ့အတွက် အခြားကျေးရွာတွေမှာလည်း စာပေဟောပြောပွဲတွေ ဖြစ်မြောက်အောင် စီစဉ်ပေးနိုင်ရင် အလွန်ကျေးဇူးများကြောင်း" သဖန်းကျေးရွာဇာတိ နေပြည်တော်တွင် တာဝန်ထမ်းဆောင်နေသူ ဝန်ထမ်းတစ်ဦးဖြစ်သည့် ဦးအေးကိုက ပြောသည်။

အေးမြ(ကိုယ်ပွား-မန္တလေး)

ကျေးလက်ဒေသ သောက်သုံးရေရရှိရေးဆောင်ရွက်

မြင်းမူ ဖေဖော်ဝါရီ ၁၂

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းခရိုင် မြင်းမူမြို့နယ်သည် အပူပိုင်းမိုးနည်းရပ်ဝန်းဒေသတွင် တည်ရှိကာ မိုးရွာသွန်းမှုနည်းပါးသော ဒေသဖြစ်ပြီး ကျေးရွာအုပ်စု ၄၈ အုပ်စု ကျေးရွာပေါင်း ၈၄ ရွာဖြင့် ဖွဲ့စည်းထားရှိသော မြို့နယ် တစ်မြို့နယ်ဖြစ်သည်။ အဆိုပါကျေးရွာများ အနက် မြေအောက်ရေနှင့် ကန်ရေများကို အဓိကထားမှီခို၍ သောက်သုံးရေအဖြစ် အသုံးပြုလျက်ရှိသည်။

ထိုသို့ ရေရှားပါးမှုပြဿနာကို ဖြည့်ဆည်းပေးသည့်အနေဖြင့် မြင်းမူမြို့နယ် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးကော်မတီမှ ပဲတောင်းကျေးရွာအုပ်စု ကင်းလေးတောကျေးရွာ သောက်သုံးရေရရှိရေးအတွက် စက်ရေတွင်းတူးဖော်ရေးလုပ်ငန်းများကို ရေအရင်းအမြစ်အသုံးချရေးဦးစီးဌာန၊ စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့မှ ၂၉-၉-၂၀၁၂ ရက်နေ့တွင် စတင်တူးဖော်ခဲ့ရာ မြေအောက် အနက်ပေ ၄၇၅ ပေအထိ တူးဖော်ရောက်ရှိပြီး ပေ ၄၀၀ မှ ၄၂၅ ပေအရောက်တွင် ရေချိုများ အလျှံပယ်ထွက်ရှိလာသည်ကို တွေ့ရှိရသည်။

စက်ရေတွင်းတူးဖော်မှု ကုန်ကျစရိတ်အနေဖြင့် စစ်ကိုင်းတိုင်းဒေသကြီးအစိုးရ ထောက်ပံ့ငွေကျပ် ၂၇ သိန်း၊ ပြည်သူလူထုထည့်ဝင်လှူဒါန်းငွေနှင့် တိုင်းဒေသကြီး သစ်တောဦးစီးဌာနမှ ထည့်ဝင် လှူဒါန်းငွေဖြင့် အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။ **(မြို့နယ် ပြန်/ဆက်)**

နတ်မောက် ဖေဖော်ဝါရီ ၁၂

ညဘက်လျှပ်စစ်မီးဖြတ်တောက်ခြင်းကြောင့် ကျောင်းသား ကျောင်းသူများ၏ ပညာရေးထိခိုက်နိုင်

မကွေးတိုင်းဒေသကြီး နတ်မောက်မြို့၌ ညဘက်တွင် လျှပ်စစ်မီး ဖြတ်တောက်မှုများကြောင့် အခြေခံပညာ မူလတန်း၊အလယ်တန်း၊အထက်တန်း စာမေးပွဲများ နီးကပ်လာပြီဖြစ်သည့်အတွက် ကျောင်းသားများ စာကြည့်လေ့လာမှတ်သားရာတွင် ကြီးစွာမှ အနှောင့်အယှက် ဖြစ်ပွားနေကြောင်း ကျောင်းသားများနှင့် ကျောင်းသားမိဘများက ပြောကြားသည်။

လျှပ်စစ်ထုတ်လုပ်မှု လိုအပ်ချက်အရ မီးဖြတ်တောက်မှု ပြုလုပ်မည်ဆိုလျှင်လည်း နေ့လယ် ၁၂ နာရီနှင့် ညနေ ၆ နာရီအတွင်း ဖြတ်တောက်ပါက လုပ်ငန်းရှင်များနှင့် ကျောင်းသားများအတွက် စိတ်အနှောင့်အယှက်ဖြစ်စရာ အကြောင်းမရှိဟု လုပ်ငန်းရှင်များက ပြောကြားသည်။

အဆိုပါကိစ္စနှင့် ပတ်သက်၍ ကျောင်းသားမိဘများနှင့် ဒေသခံများက နှစ်စဉ်နှစ်တိုင်း အခြေခံပညာ စာမေးပွဲကြီးများ နီးကပ်လာပြီဆိုလျှင် လျှပ်စစ်မီးက ညဘက်ရောက်လျှင် ပြတ်ပြတ်သွားတတ်၍ ကျောင်းသား ကျောင်းသူများ စိတ်အနှောင့်အယှက်ဖြစ်ပွားကြရကြောင်း၊ လျှပ်စစ်ဌာနဘက်က လိုအပ်ချက်တစ်ခုခုကြောင့် မီးဖြတ်မည်ဆိုလျှင် ညဘက်အစားနေ့ခင်းဘက်မှာ မီးဖြတ်တောက်စေချင်ကြောင်း၊ မြို့ လုံခြုံရေးအရလည်း ညဘက် မီးပျက်ခြင်းသည် မကောင်းကြောင်း၊ လျှပ်စစ်ဌာန ဝန်ထမ်းဟောင်းတစ်ဦးက ပြောကြားသည်။

စာမေးပွဲကြီး နီးကပ်လာပြီဖြစ်သည့်အတွက် ညဘက်တွင် မီးပျက်ပါက မလိုလားအပ်သည့် ပြဿနာများ မဖြစ်ပွားရအောင် တာဝန်ရှိသူများက သိရှိဖြေရှင်းပေးနိုင်ရေး မီဒီယာမှတစ်ဆင့် တင်ပြပေးစေလိုကြောင်း ရဲတပ်ဖွဲ့ဝင်တစ်ဦးက ထပ်မံ ပြောကြားသည်။ **နတ်မောက်သား**

မူးယစ်ဆူပူနေသောညီကို ထိန်းမရသဖြင့် တွန်းပစ်ရာမှ ညီဖြစ်သူလဲကျသေဆုံးပြီး အစ်ကိုဖြစ်သူ အရေးယူခံရ

စစ်ကိုင်း ဖေဖော်ဝါရီ ၁၂

အရက်မူးယစ် သောက်စားပြီး ကျေးရွာရှိ အလှူမဏ္ဍပ်အတွင်း ဆူပူနေသော ညီအရင်းဖြစ်သူကို အစ်ကိုအရင်းဖြစ်သူက သွားရောက်ထိန်းသိမ်းခေါ်လာစဉ် အစ်ကို၏လက်အတွင်းမှ အတင်းရုန်းကန်နေသဖြင့် အစ်ကိုဖြစ်သူက တွန်းပစ်လိုက်စဉ် ကျောက်လမ်းပေါ် လဲကျထိခိုက်ကာ သေဆုံးသွားသဖြင့် အစ်ကိုဖြစ်သူအား လူသတ်မှုဖြင့် အရေးယူလိုက်ရသောဖြစ်ရပ် စစ်ကိုင်းမြို့နယ်တွင် ဖြစ်ပွားခဲ့သည်။

ဖြစ်စဉ်မှာ စစ်ကိုင်းမြို့နယ် အောင်ချမ်းသာရွာနေ လက်သမားလုပ်ကိုင်သူ ကိုမြင့်ကျော်သည် ဖေဖော်ဝါရီ ၄ ရက် မွန်းလွဲ ၁ နာရီက ရွာရှိ ကိုထူးလှိုင်နေအိမ်၌ လက်သမားလုပ်ငန်း လုပ်ကိုင်နေစဉ် အိမ်သီးခြားနေသော ညီအရင်းဖြစ်သူ ကျော်အောင်သည် အရက်မူးယစ်သောက်စားပြီး အလှူအိမ်မင်္ဂလာမဏ္ဍပ်တွင် ဆူပူနေသဖြင့် အစ်ကိုအရင်းတော်သူ ကိုမြင့်ဌေး အလှူမဏ္ဍပ်သို့ရောက်လာပြီး ဆူပူနေသော ညီဖြစ်သူ ကျော်အောင်အား ဆွဲခေါ်သွားသည်ကို တွေ့ရသည်ဆို၏။ ခဏအကြာတွင် ကိုမြင့်ကျော်ထံသို့ ကျေးရွာအုပ်ချုပ်ရေးမှူး ဦးတင့်လွင် ရောက်ရှိလာပြီး ညီဖြစ်သူ ကျော်အောင်နှင့် အစ်ကိုဖြစ်သူ ကိုမြင့်ဌေးတို့ စကားများနေကြောင်း ပြောပြ၍ လိုက်သွားစဉ် ညီဖြစ်သူ ကျော်အောင်အား အစ်ကိုဖြစ်သူ ကိုမြင့်ဌေးက ဦးအောင်ကြည်၏ နေအိမ်လမ်းမပေါ်တွင် ဆွဲခေါ်နေရာ ညီဖြစ်သူ ကျော်အောင်က အတင်းရုန်းကန်နေသဖြင့် အစ်ကိုဖြစ်သူ ကိုမြင့်ဌေးမှ တွန်းပစ်လိုက်ရာ ကျော်အောင်မှာ အရှိန်မထိန်းနိုင်ဘဲ လမ်းပေါ်သို့ ခန္ဓာကိုယ် ညာဘက်စောင်း၍လဲကျပြီး လမ်းပေါ်ရှိ ကျောက်ခဲနှင့်ရိုက်မိပြီး ညာဘက်နားမှ သွေးထွက်ဒဏ်ရာရရှိကာ သေဆုံးသွားသည်။

ညီဖြစ်သူအား သေဆုံးဒဏ်ရာရရှိအောင် တွန်းလှဲခဲ့သော အစ်ကိုဖြစ်သူ ကိုမြင့်ဌေး(၄၄)နှစ် အောင်ချမ်းသာရွာ စစ်ကိုင်းမြို့နယ်နေသူအား အရေးယူစစ်ဆေးလျက်ရှိသည်။ **(၁၃၇)**

ကျောက်ဆည်မြို့တွင် ဝိုင်ဖိုင်အခမဲ့လွှင့်ပေးလျက်ရှိ

ကျောက်ဆည် ဖေဖော်ဝါရီ ၁၂

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနသည် ပြောင်းလဲလာသည့်ခေတ်စနစ်နှင့်အညီ ဦးစီးဌာနမှ ချမှတ်ထားသော ပြည်သူ့ဗဟိုပြုသည့် ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများဖြစ်သော ခရိုင်စာကြည့်တိုက်ကို ခရိုင် ပြည်သူ့စာကြည့်တိုက်အဖြစ် ပြောင်းလဲခြင်း၊ ပြည်သူများ စာပေကို အလွယ်တကူ ဖတ်ရှုလေ့လာနိုင်ရေးအတွက် စာပေရေချမ်းစင်ကို ဘူတာရုံတွင်ထားရှိခြင်း၊ Mobile Library (နယ်လှည့်စာကြည့်တိုက်)များ ဖွင့်လှစ်ခြင်း၊ စာအုပ်ပြပွဲများ၊ စာအုပ်ဈေးရောင်းပွဲတော်များ ကျင်းပခြင်း၊ ပြပွဲပြခန်းများ ခင်းကျင်းပြသခြင်း၊ စာဖတ်ရှိန်မြင့်မားရေးအတွက် ကဗျာရွတ်ပြိုင်ပွဲ၊ ပုံပြောပြိုင်ပွဲ၊ ကျပန်းစကားပြောပြိုင်ပွဲနှင့် ပန်းချီပြိုင်ပွဲများကိုဆောင်ရွက်ခဲ့ပြီး ယခု ဖေဖော်ဝါရီ ၃ ရက်မှစတင်ကာ ဦးစီးဌာန (ရုံးချုပ်)၏စီစဉ်မှုဖြင့် တပ်ဆင်ထားသော Sky Net အင်တာနက်ဖမ်းစက် ဝိုင်ဖိုင်(Wifi) ကို ကျောက်ဆည်ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ကိုက် ၁၀၀ အတွင်း အခမဲ့လွှင့်ပေးလျက်ရှိသည်။ ထို့အပြင် ရုံးတွင်လည်း Internet Room ထားရှိကာ အများပြည်သူ အသုံးပြုနိုင်ရေးအတွက် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရှိရသည်။ **(ထွန်းထွန်းနိုင်)**

သက်ကြီးစစ်မှုထမ်းဟောင်းများအား ထောက်ပံ့

မြစ်ကြီးနား ဖေဖော်ဝါရီ ၁၂

မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့(ဗဟို) စည်းရုံးရေးကော်မတီနှင့် မြစ်ကြီးနားမြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့ စည်းရုံးရေးကော်မတီတို့ပူးပေါင်းကာ အသက်(၇၅)နှစ်အထက် သက်ကြီးစစ်မှုထမ်းဟောင်းများအား ထောက်ပံ့ငွေပေးအပ်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၉ ရက် မွန်းလွဲ ၁ နာရီက မြစ်ကြီးနားမြို့နယ် စစ်မှုထမ်းဟောင်းရုံးအစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစီအစဉ်အရ မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့ စည်းရုံးရေးကော်မတီ ဥက္ကဋ္ဌ ဗိုလ်ကြီး(ငြိမ်း)ဆန်းဝင်းက အဖွင့်နှုတ်ခွန်းဆက်စကား ပြောကြားကာ တာဝန်ရှိသူများနှင့်အတူ သက်ကြီး စစ်မှုထမ်းဟောင်းများအား ထောက်ပံ့ငွေများ ပေးအပ်ခဲ့သည်။

ထောက်ပံ့ငွေ ပေးအပ်ပွဲတွင် အသက်(၇၅)နှစ်အထက် သက်ကြီးစစ်မှုထမ်းဟောင်းတစ်ဦးလျှင် မြန်မာနိုင်ငံစစ်မှုထမ်းဟောင်း(ဗဟို)မှ ငွေကျပ် ၂၀၀၀၀ နှုန်းနှင့်မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့မှငွေကျပ် ၁၀၀၀၀ နှုန်း စုစုပေါင်း ငွေကျပ် ၃၀၀၀၀ စီအား သက်ကြီးစစ်မှုထမ်းဟောင်း ၂၉ ဦးအားထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရှိရသည်။

မိုးယံကျ(မြစ်ကြီးနား)

မီး ဘေးရှောင် မလောင်ခင်တား

စစ်ကိုင်း ဖေဖော်ဝါရီ ၁၂

လျှပ်စစ်မီးပူခလုတ်မပိတ်မိ၍ မီးလောင်မှုဖြစ်ပွား

လျှပ်စစ်မီးပူတိုက်ပြီး ခလုတ်မပိတ်ဘဲ အိမ်ကိုသော့ခတ်ကာ အပြင်သို့သွားနေစဉ် အိမ်မီးလောင်မှုဖြစ်ပွားသောဖြစ်ရပ် စစ်ကိုင်းမြို့နယ် တင်းတိပ်ကျေးရွာ၌ ဖြစ်ပွားသည်။

ဖြစ်စဉ်မှာ ဇန်နဝါရီ ၃၀ ရက် နံနက် ၁၁ နာရီခွဲတွင် အမှတ်(၂) ရဲစခန်းမှ ဒုရဲအုပ်ခင်မောင်တင် စခန်းတွင် တာဝန်မှူးဆောင်ရွက်နေစဉ် စစ်ကိုင်းမြို့နယ် တင်းတိပ်ကျေးရွာတွင် မီးလောင်မှုဖြစ်ကြောင်း သတင်းအရ အမှတ်(၂) ရဲစခန်းမှ စခန်းမှူး ရဲအုပ်ချိုနိုင်ဝင်းနှင့်အဖွဲ့၊ ကျေးရွာအုပ်ချုပ်ရေးမှူး ဦးကျော်နိုင်၊ ရာအိမ်မှူး ဦးထွန်းထွန်းနှင့်အတူ အခင်းဖြစ်နေရာသို့ သွားရောက်စစ်ဆေးကြည့်ရှုရာ တင်းတိပ်ကျေးရွာ သိမ်တော်ရပ်နေ ဒေါ်ပွား (၆၄) နှစ် ဈေးရောင်းသူသည် အိမ်နောက်ခန်း အိပ်ရာခုတင်ခြေရင်းရှိ စားပွဲပေါ်တွင်အသုံးပြုထားသော လျှပ်စစ်မီးပူအား အသုံးပြုပြီးနောက် ခလုတ်မပိတ်ဘဲထားခဲ့ပြီး နေအိမ်အား သော့ခတ်၍ ပြင်ပသို့သွားနေစဉ် အဆိုပါမီးပူမှ အပူရှိန်လွန်ကဲပြီး မီးစတင်လောင်ကျွမ်းရာ နေအိမ်အတွင်းရှိ မျက်နှာကြက်များ၊ အိမ်သုံးပရိဘောဂပစ္စည်းများနှင့် လူအသုံးအဆောင်များ လောင်ကျွမ်းဆုံးရှုံးခဲ့သဖြင့် တန်ဖိုးငွေကျပ် ၁၀၇၅၀၀၀ ဖိုး ဆုံးရှုံးသွားပြီး မီးမှာ နံနက် ၁၁ နာရီ ၄၅ မိနစ်တွင် ငြိမ်းသွားခဲ့သည်။ မီးပေါ့ဆစွာအသုံးပြုသော အိမ်ရှင် ဒေါ်ပွားအား အရေးယူထားကြောင်း သိရှိရသည်။ **(၁၃၇)**

စစ်ကိုင်းပညာရေးတက္ကသိုလ်

၂၀၁၂ပညာသင်နှစ် နှစ်လည်မဂ္ဂဇင်းစာမူရှင်များ ဂုဏ်ပြုပွဲအခမ်းအနားဖိတ်ကြားခြင်း

စစ်ကိုင်းပညာရေးတက္ကသိုလ်၏ ၂၀၁၂ပညာသင်နှစ် နှစ်လည်မဂ္ဂဇင်း စာမူရှင်များအား ဂုဏ်ပြုပွဲအခမ်းအနားကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ မပျက်မကွက် တက်ရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

ကျင်းပမည့်နေ့ရက် - ၁၉-၂-၂၀၁၃ရက် (အင်္ဂါနေ့)
ကျင်းပမည့်အချိန် - နံနက် ၁၀နာရီ
ကျင်းပမည့်နေရာ - အစည်းအဝေးခန်းမ၊
စစ်ကိုင်းပညာရေးတက္ကသိုလ်

မဂ္ဂဇင်းကော်မတီ
စစ်ကိုင်းပညာရေးတက္ကသိုလ်



ပြည်ရွှေဘို ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအများပိုင်ကုမ္ပဏီလီမိတက်မှ အစုရှယ်ယာများဝယ်ယူနိုင်ကြောင်း ကြေညာခြင်း

၁။ ပြည်ရွှေဘိုဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအများပိုင်ကုမ္ပဏီလီမိတက်သည် ကုမ္ပဏီများအက်ဥပဒေနှင့်အညီ ပေးရန် တာဝန်ကန့်သတ်ထားသော အများနှင့်သက်ဆိုင်သည့်ကုမ္ပဏီအဖြစ် မှတ်ပုံတင်အမှတ် ၄၇၆၀/၂၀၁၂-၁၃ဖြင့် ၇-၂-၂၀၁၃ ရက်က မွေးမြူထုတ်လုပ်ရေး၊ စက်မှုထုတ်လုပ်မှု၊ ရောင်းဝယ်ရေးနှင့် ဝန်ဆောင်မှုလုပ်ငန်းများကို လုပ်ကိုင်နိုင်ရန် ဖွဲ့စည်းမှတ်ပုံတင်ခွင့်ပြုချက်ရပြီးဖြစ်ပါသည်။ ကုမ္ပဏီလုပ်ငန်းအမျိုးပေါင်း (၂၀)ကို လုပ်ကိုင်ခွင့်တင်ပြပြီးဖြစ်၍ အောက်ပါလုပ်ငန်းစဉ်များကို ဦးစားပေးဆောင်ရွက်သွားမည်ဖြစ်ပါသည်။

(က) ဘက်စုံမွေးမြူရေးနှင့် စိုက်ပျိုးရေးလုပ်ငန်းများကို ဆောင်ရွက်ခြင်းပြုပါမည်။ (ခ) စိုက်ပျိုးရေးထွက်ကုန်ပစ္စည်းများအား ပြုပြင်ထုတ်လုပ်ခြင်း၊ စည်သွပ်ခြင်း၊ အသားအေးခဲခြင်း၊ ဖြန့်ဖြူးခြင်းလုပ်ငန်းတို့ကို စက်ရုံတည်ထောင်၍ GAHP နှင့် GMP စနစ်များဖြင့် လုပ်ကိုင်ဆောင်ရွက်ခြင်း၊ (ဂ) မွေးမြူရေး၊ အစားအစာနှင့် ဆေးဝါးထုတ်လုပ်ခြင်းလုပ်ငန်းတို့ကို အဆင့်မီစွာ ထုတ်လုပ်ရောင်းဝယ်ခြင်း၊ (ဃ) ဓာတ်မြေသြဇာနှင့် ပိုးသတ်ဆေးထုတ်လုပ်တင်သွင်းရောင်းဝယ်ခြင်း၊ (င) ဆောက်လုပ်ရေးပစ္စည်းများ တင်သွင်းရောင်းဝယ်ခြင်း၊ (စ) လူသုံးကုန်ပစ္စည်းများ ထုတ်လုပ်တင်သွင်းရောင်းဝယ်ခြင်းတို့ကို ဆောင်ရွက်ပါမည်။

၂။ ကုမ္ပဏီသည် အထက်ပါလုပ်ငန်းများကို ဦးစားပေးအဖြစ် ထုတ်လုပ်တင်သွင်းရောင်းဝယ်မှုပြုရာတွင် စိတ်ပါဝင်စားသူ အများပြည်သူများမှ အစုရှယ်ယာရှင်များအဖြစ် ပါဝင်ရင်းနှီးမြှုပ်နှံနိုင်ရန်ရည်ရွယ်ပါသည်။ အများပိုင်ကုမ္ပဏီတစ်ခုဖြစ်သည့်အားလျော်စွာ အစုရှယ်ယာတစ်စုလျှင်ကျပ် ၅၀၀၀၀(ကျပ်ငါးသောင်း) သတ်မှတ်ထားရာ လူကြီးမင်းများမှ မိမိတို့စိတ်တိုင်းကျ အစုရှယ်ယာများကို ဝယ်ယူထည့်ဝင်နိုင်ပါကြောင်းနှင့် လုပ်ငန်းဆိုင်ရာ အသေးစိတ်သိလိုပါက အောက်ပါလိပ်စာနှင့် ဖုန်းနံပါတ်များသို့ ဆက်သွယ်စုံစမ်းပူးပေါင်း ပါဝင်ကြပါရန် ဖိတ်ခေါ်အပ်ပါသည်။

ဒါရိုက်တာအဖွဲ့ ပြည်ရွှေဘို ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအများပိုင်ကုမ္ပဏီလီမိတက်
အမှတ် ၁၃၆၉၊ အောင်ဖေယျာလမ်း၊ (၁)ရပ်ကွက်၊ ရွှေဘိုမြို့၊
ဖုန်း-၀၇၅-၂၂၉၁၇၊ ၀၇၅-၂၁၉၁၇၊ ၀၉-၅၀၃၄၅၀၆၊ ၀၉-၂၁၃၂၈၀၅



ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်၁၃၄၊ မြေကွက်အမှတ်၉၄၉၊ မြေကွက်တည်နေရာအမှတ်၉၄၉၊ (၁၃၄)ရပ်ကွက်၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ ဒေါ်စိန်မြ အမည်ပေါက်ပါမစ်မြေအား အမည်ပေါက်ဒေါ်စိန်မြ ၁၂/ရကန(နိုင်) ၀၅၂၄၃၃မှပါမစ်ပျောက်ဆုံးသဖြင့် ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် ရပ်ကွက်/ရဲစခန်း ထောက်ခံချက်၊ ကျမ်းကျိန်လွှာတင်ပြပြီး နှစ်၆၀မြေငှားစာချုပ်(ဂရန်) လျှောက်ထားလာရာ၁၄ရက်အတွင်းကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကြော်ငြာ

ချစ်ပါပါး ဒေါက်တာသိန်းဆွေ-ချစ်မာမား ဒေါက်တာခင်လှဝင်း (လင်းဆေးခန်း)တို့အတွက် ငွေရတုမင်္ဂလာဆုမွန်လွှာ

- မထင်မရှား နယ်မြို့ကလေးတစ်မြို့ကနေ သားသမီးတွေအတွက် ရန်ကုန်ကို ရောက်အောင်လာပြီး အောင်မြင်ပျော်ရွှင်တဲ့ မိသားစုကလေးကို တည်ဆောက်ပေးခဲ့တဲ့....ပါပါးနဲ့ မာမား
- သားသမီးတွေကို ရင်အုပ်မကွာ စောင့်ရှောက်ပြီး လမ်းမှန်ကို ညွှန်ပြပေးခဲ့တဲ့... ပါပါးနဲ့ မာမား
- သားသမီးတွေအတွက် ဘာမဆိုပေးဆပ်ရဲ၊ အနစ်နာခံရဲတဲ့...ပါပါးနဲ့ မာမား

ဒီလိုတုနှိုင်းမရ၊ ကျေးဇူးကြီးလှတဲ့ ပါပါးနဲ့ မာမားရဲ့ မင်္ဂလာနှစ်ပတ်လည်ဖြစ်တဲ့ ၁၃-၂-၂၀၁၃ရက်ဆိုရင် ငွေရတုမင်္ဂလာတိုင်ခဲ့ပြီ။ ဒီငွေရတုနှစ်ပတ်လည်မှစ၍ ချစ်သော သားသမီးတို့နှင့်အတူ နောင်နှစ်ပေါင်းများစွာတိုင်အောင် မပူမပင် မကြောင့်မကြဘဲ နေထိုင်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

သမီးကြီး - ဒေါက်တာနှင်းဝတ်ရည် M.B.,B.S(YGN)
သမီးငယ် - ဒေါက်တာစုမွန်ဖြိုး M.B.,B.S(YGN)
သား - မောင်ကျော်ခိုင်လင်း(Final Part II, ဆေးတက္ကသိုလ်-၁၊ ရန်ကုန်)

တိုက်ခန်းအသစ်ရောင်းမည် (ပွဲစားမလို)

စမ်းချောင်း၊ အဆင့်မြင့်ပြင်ဆင်ပြီး တိုက်ခန်းအသစ်စက်စက်

၁။ ပေ(၂၀×၅၀)ခန့်၊ ဒုတိယထပ်၊ (ရေမီး)၊ အသင့်နေ **ကျပ်သိန်း ၄၈၀**
၂။ ပေ(၁၂½×၅၀)ခန့်၊ မြေညီ၊ (ရေမီး)၊ အသင့်နေ **ကျပ်သိန်း ၃၆၀**

ဖုန်း-၀၉-၇၃၁၅၆၄၉၄၊ ၀၉-၇၃၂၀၁၁၇၉

ရန်ကုန်စီးပွားရေးတက္ကသိုလ် လှိုင်နယ်မြေရှိ စီးပွားရေးစွမ်းဆောင်မှုပညာဖွံ့ဖြိုးမှုသင်တန်းဌာန(MIEDC)တွင် ဖေဖော်ဝါရီလအတွင်း အောက်ပါသင်တန်းကို ဖွင့်လှစ်သင်ကြားပါမည်

New Enterprise Creation Program

စတင်ဖွင့်လှစ်မည့်ရက်စွဲ - ၁၃-၂-၂၀၁၃ရက်မှ ၂၂-၂-၂၀၁၃ရက် (ညနေပိုင်း ၁၀ရက်သင်တန်း)
သင်တန်းကြေး - ကျပ် ၃၅၀၀၀(ကျပ်သုံးသောင်းငါးထောင်တိတိ)

အထက်ပါသင်တန်းကို ရန်ကုန်စီးပွားရေးတက္ကသိုလ်မှ ဆရာ ဆရာမများနှင့် အိန္ဒိယမှ ပါမောက္ခတစ်ဦးတို့ ပါဝင်သင်ကြားမည်ဖြစ်ပါသည်။

သင်တန်းစုံစမ်းရန်-ပါရမီလမ်း ရန်ကုန်စီးပွားရေးတက္ကသိုလ်(လှိုင်နယ်မြေ)

ဖုန်း-၅၂၂၈၇၅၊ ၅၂၂၈၇၆

EMERALD MYANMAR Travels & Tours

ကန့်ကွက်နိုင်ပါကြောင်း

နေပြည်တော်၊ ပျဉ်းမနားမြို့နယ်၊ ရွာကောက်ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၂/ကျောက်ကျင်း၊ ဦးပိုင်အမှတ် ၄ဆ၊ ဧရိယာ ၀ ဒသမ ၁၇၇ဧကရှိ ဦးခင်မောင် အမည်ဖြင့် ပိုင်ဆိုင်သော ဘိုးဘွားပိုင်မြေကွက်အား ဦးခင်မောင် ၉/လဝန(နိုင်) ၁၁၂၂၂၅(ဘ)ဦးလှဒင်က ပိုင်ဆိုင်ကြောင်း အထောက်အထားများတင်ပြပြီး မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ရန် မြေပုံရာဇဝင်လျှောက်ထားလာရာ ကန့်ကွက်လိုသူများ အနေဖြင့် တရားဝင်စာချုပ်စာတမ်းများ၊ တရားရုံး အမိန့်ဒီကရီများဖြင့် အထောက်အထား ခိုင်လုံစွာတင်ပြ၍ ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
နေပြည်တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

၁။ နေပြည်တော်၊ပျဉ်းမနားမြို့နယ်၊ရွာကောက်ရပ်ကွက်၊မြေတိုင်းရပ်ကွက်အမှတ် ၃၂/ပေါင်းလောင်း ၂၊ ၁၉လမ်း၊ မြေကွက်အမှတ် ၅၈၇ မြေကွက်မှာ ဦးထွန်းအောင်ကျော်(ဘ)ဦးသာဒွေး AA-၁၀၁၃၇၃ အမည်ဖြင့် မြို့မြေတိုးချဲ့ရေးကော်မတီ ပျဉ်းမနားမြို့က ချထားပေးသော မြေကွက်ဖြစ်ပါသည်။

၂။ အဆိုပါမြေကွက်နှင့် မြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အား လက်ဝယ်ရရှိပိုင်ဆိုင်ထားသူ ဦးအောင်မြင့် (ဘ)ဦးလှသောင်း G/RGN-၀၀၂၁၈၆မှ ကွယ်လွန်သွားပြီး ဇနီး ဒေါ်ခင်လှဆွေမှ အထက်ဖော်ပြပါမြေကွက်အား မြေစီမံခန့်ခွဲမှုဆိုင်ရာ ကိစ္စရပ်များအား ဆက်လက်ဆောင်ရွက် မည်ဖြစ်ပါသည်။

၃။ သို့ဖြစ်ပါ၍ အဆိုပါမြေကွက်နှင့်ပတ်သက်၍ မြေစီမံခန့်ခွဲမှုဆိုင်ရာကိစ္စရပ်များအား ဆက်လက်ဆောင်ရွက်မည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံး အမိန့်ဒီကရီများဖြင့် ၁၄ ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်ခြင်းမရှိပါက ရုံးလုပ်ငန်းကိစ္စရပ်များကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

ဒေါ်ခင်လှဆွေ ၉/ပမန(နိုင်)၀၁၆၀၄၂
၁၉ လမ်းနှင့် ခွာညိုလမ်းထောင့်၊ ပေါင်းလောင်းတိုးချဲ့ (၂)ရပ်ကွက်၊ ပျဉ်းမနားမြို့

SUPER

TOYOTA BELTA ကားတစ်စီး	new iPad (၅) ဆု				
BC 1750848	BC 1157125	BF 3109293	BF 3157562	BF 3632489	BF 3901324

Galaxy SIII ဖုန်း (၅) ဆု		
BC 1576081	BC 1919898	
BF 3166807	BF 3179748	BF 3904233

GSM ဖုန်းကတ် (၂၀) ဆု						
BC 1308104	BC 1312267	BC 1528408	BC 1585587	BC 1874189	BC 1874780	BE 2138048
[illegible]	[illegible]	BF 3251751	[illegible]	[illegible]	[illegible]	
BF 3638199	BF 3659563	BF 3667652	BF 3873637	BG 4057152	BG 5000531	BG 5015585

[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]

ကြော်ငြာ

မင်္ဂလာဧည့်ခံပွဲကျေးဇူးတင်လွှာ

မန္တလေးတိုင်းဒေသကြီး၊ မဟာအောင်မြေမြို့နယ်၊ မဟာမြိုင်(၁)၊ ၆၅×၆၆ကြား၊ ၃၈×၃၉ကြား၊ ဒ/၈၊၃၅နေ မောင်ကျော်ဝေယံငွေး (စတုတ္ထနှစ်-မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ်)၏အစ်ကို အရိုးအကြောအဆစ်ခွဲစိတ်အထူးကုဆရာဝန်ကြီး ဒေါက်တာဦးငွေးကြွယ် (မန္တလေးပြည်သူ့ဆေးရုံကြီး)-ဒေါ်တင်ယုထွေး(ခ)ထူးထူး (အထက-၂၀)တို့၏သားကြီး

မောင်သော်သူရိန်ငွေး A.G.T.I (EC), B.Sc (Maths)

BARMAHTI CO. Ltd, Techvilla Mobile (Sale & Service)

နှင့်

မန္တလေးတိုင်းဒေသကြီး၊ အောင်မြေသာစံမြို့နယ်၊ နန်းရှေ့အကွက်(၈)၊ အမှတ် (၉၃/၁)နေ မောင်ကျော်ဇေယျ (ကမ္ဘောဇဘဏ်ခွဲ-၆)-မနွေးဒါလီသက်တင် (ကမ္ဘောဇဘဏ်ခွဲ-၉)တို့၏အစ်မ ဦးသက်တင်-(ဒေါ်အေးအေးမော်)တို့၏သမီးကြီး

မဖြိုးဒါလီသက်တင် B.A (Myanmar)

ကမ္ဘောဇဘဏ်လီမိတက် (မန္တလေးဘဏ်ခွဲ-၃)

တို့၏ ၁၂-၂-၂၀၁၃ရက် (အင်္ဂါနေ့)တွင် မစိုးရိမ်သီရိမင်္ဂလာစာသင်တိုက်၌ ကျင်းပပြုလုပ်သော မင်္ဂလာဦးဆွမ်းကျွေးပွဲနှင့် ၄င်းနေ့တွင် Hotel Mandalay ၌ ကျင်းပပြုလုပ်သော မင်္ဂလာဧည့်ခံပွဲသို့ ကိုယ်တိုင်ချီးမြှင့်ပေးကြပါသော အကြီးအကဲမိဘဆရာသမားများနှင့် မိသားစုဝင်များအားလည်းကောင်း၊ ဆွေမျိုးမိတ်သင်္ဂဟများနှင့် သူငယ်ချင်းများအားလည်းကောင်း၊ လူကိုယ်တိုင်မတက်ရောက်နိုင်သော်လည်း မင်္ဂလာလက်ဖွဲ့များ ပေးပို့ချီးမြှင့်ကြပါသော ဂုဏ်သရေရှိလူကြီးမင်းများအားလည်းကောင်း၊ ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအားလည်းကောင်း၊ Hotel Mandalay မှ မန်နေဂျာနှင့်ဝန်ထမ်းများ၊ နှစ်ဖက်သောမိတ်ဆွေသင်္ဂဟများနှင့် အခြားသော ကျေးဇူးတင်ထိုက်သည့် ပုဂ္ဂိုလ်များအား လှိုက်လှဲစွာဖြင့် ကျေးဇူးဥပကာရတင်ရှိပါသည်။

နှစ်ဖက်သောမိဘများနှင့်
မောင်သော်သူရိန်ငွေး - မဖြိုးဒါလီသက်တင်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
သတ္တုတွင်းဝန်ကြီးဌာန
မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း
နေပြည်တော်
ရတနာပြပွဲများတွင်ကျောက်စိမ်းအရိုင်းတွဲများတင်ပြရောင်းချခဲ့သော ဖက်စပ်ကျောက်စိမ်းတွဲပိုင်ရှင်များအတွက် အသိပေးကြေညာချက်
၁၃၇၄ ခုနှစ် ပြာသိုလပြည့်ကျော် ၁၅ ရက်
(၂၀၁၃ ခုနှစ်၊ ဖေဖော်ဝါရီ ၁၀ ရက်)

၁။ သတ္တုတွင်းဝန်ကြီးဌာန၊ မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်းသည် ကျောက်စိမ်းဖက်စပ်လုပ်ငန်းမှ တူးဖော်ရရှိသောကျောက်စိမ်းအရိုင်းများကို ရတနာပြပွဲများတွင် တင်ပြရောင်းချပေးခဲ့ပါသည်။

၂။ ရောင်းချရခြင်းမရှိသော ကျောက်စိမ်းတွဲများကို ပြန်လည်အတွဲဖွဲ့ခြင်း၊ အခြေခံဈေးပြင်ဆင်သတ်မှတ်ခြင်းများဆောင်ရွက်ပြီး ရတနာပြပွဲများတွင် တင်ပြရောင်းချနိုင်ရန်အတွက် သက်ဆိုင်ရာဖက်စပ်လုပ်ငန်းရှင်များက စီစဉ်ဆောင်ရွက်ကြရပါသည်။ ၁၉၉၉ ခုနှစ်၊ နှစ်လယ်ရတနာပြပွဲတွင် ရောင်းချရခြင်းမရှိသော ကျောက်စိမ်းတွဲများကို အတွဲပြင်ဆင်ဖွဲ့စည်းခြင်း၊ အခြေခံဈေးပြင်ဆင်သတ်မှတ်ခြင်းများဆောင်ရွက်ပြီး ရတနာပြပွဲတွင် တင်ပြရောင်းချကြပါရန်အကြောင်းကြားခြင်း၊ ကြေညာသင်ပုန်းများတွင် အကြိမ်ကြိမ်အသိပေးနှိုးဆော်ခြင်းများနှင့် ၂၀၁၂ ခုနှစ်၊ နိုဝင်ဘာလ (၁၂၊ ၁၄၊ ၁၆)ရက်များတွင် ကြေးမုံသတင်းစာတွင်လည်းကောင်း၊ ၂၀၁၂ ခုနှစ်၊ နိုဝင်ဘာလ(၁၃၊ ၁၅၊ ၁၇)ရက်များတွင် မြန်မာ့အလင်းသတင်းစာတွင်လည်းကောင်း၊ ကြေညာစာများထည့်သွင်းအသိပေးကြေညာခြင်းများကို မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်းက ဆောင်ရွက်ခဲ့ရာ ဖက်စပ်လုပ်ငန်းရှင်ငါးဦးကသာ ကျောက်စိမ်းတွဲငါးတွဲကို ထုတ်ယူရန်ဆက်သွယ်ဆောင်ရွက်ခဲ့ပြီး လုပ်ငန်းရှင် ၂၃ ဦးက ဆက်သွယ်ဆောင်ရွက်လာခြင်းမရှိပါ။

၃။ သို့ဖြစ်၍ ကျောက်စိမ်းတွဲများထုတ်ယူရန်ကျန်ရှိနေသည့် ဖက်စပ်လုပ်ငန်းရှင်များသည် ကျောက်စိမ်းအရိုင်းများအပ်နှံခဲ့သည့် မူလစာရွက်စာတမ်းအထောက်အထားများနှင့်အတူ ၃၁-၃-၂၀၁၃ရက် နောက်ဆုံးထားပြီး မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း၊ ရုံးချုပ် (နေပြည်တော်)သို့ ဆက်သွယ်ဆောင်ရွက်ကြပါရန်နှင့် သတ်မှတ်ရက်အတွင်း ဆက်သွယ်ဆောင်ရွက်ခြင်းမရှိသော ကျောက်စိမ်းအရိုင်းများကို နိုင်ငံပိုင်အဖြစ် သိမ်းဆည်းသွားမည်ဖြစ်သည်။

၄။ ရတနာပြပွဲတင်ပြနိုင်ရေးဆောင်ရွက်ရန် ကျောက်စိမ်းတွဲများကျန်ရှိနေသည့် ဖက်စပ်လုပ်ငန်းရှင်များ၏ အမည်စာရင်းနှင့် မော်လုပ်ကွက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

စဉ်	လုပ်ငန်းရှင်အမည်	မော်/လုပ်ကွက်
၁	ဦးမောင်စိန်	အောင်စိန်(၁)လုပ်ကွက်
၂	ဦးကျော်အောင်	မော်မောင်းလျှံ(၆၀)
၃	ဦးကျော်မင်း	မမုံ(၇)
၄	ဦးလှထွန်း	ခတ္တာ(၃)
၅	ဦးမင်းလွင်+ဦးဇော်ဇော်ဦး	နမ္မချီ(၅)+တောင်စိမ်းကလေး(၁)
၆	ဦးဇော်ဝင်း	မမုံ(၃)
၇	ဦးလော်ဝါးချောင်လွမ်း	ဆန်းကြွယ်(၄၃)
၈	ဦးအင်ဝမ်းဇော်ဂမ်	ဆန်းကြွယ်(၁၅)
၉	ဦးမောင်စိန်	ခိုမ(၃၆)
၁၀	ဦးဇက်ဇော်ဖန်	ဆန်ခါ(၃၉)
၁၁	ဦးသန်းစိန်	ဝေ့ခါ(၇)
၁၂	ဦးလှမြင့်	ဖားကန့်ကြီး(၂၀)
၁၃	ဦးဒေါန	ဖားပြင်(၁၄)
၁၄	ဦးစိုင်းထွန်းစိန်	ဝါဇီ(၁၈)
၁၅	ဦးလောအိုက်	မော်ဂလုံ(၆)
၁၆	ဦးလဖိုင်ဇော်နန်	ဆန်းကြွယ်(၄၄)
၁၇	ဦးနေထွန်း	ပန်းကြား(၁)
၁၈	ဦးအယ်ဇော်ရိန်	ဝေ့ခါ(၃)
၁၉	ဦးမလွတ်လ	ပန်းတင်(၁)
၂၀	ဦးလောအိုက်	ဝါကျဲ(၇)
၂၁	ဦးဂူရှင်း	မော်ဝမ်း(၂၈)
၂၂	ဦးအင်ခွန်တူး	ဖားပြင်(၂)
၂၃	ဦးခမိုင်တန်	ယူမာ(၆)

၅။ အသေးစိတ်သိရှိလိုပါက မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း ရုံးချုပ်(နေပြည်တော်)၊ မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်းရုံးခွဲ(ရန်ကုန်)၊ ကျောက်မျက်တူးဖော်ရေးစခန်းရုံး(မန္တလေး)၊ ကျောက်စိမ်းတူးဖော်ရေးဌာန(လုံးခင်း)၊ ကျောက်မျက်တူးဖော်ရေးဌာန(မိုးကုတ်)၊ ကျောက်စိမ်းတူးဖော်ရေးစခန်းရုံး(မြစ်ကြီးနား)သို့ လာရောက်ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါကြောင်း ဒုတိယအကြိမ်အသိပေးကြေညာအပ်ပါသည်။

မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း

[illegible]

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
သတ္တုတွင်းဝန်ကြီးဌာန
မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း
နေပြည်တော်
ရတနာပြပွဲများတွင် ကျောက်စိမ်းအရိုင်းတွဲများ တင်ပြရောင်းချခဲ့သော ပုဂ္ဂလိက ကျောက်စိမ်းတွဲပိုင်ရှင်များအတွက် အသိပေးကြေညာချက်
၁၃၇၄ခုနှစ် ပြာသိုလပြည့်ကျော် ၁၅ ရက်
(၂၀၁၃ခုနှစ် ဖေဖော်ဝါရီ ၁၀ ရက်)

၁။ သတ္တုတွင်းဝန်ကြီးဌာန၊ မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်းသည် ကုမ္ပဏီ၊ သမဝါယမအသင်းများနှင့် ပုဂ္ဂလိကပိုင်ကျောက်စိမ်းအရိုင်းနှင့် အချောထည်များကို ရတနာပြပွဲများတွင် တင်ပြရောင်းချပေးလျက်ရှိပါသည်။ ရောင်းချရသော ကျောက်စိမ်းတွဲများကို ဝယ်ယူသူသို့ ထုတ်ပေးခြင်း၊ တင်ပို့ခြင်းလုပ်ငန်းများဆောင်ရွက်ပြီး ရောင်းချရခြင်းမရှိသော ကျောက်စိမ်းတွဲများကို သက်ဆိုင်ရာကုမ္ပဏီ၊ သမဝါယမအသင်းနှင့် ပုဂ္ဂလိကများသို့ ပြန်လည်ထုတ်ပေးခြင်းများ ဆောင်ရွက်လျက်ရှိပါသည်။

၂။ ၁၉၉၄ခုနှစ်မှ ၂၀၀၅ခုနှစ်အထိ ကာလအတွင်းကျင်းပခဲ့သော ကျောက်မျက်ရတနာပြပွဲများတွင် ကျောက်စိမ်းတွဲများ တင်ပြရောင်းချခဲ့ကြသော်လည်း ရောင်းချရခြင်းမရှိသဖြင့် ပြန်လည်ထုတ်ယူကြရန် အကြောင်းကြားခြင်း၊ ကြေညာသင်ပုန်းများတွင် အကြိမ်ကြိမ်အသိပေးနှိုးဆော်ခြင်းများနှင့် ၂၀၁၂ခုနှစ် နိုဝင်ဘာ (၁၂၊ ၁၄၊ ၁၆)ရက်များတွင် ကြေးမုံသတင်းစာတွင်လည်းကောင်း၊ ၂၀၁၂ခုနှစ် နိုဝင်ဘာ (၁၃၊ ၁၅၊ ၁၇) ရက်များတွင် မြန်မာ့အလင်းသတင်းစာတွင်လည်းကောင်း၊ ကြေညာစာများထည့်သွင်း အသိပေးကြေညာခြင်းများကို မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်းကဆောင်ရွက်ခဲ့ရာ ကျောက်စိမ်းတွဲပိုင်ရှင် နှစ်ဦးကသာ ကျောက်စိမ်းရိုင်း နှစ်တွဲကိုပြန်လည်ထုတ်ယူရန် ဆက်သွယ်ဆောင်ရွက်ခဲ့ပြီး ကျောက်စိမ်းတွဲပိုင်ရှင် (၃၄)ဦးက ဆက်သွယ်ဆောင်ရွက်လာခြင်းမရှိပါ။

၃။ သို့ဖြစ်၍ ကျောက်စိမ်းအတွဲများ ထုတ်ယူရန်ကျန်ရှိနေသည့် ပုဂ္ဂလိကကျောက်စိမ်းတွဲပိုင်ရှင်များသည် ကျောက်စိမ်းရိုင်းများအပ်နှံခဲ့သည့် မူလစာရွက်စာတမ်းများနှင့်အတူ ၃၁-၃-၂၀၁၃ရက် နောက်ဆုံးထားပြီး သတ္တုတွင်းဝန်ကြီးဌာန၊ မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း၊ ရုံးချုပ်(နေပြည်တော်)သို့ ဆက်သွယ်ဆောင်ရွက်ကြပါရန်နှင့် သတ်မှတ်ရက်အတွင်း ဆက်သွယ်ဆောင်ရွက်ခြင်းမရှိသော ကျောက်စိမ်းအရိုင်းများကို နိုင်ငံပိုင်အဖြစ် သိမ်းဆည်းသွားမည်ဖြစ်သည်။

၄။ ကျောက်စိမ်းအတွဲများ ပြန်လည်ထုတ်ယူရန် ကျန်ရှိနေသည့်ပုဂ္ဂလိကကျောက်စိမ်းအတွဲပိုင်ရှင်များ၏ အမည်စာရင်းမှာအောက်ပါအတိုင်းဖြစ်ပါသည်-

စဉ်	လုပ်ငန်းရှင်အမည်	မှတ်ပုံတင်အမှတ်
၁	ဒေါ်ဆွေလင့်စီ	အန်ကေအမ်-၀၉၅၈၃၉
၂	ဒေါ်ချင်ကျိန်	အိတ်ချ်ဒဗလျူအိုင်-၀၄၅၁၉၈
၃	ဒေါ်အမ်ဖိန်	အယ်လ်အက်စ်အို-၁၈၂၅၉၀
၄	ဦးမြင့်စိုး	၅/ခတန(နိုင်)၀၀၅၅၆၇
၅	ဦးသိန်းဝင်း	-
၆	ဦးခရိုင်းနော်အောင်	အမ်ကေအေ-၀၃၉၈၃၅
၇	ဦးဝင်းရှိန်+ဦးချစ်စံ	၉/မရမ(နိုင်)၀၆၄၇၅၉
၈	ဦးနော်အောင်	၁/မကန(နိုင်)၀၁၃၄၃၄
၉	ဦးသောင်းထီ	အက်စ်ဂျီဂျီ-၀၄၄၅၄၁
၁၀	ဦးစောစေတာ	ဘီအက်စ်အင်န်-၀၄၇၆၈၆
၁၁	ဦးစောထွန်းနိုင်	၁/မကန(နိုင်)၀၄၇၉၇၆
၁၂	ဦးမောင်မောင်မြင့်+ဦးအောင်ကြည်	အမ်အမ်အို-၃၁၂၅၁၉
၁၃	ဦးမောင်မောင်စိန်	အေအမ်အေ-၀၉၅၈၆၃
၁၄	ဦးအေး	၉/မရမ(နိုင်)၀၀၁၉၀၅
၁၅	ဦးအောင်ဝင်း	၁/မကတ(နိုင်)၀၃၀၂၂၀
၁၆	ဦးဇော်ရာ	၁/ဗမန(နိုင်)၀၀၁၃၇၄
၁၇	ဦးဖော်ယူဂမ်မွန်	-
၁၈	ဦးနွယ်ဘွား	၅/စကန(နိုင်)၀၈၇၈၀၁
၁၉	ဦးမြင့်နိုင်ဦး+ဦးစိုးမြင့်	၉/မရမ(နိုင်)၀၃၆၀၃၀
၂၀	ဦးမြတ်ဇော်ဦး	၁/မကတ(နိုင်)၀၃၀၃၈၉
၂၁	ဦးသန်းထွေး	၉/မနတ(နိုင်)၀၈၆၄၅၃
၂၂	ဦးသန်းမြင့်	-
၂၃	ဦးစီဘီလတောင်	-
၂၄	ဦးစိုးနိုင်	၁၃/ကခဥ(နိုင်)၀၃၄၂၁၇
၂၅	ဦးစိုးနိုင်ဦး	၇/ပလန(နိုင်)၀၄၀၅၅၂
၂၆	ဦးစိုးမြင့်	၁၂/လသန(နိုင်)၀၈၆၈၀၂
၂၇	ဦးစိုင်းမျိုးဝင်း	၁/မကတ(နိုင်)၀၀၀၃၂၆
၂၈	ဦးမရစ်နော်	၁/မကန(နိုင်)၀၁၆၄၆၀
၂၉	ဦးအင်ဒူယဉ်တူးဂျာ	၁/မကတ(နိုင်)၀၁၈၁၁၈
၃၀	ဦးကံရီ	၅/စကန(နိုင်)၁၂၈၈၂၃
၃၁	ဦးလရော်	ကေအမ်ဂျီ-၀၄၁၂၉၁
၃၂	ဦးလှထွန်း	-
၃၃	ဦးတင်ထွန်းလင်း	၁၂/ရပသ(နိုင်)၀၃၃၁၁၃
၃၄	ဦးထွန်းရွှေ	အယ်လ်အက်စ်အို-၂၇၁၉၅

၅။ အသေးစိတ်သိရှိလိုပါက မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း၊ ရုံးချုပ်(နေပြည်တော်)၊ မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း၊ ရုံးခွဲ(ရန်ကုန်)၊ ကျောက်မျက်တူးဖော်ရေးစခန်းရုံး(မန္တလေး)၊ ကျောက်စိမ်းတူးဖော်ရေးဌာန (လုံးခင်း)၊ ကျောက်မျက်တူးဖော်ရေးဌာန (မိုးကုတ်)၊ ကျောက်စိမ်းတူးဖော်ရေးစခန်းရုံး(မြစ်ကြီးနား)သို့ လာရောက်ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါကြောင်း ဒုတိယအကြိမ် အသိပေးကြေညာအပ်ပါသည်။

မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း

ကြော်ငြာ

G L

အများသိစေရန်ကြေညာခြင်း

ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာနမှ ယာယီသိမ်းဆည်းထားသော မြေနှင့်အဆောက်အအုံများနှင့်ပတ်သက်သော အခွန်ကြွေးကျန်များကို အကျေပေးဆောင်ပြီးဖြစ်ပါ၍ ဝရမ်းချပြီး မူလပိုင်ရှင်ဖြစ်သော ဦးခွေးကြီးအား ပြန်လည်ပေးအပ်ခဲ့ပြီးဖြစ်ပါ၍ အောက်ဖော်ပြပါမြေနှင့် အဆောက်အအုံများမှာ ဦးခွေးကြီးအမည်ပေါက်များဖြစ်ပါသည်။ (၁)အမှတ် ၄၉၊ ပြည်လမ်း၊ (၂)အမှတ် ၁၄၃၊ လသာလမ်း၊ (၃)အမှတ် ၂၀၉-၂၁၅၊ အီဒင်လမ်း၊ (၄)အမှတ် ၃၁၊ အထက်ပုဇွန်တောင်လမ်း၊ (၅)အမှတ် ၂၇-၂၉၊ အထက်ပုဇွန်တောင်လမ်း၊ (၆)အမှတ် ၁၃-၁၅၊ အောင်မင်္ဂလာလမ်း၊ အရက်ချက်ရုံမြေနေရာနှင့်အဆောက်အအုံများ၊ (၇)အမှတ် ၂-၄/၆၊ ၁၁၆လမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်။

အထက်ဖော်ပြပါ ဦးခွေးကြီးအမည်ပေါက်မြေနှင့်အဆောက်အအုံများအနက်မှ အမှတ်၄၉၊ ပြည်လမ်းနှင့် အမှတ် ၂၀၉/၂၁၅၊ အီဒင်လမ်းတို့မှာ ဦးခွေးကြီး၏သားများဖြစ်သော ဦးတင်ထွဋ်၊ ဦးတင်လတ်နှင့် ဦးအောင်ခင်တို့၏ အမွေဆိုင်ပစ္စည်းများဖြစ်ပါသောကြောင့် ရောင်းခြင်း၊ ဝယ်ခြင်း၊ ငှားရမ်းခြင်း၊ ပေါင်နှံခြင်းနှင့် လွှဲပြောင်း ယူခြင်းများမပြုလုပ်ရ၊ ပြုလုပ်တွေ့ရှိပါက တရားဥပဒေအရ အရေးယူမည်။

ဒေါ်နိုရင်းဒန်ကင်း	ဦးကျော်ဆန်း	ဒေါ်နန်းစန္ဒာ
၁၂/အစန(နိုင်)၀၃၀၅၁၇	၁၂/သဃက(နိုင်)၁၄၄၇၁၉	၁၂/အစန(နိုင်)၁၅၅၀၂၈
၅၃၆၊အဝေရာ၊နံ့သာကုန်း၊အင်းစိန်		
(ဦးတင်လတ်)၏တရားဝင်ဇနီး	(ဦးတင်ထွဋ်)၏သား	(ဦးတင်ထွဋ်)၏သမီး

ဝမ်းနည်းကြေကွဲခြင်း

ဦးစိုးအေး

ပြည်နယ်ဝန်ကြီး၊ ရခိုင်ပြည်နယ်ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန

အသက် (၆၅)နှစ်

လုပ်ဖော်ကိုင်ဖက်တစ်ဦးအနေဖြင့် ကွယ်လွန်သွားပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲလျက်ရှိပါကြောင်း။

ပြည်နယ်ဝန်ကြီး
စီမံကိန်းနှင့်စီးပွားရေးရာဝန်ကြီးဌာန

အထူးဝမ်းနည်းကြေကွဲခြင်း

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်းဒါယကာကြီး

ဦးကောင်းစိန်(ခ)ဦးအကောက်စိန်

(ကြာကန်ရွာ၊ မြောင်းမြမြို့နယ်)

အသက် (၁၀၀)

ဦးအေးလွင်(တွဲဖက်အထွေထွေအတွင်းရေးမှူး၊ ကုန်သည်များနှင့်စက်မှုလုပ်ငန်းရှင်များအသင်းချုပ်၊ အထွေထွေအတွင်းရေးမှူး၊ မြန်မာနိုင်ငံဘူမိသိပ္ပံအသင်း၊ မန်နေဂျင်းဒါရိုက်တာ၊ မြေကမ္ဘာသတ္တုတူးဖော်ရေးကုမ္ပဏီလီမိတက်)-ဒေါ်သန်းသန်းဝင်းတို့၏ဖခင်၊ မခိုင်ခိုင်လင်း(ခေတ္တ-စင်ကာပူ)၏အဘိုးသည် ၇-၂-၂၀၁၃ ရက်တွင် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

ရတနာဖေယျာသတ္တုတူးဖော်ရေးနှင့် ထုတ်လုပ်ရေးကုမ္ပဏီလီမိတက် မိသားစု

ဝမ်းနည်းကြေကွဲခြင်း

ဘုရား၊ ရဟန်း၊ ကျောင်း ဒါယိကာမကြီး

ဒေါ်ညွန့်ညွန့်(ခ)တော်ဖိတ်လွမ်

အသက်(၉၅)နှစ်

မြန်မာအရှေ့တိုင်းဘဏ်လီမိတက်၏ ဒါရိုက်တာအဖွဲ့ဝင်ဖြစ်သူ ဒေါ်ကြောင်ရှုပ်ဝမ်(ခ)ဒေါ်မြစိန်၏မိခင်သည် ၈-၂-၂၀၁၃ရက် မွန်းလွဲ ၁း၂၅နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

ဒါရိုက်တာအဖွဲ့
မြန်မာအရှေ့တိုင်းဘဏ်လီမိတက်

ဝမ်းနည်းကြေကွဲခြင်း

ဦးသောင်းညွန့် (ဆားတောင်/စစ်ကိုင်း)

အသက် (၉၀)

သူငယ်ချင်း ဒုတိယဗိုလ်မှူးကြီး ကျော်စိန်ဝင်း(လေ)(ငြိမ်း)-ဒေါ်သက်သက်စိန်တို့၏ဖခင် ဦးသောင်းညွန့်သည် ၆-၂-၂၀၁၃ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၆၁)မှ သူငယ်ချင်းများ

ဝမ်းနည်းကြေကွဲခြင်း

ဒုတိယဗိုလ်မှူးကြီးသန်းမောင် (ငြိမ်း)

ကြည်း-၆၂၉၅၊ O.T.S (7)

မော်ကွန်းဝင်တတိယဆင့်

အသက်(၈၇)နှစ်

ဗိုလ်မှူးကျော်ဇေယျ(ငြိမ်း) (ညွှန်ကြားရေးမှူး၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန)၏ဖခင် ဒုတိယဗိုလ်မှူးကြီးသန်းမောင်(ငြိမ်း)သည် ၁၁-၂-၂၀၁၃ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါကြောင်း။

ဝန်ထမ်းမိသားစုများ
ပစ္စည်းစီမံရေးဌာန(နေပြည်တော်/ရန်ကုန်)
မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း

ဝမ်းနည်းကြေကွဲခြင်း

ဒေါ်လှချို (ရွှေဘို)

အသက် (၈၄)နှစ်

သူငယ်ချင်း ဒုတိယဗိုလ်မှူးကြီးမင်းအောင် (လေ) (ငြိမ်း)-ဒေါ်မြင့်မာလာဌေးတို့၏မိခင် ဒေါ်လှချိုသည် ၂၆-၁-၂၀၁၃ ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၆၁)မှ သူငယ်ချင်းများ

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ ရွှေလင်ပန်းစက်မှုဇုန်၊ မြေကွက်အမှတ် (၃၈)၊ ဧရိယာ၂ဒသမ၅ဧကရှိ မြေကွက်အား အင်းစိန်မြို့နယ်၊ နံ့သာမြိုင် (၁)လမ်း၊ အမှတ် ဃ/၂၄၉ နေ ဦးသိန်းထွန်း၏သမီး ဒေါ်ခင်ဝင်းကျော် ၃/မဂတ(နိုင်) ၀၁၃၇၉၄ (၎င်း၏အခွင့်ရကိုယ်စားလှယ် ဦးအာဂျန်ဒရား)မှ **မြေ၏ပိုင်ရှင်ဖြစ်ကြောင်း မြွက်ဟကြေညာ၍ လက်ရောက်ပေးအပ်စေလိုမှု**အား တရားစွဲဆိုခဲ့ရာ ရန်ကုန်မြောက်ပိုင်းခရိုင်တရားရုံး၏ တရားမကြီးအမှုအမှတ် ၂၀၂/၂၀၁၁တွင် ၃၀-၁၁-၂၀၁၁ရက်က အမိန့်ချမှတ်ခဲ့ပါသည်။ ထိုအမိန့်အရ အချင်းဖြစ်မြေကွက်ရှိ ဧရိယာ ၂ဒသမ၄၃၈ ဧကရှိမြေ၏ပိုင်ရှင်မှာ ဒေါ်ခင်ဝင်းကျော်ဖြစ်ကြောင်း မြွက်ဟကြေညာသည့် ဒီကရီကို ရရှိထားပြီးဖြစ်ပါသည်။ ထိုအမိန့်အရ ဒေါ်ခင်ဝင်းကျော် (၎င်း၏အခွင့်ရကိုယ်စားလှယ် ဦးအာဂျန်ဒရား)မှ အချင်းဖြစ်မြေကို သက်ဆိုင်ရာဌာနများတွင် အမည်ပေါက်မြေချပါမစ်လျှောက်ထားပြီး မြေလက်ရောက်ရယူမည်ဖြစ်ပါ၍ ကန့်ကွက်လိုပါက ကြော်ငြာပါသည့်ရက်မှ ၁၄ရက်အတွင်း စာရွက်စာတမ်း အထောက်အထားမူရင်းများ ပြည့်စုံစွာနှင့် ကျွန်ုပ်ထံလာရောက်၍ ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက ၎င်းအထောက်အထားမူရင်းများတင်ပြ ကန့်ကွက်နိုင်ခြင်းမရှိပါက ၎င်းဥပဒေနှင့်အညီ အချင်းဖြစ်မြေကွက်အား မြေချပါမစ်အမည်ပေါက်လျှောက်ထား၍ လက်ရောက်ရယူ ဆောင်ရွက်ပါမည်။

ဒေါ်ခင်ဝင်းကျော် (၎င်းအခွင့်ရကိုယ်စားလှယ် ဦးအာဂျန်ဒရား)၏ လွှဲအပ်ချက်အရ-

ဒေါ်အေးယုနိုင် (LL.B)
တရားလွှတ်တော်ရှေ့နေ (စဉ်-၇၂၁၂)
အမှတ်(၁၂)၊ ကမ်းနားလမ်း၊ ကော့ပြတ်ပိုင်း၊ သနပ်ပင်မြို့၊ ပဲခူးတိုင်းဒေသကြီး

ဘုရား၊ ရဟန်း၊ ကျောင်းဒါယကာကြီး

လီဘွန်ငါး (ခ) ဦးအောင်မြင့် အသက် (၈၁)နှစ်

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ အမှတ် ၂၁(B) မြေညီထပ်၊ ၈၉ လမ်းနေ ဒေါ်တင်တင်လှ၏ခင်ပွန်း၊ ဒေါ်ပို့ပို့-(ဦးခင်မောင်)၊ ဦးမြသောင်း-ဒေါ်ကေသွယ်ဝင်း၊ ဒေါ်စန်းစန်းမြင့်-ဦးကျော်သူ၊ ဦးကျော်မြင့်-ဒေါ်ယုယုသိန်း၊ ဦးစိန်မောင်ထွေး-ဒေါ်ခင်ခင်မြင့်တို့၏ဖခင်၊ မြေးခုနစ်ယောက်တို့၏အဘိုးသည် ၉-၂-၂၀၁၃ ရက်(စနေနေ့)နံနက် ၄း၄၀နာရီတွင် ဗဟိုစည်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ယင်းနေ့နံနက် ၁၁ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

ဒေါ်အေးအေးမွန်

(ဟိုပန်၊ ရှမ်း/မြောက်)

အသက် (၅၀)

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ ပေါက်ကုန်းအပိုင်း(၄)ရပ်ကွက်၊ မဥ္ဇူသက္ကလမ်း၊ အမှတ်၈၁နေ ဒုအရာခံဗိုလ်လှမောင်သာ(ငြိမ်း)၏ဇနီး၊ လွင်ချိုဦး-နီနီအေး၊ မြင့်မြင့်ဝေ၊ လှိုင်ဝင်းထွန်း၊ ညီညီကျော်တို့၏မိခင်၊ မသွင်နှင်းစံ၏အဘွားသည် ၉-၂-၂၀၁၃ ရက် (စနေနေ့) ညနေ ၅ နာရီတွင် ပန်းလှိုင်ဆေးရုံကြီး၌ ကွယ်လွန်သွားပါ၍ ၁၁-၂-၂၀၁၃ ရက် (တနင်္လာနေ့) မွန်းလွဲ ၁ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။

ကျန်ရစ်သူမိသားစု

ဦးစိုးလှ

ဒု-ညွှန်ကြားရေးမှူး

(ကုန်သွယ်ရေးဦးစီးဌာန၊ ငြိမ်း)

ခေတ်မီမိတ္တူ

အသက် (၇၉)နှစ်

ရခိုင်ပြည်နယ်၊ အမ်းမြို့နေ ဦးဘိုးကြဲ-ဒေါ်ပုဆိန်တို့၏သား ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ (၇)ရပ်ကွက်၊ ငထွေးရှူးလမ်း၊ အမှတ် ၇၁၂/ခ နေ ဒေါ်ကြင်လှိုင်၏ခင်ပွန်း၊ ဦးအိုက်မွန်း-ဒေါ်ကြည်ကြည်မြင့် (အထက-၃၊ မ/ဒဂုံ)၊ ဒေါ်ချိုချို (အမက-၉၊ မ/ဒဂုံ)၊ ဦးစိုးဝင်း-ဒေါ်စန်းစန်းဝင်း (ခေတ်မီဓာတ်ပုံ)၊ဦးတိုးဝင်း-ဒေါ်ခင်ဖုန်းမြင့် (ဒဂုံမြင့်သဲကွင်း)တို့၏ဖခင်၊ မြေးရှစ်ယောက်၊ မြစ်တစ်ယောက်တို့၏အဘိုးသည် ၉-၂-၂၀၁၃ ရက်(စနေနေ့) ည ၁၁း၁၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၁-၂-၂၀၁၃ ရက် (တနင်္လာနေ့) မွန်းလွဲ ၁ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။

ကျန်ရစ်သူမိသားစု

ဝမ်းနည်းကြေကွဲခြင်း

သူငယ်ချင်း ဗိုလ်မှူးကြီးစိုးနိုင်ဦး-ဒေါ်သန်းသန်းအေးတို့၏ဖခင် ရဲအုပ်ဦးသက်ရင် (ငြိမ်း) အသက် (၈၃)နှစ်သည် ၇-၂-၂၀၁၃ရက် (ကြာသပတေးနေ့) ညနေ ၃း၀၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

တေဇ(၁၀)မှ သူငယ်ချင်းမိသားစုများ

တစ်လပြည့် လွမ်းဆွတ်သတိရ အမျှပေးဝေခြင်း

ဦးတင်မြင့်ကျော် (ကလေး၀) LL.B

ဆန်းကျမ်းဇေဒ၊ လက္ခဏာပညာရှင်

အသက် (၆၀)

ပြင်ဦးလွင်မြို့၊ အနီးစခန်း၌ မောင်နှမများနှင့် ခွဲခွာခဲ့သည်မှာ ၁၃-၂-၂၀၁၃ရက်တွင် တစ်လပြည့်ပြီဖြစ်ပါသဖြင့် မန္တလေးဇီဝိတဒါနသံဃာ့ဆေးရုံ၌ ဆွမ်း၊ ဆေး၊ နဝကမ္မငွေပဒေသာပင် စိုက်ထူလှူဒါန်းခြင်း၊ ဆရာတော်အရှင်ဇဝန (မေတ္တာရှင်ရွှေပြည်သာ)အား နဝကမ္မငွေလှူဒါန်းခြင်း၊ ရေတွင်းလှူဒါန်းခြင်းကောင်းမှုအစုစုကို အမျှပေးဝေပါသည်။ မြင့်မြတ်ရာဘုံဘဝမှ အမျှရ၍ သာဓုခေါ်ဆိုနိုင်ပါစေ-

ညီအစ်ကိုမောင်နှမများ
ဒေါ်ခင်မာ၊ ဒေါ်တင်တင်အောင်၊ ဒေါ်စောရီ
ဦးထွားစိန်-ဒေါ်ဝင်းမေ
ဦးတင်မောင်အေး-ဒေါ်ခင်နွဲ့ရီ
ဦးခင်မောင်ဖြူ-ဒေါ်မီမီနိုင်

ပြည်တွင်းသတင်းနှင့်ကြော်ငြာ

အမျိုးသားတံခွန်စိုက်တင်းနစ်ပြိုင်ပွဲ ဗိုလ်လုပွဲများနှင့် ဆုချီးမြှင့်ပွဲကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၁၂

အပြည်ပြည်ဆိုင်ရာ တင်းနစ်ပြိုင်ပွဲများတွင် အောင်မြင်မှုရရှိစေရေးအတွက် မြန်မာ့လက်ရွေးစင် တင်းနစ်အသင်း၌ အခြေခံနိုင်မည့် လက်စွမ်းလက်စရှိသော အလားအလာကောင်းသော တင်းနစ်အားကစားသမားများအား ရွေးချယ်ရန်အတွက် ရည်ရွယ်ကျင်းပသည့် အမျိုးသားတံခွန်စိုက် တင်းနစ်ပြိုင်ပွဲ ဗိုလ်လုပွဲများနှင့် ဆုချီးမြှင့်ပွဲ အခမ်းအနားများကို ဖေဖော်ဝါရီ ၉ ရက် ညနေပိုင်းတွင် ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ် သိမ်ဖြူတင်းနစ်ကွင်း၌ ကျင်းပသည်။

ရှေးဦးစွာ ကျန်ရှိသော ဗိုလ်လုပွဲစဉ်များကို ကျင်းပပြီး ဆုချီးမြှင့်ပွဲကို ဆက်လက်ကျင်းပရာ မြန်မာနိုင်ငံ တင်းနစ်အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးအောင်မော်သိန်းက အမျိုးသားအလွတ်တန်း တစ်ဦးချင်းပြိုင်ပွဲတွင် ပထမ မင်းမင်း၊ ဒုတိယ အောင်ကျော်နိုင်၊ ပူးတွဲတတိယရရှိကြသော မျိုးလွင်ဦး (အား/ကာ)နှင့် ဝင်းနိုင်ဦးတို့အား ဆုတံဆိပ်များနှင့် ဆုကြေးငွေများကို ပေးအပ်ချီးမြှင့်ပြီး မြန်မာနိုင်ငံ တင်းနစ်အဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဗိုလ်မှူးကြီးဝင်းဆွေ(ငြိမ်း)က အမျိုးသားအလွတ်တန်း နှစ်ယောက်တွဲ ပြိုင်ပွဲတွင် ပထမ တင်မာဝင်း-ဖြိုးမင်းသာအတွဲ၊ ဒုတိယ မင်းမင်း-အောင်ကျော်နိုင်အတွဲ၊ ပူးတွဲတတိယ ရရှိကြသော မျိုးလွင်-ကျော်စံဝင်း အတွဲတို့နှင့် အောင်မျိုးသန့်-ဟိန်းလှထူးအတွဲတို့အား ဆုတံဆိပ်နှင့် ဆုကြေးငွေများကို ပေးအပ်ချီးမြှင့်ကြသည်။

အမျိုးသား ၃၅ နှစ်နှင့်အထက် တစ်ဦးချင်းပြိုင်ပွဲတွင် ပထမ ခင်မောင်ဝင်း၊ ဒုတိယ မျိုးလွင်ဦး၊ အမျိုးသား ၄၅ နှစ်နှင့်အထက် တစ်ဦးချင်းပြိုင်ပွဲတွင် ပထမအောင်မိုး၊ ဒုတိယ အေးထွန်း၊ အမျိုးသား ၅၅ နှစ်နှင့် အထက် တစ်ဦးချင်းပြိုင်ပွဲတွင် ပထမ ဦးသိန်းအောင်၊ ဒုတိယ ဦးမြင့်ဦး၊ အမျိုးသား ၆၀ နှစ်နှင့်အထက် တစ်ဦးချင်းပြိုင်ပွဲတွင် ပထမဦးမြင့်ဦး၊ ဒုတိယ ဦးတင်ကြည်၊ အမျိုးသား ၆၀ နှစ်နှင့်အထက် နှစ်ယောက်တွဲ ပြိုင်ပွဲတွင် ပထမ ဦးဇော်လေး-ဦးတင်ကြည်အတွဲ၊ ဒုတိယဦးမျိုးညွန့်-ဦးခင်ဝင်းအတွဲတို့က အသီးသီးရရှိကြပြီး ဆုများကို တာဝန်ရှိသူများက ပေးအပ်ကြကြောင်း သိရှိရသည်။

(မောင်ကျော်)

အထူးဝမ်းနည်းကြေကွဲခြင်း

၁၁-၂-၂၀၁၃ရက်တွင် ကွယ်လွန်သွားခဲ့သော ဒုတိယဗိုလ်မှူးကြီးသန်းမောင် (ငြိမ်း) ကြည်း-၆၂၉၅၊ O.T.S (7) မော်ကွန်းဝင်(တတိယဆင့်)အတွက် ကျန်ရစ်သူမိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။ ပြုခဲ့ဖူးသော ကုသိုလ်ကောင်းမှုအစုစုတို့ကြောင့် မြင့်မြတ်သောဘုံဘဝ၌ အေးချမ်းသာယာနိုင်ပါစေ။

ဦးဦးဖွန်း-ဒေါ်နွဲ့နွဲ့ဝင်း
မိသားစု

အထူးဝမ်းနည်းကြေကွဲခြင်း

၁၀-၂-၂၀၁၃ရက်တွင် ဦးဇော်လင်းထွန်း(ပြည်နယ်အုပ်ချုပ်ရေးမှူး၊ မွန်ပြည်နယ်)-ဒေါ်စန်းစန်းလွင်တို့၏မိခင်ကြီး ဒေါ်နှင်းရီ(လက်ပံတန်းမြို့) အသက် (၈၃)နှစ်သည် ကွယ်လွန်သွားကြောင်း သိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

ဦးညီညီထွေး
Managing Director
Yar Zar Min Co., Limited

MRTV-4

၁၃-၂-၂၀၁၃ (ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

၅:၀၀	ကုသိုလ်ပြုနည်း တရားတော် (ဆရာတော်ဓမ္မဒူတ အရှင်ပညာဝရ)
၉:၀၅	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **လေညင်းလေးရဲ့ပျော်ရွှင်မှု** (အပိုင်း-၁၈)
၉:၄၀	လက်ကမ်းသင့်လှပရဟိတ
၁၀:၃၅	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **မေတ္တာမှန်လျှင်** (အပိုင်း-၂၀)
၃:၀၀	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ချိုမြိန်သောဘဝလေး** (အပိုင်း-၉၉)
၆:၀၀	MRTV-4 သတင်း
၆:၁၅	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ချိုမြိန်သောဘဝလေး** (အပိုင်း-၁၀၀)
၉:၃၀	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **လေညင်းလေးရဲ့ပျော်ရွှင်မှု** (အပိုင်း-၁၉)
၁၂:၃၀	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **မေတ္တာမှန်လျှင်** (အပိုင်း-၂၁)
၁:၂၀	**ချစ်တတ်ကြရအောင်** ထွန်းထွန်းဝင်း၊အောင်ရဲလင်း၊ ချစ်စနိုးဦး၊သန်းသန်းစိုး ဒါရိုက်တာ- သိန်းဟန်(ဖီးနစ်)

မြောက်ပိုင်းစွန်းဒေသများနေရာကွက်ကျားမိုးအနည်းငယ်ရွာနိုင်

နေပြည်တော် ဖေဖော်ဝါရီ ၁၂

ယနေ့နံနက် ၉ နာရီခွဲအထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်မှာ လွန်ခဲ့သော ၂၄ နာရီအတွင်းက တနင်္သာရီတိုင်းဒေသကြီးနှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာခဲ့ပြီး စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ရန်ကုန်တိုင်းဒေသကြီး၊ ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့ကာ ကျန်တိုင်းဒေသကြီးနှင့်ပြည်နယ်တို့တွင် အများအားဖြင့် သာယာခဲ့သည်။ ညအပူချိန်များမှာ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ ကယားပြည်နယ်နှင့် ကရင်ပြည်နယ်တို့တွင် ဖေဖော်ဝါရီလ၏ ပျမ်းမျှအပူချိန်တို့ထက် ၃ ဒီဂရီစင်တီဂရိတ်မှ ၄ ဒီဂရီစင်တီဂရိတ်အထိ၊ မကွေးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်(တောင်ပိုင်း)နှင့် မွန်ပြည်နယ်တို့တွင် ဖေဖော်ဝါရီလ၏ ပျမ်းမျှအပူချိန်တို့ထက် ၅ ဒီဂရီစင်တီဂရိတ်ပိုခဲ့ပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် ဖေဖော်ဝါရီလ၏ ပျမ်းမျှအပူချိန်ခန့်သာရှိခဲ့သည်။ ထူးခြားသည့်ညအပူချိန်မှာ ဟားခါးမြို့တွင် ၄ ဒီဂရီစင်တီဂရိတ် ဖြစ်သည်။ မှတ်သားဖွယ်ရာမိုးရေချိန်မှာ မုဒုံမြို့တွင် ၀ ဒသမ ၀၄ လက်မ ဖြစ်သည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ဘင်္ဂလားပင်လယ်အော် အနောက်တောင်ပိုင်းတွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းနေသည်။

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ လှိုင်းအသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ မြန်မာနိုင်ငံ မြောက်ပိုင်းစွန်းဒေသများတွင် နေရာကွက်ကျား မိုးအနည်းငယ်ရွာနိုင်သည်။

နေပြည်တော်နှင့်အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့်မှ တိမ်ထူထပ်မည်။

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

ရေကြောင်းသတိပေးချက်ထုတ်ပြန်

နေပြည်တော် ဖေဖော်ဝါရီ ၁၂

မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းနှင့် ရေနံရှာဖွေတူးဖော်ရေးလုပ်ငန်းများတွင် အကျိုးတူပူးပေါင်းဆောင်ရွက်လျက်ရှိသော MPRL E & P Pte.,Ltd. သည် ရခိုင်ကမ်းလွန်လုပ်ကွက်အမှတ် A-6 ၌ 3D Marine Seismic Acquisition Survey တိုင်းတာရေးလုပ်ငန်းများကို တိုင်းတာရေးရေယာဉ် MV POLARCUS ADIRA ဖြင့် ဖေဖော်ဝါရီ ၁၄ ရက်မှ မတ် ၃၁ ရက်အထိ ဆောင်ရွက်သွားမည်ဖြစ်သည်။

3D Marine Seismic Acquisition Survey တိုင်းတာရေးလုပ်ငန်းများဆောင်ရွက်မည့် ဧရိယာ တည်နေရာများမှာ Point 1 မြောက်လတ္တီတွဒ် ၁၇ ဒီဂရီ ၁၉ မိနစ် ၃၅ ဒသမ ၂၀ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၃ ဒီဂရီ ၅၆ မိနစ် ၅၁ ဒသမ ၉၉ စက္ကန့်၊ Point 2 မြောက်လတ္တီတွဒ် ၁၇ ဒီဂရီ ၀၅ မိနစ် ၃၁ ဒသမ ၁၅ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၀၁ မိနစ် ၁၁ ဒသမ ၉၁ စက္ကန့်၊ Point 3 မြောက်လတ္တီတွဒ် ၁၇ ဒီဂရီ ၀၅ မိနစ် ၃၁ ဒသမ ၈၅ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၀၀ မိနစ် ၁၇ ဒသမ ၉၀ စက္ကန့်နှင့် Point 4 မြောက်လတ္တီတွဒ် ၁၆ ဒီဂရီ ၄၇ မိနစ် ၄၆ ဒသမ ၈၇ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၃ ဒီဂရီ ၅၇ မိနစ် ၃၇ ဒသမ ၈၆ စက္ကန့်၊ Point 5 မြောက်လတ္တီတွဒ် ၁၆ ဒီဂရီ ၄၇ မိနစ် ၅၁ ဒသမ ၅၁ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၃ ဒီဂရီ ၄၇ မိနစ် ၅၄ ဒသမ ၆၇ စက္ကန့်၊ Point 6 မြောက်လတ္တီတွဒ် ၁၆ ဒီဂရီ ၅၇ မိနစ် ၁၅ ဒသမ ၄၀ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၃ ဒီဂရီ ၃၉ မိနစ် ၁၁ ဒသမ ၃၃ စက္ကန့်၊ Point 7 မြောက်လတ္တီတွဒ် ၁၇ ဒီဂရီ ၀၈ မိနစ် ၅၃ ဒသမ ၄၆ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၃ ဒီဂရီ ၃၉ မိနစ် ၁၃ ဒသမ ၄၀ စက္ကန့်နှင့် Point 8 မြောက်လတ္တီတွဒ် ၁၇ ဒီဂရီ ၀၈ မိနစ် ၅၂ ဒသမ ၄၄ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၃ ဒီဂရီ ၄၃ မိနစ် ၅၀ ဒသမ ၉၀ စက္ကန့်နှင့် Point 9 မြောက်လတ္တီတွဒ် ၁၇ ဒီဂရီ ၁၉ မိနစ် ၃၈ ဒသမ ၂၄ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၃ ဒီဂရီ ၄၆ မိနစ် ၁၈ ဒသမ ၈၃ စက္ကန့်အတွင်းတွင် ဖြစ်သည်။

သို့ဖြစ်ပါ၍ ရခိုင်ကမ်းလွန်လုပ်ကွက်အမှတ် A-6 တွင် 3D Marine Seismic Acquisition Survey တိုင်းတာရေးလုပ်ငန်းများကို တိုင်းတာရေးရေယာဉ် MV POLARCUS ADIRA ဖြင့် ဆောင်ရွက်နေစဉ် ကာလအတွင်း လုပ်ငန်းများနှောင့်နှေးကြန့်ကြာမှုမဖြစ်ပေါ်စေရေးအတွက် ဖော်ပြပါလုပ်ငန်းခွင်ဧရိယာမှ ၄ ကီလိုမီတာပတ်လည်အတွင်းအား ရေကြောင်းသတိပေးချက် (Notice to Mariners) ထုတ်ပြန်ကြေညာထားပါ၍ သင်္ဘောကြီးငယ်များ၊ ကုန်တင်စက်လှေများ၊ ငါးဖမ်းသင်္ဘောများ၊ စက်တပ်သမ္ဗန်များ ဖြတ်သန်းသွားလာခြင်း၊ ကျောက်ချရပ်နားထားခြင်း၊ ငါးဖမ်းဆီးခြင်းနှင့် ငါးဖမ်းကိရိယာများ ချထားခြင်းများ မပြုလုပ်ကြရန် ငါးလုပ်ငန်းဦးစီးဌာနက အသိပေးကြေညာထားသည်။

(သတင်းစဉ်)

ဘုရား၊ရဟန်း၊ကျောင်းဒါယကာကြီး
ဦးတင်စိန်

လျှပ်စစ်စက်ကြီးကြပ်ရေး၊ အင်/ယာ(ငြိမ်း)
အမှတ်(၁)ရေနံချက်စက်ရုံ(သန်လျင်)
ကျိုက်ခေါက်စေတီတော်
ဂေါပကအဖွဲ့၊ နာယက
အသက်(၉၁)နှစ်

အမှတ် ၁၀၊မစိုးရိမ်လမ်း၊မြို့ဟောင်းအလယ်ရပ်ကွက်၊သန်လျင်မြို့နေ (ဦးအဖူး-ဒေါ်ဖြူဥ)တို့၏သား၊ (ဒေါ်သန်းရင် ဌာနခွဲမှူး၊ ငြိမ်း၊ စက်မှု-၁)၏ခင်ပွန်း၊ (ဦးရွှေသာ-ဒေါ်ကြင်)၊ (ဦးကျန်းငွေ-ဒေါ်စန်းတင်)၊ (ဦးကျန်းရှိန်-ဒေါ်သောင်း)၊ (ဦးဘဝင်း-ဒေါ်နှင်းကြည်)တို့၏ညီ/မောင်၊ (ဦးသိန်းချစ်)-ဒေါ်ခင်စိန်၊(ဦးစောလွင်)-ဒေါ်ဆွေဆွေဝင်းတို့၏ အစ်ကို၊ တူ၊ တူမ ၁၇ယောက်တို့၏ ဘကြီး၊ဦးလေးသည် ၁၁-၂-၂၀၁၃ရက် (တနင်္လာနေ့)ညနေ ၄နာရီတွင်ကွယ်လွန်သွားပါသဖြင့် ၁၃-၂-၂၀၁၃ရက်(ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁နာရီတွင် ပျဉ်ထောင်ကျောင်းသုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှ ကားများ မွန်းတည့် ၁၂နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
ဒေါ်လိပ်ဖွ(ခ)ဒေါ်ကျင်အေး

(ကျောက်တန်း)
အသက်(၈၂)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ကျောက်တန်းမြို့နယ်၊ အလယ်ပိုင်းရပ်ကွက်၊ ကမ်းနားလမ်း၊ အမှတ် ၁၆၁/ကနေ (ဦးခဲသွန်-ဒေါ်ကျင်မြ)တို့၏သမီး၊(ဦးချစ်မောင်)၏ ဇနီး၊ ကိုမြင့်သိန်း-မခင်ခင်၊(မတင်ဝင်း)၊ မတင်မြင့်၊(မောင်မြင့်ငြိမ်း)-မမိမိ၊ မခင်အေး၊ ကိုအေးကျော်-မခင်ငွေး၊မောင်မြင့်ရွှေ၊မတင်တင်မာတို့၏မိခင်၊မြေး၊ခြောက်ယောက်၊ မြစ်ငါးယောက်တို့၏အဘွားသည် ၁၀-၂-၂၀၁၃ရက်(တနင်္ဂနွေနေ့) ည ၈း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၄-၂-၂၀၁၃ရက်(ကြာသပတေးနေ့) မွန်းလွဲ ၁နာရီတွင် ကျောက်တန်းမြို့ တရုတ်သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ ကျောင်း ဒါယကာကြီး
ဦးစိန်

သာကေတ(ကျောက်ချောင်းရွာ)
အသက်(၈၀)

အမှတ် ၄၈၁၊ နဝရတ်လမ်းကျယ်၊ (၈)ရပ်ကွက်၊ သာကေတမြို့နယ်နေ ဒေါ်စိန်ရင်၏ခင်ပွန်း၊ ဦးဝင်းကြည်-ဒေါ်ငွေငွေဝင်း၊ (ကိုကျော်ငွေ)၊ မသန်းသန်းဆင့်၊ကိုစန်းမောင်-မစိန်မေတင်(ဆောင်းလပြည့်)၊ ကိုသန်းဆွေ-မတင်မိုးဆွေ၊ မောင်လွင်မြင့်-မသန္တာအေးတို့၏ ဖခင်၊ မြေး ခြောက်ယောက်တို့၏ အဘိုးသည် ၁၂-၂-၂၀၁၃ရက် (အင်္ဂါနေ့) နံနက် ၃း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၄-၂-၂၀၁၃ရက် (ကြာသပတေးနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ ၁နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

ဒေါ်တင်တင်ညို(ထန်းတပင်)

B.Sc, PGDMA, B.Ed
အလက(၂)ကမာရွတ်
အသက်(၄၆)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ ထန်းတပင်မြို့၊ (၁)ရပ်ကွက်နေ ဦးငွေတင်-ဒေါ်ကျင်လှိုင်တို့၏သမီး၊ ဒေါ်အေးအေးခိုင်၊ ဦးဇော်ဝင်းမော်-ဒေါ်မြင့်မြင့်ခိုင်၊ ဦးမင်းမင်းအောင်-ဒေါ်မေမြတ်နိုး၊ ဦးညီညီအောင်-ဒေါ်ဇင်မာဝင်းတို့၏ အစ်မသည် ၁၁-၂-၂၀၁၃ရက် (တနင်္လာနေ့) ည ၉း၂၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၃-၂-၂၀၁၃ရက် မွန်းလွဲ ၁နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။(နေအိမ်မှကားများ နံနက် ၁၁း၃၀နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

ဒေါ်သောင်းသောင်း

အသက်(၇၆)နှစ်

မန္တလေးတိုင်းဒေသကြီး၊ ဝမ်းတွင်းမြို့၊ မိုးစက်မှု၊ အမှတ်(၁)ရပ်ကွက်နေ (ဦးသိန်းမောင်-ဒေါ်စံ)တို့၏သမီး၊ (ဦးမောင်မောင်လေး)၏ဇနီး၊ ဒေါ်မိုးသန္တာ၊ ဦးမိုးကျော်သူ-ဒေါ်စန္ဒာ၊ ဦးကျော်ကျော်-ဒေါ်မြကလျာ၊ ဒေါ်မြနန္ဒာ၊ ဦးမိုးမင်းသူ၊ ဦးပြေသိန်း-ဒေါ်မိမိကလျာတို့၏မိခင်သည် ၁၁-၂-၂၀၁၃ရက် (တနင်္လာနေ့) ညနေ ၄နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၃-၂-၂၀၁၃ရက် (ဗုဒ္ဓဟူးနေ့) ညနေ ၃နာရီတွင် ဝမ်းတွင်းမြို့သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။

ကျန်ရစ်သူမိသားစု

ရဟန်း၊ ကျောင်း ဒါယိကာမကြီး
ဒေါ်အေးအေးရှင် (ဌာနခွဲမှူး၊ ငြိမ်း)

(အဆင့်မြင့်ပညာဦးစီးဌာန၊ နိုင်ငံခြားဆက်သွယ်ရေးဌာနခွဲ)
အသက်(၆၅)နှစ်

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်နေ (ဦးဘရှင်-ဒေါ်တင်တင်)တို့၏ သမီး၊ (ဒေါ်စန်းစန်းရှင်)၊ ဦးဝင်းမောင်၊ ဒေါ်ခင်မမ(စီးပွားရေးတက္ကသိုလ်၊ ငြိမ်း)၊ ဒေါ်ခင်မြမြ၊ ဦးဇော်ရှင်၊ ဒေါ်တင်တင်နီ၊ ဒေါက်တာကျော်ရှင်၊ ဒေါ်စန်းစန်းကြူတို့၏ညီမ၊ (ဦးခင်ဝင်း)၏ဇနီး၊ နေပြည်တော်၊ ဥတ္တရသိဒ္ဓိရပ်ကွက်၊ တိုက် ၃၃၂၇၊ အခန်း ၁၁နေ ရဲအုပ်လွင်ဦး၊ ရဲတပ်ကြပ်ကြီးရွှေချော၊ (မညိုချော)တို့၏မိခင်၊ မောင်အောင်ချမ်းပြည့်၏အဘွားသည် ၁၁-၂-၂၀၁၃ရက် ည ၈း၃၀နာရီတွင် နေပြည်တော်၌ကွယ်လွန်သွားပါသဖြင့် ၁၃-၂-၂၀၁၃ရက် မွန်းလွဲ ၁နာရီတွင် နေပြည်တော်(ခုတင်-၁၀၀၀)ဆေးရုံမှ ကျေးကြီးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း အသိပေးအပ်ပါသည်။(နေအိမ်မှကားများ မွန်းတည့် ၁၂နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

ဒေါ်သန်းသန်းနွဲ့ (နေပြည်တော်)

ပျဉ်းမနား
အသက်(၆၀)

နေပြည်တော်၊ ပျဉ်းမနားမြို့၊ ရန်အောင်(၁)၊ ဗိုလ်တောက်ထိန်လမ်းနေ (ဦးဗိုလ်-ဒေါ်သိန်း)တို့၏သမီး၊ (ဦးခင်မောင်-ဒေါ်မြလေး)တို့၏သမီးချွေးမ၊ ဦးသိန်းဇော်၏ဇနီး၊ ကိုအောင်ဇော်လင်း-မညွန့်ညွန့်သန်း၊ ကိုအောင်ဇော်ဦး-မရီဝါဇော်၊ ကိုအောင်ဇော်မင်း-မဖြူဖြူဖြိုး၊ မနီလာရွှေတို့၏မိခင်၊ မခင်ဇေယျာလင်း၊ မင်းခန့်အောင်၊ ဖြိုးဇော်အောင်တို့၏အဘွား၊ ဦးစိုးတင့်၏ညီမ၊ ဦးသန်းထွန်း-ဒေါ်ဥမ္မာ၊ ဦးသန်းကျော်-ဒေါ်တင်တင်မေ၊ ဦးခင်ကျော်-ဒေါ်မာဦး၊ (ဦးခင်ဇော်)-မချောစုတို့၏အစ်မသည် ၁၁-၂-၂၀၁၃ရက် (တနင်္လာနေ့) ညနေ ၄း၂၀နာရီတွင် ကွယ်လွန်သွားပါ၍ ၁၃-၂-၂၀၁၃ရက်(ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ [အမှတ် ၁၄၈၀(က)၊ တကောင်းလမ်း၊ (၁၆)ရပ်ကွက်၊ လှိုင်သာယာမြို့နယ်နေအိမ်မှကားများ မွန်းတည့် ၁၂နာရီတွင် ထွက်ခွာပါမည်။] ကျန်ရစ်သူမိသားစု

ဝမ်းနည်းကြေကွဲခြင်း

ဦးခင်ဝင်း(ခ)ဦးကျော်ထင် B.Sc (Geology)-1974

အသက်(၆၀)

ဒေါ်အေးအေးမူ(အထက-၃၊ ရွှေပြည်သာ)၏ချစ်လှစွာသောခင်ပွန်း ဦးခင်ဝင်း(ခ)ဦးကျော်ထင်သည် ၁၁-၂-၂၀၁၃ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

Geology-1974, RASU မှသူငယ်ချင်းများ

ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
ဦးအောင်သန်း (ထားဝယ်)

အသက်(၆၉)နှစ်

ထားဝယ်မြို့နေ ဦးသီးရွှေ-ဒေါ်ရှိန်တို့၏တစ်ဦးတည်းသောသား၊ ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ သီတာရပ်ကွက်၊ အင်ကြင်းလမ်း၊အမှတ် ၁၄နေ ဒေါ်တင်ရီ၏ခင်ပွန်း၊ (ကိုအောင်နိုင်ဦး-မဆန်းညွန့်)၊ကိုနိုင်-မမြင့်မြင့်စိန်၊မအေးအေး၊ မောင်ဝဏ္ဏအောင် (ရိုးမဘဏ်)၊ မခင်မာလွင် (အထက်တန်းရှေ့နေ)တို့၏ ဖခင်၊ မချောချော၏အဘိုးသည်၁၀-၂-၂၀၁၃ရက် ညနေ ၄း၃၀နာရီတွင် အာရှတော်ဝင် အထူးကုဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၁၄-၂-၂၀၁၃ရက် (ကြာသပတေးနေ့) ညနေ ၃နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁း၃၀နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

ခရစ်တော်၌အိပ်ပျော်ခြင်း
ဒေါ်မေသန့်ချစ်ခင်(ခ)

Pamu Sunshine (LL.B)
အသက်(၄၀)

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ ကြို့ကုန်းရိပ်သာ၊ အမှတ် ၂၈/စနေ ဦးချစ်ခင်-ဒေါ်စဝ်ဆိုင်လင်းတို့၏သမီးကြီး၊ မေခန့်ချစ်ခင်၊ မေစန္ဒာချစ်ခင်၊ (နောင်ချစ်ခင်)၊ ညီချစ်ခင်တို့၏အစ်မသည်၁၁-၂-၂၀၁၃ ရက် (တနင်္လာနေ့) ည ၈း၄၀နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး အဆောင် ၃/၄တွင် ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ၁၃-၂-၂၀၁၃ရက် (ဗုဒ္ဓဟူးနေ့) နံနက်၁၀နာရီတွင်ရေဝေးခရစ်ယာန်ဂိုဏ်းပေါင်းစုံသုသာန်၌ ဝတ်ပြုဆုတောင်းပြီး ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ ကျန်ရစ်သူမိသားစု

ဒေါ်တင်ရီ

(ဗဟန်းမြို့နယ်၊ သ/မဦးစီး၊ငြိမ်း)
အသက်(၆၃)နှစ်

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ဆရာစံမြောက်/အရှေ့ရပ်ကွက်၊ အရှေ့အာဇာနည်လမ်း၊ တိုက် ၆၊ အခန်း ၄-ခနေ (ဦးတင်စိုး၊ ထွေ/အုပ်၊ ငြိမ်း)၏ဇနီး၊ (ကိုဟိန်းထက်စိုး)၊ ကိုဌေးလွင်သန်း (Oak Soe San Tdg Co., Ltd.)-မခင်ယမုံစိုး(Aung Hein Min Co., Ltd.)၊ ကိုဝေဖြိုး(ခေတ္တ-မလေးရှား)တို့၏မိခင်၊ မသွန်းဖြူစင်ထက်၏ ဘွားဘွားသည် ၁၂-၂-၂၀၁၃ရက် (အင်္ဂါနေ့) နံနက် ၂ နာရီတွင် ကွယ်လွန်သွားပါ၍ ၁၆-၂-၂၀၁၃ရက် (စနေနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းလွဲ ၁နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

ဒေါ်မာမာတင်

(မာကိုဂျူး-စတိုး)
အသက်(၄၈)နှစ်

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၃)ရပ်ကွက်၊ ယသဝတီလမ်း၊ အမှတ် ၉၅၀နေ (ဦးကြည်အေး-ဒေါ်ဝင်းစိန်)တို့၏သမီး၊ ဦးအေးဝင်း၏ဇနီး၊ မဝင်းနန္ဒာလွင်(ခ)ဂျူးဂျူး(အထက-၂၊ ကမာရွတ်၊ နဝမတန်း၊ Grade-D)၏မိခင်သည် ၁၂-၂-၂၀၁၃ရက် (အင်္ဂါနေ့) မွန်းတည့် ၁၂နာရီတွင် စံပြဆေးရုံကြီး၌ ကွယ်လွန်သွားပါ၍ ၁၄-၂-၂၀၁၃ရက် (ကြာသပတေးနေ့) ညနေ ၄နာရီတွင် ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ မိတ်သင်္ဂဟအပေါင်းတို့အား သိစေအပ်ပါသည်။ (နေအိမ်မှကားများ ညနေ ၃နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

ပြန်ကြားရေးဝန်ကြီးဌာန၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၊ မြန်မာ့အလင်းသတင်းစာတိုက်၊ ရန်ကုန်-မန္တလေးလမ်းဟောင်း၊ ခရေပင်လမ်းခွဲ၊ ဇေယျာသီရိမြို့နယ်၊ နေပြည်တော်တွင် ထုတ်ဝေသည်။ နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၆၊ မေးလ် mmalin.npt @ gmail.com၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ ကြော်ငြာ ၀၁-၅၄၅၈၃၄။ R /488



နိုင်ငံတော်အလံအား အလေးပြု

ပြည်ထောင်စုနေ့ကျင်းပရေး ဗဟိုကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အလံအား အလေးပြုစဉ်။ (သတင်းစဉ်)

၂၀၁၃ ခုနှစ် (၆၆)နှစ်မြောက် ပြည်ထောင်စုနေ့

နိုင်ငံတော်အလံတင်အခမ်းအနားနှင့် နိုင်ငံတော်အလံအလေးပြုပွဲအခမ်းအနားကျင်းပ

နေပြည်တော် ဖေဖော်ဝါရီ ၁၂

ပြည်ထောင်စုကြီး ထာဝရတည်တံ့ခိုင်မြဲရေးနှင့် တိုင်းရင်းသားအားလုံး ပြည်ထောင်စုစိတ်ဓာတ် မွေးမြူရေး၊ ပြည်ထောင်စုကြီးအတွင်း တိုင်းရင်းသားအားလုံး ဥမကွဲသိုက်မပျက် အတူတကွ ပူးပေါင်းနေထိုင်ရေး ရရှိထားပြီးဖြစ်သည့် အမျိုးသားပြန်လည်စည်းလုံးညီညွတ်မှုကို ခိုင်မာအောင် တည်ဆောက်ရေး၊ တိုင်းပြည်တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးကို နိုင်ငံသားအားလုံး အသိစိတ်ဓာတ်ဖြင့် ပါဝင်ဆောင်ရွက်ရေး၊ ခေတ်မီဖွံ့ဖြိုးတိုးတက်ပြီး စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်ကြီးဖြစ်ထွန်းလာစေရန် ပြည်ထောင်စုဖွား တိုင်းရင်းသားအားလုံးက ဥပဒေနှင့်အညီ တက်ညီလက်ညီ ဝိုင်းဝန်းကြိုးပမ်းတည်ဆောက်ရေးဟူသည့် အမျိုးသားရေးဦးတည်ချက်များနှင့်အညီ အနှစ်သာရပြည့်ဝစွာ ကျင်းပသည့် ၂၀၁၃ ခုနှစ် (၆၆)နှစ်မြောက် ပြည်ထောင်စုနေ့ နိုင်ငံတော်အလံတင် အခမ်းအနားနှင့် နိုင်ငံတော်အလံအလေးပြုပွဲအခမ်းအနားတို့ကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော် မြို့တော်ခန်းမဥပစာရင်ပြင်၌ ကျင်းပရာ နိုင်ငံတော်သမ္မတ အဂ္ဂမဟာသရေစည်သူ၊ အဂ္ဂမဟာသီရိသုဓမ္မ ဦးသိန်းစိန်ထံမှ ၂၀၁၃ ခုနှစ် (၆၆)နှစ်မြောက် ပြည်ထောင်စုနေ့အခမ်းအနားသို့ပေးပို့သော သဝဏ်လွှာကို ပြည်ထောင်စုနေ့ ကျင်းပရေး ဗဟိုကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း တက်ရောက်၍ ဖတ်ကြားသည်။

နံနက် ၅ နာရီမှစတင်၍ အခမ်းအနားသို့ တက်ရောက်ကြမည့် ဌာနဆိုင်ရာများမှဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ တိုင်းရင်းသား တိုင်းရင်းသူများသည် စုရပ်အသီးသီးမှ အခမ်းအနားကျင်းပမည့် မြို့တော်ခန်းမ ဥပစာရင်ပြင်ရှိ သတ်မှတ်နေရာများသို့ စနစ်တကျဝင်ရောက်နေရာယူကြသည်။

ထို့နောက် နံနက် ၅ နာရီခွဲတွင် ၂၀၁၃ ခုနှစ် (၆၆)နှစ်မြောက် ပြည်ထောင်စုနေ့ နိုင်ငံတော်အလံတင်အခမ်းအနားကို စတင်ကျင်းပရာ တိုင်းရင်းသား တိုင်းရင်းသူများနှင့်အတူ အလံတင်တပ်စုက ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အလံအား လွှင့်တင်ပေးသည်။

၂၀၁၃ ခုနှစ် (၆၆)နှစ်မြောက် ပြည်ထောင်စုနေ့ နိုင်ငံတော်အလံအလေးပြုပွဲ အခမ်းအနားကို နံနက် ၇ နာရီတွင်ကျင်းပရာ တပ်မတော် (ကြည်း၊ ရေ၊ လေ) ဂုဏ်ပြုတပ်ဖွဲ့က မြို့တော်ခန်းမဥပစာရင်ပြင်သို့ချီတက်နေရာယူကြသည်။

ယင်းနောက် (၆၆)နှစ်မြောက် ပြည်ထောင်စုနေ့ကျင်းပရေး ဗဟိုကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတ ဒေါက်တာ စိုင်းမောက်ခမ်းသည်

စာမျက်နှာ ၉ ကော်လံ ၃ ❖

ကချင်၊ ချင်း၊ ကရင်တို့ရွှေတံဆိပ်များဆွတ်ခူးခဲ့သည့်ပြည်ထောင်စုအစိုးရဖလား ကာယဗလနှင့် အမျိုးသမီးကာယကြံ့ခိုင်မှု အားကစားပြိုင်ပွဲ (၂၀၁၃)

သတင်းဆောင်းပါး
မောင်မောင်မြင့်ဆွေ

ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)

ရန်ကုန် ဖေဖော်ဝါရီ ၁၂

ကျန်းမာမှု၊ ကြံ့ခိုင်မှု၊ သန်စွမ်းမှုတို့ကို ဖော်ညွှန်းပြသသည့် ပြည်ထောင်စုအစိုးရအဖွဲ့ဖလား ကာယဗလနှင့်အမျိုးသမီးကာယကြံ့ခိုင်မှုအားကစားပြိုင်ပွဲ (၂၀၁၃)ကို ရန်ကုန်မြို့ မင်းဓမ္မလမ်းရှိ မြန်မာကွန်ဗင်းရှင်းစင်တာ၌ ဖေဖော်ဝါရီ ၁၂ရက်က ကျင်းပရာ တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးမှ ပြိုင်ပွဲဝင်များက စိတ်လှုပ်ရှားဖွယ်ရာပြကွက်များဖြင့် ယှဉ်ပြိုင်ခဲ့ကြပြီး ကချင်၊ ချင်း၊ ကရင်ပြိုင်ပွဲဝင်တို့ ရွှေတံဆိပ်များ ဆွတ်ခူးခဲ့ကြသည်။

မြန်မာကွန်ဗင်းရှင်းစင်တာခန်းမကြီးအတွင်း မီးရောင်များဖြာကျနေသော စင်မြင့်ထက်၌ ပြိုင်ပွဲဝင် အမျိုးသားများက ဖုထစ်သောကြွက်သား၊ ကျစ်လျစ်သော ခန္ဓာကိုယ်၊ ကျယ်စွင့်ပြန့်ကားသော ရင်အုပ်၊ အပြိုင်းပြိုင်းထနေသော လက်မောင်း၊ ဝမ်းဗိုက်ကြွက်သားများကို စိတ်ကြိုက် ကိုယ်ဟန်ပြကွက် ခုနစ်ကွက်ဖြင့် ထုတ်ဖော်ပြသသွားသည်မှာ ကျန်းမာ၊ ကြံ့ခိုင်မှုကို ကွက်ကွက်ကွင်းကွင်း မြင်တွေ့ရသည်။

ထို့အတူ အမျိုးသမီးကာယကြံ့ခိုင်မှုအားကစားပြိုင်ပွဲတွင်လည်း အနက်အားကစားဝတ်စုံဖြင့် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတို့မှ အမျိုးသမီးပြိုင်ပွဲဝင်များက တစ်ဦးချင်း ကိုယ်ဟန်ပြသမှု၊ ပြိုင်ပွဲဝင်များအဖွဲ့လိုက် ကြံ့ခိုင်၊ ကျန်းမာမှု ကိုယ်ဟန်ပြကကွက်များဖြင့် ပြသယှဉ်ပြိုင်သွားကြသည်မှာ အကြိတ်အနယ်ရှိသည်။ မြန်မာအမျိုးသမီးတို့၏ ပင်ကိုအလှ၊ ခန္ဓာကိုယ်အချိုးအစားပြေပြစ်မှု၊ ကြံ့ခိုင်၊ သန်စွမ်းမှုများကို ယှဉ်ပြိုင်ခဲ့ကြသည်မှာ ကျန်းမာသန်စွမ်းရန်လိုအပ်ကြောင်း ပြသလျက်ရှိသည်။

အမျိုးသား ကာယဗလမောင်ပြိုင်ပွဲတွင် အတန်းငါးတန်းပါဝင်ယှဉ်ပြိုင်ခဲ့ရာ ၅၅ ကီလိုတန်း၊ ၆၀ ကီလိုတန်း၊ ၇၀ ကီလိုတန်း၊ ၈၀ ကီလိုတန်းနှင့် ၉၀ ကီလိုတန်းတို့ သတ်မှတ်ကာယှဉ်ပြိုင်စေခဲ့ခြင်း ဖြစ်သည်။ ၅၅ ကီလိုတန်းတွင် စစ်ကိုင်းတိုင်းဒေသကြီးမှ ဖြိုးဝေလင်း၊ တနင်္သာရီတိုင်းဒေသကြီးမှ ရန်အောင်၊ ရခိုင်ပြည်နယ်မှ တင့်လွင်၊ ကချင်ပြည်နယ်မှ ယိန်းထန့်၊ ရန်ကုန်တိုင်းဒေသကြီးမှ ကျော်မင်းသန်း၊ ဧရာဝတီတိုင်းဒေသကြီးမှ ဝေဖြိုးကျော်တို့ ပါဝင်ယှဉ်ပြိုင်ခဲ့ကြသည်။

၆၀ ကီလိုတန်း ကာယဗလမောင်ပြိုင်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီးမှ ကျော်လင်း၊ စစ်ကိုင်းတိုင်းဒေသကြီးမှ သိန်းထွန်းဦး၊ ပဲခူးတိုင်းဒေသကြီးမှ ရန်ပိုင်စိုး၊ ကရင်ပြည်နယ်မှ ဘော်ဘော်နိုင်၊ ကချင်ပြည်နယ်မှ ဝင်းစိုး၊ တနင်္သာရီတိုင်းဒေသကြီးမှ ပြည့်စုံစိုး၊ ရခိုင်ပြည်နယ်မှ သန်းနိုင်၊ ကယားပြည်နယ်မှ အောင်အောင်ထွန်း၊ ဧရာဝတီတိုင်းဒေသကြီးမှ မြတ်သူထွန်း၊ ချင်းပြည်နယ်မှ ကျော်စိုးမိုးတို့ ပါဝင်ယှဉ်ပြိုင်ခဲ့ကြသည်။

အမျိုးသား ၇၀ ကီလိုတန်း ကာယဗလမောင်ပြိုင်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး စစ်ကိုင်းတိုင်းဒေသကြီး ဧရာဝတီတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊

စာမျက်နှာ ၉ ကော်လံ ၃ ❍

တယ်ရီဆာဆနာကို ရတနာပုံရှုံးနိမ့်

သတင်းနှင့်ဓာတ်ပုံ-စိုးညွန့်

မန္တလေး ဖေဖော်ဝါရီ ၁၂

မြန်မာနိုင်ငံတွင် ခြေစမ်းပွဲများ ယှဉ်ပြိုင်ကစားရန် ရောက်ရှိနေသော ထိုင်းပရီမီယာလိဂ်ကလပ် တယ်ရီဆာဆနာအသင်းနှင့် MNL ကလပ် ရတနာပုံအသင်းတို့၏ ခြေစမ်းပွဲကို ယနေ့ ညနေ ၄ နာရီခွဲက မန္တလေးမြို့ရှိ ဗထူးကွင်း၌ ယှဉ်ပြိုင်ကစားရာ တယ်ရီဆာဆနာအသင်းက သုံးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရရှိသွားသည်။

မြန်မာ့လက်ရွေးစင်အသင်းကို အမာခံကစားသမားခုနစ်ဦးအထိပေးထားရသောကြောင့် ရတနာပုံအသင်းမှာ ဝါရင့်ကစားသမားအများစုနှင့် နိုင်ငံခြားသား ကစားသမားများကို တွဲဖက်ပွဲထုတ်ခဲ့သည်။ အသင်းခေါင်းဆောင် အောင်ကျော်မိုး၊ ရန်ပိုင်၊ ခင်မောင်ထွန်း၊ ကျော်ခိုင်ဝင်း၊ ညီညီလွင် စသည့်ဝါရင့်အားကစားသမားများက ဦးဆောင်ပြီး တယ်ရီဆာဆနာအသင်းကို ရင်ဆိုင်ခဲ့သည်။ ပွဲအစ ၇ မိနစ်မှာပင် ရတနာပုံနောက်ခံလူ ကျော်ခိုင်ဝင်းကိုယ့်ဂိုးကိုယ်သွင်းမိခဲ့၍ တယ်ရီဆာဆနာ အသင်းဦးဆောင်ဂိုး ရခဲ့သည်။

၂၃ မိနစ်တွင် ဝါရင့်တိုက်စစ်မှူး ရန်ပိုင်က ရတနာပုံအတွက် ချေပဂိုးတစ်ဂိုးပြန်လည်သွင်းယူခဲ့သော်လည်း ပြင်သစ်တိုက်စစ်မှူး ဘီဟီက ၄၉ မိနစ်နှင့် ၅၈ မိနစ်တို့တွင် တယ်ရီဆာဆနာအတွက် နှစ်ဂိုးဆက်တိုက်သွင်းယူပေးခဲ့သည်။ ဒုတိယပိုင်းတွင် နှစ်သင်းစလုံးလူအပြောင်းအလဲများပြုလုပ်ခဲ့ပြီး ရတနာပုံအသင်းမှာ လူငယ်ကစားသမား အများအပြားကိုလူစားလဲခဲ့သည်။ ရတနာပုံအတွက် ဒုတိယချေပဂိုးကို ၆၈ မိနစ်တွင် အောင်မြင့်အေးက သွင်းယူပေးခဲ့သည်။

တယ်ရီဆာဆနာအသင်းသည် ဖေဖော်ဝါရီ ၁၄ ရက် ညနေ ၄ နာရီတွင် သုဝဏ္ဏကွင်း၌ ဧရာဝတီယူနိုက်တက်အသင်းနှင့် ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

သ တင်း မာ တိ ကာ

လူတိုင်းသည် ဥသြငှက်တို့တွန်သံ ကြားလေတိုင်း ချိုသာစွာ ပြောဆိုကြခြင်းကို မမေ့အပ်

ခေါင်းကြီး စာ - ၂

ချယ်လ်ဆီးနဲ့ လီဗာပူးတို့ ရင်ဆိုင်ရမယ့် ယူရိုပါလိဂ် ရှုံးထွက်ပွဲစဉ်တွေလာပြီ စာ - ၁၃

ကြော်ငြာ အချပ်ပိုပါရှိ

ယနေ့ထုတ် မြန်မာ့အလင်းသတင်းစာတွင် ကြော်ငြာအချပ်ပို (၄) မျက်နှာ ပါရှိပါသည်။

နည်းဥပဒေအချပ်ပို လေးမျက်နှာပါရှိ

ယနေ့ထုတ် မြန်မာ့အလင်းသတင်းစာတွင် ရေအရင်းအမြစ်နှင့် မြစ်ချောင်းများထိန်းသိမ်းရေး နည်းဥပဒေများ ပါရှိသည့် အချပ်ပို (၄) မျက်နှာ ပါရှိပါသည်။

ရတနာပုံအသင်းနှင့် တယ်ရီဆာဆနာအသင်းတို့ ယှဉ်ပြိုင်ကစားစဉ်။

a&t&i;tjrpEi jrpacsmi;rsm;xe;or;a&; en;0ya'rsm; xwjye

jynaxmiporwjrermEiiawmtp;&
yaqmia&;0eu;Xme
trealumjimpmtrw 14 ^2013

၁၃၇၄ ခုနှစ်၊ ပြာသိုလဆန်း ၁၁ ရက်
(၂၀၁၃ ခုနှစ်၊ ဇန်နဝါရီလ ၂၂ ရက်)

ပို့ဆောင်ရေးဝန်ကြီးဌာနသည် ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ထိန်းသိမ်းရေး ဥပဒေပုဒ်မ ၃၆၊ ပုဒ်မခွဲ (က)အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ဤနည်းဥပဒေများကို ထုတ်ပြန်လိုက်သည်။

အခန်း(၁)
အမည်နှင့် အဓိပ္ပာယ်ဖော်ပြချက်

၁။ ဤနည်းဥပဒေများကို ရေအရင်းအမြစ်နှင့် မြစ်ချောင်းများထိန်းသိမ်းရေး နည်းဥပဒေများဟု ခေါ်တွင်စေရမည်။

၂။ ဤနည်းဥပဒေများတွင် ပါရှိသော စကားရပ်များသည် ရေအရင်းအမြစ်နှင့် မြစ်ချောင်းများထိန်းသိမ်းရေးဥပဒေတွင် ဖွင့်ဆိုထားသည့်အတိုင်း အဓိပ္ပာယ် သက်ရောက်စေရမည်။ ထို့ပြင် အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ် သက်ရောက်စေရမည်-

(က) **ဥပဒေ** ဆိုသည်မှာ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ထိန်းသိမ်းရေး ဥပဒေကို ဆိုသည်။

(ခ) **နယ်စပ်မြစ်** ဆိုသည်မှာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်နှင့် အချုပ်အခြာအာဏာပိုင်ဆိုင်သော အိမ်နီးချင်းနိုင်ငံတို့၏ နယ်နိမိတ်အကြားတွင်ရှိပြီး နှစ်နိုင်ငံသဘောတူညီချက်ဖြင့် နယ်နိမိတ်မျဉ်း သတ်မှတ်ထားသော မြစ်ကို ဆိုသည်။

(ဂ) **ဆိပ်ကမ်း** ဆိုသည်မှာ ကမ်းနားနယ်တွင် ခရီးသည်များ ဆင်းတက်ရန်နှင့် ကုန်စည်များတင်ချရေးအတွက် ရေယာဉ်များ ဆိုက်ကပ်ရန်အလို့ငှာ တည်ဆဲ ဆိပ်ကမ်းများအက်ဥပဒေအရဖြစ်စေ၊ ရန်ကုန်ဆိပ်ကမ်း အက်ဥပဒေအရဖြစ်စေ သတ်မှတ်ထားသော ဆိပ်ကမ်းတစ်ခုခုကို ဆိုသည်။

(ဃ) **ဆိပ်ကမ်းနယ်** ဆိုသည်မှာ ကမ်းနားနယ်တွင် ခရီးသည်များ ဆင်းတက်ရန်နှင့် ကုန်စည်များတင်ချရေးအတွက် ရေယာဉ်များ ဆိုက်ကပ်ရန် အလို့ငှာ ပို့ဆောင်ရေးဝန်ကြီးဌာနက အမိန့်ကြော်ငြာစာ ထုတ်ပြန်၍ သီးခြားသတ်မှတ်ထားခြင်းမရှိလျှင် ဒီရေအမြင့်ဆုံးတက်ချိန်၌ မြစ်ရေ ရောက်ရှိသည့် သို့မဟုတ် မြစ်ရေတက်ချိန် အမြင့်ဆုံးပုံမှန် ရေမြင့်အမှတ် ရောက်ရှိသည့် ကမ်းပါးနယ်မှ ကုန်းတွင်းပိုင်းသို့ ပေ ၁၅၀ အထိရှိသော ဆိပ်ကမ်းမြေနယ်နိမိတ်ကို ဆိုသည်။

(င) **သင်္ဘောကျင်း** ဆိုသည်မှာ မြစ်ချောင်းနယ်၊ ကမ်းပါးနယ်နှင့် ကမ်းနားနယ်အတွင်းတွင် ရေယာဉ်များ၏ ကိုယ်ထည်ပိုင်းနှင့် စက်ပိုင်းဆိုင်ရာများ ပြုပြင်သော အလုပ်ရုံကို ဆိုသည်။

(စ) **ရေစိုသင်္ဘောကျင်း** ဆိုသည်မှာ မြစ်ချောင်းနယ်နှင့် ကမ်းပါးနယ်အတွင်းတွင် ရေယာဉ်များ၏ ကိုယ်ထည်ပိုင်းဆိုင်ရာ ပြင်ဆင်ရန် ယာယီ တည်ဆောက်ထားပြီး ရေဝင်ရေထွက်တံခါးမရှိသော အလုပ်ရုံကို ဆိုသည်။

(ဆ) **ရေလုံသင်္ဘောကျင်း** ဆိုသည်မှာ မြစ်ချောင်းနယ်၊ ကမ်းပါးနယ်နှင့် ကမ်းနားနယ်အတွင်းတွင် ရေယာဉ်များ၏ ကိုယ်ထည်ပိုင်းနှင့် စက်ပိုင်းဆိုင်ရာများပြုပြင်ရန် ရေဝင်ရေထွက်တံခါးဖြင့် တည်ဆောက်ထားသော အလုပ်ရုံကို ဆိုသည်။

(ဇ) **လွှန်းလမ်း** ဆိုသည်မှာ မြစ်ချောင်းနယ်၊ ကမ်းပါးနယ်နှင့် ကမ်းနားနယ် အတွင်း ရေယာဉ်အား လွှန်းတင်၍ ပြင်ဆင်ရန် အလုပ်ရုံသို့ သယ်ယူပို့ဆောင်သောလမ်းကို ဆိုသည်။

(ဈ) **ကမ်းထိန်းနံရံ** ဆိုသည်မှာ မြစ်ချောင်းများ၏ ကမ်းပါးများ ရေတိုက်စားခြင်းမခံရစေရန် တည်ဆောက်ထားသည့် အဆောက်အအုံကို ဆိုသည်။

(ည) **ရေလွှဲရေကာ** ဆိုသည်မှာ မြစ်ချောင်းများ၏ ရေစီးကြောင်းလားရာ ပြောင်းလဲစေရန် ရည်ရွယ်၍ ဆောက်လုပ်ထားသော အဆောက်အအုံကို လည်းကောင်း၊ ကမ်းပြိုမှုကာကွယ်ရန်နှင့် ရေနက်ကြောင်း လမ်းကြောင်း ပြောင်းလဲမှုဖြစ်စေရန် တည်ဆောက်ထားသော အဆောက်အအုံကို လည်းကောင်း ဆိုသည်။

(ဋ) **ရေမြှောပေါက်ပိတ်ရေကာ** ဆိုသည်မှာ မြစ်ချောင်းများအတွင်း လိုအပ်သော ရေလမ်းကြောင်း ပိုမိုဖွံ့ဖြိုးစေရန် မလိုအပ်သော ရေမြှောပေါက်အား ပိတ်၍ တည်ဆောက်ထားသော အဆောက်အအုံကို ဆိုသည်။

(ဌ) **နုန်းဖမ်းရေကာ** ဆိုသည်မှာ ရေစီးတွင်ပါသော သဲနုန်းတို့အား အနည်ကျစေရန် တည်ဆောက်ထားသော အဆောက်အအုံကို ဆိုသည်။

(ဍ) **လှိုင်းကာ** ဆိုသည်မှာ လှိုင်းရိုက်ခတ်မှုကြောင့် ကမ်းပါးပြိုကျမှုမှ ကာကွယ်ရန် တည်ဆောက်ထားသော အဆောက်အအုံကို ဆိုသည်။

(ဎ) **နစ်မြုပ်ရေယာဉ်** ဆိုရာတွင် မြစ်ချောင်းနယ်၊ ကမ်းနားနယ်နှင့် ကမ်းပါးနယ်အတွင်း နစ်မြုပ်နေသော ရေယာဉ်များ၊ အခြားယာဉ်များ၊ ယန္တရားများနှင့် ပစ္စည်းတစ်မျိုးမျိုးတို့ ပါဝင်သည်။

(ဏ) **ဘေးအန္တရာယ်ဖြစ်စေတတ်သောပစ္စည်း** ဆိုရာတွင် ကုန်စည်များကို သယ်ဆောင်ရာ၌ လုံခြုံစိတ်ချပြီး ဘေးအန္တရာယ် မဖြစ်စေရေးအတွက် အပြည်ပြည်ဆိုင်ရာ ဥပဒေနှင့် စည်းမျဉ်းဥပဒေများအရ ဘေးအန္တရာယ် ဖြစ်စေတတ်သော ပစ္စည်းအဖြစ် အောက်ပါအတိုင်း အတန်းအစား ၉ မျိုးဖြင့် ခွဲခြား၍ သတ်မှတ်ထားသော ပစ္စည်းများ ပါဝင်သည်-

(၁) **အတန်းအစား ၁** -ပေါက်ကွဲစေတတ်သော ဝတ္ထုပစ္စည်းများ။ (Explosives)၊

(၂) **အတန်းအစား ၂** -ဓာတ်ငွေ့များ (Gases) [မီးလောင်လွယ်သော ဓာတ်ငွေ့များ (Flammable Gases)၊ ဖိအားသုံးအလွယ်တကူ မီးမလောင်နိုင်သော ဓာတ်ငွေ့များ (Compressed Non - Flammable Gases) နှင့် အဆိပ်ဓာတ်ငွေ့များ (Toxic Gases)]၊

(၃) **အတန်းအစား ၃** -မီးလောင်လွယ်သော အရည်များ။ (Flammable Liquids)၊

(၄) **အတန်းအစား ၄** -မီးလောင်လွယ်သော ဝတ္ထုပစ္စည်းများ၊ အလိုအလျောက် လောင်ကျွမ်းစေသော အရာဝတ္ထုများ၊ ရေနှင့်ထိတွေ့လျှင် မီးလောင်လွယ်သည့် ဓာတ်ငွေ့ထွက်စေသော အရာဝတ္ထုများ (Flammable Solids ;Substances liable to Spontaneous Combustion; Substances, which in Contact with Water, emit Flammable Gas)၊

(၅) **အတန်းအစား ၅** -အောက်ဆီဂျင်နှင့် ဓာတ်ပေါင်းစပ်သည့် ဝတ္ထုပစ္စည်းများနှင့် ဟိုက်ဒရိုဂျင်ပါအောက်ဆိုက် အရည်များ [Oxidising Substances and Organic Peroxides (Oxidisers and Organic Peroxides)]၊

(၆) **အတန်းအစား ၆** -အဆိပ်အတောက်ဖြစ်စေသော အရာဝတ္ထုများနှင့် ကူးစက်တတ်သော အရာဝတ္ထုများ (Toxic Substances and Infectious Substances)၊

(၇) **အတန်းအစား ၇** -ဓာတ်ရောင်ခြည်သင့်စေသော ဝတ္ထုပစ္စည်းများ [Radioactive Material (Radioactive Substances)]၊

(၈) **အတန်းအစား ၈** -သံချေးတတ်စေသည့် သို့မဟုတ် အက်စစ်ကဲ့သို့ စားလောင်စေသည့် ဝတ္ထုပစ္စည်းများ (Corrosive Substances)၊

(၉) **အတန်းအစား ၉** -ကုလသမဂ္ဂမှ ထောက်ခံသတ်မှတ်ထားသော ဘေးအန္တရာယ်ဖြစ်စေသည့် အခြားအရာဝတ္ထုပစ္စည်းများ (Miscellaneous Dangerous Substances)။

(တ) **အဆိပ်သင့်စေသောပစ္စည်း (Poisonous Material)** ဆိုသည်မှာ ကုန်စည်များကို သယ်ဆောင်ရာ၌ လုံခြုံစိတ်ချပြီး အဆိပ်အတောက်မဖြစ်စေရေးအတွက် အပြည်ပြည်ဆိုင်ရာဥပဒေနှင့် စည်းမျဉ်းဥပဒေများအရ အတန်းအစား ၆ အဖြစ် သတ်မှတ်ထားသော အဆိပ်အတောက်ဖြစ်စေသည့် အရာဝတ္ထုများနှင့် ကူးစက်တတ်သောအရာဝတ္ထုများ (Toxic Substances and Infectious Substances) တို့ကို ဆိုသည်။ ယင်းစကားရပ်တွင် ပို့ဆောင်ရေးဝန်ကြီးဌာနက အဆိပ်သင့်ပစ္စည်းအဖြစ် အခါအားလျော်စွာ အမိန့်ကြော်ငြာစာထုတ်ပြန်၍ သတ်မှတ်သော ဝတ္ထုပစ္စည်းများလည်း ပါဝင်သည်။

(ထ) **ညွှန်ကြားရေးမှူးချုပ်** ဆိုသည်မှာ ရေအရင်းအမြစ်နှင့်မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ကို ဆိုသည်။

အခန်း(၂)
ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ထိန်းသိမ်းခြင်း

၃။ ပို့ဆောင်ရေးဝန်ကြီးဌာနသည် ဥပဒေပါ ရည်ရွယ်ချက်များကို အောင်မြင်စွာ ဆောင်ရွက်နိုင်ရန်အလို့ငှာ-

(က) ရေအရင်းအမြစ်နှင့်မြစ်ချောင်းများကို အများပြည်သူ အကျိုးရှိစွာ အသုံးပြုနိုင်ရေးအတွက် ထိန်းသိမ်းကာကွယ်ရမည်။

(ခ) မြစ်ချောင်းများအတွင်း ရေလမ်းကြောင်းဆက်သွယ်မှု လုံခြုံချောမွေ့စေရန် သက်ဆိုင်ရာအစိုးရဌာန၊ အဖွဲ့အစည်းများ၊ ပုဂ္ဂိုလ်များနှင့်ညှိနှိုင်း၍ ဆောင်ရွက်ရမည်။

(ဂ) နိုင်ငံတော်၏စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူဖြစ်စေရေး အတွက် ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်စေရန် စီမံချက်များချမှတ်၍ ဆောင်ရွက်ရမည်။

(ဃ) ရေထုညစ်ညမ်းမှု မဖြစ်စေရေးနှင့် သဘာဝပတ်ဝန်းကျင်ထိခိုက်ပျက်စီးမှု မရှိစေရေးအတွက် ကာကွယ်ခြင်း၊ ထိန်းသိမ်းခြင်းနှင့် ကြီးကြပ်ခြင်းတို့ ပြုရမည်။

(င) ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ထိန်းသိမ်းရေးနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးတို့အတွက် လိုအပ်ပါက ပြည်တွင်းပြည်ပ အစိုးရဌာန၊ အဖွဲ့အစည်းများ၊ အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများ၊ ဒေသဆိုင်ရာ အဖွဲ့အစည်းများ၊ အိမ်နီးချင်းနိုင်ငံများနှင့် ဆက်သွယ် ဆောင်ရွက်နိုင်သည်။

(စ) ရေအရင်းအမြစ်နှင့် မြစ်ချောင်းများထိန်းသိမ်းရေးအတွက် ပြည်တွင်းရှိ မြစ်ချောင်းများအား ရေအနက် ပိုမိုလာစေရေးနှင့် ရေယာဉ်များဝန်တင် အလေးချိန် တိုးမြှင့်တင်ဆောင်နိုင်ရေးတို့အတွက် ပြည်တွင်းပြည်ပအစိုးရဌာန၊ အဖွဲ့အစည်းများ၊ ပုဂ္ဂလိကအဖွဲ့အစည်းများနှင့်ညှိနှိုင်းပြီး မြစ်ချောင်းများအား အပိုင်းအလိုက်ခွဲ၍ စည်းကမ်းချက်များသတ်မှတ်ပြီး တာဝန်ပေးဆောင်ရွက်ခွင့်ပြုနိုင်သည်။

(ဆ) ရေအရင်းအမြစ်နှင့် မြစ်ချောင်းများထိန်းသိမ်းရေးအတွက် ရေအနက် ပိုမိုရရှိရေး ဆောင်ရွက်ရာမှ ထွက်ရှိလာသည့်စွန့်ပစ်ဘေးထွက်ပစ္စည်း များတွင် သယံဇာတတစ်မျိုးမျိုးပါဝင်ပါက တည်ဆဲဥပဒေနှင့်အညီ ပြည်ထောင်စုအစိုးရအဖွဲ့၏ သက်ဆိုင်ရာဝန်ကြီးဌာန၊ အစိုးရဌာန၊ အဖွဲ့အစည်း၏ ခွင့်ပြုချက်ရယူစေပြီး ဆက်လက်ဆောင်ရွက်ခွင့်ပြုနိုင်သည်။

၄။ ရေအရင်းအမြစ်နှင့်မြစ်ချောင်းများထိန်းသိမ်းရေးအတွက် မြစ်ချောင်းများအား အပိုင်းအလိုက်ခွဲ၍ တာဝန်ပေးဆောင်ရွက်ခွင့်ပြုထားသော ပြည်တွင်းပြည်ပအစိုးရဌာန၊ အဖွဲ့အစည်းများ၊ ပုဂ္ဂလိက အဖွဲ့အစည်းများသည်-

(က) ရေထုညစ်ညမ်းမှုမဖြစ်စေရန်နှင့် သဘာဝပတ်ဝန်းကျင်ကို ထိခိုက်ခြင်းမရှိစေရန် သတ်မှတ်ထားသော စည်းကမ်းချက်များနှင့်အညီ ဆောင်ရွက်ရမည်။

(ခ) ရေအရည်အသွေးကိုဖြစ်စေ၊ သဘာဝပတ်ဝန်းကျင်ကိုဖြစ်စေ၊ ရေလမ်းကြောင်းကိုဖြစ်စေ ထိခိုက်မှုဖြစ်စေပါက ထိုသို့ ထိခိုက်မှုမရှိစေရန် ဆောလျင်စွာပြုပြင်ပေးရမည်။

(ဂ) နည်းဥပဒေခွဲ (ခ)အရ ထိခိုက်မှုအတွက် ပြုပြင်ပေးခြင်းမရှိလျှင် ဦးစီးဌာနက လိုအပ်၍ပြုပြင်ပေးရသည့်အတွက် ကုန်ကျစရိတ်ကို ဦးစီးဌာနသို့ ပေးဆောင်ရမည်။

၅။ ဦးစီးဌာနသည်-

(က) မြို့ဆိပ်ကမ်းများတည်တံ့ပြီး မရွှေ့ပြောင်းစေရေးနှင့် မြစ်ချောင်းရေလမ်းကြောင်းများ ကောင်းမွန်ပြီး အမြဲတစေ အသုံးပြုနိုင်ရေးတို့အတွက် ကြီးကြပ်ဆောင်ရွက်ရမည်။

(ခ) မြစ်ချောင်း၊ ရေလမ်းကြောင်းများ ပြောင်းလဲမှုကြောင့် မြို့ရွာများ ရေတိုက်စားကမ်းပြိုမှုမှ ကာကွယ်ရန် စီမံဆောင်ရွက်ရမည်။

(ဂ) မြစ်ချောင်းအတွင်းနှင့် မြစ်ချောင်းအနီးတို့တွင် သဘာဝပတ်ဝန်းကျင် ထိခိုက်ပျက်စီးခြင်းမရှိစေရန် စီမံဆောင်ရွက်ရမည်။

(ဃ) မြစ်ရေတက်ပြီး စိုးရိမ်ရေမှတ်ရောက်သည့်အခါ မြို့များအလိုက် စိုးရိမ်ရေမှတ် သတ်မှတ်ပေးရမည်။ ထိုသို့ သတ်မှတ်ရာတွင် မှန်ကန်မှုရှိစေရေး အတွက် သက်ဆိုင်ရာအစိုးရဌာန၊ အဖွဲ့အစည်းများနှင့် ပူးပေါင်း ဆောင်ရွက်ရမည်။

(င) မြစ်ချောင်းများအတွင်း ရေယာဉ်များ ကုန်စည်အလေးချိန် တိုးမြှင့်တင် ဆောင်၍ ခုတ်မောင်းသွားလာနိုင်ရန် မြစ်ကြောင်းများ၏ ရေအနက် ပိုမိုလာစေရေးနှင့် မြစ်ချောင်းများ မတိမ်ကောစေရေးတို့အတွက် မြစ်ချောင်းများတွင် လိုအပ်သည့် ရေဘက်ဆိုင်ရာနည်းပညာ တည် ဆောက်မှု လုပ်ငန်းများဆောင်ရွက်ခြင်း၊ သောင်တူးဖော်ခြင်းနှင့် တူးစာ များကို စနစ်တကျစွန့်ပစ်ခြင်းများ ပြုရမည်။

(စ) မြစ်ချောင်းနယ်၊ ကမ်းပါးနယ်၊ ကမ်းနားနယ်၊ ဆိပ်ကမ်းနယ်တို့နှင့် ဆက်စပ်၍ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများထိန်းသိမ်းခြင်းလုပ်ငန်း လိုအပ်ချက်အရ မြစ်ချောင်းများအတွင်းတိုးချဲ့၍ မြေဖို့ပြုပြင်ခြင်းကြောင့် ရရှိလာသော မြေဧရိယာနှင့်စပ်လျဉ်း၍ ပို့ဆောင်ရေးဝန်ကြီးဌာန၏ လမ်းညွှန်မှုဖြင့် လိုအပ်သော စီမံခန့်ခွဲပိုင်ခွင့်များရှိသည်။

အခန်း(၃)
ရေထုညစ်ညမ်းမှု ကာကွယ်ခြင်းနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းခြင်း

၆။ ပို့ဆောင်ရေးဝန်ကြီးဌာနသည် ရေအရင်းအမြစ်နှင့်မြစ်ချောင်းများ ထိန်းသိမ်း ရေးအတွက် မြန်မာနိုင်ငံက အကောင်အထည်ဖော်ဆောင်ရွက်ရန်ရှိသည့် သဘာဝ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သက်ဆိုင်သော အပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းများ၊ ဒေသဆိုင်ရာ သဘောတူစာချုပ်များ၊ နှစ်နိုင်ငံ သဘောတူစာချုပ်များနှင့်အညီ ဆောင်ရွက်ရမည်။

၇။ ဦးစီးဌာနသည် ပို့ဆောင်ရေးဝန်ကြီးဌာန၏ လမ်းညွှန်ချက်နှင့်အညီ-

(က) ရေယာဉ်များမှ မစင်နှင့်အညစ်အကြေးများ မြစ်ချောင်းအတွင်းသို့ စွန့်ခြင်းမရှိစေရန်အလို့ငှာ ရေယာဉ်များ တည်ဆောက်ရာ၌ ရေလုံရေအိမ်သာများနှင့် အညစ်အကြေးစွန့်ကန်များ တပ်ဆင်အသုံးပြုရေး အတွက် ရေယာဉ်များအား မှတ်ပုံတင်ပေးသည့် သက်ဆိုင်ရာအစိုးရဌာန၊ အဖွဲ့အစည်းနှင့်ညှိနှိုင်းပြီး လိုအပ်သော အမိန့်နှင့် ညွှန်ကြားချက်များ ထုတ်ပြန်၍ ဆောင်ရွက်ခြင်း၊ ကြီးကြပ်ခြင်းပြုရမည်။

(ခ) မြစ်ချောင်းအတွင်း ခုတ်မောင်းသွားလာသည့် ရေယာဉ်ကြောင့်သော် လည်းကောင်း၊ မြစ်ချောင်းအနီးပတ်ဝန်းကျင်ရှိ စက်ရုံ၊ အလုပ်ရုံနှင့် လုပ်ငန်းများ သို့မဟုတ် နေထိုင်သူများကြောင့် သော်လည်းကောင်း ပတ်ဝန်းကျင်ညစ်ညမ်းမှုမရှိစေရန်နှင့် ဂေဟစနစ်ပျက်စီးမှုမရှိစေရန် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် စပ်လျဉ်း၍ သက်ဆိုင်ရာ အစိုးရဌာန၊ အဖွဲ့အစည်းနှင့် ညှိနှိုင်းပြီးလိုအပ်သည့် အမိန့်နှင့်ညွှန်ကြားချက်များဖြင့် စည်းကမ်းချက်များ ထုတ်ပြန်သတ်မှတ်ထားရမည်။ ထိုအမိန့်နှင့် ညွှန်ကြားချက်များပါ စည်းကမ်းချက်များနှင့်အညီ လိုက်နာဆောင် ရွက်ခြင်းရှိ၊ မရှိ စစ်ဆေးခြင်းနှင့် ကြီးကြပ်ခြင်းတို့ပြုရမည်။

(ဂ) မြစ်ချောင်းနယ်၊ ကမ်းပါးနယ်နှင့် ကမ်းနားနယ်အတွင်းသို့ စက်ရုံ၊ အလုပ် ရုံများမှ စွန့်ပစ်ရေဆိုးများကို သန့်စင်ပြီးမှသာ စွန့်ပစ်ခြင်း၊ ထုတ်လွှတ် ခြင်း၊ စီးဆင်းစေခြင်းတို့ ပြုစေရန် စက်ရုံ၊ အလုပ်ရုံ ပိုင်ရှင်များအား ညွှန်ကြားရမည်။ ထိုသို့ သန့်စင်ခြင်း ရှိ၊ မရှိ စစ်ဆေးခြင်းနှင့်ကြီးကြပ်ခြင်း တို့ပြုရမည်။

(ဃ) ရေထုညစ်ညမ်းစေသော အမှိုက်သရိုက်များ၊ အညစ်အကြေးများနှင့် တိရစ္ဆာန် အသေကောင်များကို မြစ်ချောင်းများအတွင်းသို့ စွန့်ပစ်ခြင်း မပြုရေးအတွက် ပြည်သူများလိုက်နာစေရန် အသိပညာပေးရမည်။

၈။ မည်သူမဆို-

(က) မြစ်ချောင်းများအတွင်းသို့ ဘေးအန္တရာယ် ဖြစ်စေတတ်သော ပစ္စည်းများ စီးဝင်ခြင်း၊ စိမ့်ထွက်ခြင်း သို့မဟုတ် ကျရောက်ခြင်းမရှိစေရန် ထိုပစ္စည်း များကို ရေယာဉ်ဖြင့် သယ်ဆောင်ရာတွင် သတ်မှတ်ထားသည့် နိုင်ငံ တကာစံနှုန်းနှင့်အညီ သယ်ဆောင်ရမည်။

(ခ) ပလတ်စတစ်အိတ်၊ ကြွပ်ကြွပ်အိတ်၊ နိုင်လွန်ကြိုးများနှင့် အခြား ပလတ်စတစ်ပစ္စည်းများကို မြစ်ချောင်းများအတွင်းသို့ ကျရောက်ခြင်း မရှိစေရန် စနစ်တကျ သယ်ဆောင်ရမည်။

(ဂ) မြစ်ချောင်းများအတွင်းသို့ မစင်နှင့်အညစ်အကြေးများ ကျရောက်ခြင်း မရှိစေရန် ကမ်းပါးနှင့် ဝေးရာတွင် ယင်လုံအိမ်သာဆောက်ရမည်။ ထို့ပြင် မစင်နှင့် အညစ်အကြေးများအား စွန့်ကန်သို့ ပိုက်ဖြင့် လုံခြုံစွာ စွန့်ပစ်ရမည်။

(ဃ) ရေထုမညစ်ညမ်းစေရန် မစင်နှင့် အညစ်အကြေးများ၊ စက်သုံးဆီ၊ ဓာတုပစ္စည်း၊ အဆိပ်သင့်ပစ္စည်း၊ ဘေးအန္တရာယ်ဖြစ်စေတတ်သော ပစ္စည်း၊ အဏုမြူဓာတ်ရောင်ခြည်သင့်ပစ္စည်းများနှင့် အခြားပစ္စည်းများကို မြစ်ချောင်းများအတွင်းသို့ စွန့်ပစ်ခြင်းနှင့်စပ်လျဉ်း၍ သတ်မှတ်ထားသော စည်းကမ်းချက်များနှင့်အညီ လိုက်နာဆောင်ရွက်ရမည်။

(င) မည်သည့်အကြောင်းကြောင့်မျှ မြစ်ချောင်းများအတွင်းသို့ မစင်နှင့် အညစ်အကြေးများကို စီးဝင်ခြင်း၊ စိမ့်ဝင်ခြင်းမရှိစေရန် လုံခြုံစိတ်ချရသည့် ကာကွယ်မှုများကို နိုင်ငံတကာသတ်မှတ်ချက်များနှင့်အညီ ဆောင်ရွက်ရမည်။

၉။ မြစ်ချောင်းများအတွင်း ရေထုညစ်ညမ်းမှုနှင့် သဘာဝပတ်ဝန်းကျင်ကို ထိခိုက်မှု ကျူးလွန်သူသည် ရေထုညစ်ညမ်းမှု ကာကွယ်ခြင်းနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းခြင်းတို့အတွက် ဦးစီးဌာနက လိုအပ်၍ ပြုပြင်ပေးရပါက ကုန်ကျစရိတ် ကာမိစေရန် လုံလောက်သောတန်ဖိုးကို ဦးစီးဌာနသို့ ပေးဆောင်ရမည်။

အခန်း(၄)
နယ်စပ်မြစ်များ၏ ရေလမ်းကြောင်းများအား ကာကွယ်ထိန်းသိမ်းခြင်း

၁၀။ ဦးစီးဌာနသည်-

(က) နိုင်ငံတော်ပိုင်နက် နယ်မြေ မဆုံးရှုံးစေရေးနှင့် ရေလမ်းကြောင်းများ ကောင်းမွန်ပြီး အသုံးချနိုင်ရေးတို့အတွက် နယ်စပ်မြစ်များ၏ ရေလမ်းကြောင်းများအား ကာကွယ်ထိန်းသိမ်းခြင်းနှင့် လိုအပ်သည့်စီမံခန့်ခွဲခြင်းတို့ပြုရမည်။

အချပ်ပို (စ) သို့ ◆

နည်းဥပဒေများ

◆ **အချုပ်ပိုင်(င) မှ**

(ခ) နယ်စပ်မြစ်များ၏ ရေလမ်းကြောင်းများပြောင်းလဲခြင်း ရှိ၊ မရှိ၊ ကမ်းပြို ကမ်းစားမှုများ ရှိ၊ မရှိ စစ်ဆေး၍ တွေ့ရှိချက်များကို ပို့ဆောင်ရေးဝန်ကြီးဌာနသို့ တင်ပြရမည်။

(ဂ) နယ်စပ်မြစ်များ၏ ရေလမ်းကြောင်းများ သဘာဝအလျောက် ကမ်းပြို ကမ်းစား၍ ပြောင်းလဲသည့်အခါ ဖြစ်စေ၊ တစ်ဖက်နိုင်ငံက ရေလမ်းကြောင်း ပြောင်းလဲစေရန် တစ်စုံတစ်ရာ ပြုလုပ်မှုကြောင့် ရေလမ်းကြောင်း ပြောင်းလဲဖွယ်ရာ တွေ့ရှိလျှင်ဖြစ်စေ နိုင်ငံတော်ပိုင်နက် နယ်မြေမဆုံးရှုံးစေရေးအတွက် လိုအပ်သလို ဆက်လက်ဆောင်ရွက်နိုင်ရန် ပို့ဆောင်ရေးဝန်ကြီးဌာနသို့ ဆောလျင်စွာ တင်ပြရမည်။

၁၁။ ပို့ဆောင်ရေးဝန်ကြီးဌာနသည်-

(က) နည်းဥပဒေ ၁၀၊ နည်းဥပဒေခွဲ (ဂ) အရ တင်ပြချက်ကို စိစစ်ပြီး နယ်စပ်မြစ်ကြောင်းနှင့်စပ်လျဉ်း၍ နိုင်ငံတော်ပိုင်နက်နယ်မြေ ဆုံးရှုံးနိုင်ဖွယ်ရာ တွေ့ရှိလျှင် ဖြစ်စေ၊ နိုင်ငံတော်၏ နယ်နိမိတ်အမှတ်အသားကို ပြန်လည်သတ်မှတ်ရန်ရှိလျှင်ဖြစ်စေ လိုအပ်သလို လမ်းညွှန်မှုပြုနိုင်ရန်နှင့် ဆက်လက်ဆောင်ရွက်နိုင်ရန် ပြည်ထောင်စုအစိုးရအဖွဲ့သို့ ဆောလျင်စွာ တင်ပြပြီး နိုင်ငံခြားရေးဝန်ကြီးဌာနသို့ပါ အကြောင်းကြားရမည်။

(ခ) နိုင်ငံတော်ပိုင်နက် နယ်မြေဆုံးရှုံးမှုမရှိစေရေးအတွက် ပြည်ထောင်စုအစိုးရအဖွဲ့၏ လမ်းညွှန်ချက်နှင့်အညီ နယ်စပ်မြစ်များ၏ ရေလမ်းကြောင်းများအား ကာကွယ်ထိန်းသိမ်းရေးအတွက် လိုအပ်သည်များကို ဆောင်ရွက်ရန် ဦးစီးဌာနအား ညွှန်ကြားရမည်။

၁၂။ ဦးစီးဌာနသည် ပို့ဆောင်ရေးဝန်ကြီးဌာန၏ ညွှန်ကြားချက်နှင့်အညီ နိုင်ငံတော်ပိုင်နက်နယ်မြေ မဆုံးရှုံးစေရေးအတွက် နယ်စပ်မြစ်များ၏ ရေလမ်းကြောင်းများအား လိုအပ်သလို ကာကွယ်ထိန်းသိမ်းခြင်းနှင့် စီမံဆောင်ရွက်ခြင်းတို့ပြုရမည်။

အခန်း(၅)
ရေလမ်းကြောင်းများ ကောင်းမွန်ရေးနှင့် မြစ်ချောင်းများအတွင်း ရေယာဉ်များခုတ်မောင်းသွားလာခြင်း

၁၃။ ဦးစီးဌာနသည် မြစ်ချောင်းများအတွင်း ရေယာဉ်များ အန္တရာယ်ကင်းရှင်းစွာ ခုတ်မောင်း သွားလာနိုင်ရန်အလို့ငှာ အောက်ဖော်ပြပါ လုပ်ငန်းကိစ္စများ၊ နေရာများနှင့်စပ်လျဉ်း၍ သတိပေးအမှတ်အသား သို့မဟုတ် ဆိုင်းဘုတ်များကို အဝေးမှ မြင်နိုင်စေရန် လိုအပ်သလို တပ်ဆင်ထားရမည်-

(က) ရေလမ်းထိန်းလုပ်ငန်း၊ တိုင်းတာရေးလုပ်ငန်း၊ သောင်တူးလုပ်ငန်း၊ ရေလမ်းညွှန်လုပ်ငန်းနှင့် ရေအောက်အန္တရာယ်ရှင်းလင်းရေးလုပ်ငန်းများ ဆောင်ရွက်နေခြင်း၊

(ခ) မြစ်ကူးတံတားကြီးများ ဆောက်လုပ်နေခြင်းနှင့် ပြုပြင်နေခြင်း၊

(ဂ) မြစ်ချောင်းနယ်အတွင်း အန္တရာယ်ရှိစေနိုင်သော နစ်မြုပ်ရေယာဉ်ရှိသည့် နေရာများနှင့် နစ်မြုပ်ရေယာဉ် တူးဖော်ဆယ်ယူခြင်း လုပ်ငန်းလုပ်ကိုင်နေခြင်း၊

(ဃ) မြစ်ချောင်းနယ်အတွင်း သယံဇာတ ရှာဖွေတူးဖော်ထုတ်လုပ်ခြင်း လုပ်ငန်း လုပ်ကိုင်နေခြင်း၊

(င) မြစ်ချောင်းနယ်အတွင်း မြေအောက် ရေအောက် ကြေးနန်းလိုင်း၊ ဆက်သွယ်ရေးကြိုး၊ ဓာတ်ငွေ့ပိုက်လိုင်းနှင့် ရေပိုက်လိုင်းများ သွယ်တန်းတပ်ဆင်ခြင်း လုပ်ငန်းများ၊ ရေအောက်ဥမင်လိုဏ်ခေါင်း ဖောက်လုပ်ခြင်း လုပ်ငန်းများ ဆောင်ရွက်နေခြင်းနှင့် ပြုပြင်နေခြင်း၊

(စ) သွယ်တန်းတပ်ဆင်ထားသော ရေပေါ်ရေအောက် ဓာတ်ကြိုး၊ ဆက်သွယ်ရေးကြိုး၊ ဓာတ်ငွေ့ပိုက်လိုင်း၊ ရေပိုက်လိုင်းများနှင့် ဖောက်လုပ်ထားသော ရေအောက်ဥမင်လိုဏ်ခေါင်းတို့ရှိသည့် နေရာများ၊

(ဆ) မြစ်ကျဉ်း၊ ကျပ်တည်းရေကြောင်းနှင့်ကျဉ်းမြောင်းရေကြောင်းများ။

၁၄။ ဦးစီးဌာနသည် ရေလမ်းကြောင်းများကောင်းမွန်ပြီး ရေယာဉ်များ အန္တရာယ်ကင်းရှင်းစွာ ခုတ်မောင်းသွားလာနိုင်ရန် အလို့ငှာ-

(က) ရေလမ်းကြောင်းလိုအပ်ချက်အရ ခုတ်မောင်းသွားလာနိုင်သည့် ရေယာဉ်များ၏ အရွယ်အစားနှင့် လုံးပေါင်းတန်ချိန် (Gross Tonnage- GT) တို့ကို သတ်မှတ်ထားရမည်။

(ခ) တည်ဆဲဥပဒေများအရ သတ်မှတ်ထားသော ရေစူးများကို လိုအပ်ပါက ပြင်ဆင်၍ သတ်မှတ်နိုင်သည်။

(ဂ) ရေလမ်းညွှန် အမှတ်အသားများကို သတ်မှတ်ထားရမည်။

(ဃ) ရေယာဉ်မှူး၊ ရေယာဉ်အုပ်၊ တက်မကိုင်နှင့် စက်မောင်းသူတို့အား သက်ဆိုင်ရာမှ ထုတ်ပေးထားသော ကျွမ်းကျင်မှုလက်မှတ်များကို အခါအားလျော်စွာ စစ်ဆေးနိုင်သည်။

၁၅။ ရေယာဉ်ပိုင်ရှင်၊ ရေယာဉ်မှူး၊ ရေယာဉ်အုပ်နှင့် တက်မကိုင်တို့သည်-

(က) သတ်မှတ်ထားသော စည်းကမ်းချက်များနှင့် ညီညွတ်သောရေယာဉ် အရွယ်အစား၊ စက်မြင်းကောင်ရေပမာဏ သို့မဟုတ် တွဲအရေအတွက် ဖြင့်သာ ရေယာဉ်ကို မြစ်ချောင်းအတွင်း ခုတ်မောင်းသွားလာရမည်။

(ခ) သတ်မှတ်ထားသည့် ရေစူးအနက်နှင့် ကိုက်ညီသော ရေယာဉ်ကိုသာ မြစ်ချောင်းအတွင်း ခုတ်မောင်းသွားလာရမည်။

(ဂ) သတ်မှတ်ထားသော ဝန်တင်ရေမှတ်ထက် ပို၍ ဝန်များတင်ဆောင်ခြင်း မပြုဘဲ သတ်မှတ်ထားသော ရေကြောင်းလမ်းအတွင်းမှသာ ခုတ်မောင်း သွားလာရမည်။

(ဃ) ဦးစီးဌာနမှ တာဝန်ရှိသူက ရေလမ်းထိန်းလုပ်ငန်း၊ တိုင်းတာရေးလုပ်ငန်း၊ သောင်တူးလုပ်ငန်း၊ ရေလမ်းညွှန်လုပ်ငန်း သို့မဟုတ် ရေပေါ်ရေအောက် အန္တရာယ်ရှင်းလင်းရေးလုပ်ငန်းများဆောင်ရွက်နေသဖြင့် ရေယာဉ်များ ရပ်တန့်စောင့်ဆိုင်းရန် အချက်ပြထားသည်ကို လိုက်နာပြီး ရေယာဉ်ကို ဖြတ်သန်းခုတ်မောင်းသွားလာရမည်။

၁၆။ ရေယာဉ်မှူး၊ ရေယာဉ်အုပ်နှင့် တက်မကိုင်တို့သည်-

(က) မြစ်ချောင်းများအတွင်း ရေယာဉ်ကို ခုတ်မောင်းသွားလာရာတွင် သတ်မှတ်ထားသော ရေလမ်းညွှန်အမှတ်အသားများကို ဂရုပြု၍ မောင်းနှင်ရမည်။

(ခ) ရေလမ်းကြောင်းအတွင်း ရေယာဉ်သောင်တင်ခြင်းနှင့် သောင်ငြိခြင်းများ မဖြစ်စေရန် အမြဲဂရုပြု၍ မောင်းနှင်ရမည်။ အကယ်၍ သောင်တင်ခြင်းနှင့် သောင်ငြိခြင်းများ ဖြစ်ပေါ်ပါက ရေလမ်းကြောင်း ပျက်စီးစေနိုင်သဖြင့် ရေယာဉ်ကို ချက်ချင်းရေနက်လမ်းကြောင်းသို့ ရွှေ့ပြောင်းနိုင်ရန် စီစဉ်ဆောင်ရွက်ရမည်။ ထိုသို့ ရွှေ့ပြောင်းခြင်းမပြုနိုင်ပါက ဦးစီးဌာနသို့ အမြန်ဆုံး အကြောင်းကြားရမည်။

(ဂ) မြစ်ကျဉ်း၊ ကျပ်တည်းရေကြောင်းနှင့် ကျဉ်းမြောင်းရေကြောင်းတို့တွင် အစုန်ကို ဦးစားပေး၍ ရေယာဉ်တစ်စီးချင်းသာ ဖြတ်သန်းရမည်။

(ဃ) မြစ်ကျဉ်း၊ ကျပ်တည်းရေကြောင်းနှင့် ကျဉ်းမြောင်းရေကြောင်းတို့တွင် ရေယာဉ်တစ်စီးက အခြားရေယာဉ်တစ်စီးကို ကျော်တက်ခြင်းမပြုရ။

၁၇။ ဦးစီးဌာနမှ တာဝန်ရှိသူတို့သည်-

(က) မြစ်ချောင်းများ၌ ရေလမ်းကြောင်းကိုအဟန့်အတားဖြစ်စေသူ သို့မဟုတ် ခုတ်မောင်းသွားလာနေသောရေယာဉ်အား အနှောင့်အယှက်ဖြစ်စေသူထံ အဆိုပါအဟန့်အတားဖြစ်စေသည့် ပစ္စည်းများ၊ အရာဝတ္ထုများကို အမြန်ဆုံး ရွှေ့ပြောင်းဖယ်ရှားပေးရန် အမိန့်ထုတ်နိုင်သည်။

(ခ) နည်းဥပဒေခွဲ (က) အရ အမိန့်ထုတ်ဆင့်သော်လည်း အမြန်ဆုံးရွှေ့ပြောင်း ဖယ်ရှားပေးခြင်းမပြုပါက အဆိုပါအဟန့်အတားဖြစ်စေသည့် ပစ္စည်းများ၊ အရာဝတ္ထုများကို ညွှန်ကြားရေးမှူးချုပ်၏ သဘောတူညီချက်ဖြင့် ရှင်းလင်းဖယ်ရှားခြင်း၊ ဖျက်ဆီးခြင်း သို့မဟုတ် အခြားတစ်နည်းနည်းဖြင့် စီမံခန့်ခွဲခြင်းပြုနိုင်သည်။

၁၈။ မြစ်ချောင်းများ၌ ရေလမ်းကြောင်းကို အဟန့်အတားဖြစ်စေသူ သို့မဟုတ် ခုတ်မောင်းသွားလာနေသော ရေယာဉ်အား အနှောင့်အယှက်ဖြစ်စေသူသည် ဦးစီးဌာနမှ တာဝန်ရှိသူတို့က နည်းဥပဒေ ၁၇၊ နည်းဥပဒေခွဲ (ခ) အရ ဆောင်ရွက်ရာ၌ ကုန်ကျသည့်စရိတ်ကို ဦးစီးဌာနသို့ ပေးဆောင်ရမည်။

၁၉။ (က) ဦးစီးဌာနသည် မိမိဌာန၏ ရေကြောင်းပြဖြင့်သာ ဖြတ်သန်းရမည့် ဘေးအန္တရာယ်ဖြစ်စေနိုင်သော ရေကြောင်းများနှင့် ဖြတ်သန်းရမည့် ရေယာဉ်အရွယ်အစားကို အခါအားလျော်စွာ သတ်မှတ်နိုင်သည်။

(ခ) ရေယာဉ်မှူး၊ ရေယာဉ်အုပ် သို့မဟုတ် တက်မကိုင်သည် ဦးစီးဌာနက နည်းဥပဒေခွဲ(က)အရ သတ်မှတ်ထားသည့် ရေကြောင်းများတွင် ဖြတ်သန်းခြင်းမပြုမီ ရေယာဉ်များဘေးအန္တရာယ်မဖြစ်စေရေးအတွက် ရေကြောင်းပြတာဝန်ထမ်းဆောင်ပေးရန် ဦးစီးဌာနသို့ တောင်းခံရမည်။

(ဂ) ဘေးအန္တရာယ်ဖြစ်စေတတ်သော ပစ္စည်းများ တင်ဆောင်လာသော ရေယာဉ်များ၊ ဝန်လေးတင်ရေယာဉ်များမှ ရေယာဉ်မှူး၊ ရေယာဉ်အုပ် သို့မဟုတ် တက်မကိုင်သည် ရေလမ်းကြောင်းတွင် ဘေးအန္တရာယ်မရှိစေရန် အလို့ငှာ ရေကြောင်းပြတာဝန်ထမ်းဆောင်ပေးရန် ဦးစီးဌာနသို့ ကြိုတင်၍ ခွင့်ပြုချက်တောင်းခံပါက သတ်မှတ်ထားသော ရေကြောင်းပြခကို ပေးဆောင်ရမည်။

(ဃ) နိုင်ငံခြားသားခရီးသည်ပါရှိသော အပျော်စီးရေယာဉ်များမှ ရေယာဉ်မှူး၊ ရေယာဉ်အုပ် သို့မဟုတ် တက်မကိုင်သည် ရေလမ်းကြောင်းတွင် ဘေးအန္တရာယ်မရှိစေရန် အလို့ငှာ ရေကြောင်းပြတာဝန်ထမ်းဆောင်ပေးရန် ဦးစီးဌာနသို့ ကြိုတင်၍ ခွင့်ပြုချက်တောင်းခံပါက သတ်မှတ်ထားသော ရေကြောင်းပြခကို ပေးဆောင်ရမည်။

(င) ဦးစီးဌာနသည် နည်းဥပဒေခွဲ (ခ) ၊(ဂ) နှင့် (ဃ) တို့အရ ခွင့်ပြုချက် တောင်းခံလာသည့်အခါ အဆိုပါရေယာဉ်များ ရေလမ်းကြောင်းတွင် ဘေးအန္တရာယ်မရှိစေရေးအတွက် ရေကြောင်းပြတာဝန်ထမ်းဆောင်ပေးရမည်။

အခန်း (၆)
မြစ်ကူးတံတားနှင့် ချောင်းကူးတံတားကြီးများဆောက်လုပ်ခြင်း

၂၀။ သက်ဆိုင်ရာဝန်ကြီးဌာန၊ အစိုးရဌာန၊ အဖွဲ့အစည်းတစ်ခုခု သို့မဟုတ် ပုဂ္ဂိုလ်တစ်ဦးသည် လုပ်ငန်းလိုအပ်ချက်အရ မြစ်ချောင်းနယ်၊ ကမ်းပါးနယ်နှင့် ကမ်းနားနယ်အတွင်း မြစ်ကူးတံတားကြီးများကိုဖြစ်စေ၊ ချောင်းကူးတံတားကြီးများကိုဖြစ်စေ ဆောက်လုပ်လိုလျှင် လုပ်ငန်းအတိုင်းအတာပမာဏနှင့် လုပ်ငန်းကာလတို့ကို ပို့ဆောင်ရေးဝန်ကြီးဌာနသို့ တင်ပြပြီး သဘောတူညီချက် တောင်းခံရမည်။

၂၁။ ပို့ဆောင်ရေးဝန်ကြီးဌာနသည် နည်းဥပဒေ ၂၀အရ သဘောတူညီချက် တောင်းခံခြင်းအပေါ် စိစစ်ပြီး ရေအရင်းအမြစ်နှင့်မြစ်ချောင်းများ ထိန်းသိမ်းကာကွယ်ခြင်းကို ထိခိုက်နိုင်ဖွယ်ရာမရှိပါက မြစ်ကူးတံတားကြီးများကို ဖြစ်စေ၊ ချောင်းကူးတံတားကြီးများကိုဖြစ်စေ ဆောက်လုပ်ရန်စည်းကမ်းချက်များ သတ်မှတ်၍ သဘောတူညီချက် ပေးနိုင်သည်။

၂၂။ နည်းဥပဒေ ၂၁ အရ သဘောတူညီချက်ပေးပါက သက်ဆိုင်ရာဝန်ကြီးဌာန၊ အစိုးရဌာန၊ အဖွဲ့အစည်းတစ်ခုခု သို့မဟုတ် ပုဂ္ဂိုလ်တစ်ဦးဦးသည် မြစ်ကူးတံတားကြီးများကိုဖြစ်စေ၊ ချောင်းကူးတံတားကြီးများကိုဖြစ်စေ ဆောက်လုပ်ခြင်းအတွက် တိုင်းတာမှုနှင့် ကွင်းဆင်းစစ်ဆေးမှု ဝန်ဆောင်ခကို ဦးစီးဌာနသို့ ပေးသွင်းရမည်။

အခန်း(၇)
မြစ်ကူးတံတားကြီးများ ရေရှည်တည်တံ့ခိုင်မြဲရေး

၂၃။ ပို့ဆောင်ရေးဝန်ကြီးဌာနသည် မြစ်ကူးတံတားကြီးများ ရေရှည်တည်တံ့ခိုင်မြဲရေး အလို့ငှာ အောက်ပါလုပ်ငန်းတာဝန်များကို ဆောင်ရွက်ရမည်-

(က) ရေလမ်းထိန်းသိမ်းရေးလုပ်ငန်းများ ဆောင်ရွက်ရန် ဦးစီးဌာန၏ တင်ပြချက်အပေါ် လိုအပ်ပါက သက်ဆိုင်ရာဝန်ကြီးဌာနနှင့် ညှိနှိုင်းဆောင်ရွက်ခြင်း၊

(ခ) မြစ်ကူးတံတားတစ်ခုချင်း၏ ကင်းလွတ်အကျယ်နှင့် အမြင့်တို့ကို ဆောက်လုပ်ရေးဝန်ကြီးဌာနနှင့် ညှိနှိုင်းပြီး အမိန့်ကြော်ငြာစာထုတ်ပြန်၍ သတ်မှတ်ခြင်း။

၂၄။ ဦးစီးဌာနသည် ပို့ဆောင်ရေးဝန်ကြီးဌာန၏ လမ်းညွှန်ချက်နှင့်အညီ-

(က) မြစ်ကူးတံတားကြီးများ ရေရှည်တည်တံ့ခိုင်မြဲရန်အလို့ငှာ သက်ဆိုင်ရာ အစိုးရဌာန၊ အဖွဲ့အစည်းနှင့်ညှိနှိုင်း၍လိုအပ်သော ရေလမ်းထိန်းသိမ်းရေး လုပ်ငန်းများကို ဆောင်ရွက်ရမည်။

(ခ) နည်းဥပဒေ ၂၃ ၊ နည်းဥပဒေခွဲ(ခ)အရ သတ်မှတ်ထားသော မြစ်ကူးတံတားတစ်ခုချင်း၏ ကင်းလွတ်အကျယ်နှင့် အမြင့်တို့ကို သက်ဆိုင်ရာ တံတားတစ်ခုချင်း၌ မြင်သာသော ရေလမ်းညွှန်အမှတ်အသားများ ပြုလုပ်ထားရမည်။

(ဂ) မြစ်ကူးတံတားကြီးတစ်ခုချင်းအား ရေလမ်းသတ်မှတ်ချက် သတင်း ထုတ်ပြန်ရမည်။

(ဃ) မြစ်ကူးတံတားကြီး တစ်ခုချင်းအလိုက် ဖြတ်သန်းနိုင်မည့် ရေယာဉ်များ၏ အရွယ်အစားနှင့် တွဲအရေအတွက်ကို သတ်မှတ်၍ သတင်းထုတ်ပြန်ရမည်။

၂၅။ ဦးစီးဌာနသည် မြစ်ကူးတံတားကြီးများ ရေရှည်တည်တံ့ခိုင်မြဲရန်အလို့ငှာ-

(က) မြစ်ချောင်း၊ ရေလမ်းကြောင်းများကို တိုင်းတာစစ်ဆေး၍သဘောထားမှတ်ချက်ဖြင့် ပို့ဆောင်ရေးဝန်ကြီးဌာနသို့ တင်ပြရမည်။

(ခ) ရေလမ်းထိန်းသိမ်းရေးလုပ်ငန်းများကို ပို့ဆောင်ရေးဝန်ကြီးဌာန၏ လမ်းညွှန်ချက်နှင့်အညီ သက်ဆိုင်ရာအစိုးရဌာန၊ အဖွဲ့အစည်းများနှင့် ညှိနှိုင်းဆောင်ရွက်ရမည်။

အခန်း (၈)
နစ်မြုပ်ရေယာဉ်တူးဖော်ဆယ်ယူခြင်း

၂၆။ ရေယာဉ်ပိုင်ရှင်သည်-

(က) မြစ်ချောင်းနယ်အတွင်း ရေယာဉ်နစ်မြုပ်ပါက မြစ်ချောင်းရေလမ်းကြောင်းများ ကောင်းမွန်ပြီး ရေယာဉ်များ အန္တရာယ်မရှိစေရေးအတွက် မည်သည့်နေရာ၊ မည်သည့်အချိန်၊ မည်သည့်အတွက် နစ်မြုပ်ကြောင်း ဦးစီးဌာနသို့ ချက်ချင်းအကြောင်းကြားပြီး ရက်ပေါင်း ၉၀ အတွင်း တူးဖော်ဆယ်ယူရေးအတွက် အမြန်ဆုံး စီမံဆောင်ရွက်ရမည်။ အကယ်၍ ရေယာဉ်များခုတ်မောင်းသွားလာသည့် ရေလမ်းကြောင်းတွင် ပိတ်ဆို့နိုင်သည့် အခြေအနေမျိုးဖြစ်ပါက ချက်ချင်းဆယ်ယူ ဖယ်ရှားရမည်။ ထိုသို့ ချက်ချင်း ဆယ်ယူဖယ်ရှားခြင်းမပြုသဖြင့် ဦးစီးဌာနက ဆယ်ယူဖယ်ရှားပေးရသည့်အတွက် ကုန်ကျစရိတ်ကို ဦးစီးဌာနသို့ ပေးဆောင်ရမည်။

(ခ) မြစ်ချောင်းနယ်အတွင်း နစ်မြုပ်ရေယာဉ်ကို တူးဖော်ဆယ်ယူခြင်း မပြုနိုင်လျှင် သော်လည်းကောင်း၊ တူးဖော်ဆယ်ယူခြင်းမပြုဘဲ စွန့်လွှတ်လိုလျှင်သော်လည်းကောင်း အကျိုးအကြောင်းဖော်ပြ၍ ဦးစီးဌာနသို့ ရေယာဉ်နစ်မြုပ်သည့် နေ့ရက်မှ ရက်ပေါင်း ၉၀ အတွင်း တင်ပြရမည်။

(ဂ) ချက်ချင်းဆယ်ယူ ဖယ်ရှားရန်မလိုသည့် နစ်မြုပ်ရေယာဉ်ကို တူးဖော်ဆယ်ယူရေးအတွက် အမြန်ဆုံး စီမံဆောင်ရွက်သော်လည်း ရက်ပေါင်း ၉၀ အတွင်း တူးဖော်ဆယ်ယူခြင်း မပြုနိုင်သည့်အခါ ဆက်လက်၍ တူးဖော်ဆယ်ယူရေးအတွက် ရက်တိုးမြှင့်ပေးရန် ဦးစီးဌာနသို့ ခွင့်ပြုချက် တောင်းခံရမည်။

(ဃ) နစ်မြုပ်ရေယာဉ်ကို ရေယာဉ်နစ်မြုပ်သည့်နေ့မှ တစ်နှစ်အတွင်း နည်းဥပဒေခွဲ (က)နှင့် (ဂ)တို့အရ တူးဖော်ဆယ်ယူခွင့်ရှိသည်။ ထိုတစ်နှစ်ကုန်ဆုံးပြီးနောက် နစ်မြုပ်ရေယာဉ်ကို တူးဖော်ဆယ်ယူခွင့်နှင့် ပိုင်ဆိုင်ခွင့်တို့မရှိစေရ။

၂၇။ ဦးစီးဌာနသည်-

(က) ရေယာဉ်ပိုင်ရှင်က နည်းဥပဒေ ၂၆ ၊ နည်းဥပဒေခွဲ (ဂ)အရ ရက်ပေါင်း ၉၀ အတွင်း တူးဖော်ဆယ်ယူခြင်းမပြုနိုင်သဖြင့် ရက်တိုးမြှင့်ပေးရန် တင်ပြချက်ကို စိစစ်ပြီး စည်းကမ်းချက်သတ်မှတ်၍ အပြီးတူးဖော်ဆယ်ယူရန် ခံဝန်ချုပ်ပြုလုပ်စေပြီး သင့်လျော်သောရက်ကို တိုးမြှင့်ပေးနိုင်သည်။

(ခ) နစ်မြုပ်ရေယာဉ်နှင့် စပ်လျဉ်း၍ အောက်ပါအခြေအနေတစ်ရပ်ရပ် ပေါ်ပေါက်သည့်အခါ ပို့ဆောင်ရေးဝန်ကြီးဌာန၏ သဘောတူညီချက်ဖြင့် ထိုရေယာဉ်ကို ဖယ်ရှားခြင်း၊ ဖျက်ဆီးခြင်း သို့မဟုတ် သိမ်းယူခြင်း ပြုနိုင်သည်-

(၁) နည်းဥပဒေခွဲ (က) အရ ချုပ်ဆိုသော အပြီးတူးဖော်ဆယ်ယူရန် ခံဝန်ချုပ်ကို ရေယာဉ်ပိုင်ရှင်က ဖောက်ဖျက်ခြင်း၊

(၂) ရေယာဉ်ပိုင်ရှင်က ရေယာဉ်နစ်မြုပ်သည့်နေ့မှ တစ်နှစ်အတွင်း တူးဖော်ဆယ်ယူမှု မပြုနိုင်ခြင်း၊

(၃) နည်းဥပဒေ ၂၆၊ နည်းဥပဒေခွဲ (ခ) အရ နစ်မြုပ်ရေယာဉ်ကို တူးဖော်ဆယ်ယူမှုမပြုခြင်း သို့မဟုတ် စွန့်လွှတ်ခြင်း၊

(၄) ရေယာဉ်ပိုင်ရှင် မည်သူမည်ဝါဖြစ်ကြောင်း မသိရှိရဘဲ မြစ်ချောင်းနယ်အတွင်း နစ်မြုပ်နေသော ရေယာဉ်ရှိကြောင်း သတင်းကြားသိခြင်း။

၂၈။ ဦးစီးဌာနသည် နည်းဥပဒေ ၂၇၊ နည်းဥပဒေခွဲ (ခ) အရ ဖယ်ရှားခြင်း၊ ဖျက်ဆီးခြင်း သို့မဟုတ် သိမ်းယူခြင်းပြုသည့် နစ်မြုပ်ရေယာဉ်ကို ဈေးပြိုင်စနစ်ဖြင့် တူးဖော်ဆယ်ယူခွင့်ပြုရေးအတွက် ပို့ဆောင်ရေးဝန်ကြီးဌာနသို့ တင်ပြရမည်။

၂၉။ မြစ်ချောင်းနယ်၊ ကမ်းပါးနယ်နှင့် ကမ်းနားနယ်တို့တွင် နည်းဥပဒေ ၂၆ နှင့် ၂၇ တို့နှင့် မသက်ဆိုင်သည့် နစ်မြုပ်ရေယာဉ်ကို စီးပွားရေးအလို့ငှာ တူးဖော်ဆယ်ယူလိုသူသည် ပို့ဆောင်ရေးဝန်ကြီးဌာနသို့ ပုံစံ (၁) ဖြင့် လျှောက်ထားရမည်။

၃၀။ နည်းဥပဒေ ၂၉ အရ တူးဖော်ဆယ်ယူလိုသူသည်-

(က) အောက်ပါအချက်အလက်များ၊ အရည်အချင်းများနှင့် ပြည့်စုံသူ ဖြစ်ရမည်-

(၁) မြန်မာနိုင်ငံသားဖြစ်သူ၊

(၂) ဖော်ယူမည့် လုပ်ငန်းနှင့် စပ်လျဉ်း၍ ငွေကြေးနှင့် ပစ္စည်းကိရိယာ လုံလောက်မှုရှိသူ၊

(၃) နစ်မြုပ်ရေယာဉ်များ ဖော်ယူဆယ်ယူရာတွင် သက်ဆိုင်သည့် ရေကြောင်းဆိုင်ရာ ဥပဒေများ၊ ဦးစီးဌာနက သတ်မှတ်သည့် စည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ လိုက်နာဆောင်ရွက်နိုင်သူ၊

(၄) သတ်မှတ်ချိန်အတွင်း ဖော်ယူနိုင်စွမ်းရှိသူ၊

(၅) လုပ်ငန်းဆောင်ရွက်မှုကို မိမိကိုယ်တိုင် တာဝန်ယူဆောင်ရွက်နိုင်စွမ်းရှိသူ။

(ခ) နစ်မြုပ်ရေယာဉ် ဆယ်ယူရေးအတွက် စပေါ်ငွေကျပ်ငါးသိန်း ပေးသွင်းပြီးဖြစ်ရမည်။

၃၁။ ပို့ဆောင်ရေးဝန်ကြီးဌာနသည် စီးပွားရေးအလို့ငှာ နစ်မြုပ်ရေယာဉ် တူးဖော်ဆယ်ယူခွင့်ပြုရေးနှင့်စပ်လျဉ်း၍ နည်းဥပဒေ ၂၈ အရ ဦးစီးဌာန၏ တင်ပြချက် သို့မဟုတ် နည်းဥပဒေ ၂၉ အရ နစ်မြုပ်ရေယာဉ်ကို စီးပွားရေးအလို့ငှာ တူးဖော်ဆယ်ယူခွင့်ပြုရန် လျှောက်ထားချက်အပေါ် စိစစ်ပြီး သဘောထားမှတ်ချက် တင်ပြနိုင်ရန် နစ်မြုပ်ရေယာဉ်များ တူးဖော်ဆယ်ယူရေး၊ ထုခွဲရောင်းချရေးနှင့် ကြီးကြပ်ရေးအဖွဲ့ ဖွဲ့စည်း၍ ဖြစ်စေ၊ ဦးစီးဌာနကိုဖြစ်စေ တာဝန်ပေးရမည်။

၃၂။ နစ်မြုပ်ရေယာဉ်များတူးဖော်ဆယ်ယူရေး၊ ထုခွဲရောင်းချရေးနှင့် ကြီးကြပ်ရေးအဖွဲ့ သို့မဟုတ် ဦးစီးဌာနသည် နစ်မြုပ်ရေယာဉ်ကို တူးဖော်ဆယ်ယူခွင့်ပြုရေးနှင့် စပ်လျဉ်း၍-

(က) လိုအပ်ပါက ကွင်းဆင်းတိုင်းတာခြင်းနှင့် စစ်ဆေးခြင်းတို့ ပြုလုပ်ရမည်။

(ခ) ကန့်ကွက်သူမရှိပါက ကြမ်းခင်းဈေးတန်ဖိုး တွက်ချက်မှုနှင့်အတူ သဘောထားမှတ်ချက်ဖြင့် ပို့ဆောင်ရေးဝန်ကြီးဌာနသို့ တင်ပြရမည်။

၃၃။ ပို့ဆောင်ရေးဝန်ကြီးဌာနသည် နည်းဥပဒေ ၃၂ အရ တင်ပြချက်ကို စိစစ်ပြီး ခွင့်ပြုချက်ပေးရန် ငြင်းဆိုခြင်း သို့မဟုတ် ပုံစံ (၂) ဖြင့် စည်းကမ်းချက်များ သတ်မှတ်၍ ခွင့်ပြုခြင်းပြုနိုင်သည်။

၃၄။ ဦးစီးဌာနသည်-

(က) နည်းဥပဒေ ၃၃ အရ ပို့ဆောင်ရေးဝန်ကြီးဌာနက ခွင့်ပြုချက်ပေးရန် ငြင်းဆိုကြောင်း သို့မဟုတ် စည်းကမ်းချက်များ သတ်မှတ်၍ ခွင့်ပြုချက် ပေးကြောင်း အကြောင်းကြားစာ လက်ခံရရှိသည့်နေ့မှ ၁၀ ရက်အတွင်း ထိုသို့ ငြင်းဆိုကြောင်း သို့မဟုတ် ခွင့်ပြုကြောင်းကို လျှောက်ထားသူထံ အကြောင်းကြားရမည်။

(ခ) ပို့ဆောင်ရေးဝန်ကြီးဌာနက စည်းကမ်းချက်များ သတ်မှတ်၍ ခွင့်ပြုချက် ပေးသော လျှောက်ထားသူအား တိုင်းတာမှုနှင့် ကွင်းဆင်းစစ်ဆေးမှု ဝန်ဆောင်ခကို ပေးသွင်းစေပြီး ခွင့်ပြုချက်လက်မှတ် ထုတ်ပေးရမည်။

၃၅။ နစ်မြုပ်ရေယာဉ် တူးဖော်ဆယ်ယူခွင့်ရသည့် အဖွဲ့အစည်းတစ်ခုခု သို့မဟုတ် ပုဂ္ဂိုလ်တစ်ဦးဦးသည်-

(က) ရေလမ်းကျဉ်းမြောင်းသည့် နေရာဖြစ်ပါက ဦးစီးဌာနမှ သက်ဆိုင်ရာ တာဝန်ခံအရာရှိက သတ်မှတ်ပေးသော လုပ်ငန်းချိန်အတွင်း၌သာ ဆောင်ရွက်ရမည်။ ဤသို့ဆောင်ရွက်ရာတွင် ရေယာဉ်များ ခုတ်မောင်းသွားလာရာတွင် နှောင့်နှေးမှုနှင့် စောင့်ဆိုင်းရမှုများကို နည်းနိုင်သမျှ နည်းစေရမည်။

(ခ) မြစ်ချောင်းနယ်အတွင်းရှိ ရေလယ်ကျွန်းနှင့် သောင်ခုံများပေါ်တွင် နစ်မြုပ်ရေယာဉ်များကို တူးဖော်ဆယ်ယူပြီးပါက တူးဖော်သည့် နေရာများအား မူလအနေအထားအတိုင်း ပြန်လည်ဖို့ပေးရမည်။

(ဂ) နစ်မြုပ်ရေယာဉ် တူးဖော်ဆယ်ယူပြီး ထွက်ရှိလာသည့် တူးစာများနှင့် စွန့်ပစ်ပစ္စည်းများကို ရေလမ်းကြောင်း အတွင်းသို့ စွန့်ပစ်ခြင်းမပြုရ။

(ဃ) နစ်မြုပ်ရေယာဉ် တူးဖော်ဆယ်ယူခြင်းနှင့် စပ်လျဉ်း၍ နောက်ဆက်တွဲ (က) ဖြင့် သတ်မှတ်ထားသော စည်းကမ်းချက်များကို တိကျစွာ လိုက်နာဆောင်ရွက်ရမည်။

အချုပ်ပိုင် (ဆ) သို့ ◆

◆ **အချပ်ပို (၈) မှ**

၃၆။ နစ်မြုပ်ရေယာဉ် တူးဖော်ဆယ်ယူခွင့်ရသည့် အဖွဲ့အစည်းတစ်ခုခု သို့မဟုတ် ပုဂ္ဂိုလ်တစ်ဦးဦးသည် နည်းဥပဒေ ၃၅ ပါ နစ်မြုပ်ရေယာဉ်တူးဖော်ဆယ်ယူခြင်းဆိုင်ရာတာဝန်များနှင့် စည်းကမ်းချက်များကို တိကျစွာလိုက်နာမည်ဖြစ်ကြောင်း ဦးစီးဌာနတွင် ကတိခံဝန်ချုပ်ကို ချုပ်ဆိုရမည်။

၃၇။ ဦးစီးဌာနသည် နည်းဥပဒေ ၃၆ အရချုပ်ဆိုသော ကတိခံဝန်ချုပ်ကို ဖောက်ဖျက်၍ နစ်မြုပ်ရေယာဉ် တူးဖော်ဆယ်ယူခြင်းဆိုင်ရာ တာဝန်တစ်ရပ်ရပ်ကို လည်းကောင်း၊ နောက်ဆက်တွဲ (က)ဖြင့် သတ်မှတ်ထားသော စည်းကမ်းချက်တစ်ရပ်ရပ်ကိုလည်းကောင်း၊ လိုက်နာဆောင်ရွက်ရန် ပျက်ကွက်သော အဖွဲ့အစည်းတစ်ခုခု သို့မဟုတ် ပုဂ္ဂိုလ်တစ်ဦးဦးအား ထုတ်ပေးထားသော ခွင့်ပြုချက်ကို ပို့ဆောင်ရေးဝန်ကြီးဌာန၏ အတည်ပြုချက်ဖြင့် ရုပ်သိမ်းနိုင်သည်။

၃၈။ နစ်မြုပ်ရေယာဉ် တူးဖော်ဆယ်ယူခွင့်ရသည့် အဖွဲ့အစည်းတစ်ခုခု သို့မဟုတ် ပုဂ္ဂိုလ်တစ်ဦးဦးသည်-

(က) ခွင့်ပြုချက်ရရှိသည့်နေ့မှ တစ်နှစ်အတွင်း အပြီးတူးဖော်ဆယ်ယူ၍ မြစ်ချောင်းနယ်မှ ဖယ်ရှားရမည်။

(ခ) နည်းဥပဒေခွဲ (က)အရ တစ်နှစ်အတွင်း တူးဖော်ဆယ်ယူ ဖယ်ထုတ်နိုင်ခြင်းမပြုနိုင်ပါက မည်သည့်အတွက် သတ်မှတ်ပေးသည့် အချိန်အတွင်း ဆောင်ရွက်နိုင်ခြင်းမရှိကြောင်း ကျိုးကြောင်းခိုင်လုံစွာ ဖော်ပြပြီး တူးဖော်ဆယ်ယူခွင့် သက်တမ်းတိုးမြှင့်ပေးရန် နစ်မြုပ်ရေယာဉ်များ တူးဖော်ဆယ်ယူရေး၊ ထုခွဲရောင်းချရေးနှင့် ကြီးကြပ်ရေးအဖွဲ့ သို့မဟုတ် ဦးစီးဌာနသို့ ပုံစံ (၃) ဖြင့် လျှောက်ထားရမည်။

၃၉။ နစ်မြုပ်ရေယာဉ်များ တူးဖော်ဆယ်ယူရေး၊ ထုခွဲရောင်းချရေးနှင့် ကြီးကြပ်ရေး အဖွဲ့ သို့မဟုတ် ဦးစီးဌာနသည် နည်းဥပဒေ ၃၈၊ နည်းဥပဒေခွဲ (ခ) အရ လျှောက်ထားချက်ကို စိစစ်ပြီး -

(က) ခွင့်ပြုသင့်ကြောင်း တွေ့ရှိပါက ပုံစံ(၄)ဖြင့် သက်တမ်းတစ်ကြိမ်လျှင် ၁၂ လဖြင့် သက်တမ်းနှစ်ကြိမ်အထိ တိုးမြှင့်ပေးနိုင်သည်။

(ခ) ခွင့်မပြုသင့်ကြောင်း တွေ့ရှိလျှင်ဖြစ်စေ၊ နည်းဥပဒေခွဲ (က)အရ သက်တမ်း နှစ်ကြိမ်အထိ တိုးမြှင့်ပေးသော်လည်း အပြီးတူးဖော်ဆယ်ယူ ဖယ်ရှားနိုင်ခြင်း မရှိလျှင်ဖြစ်စေ ထုတ်ပေးထားသော ခွင့်ပြုချက်လက်မှတ်ကို ပို့ဆောင်ရေးဝန်ကြီးဌာန၏ အတည်ပြုချက်ဖြင့် ရုပ်သိမ်းနိုင်သည်။

၄၀။ နစ်မြုပ်ရေယာဉ် တူးဖော်ခွင့်ရသည့် အဖွဲ့အစည်းတစ်ခုခု သို့မဟုတ် ပုဂ္ဂိုလ်တစ်ဦးဦးသည် ပထမအကြိမ်သက်တမ်းအတွင်း အပြီးတူးဖော်ဆယ်ယူဖယ်ရှားနိုင်ရန် ကြိုးပမ်းအားထုတ်၍ ဆောင်ရွက်ရမည်။ အကယ်၍ ပထမအကြိမ် သက်တမ်းအတွင်း အပြီးတူးဖော်ဆယ်ယူ ဖယ်ရှားနိုင်ခြင်းမပြုနိုင်ပါက အကျိုးအကြောင်း ခိုင်လုံစွာဖြင့် ဖော်ပြပြီး ဒုတိယအကြိမ် သက်တမ်းတိုးမြှင့်ပေးရန် နစ်မြုပ်ရေယာဉ်များ တူးဖော်ဆယ်ယူရေး၊ ထုခွဲရောင်းချရေးနှင့် ကြီးကြပ်ရေးအဖွဲ့ သို့မဟုတ် ဦးစီးဌာနသို့ ပုံစံ(၃)ဖြင့် လျှောက်ထားရမည်။

၄၁။ နစ်မြုပ်ရေယာဉ်များ တူးဖော်ဆယ်ယူရေး၊ ထုခွဲရောင်းချရေးနှင့် ကြီးကြပ်ရေး အဖွဲ့ သို့မဟုတ် ဦးစီးဌာနသည် နည်းဥပဒေ ၄၀ အရ လျှောက်ထားချက်ကို စိစစ်ပြီး ခွင့်ပြုသင့်ကြောင်းတွေ့ရှိပါက ပုံစံ(၄)ဖြင့် ဒုတိယအကြိမ် သက်တမ်း ၁၂ လအထိ တိုးမြှင့်ပေးနိုင်သည်။

၄၂။ နစ်မြုပ်ရေယာဉ် တူးဖော်ဆယ်ယူခွင့်ရသည့် အဖွဲ့အစည်းတစ်ခုခု သို့မဟုတ် ပုဂ္ဂိုလ်တစ်ဦးဦးသည် နည်းဥပဒေ ၃၉၊ နည်းဥပဒေခွဲ (က)အရ သက်တမ်းတိုးမြှင့်ပေးပါက ပထမအကြိမ် သက်တမ်းတိုးမြှင့်ခအဖြစ် သတ်မှတ်ထားသော နစ်မြုပ်ရေယာဉ်တန်ဖိုး၏ ၁၀ ရာခိုင်နှုန်းကိုလည်းကောင်း၊ နည်းဥပဒေ ၄၁ အရ သက်တမ်းတိုးမြှင့်ပေးပါက ဒုတိယအကြိမ် သက်တမ်းတိုးမြှင့်ခအဖြစ် ထိုတန်ဖိုး၏ ၂၀ ရာခိုင်နှုန်းကို လည်းကောင်း ဒဏ်ကြေးအဖြစ် ပေးဆောင်ရမည်။

၄၃။ နစ်မြုပ်ရေယာဉ်တူးဖော်ဆယ်ယူခွင့်ရသည့်အဖွဲ့အစည်းတစ်ခုခု သို့မဟုတ် ပုဂ္ဂိုလ်တစ်ဦးဦးသည်-

(က) တူးဖော်ဆယ်ယူခြင်း၊ စတင်ဆောင်ရွက်ခြင်းနှင့် တိုးတက်မှုအခြေအနေကို တစ်လတစ်ကြိမ် ဦးစီးဌာန၊ ရုံးချုပ်နှင့် သက်ဆိုင်ရာ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဒေသရုံးများသို့ သတင်းပို့ရမည်။

(ခ) တူးဖော်ဆယ်ယူမှုအောင်မြင်ပြီးစီးသည့်အခါ ပြီးစီးသည့်နေ့မှ ၁၀ ရက်အတွင်း ဦးစီးဌာနရုံးချုပ်နှင့် သက်ဆိုင်ရာ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဒေသရုံးများသို့ တင်ပြရမည်။

(ဂ) တူးဖော်ဆယ်ယူပြီးသော ရေယာဉ်အား ဦးစီးဌာန၏ ခွင့်ပြုချက်ရရှိမှသာ မိမိလိုရာသို့ သယ်ဆောင်ခွင့်ရှိသည်။

၄၄။ (က) နစ်မြုပ်ရေယာဉ်တူးဖော်ဆယ်ယူခွင့်ရသည့် အဖွဲ့အစည်းတစ်ခုခု သို့မဟုတ် ပုဂ္ဂိုလ်တစ်ဦးဦးသည် ဒုတိယအကြိမ် သက်တမ်းတိုးမြှင့်ပေးသည့်ကာလ ကုန်ဆုံးပြီးနောက် ရာသီဥတုဆိုးရွားမှုကြောင့် ဖြစ်စေ၊ သဘာဝဘေးအန္တရာယ်အပါအဝင် မျှော်မှန်း၍ မရနိုင်သည့်အပြင် တားဆီးခြင်းမပြုနိုင်သော အခြားအကြောင်းတစ်ခုခုကြောင့်ဖြစ်စေ တူးဖော်ဆယ်ယူခြင်းလုပ်ငန်းကို သတ်မှတ်ချိန်အတွင်း ဆောင်ရွက်နိုင်ခြင်းမရှိပါက ကြောင်းကျိုးခိုင်လုံစွာဖြင့် ဦးစီးဌာနသို့ သင့်လျော်သည့် တူးဖော်ဆယ်ယူခွင့်ကာလ တိုးမြှင့်ပေးရန် တင်ပြနိုင်သည်။

(ခ) နစ်မြုပ်ရေယာဉ်များ တူးဖော်ဆယ်ယူရေး၊ ထုခွဲရောင်းချရေးနှင့် ကြီးကြပ်ရေးအဖွဲ့ သို့မဟုတ် ဦးစီးဌာနသည် နည်းဥပဒေခွဲ (က)အရ တူးဖော်ဆယ်ယူခွင့်ကာလတိုးမြှင့်ပေးရန် တင်ပြချက်ကို စိစစ်ပြီး သင့်လျော်သည့် တူးဖော်ဆယ်ယူခွင့်ကာလနှင့် နစ်မြုပ်ရေယာဉ်တန်ဖိုး၏ ၁၀ ရာခိုင်နှုန်း ထက်မပိုသော ဒဏ်ကြေးတို့ကို သတ်မှတ်၍ တိုးမြှင့်ပေးနိုင်သည်။

၄၅။ နစ်မြုပ်ရေယာဉ်များ တူးဖော်ဆယ်ယူရေး၊ ထုခွဲရောင်းချရေးနှင့် ကြီးကြပ်ရေးအဖွဲ့ သို့မဟုတ် ဦးစီးဌာနမှ တာဝန်ပေးအပ်သည့် အရာရှိသည် နစ်မြုပ်ရေယာဉ် တူးဖော်ဆယ်ယူခြင်းနှင့်စပ်လျဉ်း၍ ဥပဒေနှင့် ဤနည်းဥပဒေများပါ ပြဋ္ဌာန်းချက်များအား လိုက်နာဆောင်ရွက်ခြင်း ရှိ၊ မရှိကို လည်းကောင်း၊ သတ်မှတ်ပေးသော စည်းကမ်းချက်များနှင့် ညီညွတ်မှု ရှိ၊ မရှိကို လည်းကောင်း အခါအားလျော်စွာ ကွင်းဆင်းစစ်ဆေးပြီး တွေ့ရှိချက်ကို ပို့ဆောင်ရေးဝန်ကြီးဌာနသို့ အစီရင်ခံရမည်။

၄၆။ (က) ရေယာဉ်နစ်မြုပ်သည့်နေ့မှ တစ်နှစ်အတွင်း နစ်မြုပ်ရေယာဉ်ပိုင်ဆိုင်ခွင့်နှင့်စပ်လျဉ်း၍ အငြင်းပွားမှုပေါ်ပေါက်လျှင် ရေယာဉ်ပိုင်ရှင်နှင့် နစ်မြုပ်ရေယာဉ် တူးဖော်ဆယ်ယူခွင့်ရသည့် အဖွဲ့အစည်းတစ်ခုခု သို့မဟုတ် ပုဂ္ဂိုလ်တစ်ဦးဦးသည် အချင်းချင်းညှိနှိုင်း၍ မရရှိပါက နစ်မြုပ်ရေယာဉ်များ တူးဖော်ဆယ်ယူရေး၊ ထုခွဲရောင်းချရေးနှင့် ကြီးကြပ်ရေးအဖွဲ့ သို့မဟုတ် ဦးစီးဌာနသို့ စေ့စပ်ညှိနှိုင်းပေးရန် တင်ပြနိုင်သည်။

(ခ) နစ်မြုပ်ရေယာဉ်များ တူးဖော်ဆယ်ယူရေး၊ ထုခွဲရောင်းချရေးနှင့် ကြီးကြပ်ရေးအဖွဲ့ သို့မဟုတ် ဦးစီးဌာနသည် နှစ်ဖက်အငြင်းပွားသူတို့အား ဆင့်ခေါ်၍ ပြေလည်မှုရစေရန် စေ့စပ်ညှိနှိုင်းပေးပြီး ရေယာဉ်တန်ဖိုး၏ ကြမ်းခင်းဈေးကို ပြင်ဆင်တွက်ချက်၍ သတ်မှတ်ပေးနိုင်သည်။

(ဂ) နစ်မြုပ်ရေယာဉ်ပိုင်ဆိုင်ခွင့်နှင့်စပ်လျဉ်း၍ နှစ်ဖက်အငြင်းပွားသူတို့သည် နည်းဥပဒေခွဲ (ခ)အရ စေ့စပ်ညှိနှိုင်း၍မရလျှင် သက်ဆိုင်ရာတရားရုံး၏ အဆုံးအဖြတ်ကို ခံယူနိုင်သည်။

အခန်း(၉)

ရေနုတ်မြောင်းဖောက်လုပ်ခြင်း၊ ရေအားလျှပ်စစ်စက်ရုံများ တည်ဆောက်ခြင်းနှင့် မြစ်ချောင်းရေ ထုတ်နုတ်သုံးစွဲခြင်း

၄၇။ သက်ဆိုင်ရာဝန်ကြီးဌာန၊ အစိုးရဌာန၊ အဖွဲ့အစည်းတစ်ခုခု သို့မဟုတ် ပုဂ္ဂိုလ်တစ်ဦးဦးသည် လုပ်ငန်းလိုအပ်ချက်အရ မြစ်ချောင်းနယ်၊ ကမ်းပါးနယ်နှင့် ကမ်းနားနယ်အတွင်း ရေနုတ်မြောင်းဖောက်လုပ်လိုလျှင် ဖြစ်စေ၊ ရေအားလျှပ်စစ် စက်ရုံများ တည်ဆောက်လုပ်ကိုင်လိုလျှင်ဖြစ်စေ၊ မြစ်ရေတင်စီမံကိန်းများ ဆောင်ရွက်ပြီး မြစ်ချောင်းရေ ထုတ်နုတ်သုံးစွဲလိုလျှင်ဖြစ်စေ လုပ်ငန်းတည်နေရာ၊ လုပ်ငန်းအတိုင်းအတာ ပမာဏဖြင့် လုပ်ငန်းကာလတို့ကို ဖော်ပြ၍ ပို့ဆောင်ရေးဝန်ကြီးဌာနသို့ သဘောတူညီချက်တောင်းခံရမည်။

၄၈။ ပို့ဆောင်ရေးဝန်ကြီးဌာနသည် နည်းဥပဒေ ၄၇ အရ သဘောထားတောင်းခံချက်အပေါ် စိစစ်ပြီး ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ထိန်းသိမ်းကာကွယ်ခြင်းကို ထိခိုက်နိုင်ဖွယ်ရာမရှိပါက ရေနုတ်မြောင်းဖောက်လုပ်ခြင်း၊ ရေအားလျှပ်စစ်စက်ရုံများ တည်ဆောက်လုပ်ကိုင်ခြင်း သို့မဟုတ် မြစ်ရေတင်စီမံကိန်းများဆောင်ရွက်ပြီး မြစ်ချောင်းရေထုတ်နုတ်သုံးစွဲခြင်းကို စည်းကမ်းချက်များ သတ်မှတ်၍ သဘောတူညီချက်ပေးနိုင်သည်။

၄၉။ နည်းဥပဒေ ၄၈ အရ သဘောတူညီချက်ပေးပါက သက်ဆိုင်ရာဝန်ကြီးဌာန၊ အစိုးရဌာန၊ အဖွဲ့အစည်းတစ်ခုခု သို့မဟုတ် ပုဂ္ဂိုလ်တစ်ဦးဦးသည် တိုင်းတာပုံထုတ်ခြင်းနှင့် ကွင်းဆင်းစစ်ဆေးခြင်းတို့အတွက် ပို့ဆောင်ရေးဝန်ကြီးဌာနက သတ်မှတ်သော ဝန်ဆောင်ခကို ဦးစီးဌာနသို့ ပေးသွင်းရမည်။

အခန်း(၁၀)

မြစ်ချောင်းနယ်၊ ကမ်းပါးနယ်နှင့် ကမ်းနားနယ်အတွင်း ပိုက်လိုင်း၊ လျှပ်စစ်ဓာတ်အားလိုင်းနှင့် ကြေးနန်းလိုင်းဆက်သွယ်ခြင်း

၅၀။ သက်ဆိုင်ရာဝန်ကြီးဌာန၊ အစိုးရဌာန၊ အဖွဲ့အစည်းတစ်ခုခု သို့မဟုတ် ပုဂ္ဂိုလ်တစ်ဦးဦးသည် လုပ်ငန်းလိုအပ်ချက်အရ မြစ်ချောင်းနယ်၊ ကမ်းပါးနယ်နှင့် ကမ်းနားနယ်အတွင်း ပိုက်လိုင်း၊ လျှပ်စစ်ဓာတ်အားလိုင်းနှင့် ကြေးနန်းလိုင်းဆက်သွယ်ခြင်း သို့မဟုတ် တူးဖော်ခြင်းပြုလုပ်လိုလျှင် လုပ်ငန်းတည်နေရာ၊ အတိုင်းအတာပမာဏနှင့် လုပ်ငန်းကာလတို့ကို ဖော်ပြ၍ ပို့ဆောင်ရေးဝန်ကြီးဌာနသို့ သဘောတူညီချက် တောင်းခံရမည်။

၅၁။ ပို့ဆောင်ရေးဝန်ကြီးဌာနသည် နည်းဥပဒေ ၅၀ အရ သဘောတူညီချက် တောင်းခံခြင်းအပေါ် စိစစ်ပြီး ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ထိန်းသိမ်းကာကွယ်ခြင်းကို ထိခိုက်နိုင်ဖွယ်ရာ ရှိ၊ မရှိနှင့်စပ်လျဉ်း၍ ကွင်းဆင်းတိုင်းတာစစ်ဆေးပြီး အောက်ပါအချက်များနှင့် ညီညွတ်ပါက မြစ်ချောင်းနယ်၊ ကမ်းပါးနယ်နှင့် ကမ်းနားနယ်တို့အတွင်း ပိုက်လိုင်းကိုဖြစ်စေ၊ လျှပ်စစ်ဓာတ်အားလိုင်းကိုဖြစ်စေ၊ ကြေးနန်းလိုင်းကိုဖြစ်စေ ဆက်သွယ်ခြင်း၊ တူးဖော်ဖောက်လုပ်ခြင်းပြုလုပ်ရန် စည်းကမ်းချက်များ သတ်မှတ်၍ သဘောတူညီချက်ပေးနိုင်သည်-

(က) ကမ်းပါးပြိုနိုင်မှုမရှိခြင်း၊

(ခ) နုန်းထိုင်၍ သောင်ဖြစ်ထွန်းပြီး ရေကြောင်းပြောင်းလဲနိုင်မှုနှင့် တစ်ဖက်ကမ်းကို ထိခိုက်နိုင်မှု မရှိခြင်း၊

(ဂ) ရေယာဉ်များ ခုတ်မောင်းမှုကို အနှောင့်အယှက်အဟန့်အတားဖြစ်နိုင်မှု မရှိခြင်း၊

(ဃ) ရေကြောင်းအန္တရာယ်ဖြစ်နိုင်မှု မရှိခြင်း၊

(င) သဘာဝပတ်ဝန်းကျင်ထိခိုက်နိုင်မှု မရှိခြင်း။

၅၂။ နည်းဥပဒေ ၅၁ အရ သဘောတူညီချက်ပေးပါက သက်ဆိုင်ရာဝန်ကြီးဌာန၊ အစိုးရဌာန၊ အဖွဲ့အစည်းတစ်ခုခု သို့မဟုတ် ပုဂ္ဂိုလ်တစ်ဦးဦးသည် မြစ်ချောင်းနယ်၊ ကမ်းပါးနယ်နှင့် ကမ်းနားနယ်အတွင်း ပိုက်လိုင်းကိုဖြစ်စေ၊ လျှပ်စစ်ဓာတ်အားလိုင်းကိုဖြစ်စေ၊ ကြေးနန်းလိုင်းကိုဖြစ်စေ ဆက်သွယ်ဆောင်ရွက်ခြင်းနှင့် စပ်လျဉ်း၍ တိုင်းတာမှုနှင့် ကွင်းဆင်းစစ်ဆေးမှုများအတွက် ဝန်ဆောင်ခနှင့် လုပ်ငန်းဆောင်ရွက်စဉ် ရေလမ်းကြောင်းကြီးကြပ်ကွပ်ကဲမှုပြုရာတွင် ကုန်ကျသည့်စရိတ်ကို ဦးစီးဌာနသို့ ပေးသွင်းရမည်။

အခန်း (၁၁)

မြစ်ချောင်းနယ်၊ ကမ်းပါးနယ်နှင့် ကမ်းနားနယ်အတွင်း အဆောက်အအုံဆောက်လုပ်ခြင်း

၅၃။ မြစ်ချောင်းနယ်၊ ကမ်းပါးနယ်နှင့် ကမ်းနားနယ်တို့တွင် အဆောက်အအုံ ဆောက်လုပ်ခွင့်အတွက် သက်ဆိုင်ရာဝန်ကြီးဌာနနှင့် အစိုးရဌာန၊ အဖွဲ့အစည်းတစ်ခုခု သို့မဟုတ် ပုဂ္ဂိုလ်တစ်ဦးဦး၏ လျှောက်ထားခြင်းနှင့် စပ်လျဉ်း၍ သက်ဆိုင်ရာအစိုးရဌာန၊ အဖွဲ့အစည်းသည် ဦးစီးဌာန၏ ထောက်ခံချက်ကို တောင်းခံရမည်။

၅၄။ ဦးစီးဌာနသည် နည်းဥပဒေ ၅၃ အရ ထောက်ခံချက်တောင်းခံခြင်းအပေါ် စိစစ်ပြီး ရေအရင်းအမြစ်နှင့် မြစ်ချောင်းများထိန်းသိမ်းကာကွယ်ခြင်းကို ထိခိုက်နိုင်ဖွယ်ရာ ရှိ၊ မရှိနှင့်စပ်လျဉ်း၍ ကွင်းဆင်းတိုင်းတာစစ်ဆေးပြီး အောက်ပါအချက်များနှင့် ညီညွတ်ပါက မြစ်ချောင်းနယ်၊ ကမ်းပါးနယ်နှင့် ကမ်းနားနယ်အတွင်း အဆောက်အအုံဆောက်လုပ်ရန် ထောက်ခံချက်ပေးနိုင်သည်-

(က) ကမ်းပါးပြိုနိုင်မှု မရှိခြင်း၊

(ခ) နုန်းထိုင်၍ သောင်ဖြစ်ထွန်းပြီး ရေကြောင်းပြောင်းလဲနိုင်မှုနှင့် တစ်ဖက်ကမ်းကို ထိခိုက်နိုင်မှု မရှိခြင်း၊

(ဂ) ရေယာဉ်များ ခုတ်မောင်းမှုကို အနှောင့်အယှက်အဟန့်အတားဖြစ်နိုင်မှု မရှိခြင်း၊

(ဃ) ရေကြောင်းအန္တရာယ်ဖြစ်နိုင်မှုမရှိခြင်း၊

(င) သဘာဝပတ်ဝန်းကျင် ထိခိုက်နိုင်မှုမရှိခြင်း။

၅၅။ နည်းဥပဒေ ၅၃ အရ ထောက်ခံချက်တောင်းခံခြင်းနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာဝန်ကြီးဌာနနှင့် အစိုးရဌာန၊ အဖွဲ့အစည်းသို့ ခွင့်ပြုချက်တောင်းခံသည့် အစိုးရဌာန အဖွဲ့အစည်းတစ်ခုခု သို့မဟုတ် ပုဂ္ဂိုလ်တစ်ဦးဦးသည် မြစ်ချောင်းနယ်၊ ကမ်းပါးနယ်နှင့် ကမ်းနားနယ်အတွင်း အဆောက်အအုံ ဆောက်လုပ်ခြင်းအတွက် တိုင်းတာပုံထုတ်ခြင်းနှင့် ကွင်းဆင်းစစ်ဆေးခြင်းတို့ပြုရာတွင် ပို့ဆောင်ရေးဝန်ကြီးဌာနက သတ်မှတ်ထားသည့် ဝန်ဆောင်ခကို ဦးစီးဌာနသို့ ပေးသွင်းရမည်။

၅၆။ သက်ဆိုင်ရာဝန်ကြီးဌာနနှင့် အစိုးရဌာန၊ အဖွဲ့အစည်းတစ်ခုခုသည် နည်းဥပဒေ ၅၃ ပါ ဆောက်လုပ်ခွင့်လျှောက်ထားခြင်းနှင့် စပ်လျဉ်း၍ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ၊ ရေလမ်းကြောင်းများ မထိခိုက်စေရေးအတွက် ဦးစီးဌာန၏ ထောက်ခံချက်ရရှိမှသာ မိမိတို့၏လုပ်ပိုင်ခွင့်အရ ခွင့်ပြုနိုင်သော ကိစ္စများကို ခွင့်ပြုရမည်။

အခန်း (၁၂)

သဲစုပ်ခြင်း၊ သဲတူးခြင်း၊ သဲကျိုးခြင်းနှင့် မြစ်ကျောက်ထုတ်ခြင်း

၅၇။ အစိုးရဌာန၊ အဖွဲ့အစည်းတစ်ခုခု သို့မဟုတ် ပုဂ္ဂိုလ်တစ်ဦးဦးက မြစ်ချောင်းနယ်၊ ကမ်းပါးနယ်နှင့် ကမ်းနားနယ်အတွင်း သဲစုပ်ခြင်း၊ သဲတူးခြင်း၊ သဲကျိုးခြင်းနှင့် မြစ်ကျောက်ထုတ်ခြင်း လုပ်ငန်းတစ်ခုခုကို လုပ်ကိုင်ခွင့်ပြုရန် သက်ဆိုင်ရာအစိုးရဌာန၊ အဖွဲ့အစည်းသို့ လျှောက်ထားလာသည့်အခါ ယင်းအစိုးရဌာန၊ အဖွဲ့အစည်းသည် ခွင့်ပြုချက်မပေးမီ ဦးစီးဌာန၏ ထောက်ခံချက်ကို တောင်းခံရမည်။

၅၈။ ဦးစီးဌာနသည် နည်းဥပဒေ ၅၇ အရ ထောက်ခံချက်တောင်းခံခြင်းနှင့် စပ်လျဉ်း၍ စိစစ်ပြီး ရေအရင်းအမြစ်နှင့် မြစ်ချောင်းများထိန်းသိမ်းကာကွယ်ခြင်းကို ထိခိုက်နိုင်ဖွယ်ရာမရှိပါက မြစ်ချောင်းနယ်၊ ကမ်းပါးနယ်နှင့် ကမ်းနားနယ်အတွင်း သဲစုပ်ခြင်း၊ သဲတူးခြင်း၊ သဲကျိုးခြင်းနှင့် မြစ်ကျောက်ထုတ်ခြင်းလုပ်ငန်းပြုလုပ်ရန် ထောက်ခံချက်ပေးနိုင်သည်။

၅၉။ နည်းဥပဒေ ၅၇ အရ ထောက်ခံချက်တောင်းခံခြင်းနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာ အစိုးရဌာန၊ အဖွဲ့အစည်းသို့ ခွင့်ပြုချက်တောင်းခံသည့် အစိုးရဌာန၊ အဖွဲ့အစည်း တစ်ခုခု သို့မဟုတ် ပုဂ္ဂိုလ်တစ်ဦးဦးသည် မြစ်ချောင်းနယ်၊ ကမ်းပါးနယ်နှင့် ကမ်းနားနယ်အတွင်း သဲစုပ်ခြင်း၊ သဲတူးခြင်း၊ သဲကျိုးခြင်းနှင့် မြစ်ကျောက်ထုတ်ခြင်းလုပ်ငန်းအတွက် တိုင်းတာ ပုံထုတ် ကွင်းဆင်းစစ်ဆေးမှုပြုရာတွင် ပို့ဆောင်ရေးဝန်ကြီးဌာနက သတ်မှတ်ထားသည့် ဝန်ဆောင်ခကို ဦးစီးဌာနသို့ ပေးသွင်းရမည်။

၆၀။ သက်ဆိုင်ရာ အစိုးရဌာန၊ အဖွဲ့အစည်းတို့သည် မြစ်ချောင်းနယ်၊ ကမ်းပါးနယ်နှင့် ကမ်းနားနယ်အတွင်း အဆိုပါ သဲစုပ်ခြင်း၊ သဲတူးခြင်း၊ သဲကျိုးခြင်းနှင့် မြစ်ကျောက်ထုတ်ခြင်းလုပ်ငန်းနှင့်စပ်လျဉ်း၍ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ၊ ရေလမ်းကြောင်းများ မထိခိုက်စေရေးအတွက် ဦးစီးဌာန၏ ထောက်ခံချက်ရရှိမှသာ မိမိတို့၏ လုပ်ပိုင်ခွင့်အရ ခွင့်ပြုနိုင်သော ကိစ္စများကို ခွင့်ပြုရမည်။

၆၁။ သဲစုပ်ခြင်း၊ သဲတူးခြင်း၊ သဲကျိုးခြင်းနှင့် မြစ်ကျောက်ထုတ်ခြင်း လုပ်ငန်းတစ်ခုခုကို လုပ်ကိုင်ရန် ဦးစီးဌာနက ထောက်ခံချက်ထုတ်ပေးထားသော အဖွဲ့အစည်းတစ်ခုခု သို့မဟုတ် ပုဂ္ဂိုလ်တစ်ဦးဦးသည်-

(က) ဦးစီးဌာနက သတ်မှတ်ထားသည့် နေရာ၊ အတိုင်းအတာ(အလျား×အနံ×အနက်)များအတိုင်းသာ တူးဖော်ထုတ်လုပ်ရမည်။ ထိုသတ်မှတ်ချက်ထက်ကျော်လွန်၍ မြစ်သဲ၊ ကျောက်စရစ်ကို တူးဖော်ထုတ်လုပ်ခြင်း မပြုရသည့်အပြင် မြစ်ကြောင်းပျက်စီးမှုအတွက် ပြန်လည်ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်း၏ ကုန်ကျစရိတ်များကိုလည်း ကျခံရမည်။

(ခ) မြစ်သဲ၊ ကျောက်စရစ် တူးဖော်ထုတ်လုပ်မည့် နေရာတွင် မထုတ်လုပ်မီ ဦးစီးဌာနမှ ကွင်းဆင်းတိုင်းတာခြင်း၊ တူးဖော်ထုတ်လုပ်ပြီးနောက် ဦးစီးဌာနမှ ကွင်းဆင်းတိုင်းတာစစ်ဆေးခြင်းများအတွက် ဝန်ဆောင်ခများကို ကျခံရမည်။

(ဂ) မြစ်သဲ၊ ကျောက်စရစ်တူးဖော်ထုတ်လုပ်မှုကြောင့် မမျှော်လင့်သော ရေကြောင်း ရေလမ်းပျက်စီးလာမှုနှင့် ရေထုညစ်ညမ်းမှုများ ဖြစ်ပေါ်လာသဖြင့် ဦးစီးဌာနက လုပ်ငန်းရပ်ဆိုင်းရန် ညွှန်ကြားသည့်အခါ ထိုလုပ်ငန်းကို ချက်ချင်းရပ်ဆိုင်းရမည်။

(ဃ) မြစ်သဲ၊ ကျောက်စရစ်တူးဖော်ထုတ်လုပ်မှု ဆောင်ရွက်နေစဉ်အတွင်း ဦးစီးဌာနမှ သက်ဆိုင်ရာတာဝန်ရှိသူများ၏ ကွင်းဆင်းစစ်ဆေးမှုကို ခံယူရမည်။

(င) ရေလမ်းကြောင်းတွင် ရေယာဉ်များ ခုတ်မောင်းသွားလာမှုကို အနှောင့်အယှက်မဖြစ်စေရ။

(စ) ရေလမ်းကြောင်းအတွင်း မြစ်သဲ၊ ကျောက်စရစ်တူးဖော်ထုတ်လုပ်ခြင်း မပြုရဘဲ ရေလမ်းကြောင်း ပြင်ပတွင်သာ လွတ်ကင်းစွာ တူးဖော်ရမည်။

(ဆ) မြစ်သဲ၊ ကျောက်စရစ်တူးဖော်ထုတ်လုပ်မှုလုပ်ငန်းနှင့် ဆက်စပ်၍ ရေလမ်းကြောင်းအတွင်း ရေနက်ကြောင်း ဖော်ထုတ်ရန် လိုအပ်ပါက ဦးစီးဌာန၏ ကြီးကြပ်မှုဖြင့် တူးဖော်ပေးရမည်။

(ဇ) တူးဖော်ပြီး မလိုအပ်သော သဲများ၊ နုန်းသဲများနှင့် တံစုန်းများအား ရေလမ်းကြောင်းအတွင်းသို့ စွန့်ပစ်ခြင်းမပြုရ။

(ဈ) မြစ်သဲ၊ ကျောက်စရစ် တူးဖော်ထုတ်လုပ်မည့် ယန္တရားနှင့်ရေယာဉ်ဆိုင်ရာ အချက်အလက်များကို ဦးစီးဌာနသို့ ပေးပို့ရမည်။

(ည) မြစ်သဲ၊ ကျောက်စရစ်တူးဖော်ထုတ်လုပ်မည့် ရေယာဉ်များသည် နွေရာသီရေနည်းကာလတွင် ဦးစီးဌာနက ထုတ်ပြန်ထားသည့် ရေစူးကန့်သတ်ချက်ကို လိုက်နာရမည်။

(ဋ) မြစ်သဲ၊ ကျောက်စရစ်သယ် ရေယာဉ်များ၊ တွဲများနှင့် မြစ်သဲ၊ ကျောက်စရစ်ထုတ်လုပ် ရေယာဉ်များသည် ကြံ့ခိုင်ကောင်းမွန်ပြီး ရေယာဉ်ဝန်ထမ်းများသည် ရေယာဉ်များအား မှတ်ပုံတင်ပေးသည့် သက်ဆိုင်ရာ အစိုးရဌာန၊ အဖွဲ့အစည်းမှ သတ်မှတ်ပေးထားသော ကျွမ်းကျင်မှုလက်မှတ်ရဝန်ထမ်းများ ဖြစ်ရမည်။

(ဌ) မြစ်သဲ၊ ကျောက်စရစ် တူးဖော်ထုတ်လုပ်မှုလုပ်ငန်း စတင်ဆောင်ရွက်ခြင်းနှင့် ထုတ်လုပ်မှုအခြေအနေကို ဦးစီးဌာနရုံးချုပ်နှင့် သက်ဆိုင်ရာ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဒေသရုံးများသို့ တစ်လလျှင် တစ်ကြိမ် သတင်းပို့ရမည်။

(ဍ) တူးဖော်ထုတ်လုပ်သော မြစ်သဲ၊ ကျောက်စရစ်ပမာဏအတွက် ဦးစီးဌာနမှ တိုင်းတာစစ်ဆေး၍ ထုတ်ပေးသော အတည်ပြုချက် ရယူရမည်။

(ဎ) ဦးစီးဌာနက ထုတ်ပေးထားသော ထောက်ခံချက်အရ သတ်မှတ်ထားသည့် လုပ်ငန်းအတိုင်းအတာအတိုင်း ဆောင်ရွက်ပြီးစီးသည့်အခါ ဦးစီးဌာန ရုံးချုပ်နှင့် သက်ဆိုင်ရာရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဒေသရုံးသို့ တင်ပြရမည်။

(ဏ) မြစ်သဲ၊ ကျောက်စရစ် တူးဖော်ထုတ်လုပ်ခြင်းနှင့်ပတ်သက်၍ အခါအားလျော်စွာ ထုတ်ပြန်သော အမိန့်နှင့် ညွှန်ကြားချက်များကိုပါ လိုက်နာဆောင်ရွက်ရမည်။

(တ) နောက်ဆက်တွဲ (ခ)ဖြင့် သတ်မှတ်ထားသော မြစ်သဲ၊ ကျောက်စရစ် တူးဖော်ထုတ်လုပ်ခြင်းဆိုင်ရာ စည်းကမ်းများကို တိကျစွာ လိုက်နာဆောင်ရွက်ရမည်။

၆၂။ သဲစုပ်ခြင်း၊ သဲတူးခြင်း၊ သဲကျိုးခြင်းနှင့် မြစ်ကျောက်ထုတ်ခြင်းလုပ်ငန်းတစ်ခုခုကို လုပ်ကိုင်ရန် ဦးစီးဌာနက ထောက်ခံချက်ပေးသည့်အခါ နည်းဥပဒေ ၆၁ ပါ မြစ်သဲ၊ ကျောက်စရစ် တူးဖော်ထုတ်လုပ်ခြင်းဆိုင်ရာ တာဝန်များနှင့် စည်းကမ်းချက်များကို တိကျစွာ လိုက်နာမည်ဖြစ်ကြောင်း အဆိုပါလုပ်ငန်းလုပ်ကိုင်ရန် လျှောက်ထားသည့် အစိုးရဌာန၊ အဖွဲ့အစည်းတစ်ခုခု သို့မဟုတ် ပုဂ္ဂိုလ်တစ်ဦးဦးသည် ဦးစီးဌာနတွင် ကတိခံဝန်ချုပ်ကို ချုပ်ဆိုရမည်။

၆၃။ ဦးစီးဌာနသည်-

(က) နည်းဥပဒေ ၆၂ အရ ချုပ်ဆိုသော ကတိခံဝန်ချုပ်ကို ဖောက်ဖျက်၍ မြစ်သဲ၊ ကျောက်စရစ်တူးဖော်ထုတ်လုပ်ခြင်းဆိုင်ရာ တာဝန်တစ်ရပ်ရပ်ကိုလည်းကောင်း၊ နောက်ဆက်တွဲ (ခ)ဖြင့် သတ်မှတ်ထားသော စည်းကမ်းချက်တစ်ရပ်ရပ်ကိုလည်းကောင်း လိုက်နာဆောင်ရွက်ရန် ပျက်ကွက်သော အစိုးရဌာန၊ အဖွဲ့အစည်းတစ်ခုခု သို့မဟုတ် ပုဂ္ဂိုလ်တစ်ဦးဦးအား ထုတ်ပေးထားသော ထောက်ခံချက်လက်မှတ်ကို ရုပ်သိမ်းနိုင်သည်။

အချပ်ပို (၉) သို့ ◆

နည်းဥပဒေများ

◆ **အချပ်ပို (ဆ)မှ**

(ခ) နည်းဥပဒေခွဲ(က)အရ ထောက်ခံချက်ကို ရုပ်သိမ်းကြောင်း သက်ဆိုင်ရာ အစိုးရဌာန၊ အဖွဲ့အစည်းသို့ အကြောင်းကြားရမည်။

၆၄။ ထုတ်ပေးထားသော ထောက်ခံချက်လက်မှတ်ကို နည်းဥပဒေ ၆၃ အရ ရုပ်သိမ်းခြင်းခံရသော အစိုးရဌာန၊ အဖွဲ့အစည်းတစ်ခုခု သို့မဟုတ် ပုဂ္ဂိုလ်တစ်ဦးဦးသည် ထောက်ခံချက်လက်မှတ်ကို ထပ်မံ၍လျှောက်ထားရယူခြင်းမပြုဘဲ ဆက်လက်၍ မြစ်သဲ၊ ကျောက်စရစ်တူးဖော်ထုတ်လုပ်ခြင်းလုပ်ငန်းကို လုပ်ကိုင်ခြင်းမပြုရ။

အခန်း (၁၃)

ရွှေကျင်ခြင်း၊ ရွှေသတ္တုတူးဖော်ခြင်းနှင့် သယံဇာတထုတ်လုပ်ခြင်း

၆၅။ အစိုးရဌာန၊ အဖွဲ့အစည်းတစ်ခုခု သို့မဟုတ် ပုဂ္ဂိုလ်တစ်ဦးဦးက မြစ်ချောင်းနယ်၊ ကမ်းပါးနယ်နှင့် ကမ်းနားနယ်အတွင်း ရွှေကျင်ခြင်း၊ ရွှေသတ္တုတူးဖော်ခြင်းနှင့် သယံဇာတထုတ်လုပ်ခြင်းလုပ်ငန်းတစ်ခုခုကို လုပ်ကိုင်ခွင့်ပြုရန် သက်ဆိုင်ရာဝန်ကြီးဌာနနှင့် အစိုးရဌာန၊ အဖွဲ့အစည်းတစ်ခုခုသို့ လျှောက်ထားလာသည့်အခါ ယင်းဝန်ကြီးဌာနနှင့် အစိုးရဌာန၊ အဖွဲ့အစည်းသည် ခွင့်ပြုချက်မပေးမီ ဦးစီးဌာန၏ ထောက်ခံချက်ကို တောင်းခံရမည်။

၆၆။ ဦးစီးဌာနသည် နည်းဥပဒေ ၆၅ အရ ထောက်ခံချက်တောင်းခံခြင်းအပေါ် စိစစ်ပြီး ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ထိန်းသိမ်းကာကွယ်ခြင်းကို ထိခိုက်နိုင်ဖွယ်ရာမရှိပါက မြစ်ချောင်းနယ်၊ ကမ်းပါးနယ်နှင့် ကမ်းနားနယ်အတွင်း ရွှေကျင်ခြင်း၊ ရွှေသတ္တုတူးဖော်ခြင်း သို့မဟုတ် သယံဇာတထုတ်လုပ်ခြင်းလုပ်ငန်း ပြုလုပ်ရန် ထောက်ခံချက်ပေးနိုင်သည်။

၆၇။ နည်းဥပဒေ ၆၅ အရ ထောက်ခံချက်တောင်းခံခြင်းနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာ အစိုးရဌာန အဖွဲ့အစည်းသို့ ခွင့်ပြုချက်တောင်းခံသည့် အစိုးရဌာန၊ အဖွဲ့အစည်းတစ်ခုခု သို့မဟုတ် ပုဂ္ဂိုလ်တစ်ဦးဦးသည် မြစ်ချောင်းနယ်၊ ကမ်းပါးနယ်နှင့် ကမ်းနားနယ်အတွင်း ရွှေကျင်ခြင်း၊ ရွှေသတ္တုတူးဖော်ခြင်း သို့မဟုတ် သယံဇာတထုတ်လုပ်ခြင်းလုပ်ငန်း အတွက် တိုင်းတာပုံထုတ် ကွင်းဆင်းစစ်ဆေးမှုပြုရာတွင် ပို့ဆောင်ရေးဝန်ကြီးဌာနက သတ်မှတ်ထားသည့် ဝန်ဆောင်ခကို ဦးစီးဌာနသို့ ပေးသွင်းရမည်။

၆၈။ သက်ဆိုင်ရာဝန်ကြီးဌာနနှင့် အစိုးရဌာနအဖွဲ့အစည်းတို့သည် မြစ်ချောင်းနယ်၊ ကမ်းပါးနယ်နှင့် ကမ်းနားနယ်အတွင်း အဆိုပါ ရွှေကျင်ခြင်း၊ ရွှေသတ္တုတူးဖော်ခြင်းနှင့် သယံဇာတထုတ်လုပ်ခြင်းလုပ်ငန်းနှင့် စပ်လျဉ်း၍ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ၊ ရေလမ်းကြောင်းများ မထိခိုက်စေရေးအတွက် ဦးစီးဌာန၏ ထောက်ခံချက်ရရှိမှသာ မိမိတို့၏ လုပ်ပိုင်ခွင့်အရ ခွင့်ပြုနိုင်သောကိစ္စများကို ခွင့်ပြုရမည်။

၆၉။ ရွှေကျင်ခြင်း၊ ရွှေသတ္တုတူးဖော်ခြင်းနှင့် သယံဇာတထုတ်လုပ်ခြင်း လုပ်ငန်းတစ်ခုခုကို လုပ်ကိုင်ရန် ဦးစီးဌာနက ထောက်ခံချက်ထုတ်ပေးထားသော အစိုးရဌာန အဖွဲ့အစည်းတစ်ခုခု သို့မဟုတ် ပုဂ္ဂိုလ်တစ်ဦးဦးသည်-

(က) ဦးစီးဌာနကသတ်မှတ်ထားသည့်နေရာ၊ အတိုင်းအတာ(အလျား×အနံ×အနက်)များအတိုင်းသာ တူးဖော်ထုတ်လုပ်ရမည်။ ထိုသတ်မှတ်ချက် ထက်ကျော်လွန်၍ ရွှေကျင်ခြင်း၊ ရွှေသတ္တုတူးဖော်ခြင်းနှင့် သယံဇာတ ထုတ်လုပ်ခြင်းမပြုရသည့်အပြင် မြစ်ကြောင်းပျက်စီးမှုအတွက် ပြန်လည် ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်း၏ ကုန်ကျစရိတ်များကိုလည်း ကျခံရမည်။

(ခ) ရွှေကျင်ခြင်း၊ ရွှေသတ္တုတူးဖော်ခြင်းနှင့် သယံဇာတထုတ်လုပ်မည့် နေရာတွင် မထုတ်လုပ်မီ ဦးစီးဌာနမှ ကွင်းဆင်းတိုင်းတာခြင်း၊ တူးဖော် ထုတ်လုပ်ပြီးနောက် ဦးစီးဌာနမှ ကွင်းဆင်းတိုင်းတာ စစ်ဆေးခြင်းများ အတွက် လုပ်ငန်းကုန်ကျစရိတ်များကို ကျခံရမည်။

(ဂ) ရွှေကျင်ခြင်း၊ ရွှေသတ္တုတူးဖော်ခြင်းနှင့် သယံဇာတထုတ်လုပ်မှုကြောင့် မမျှော်လင့်သော ရေကြောင်းရေလမ်း ပျက်စီးလာမှု၊ ရေထုညစ်ညမ်းမှုနှင့် သဘာဝပတ်ဝန်းကျင်ထိခိုက်မှုများ ဖြစ်ပေါ်လာသဖြင့် ဦးစီးဌာနက လုပ်ငန်းရပ်ဆိုင်းရန် ညွှန်ကြားသည့်အခါ ထိုလုပ်ငန်းကို ချက်ချင်း ရပ်ဆိုင်းရမည်။

(ဃ) ရွှေကျင်ခြင်း၊ ရွှေသတ္တုတူးဖော်ခြင်းနှင့် သယံဇာတထုတ်လုပ်မှု ဆောင်ရွက်နေစဉ်အတွင်း ဦးစီးဌာနမှ သက်ဆိုင်ရာတာဝန်ရှိသူများ၏ ကွင်းဆင်းစစ်ဆေးမှုကို ခံယူရမည်။

(င) ရေလမ်းကြောင်းတွင် ရေယာဉ်များ ခုတ်မောင်းသွားလာမှုကို အနှောင့် အယှက်မဖြစ်စေရ။

(စ) ရေလမ်းကြောင်းအတွင်း ရွှေကျင်ခြင်း၊ ရွှေသတ္တုတူးဖော်ခြင်းနှင့် သယံဇာတထုတ်လုပ်ခြင်းမပြုရဘဲ ရေလမ်းကြောင်းပြင်ပတွင်သာ လွတ်ကင်းစွာ တူးဖော်ရမည်။

(ဆ) ရွှေကျင်ခြင်း၊ ရွှေသတ္တုတူးဖော်ခြင်းနှင့် သယံဇာတ ထုတ်လုပ်မှု လုပ်ငန်းနှင့်ဆက်စပ်၍ ရေလမ်းကြောင်းအတွင်း ရေနက်ကြောင်း ဖော်ထုတ်ရန် လိုအပ်ပါက ဦးစီးဌာန၏ ကြီးကြပ်မှုဖြင့် တူးဖော်ပေးရမည်။

(ဇ) တူးဖော်ပြီး မလိုအပ်သော သဲများ၊ နုန်းသဲများနှင့် တံစုန်းများအား ရေလမ်းကြောင်းအတွင်းသို့ စွန့်ပစ်ခြင်းမပြုရဘဲ မြစ်ချောင်းကမ်းပါး အပေါ်ဘက် သို့မဟုတ် ဦးစီးဌာနမှ သတ်မှတ်ပေးထားသော စွန့်ပစ်ရမည့်နေရာများ၌သာ စွန့်ပစ်ရမည်။ တူးဖော်ရာတွင် ရရှိသော သဲကျောက်များကို သန့်စင်ခြင်းနှင့် ရွှေကျင်ယူခြင်းတို့ ပြုလုပ်ရာတွင် ရေကြည်မှုအပ အဆိုပါ သဲများ၊ နုန်းများနှင့် ကျောက်များကို မြစ်ချောင်းအတွင်းသို့ ပြန်လည်ကျရောက်စေခြင်းမရှိစေရ။

(ဈ) ရွှေကျင်ခြင်း၊ ရွှေသတ္တုတူးဖော်ခြင်းနှင့် သယံဇာတထုတ်လုပ်မည့် ယန္တရားနှင့် ရေယာဉ်ဆိုင်ရာအချက်အလက်များကို ဦးစီးဌာနသို့ ပေးပို့ရမည်။

(ည) ရွှေကျင်ခြင်း၊ ရွှေသတ္တုတူးဖော်ခြင်းနှင့် သယံဇာတထုတ်လုပ်မည့် ရေယာဉ်များသည် နွေရာသီရေနည်းကာလတွင် ဦးစီးဌာနက ထုတ်ပြန်ထားသည့် ရေစူးကန့်သတ်ချက်ကို လိုက်နာရမည်။

(ဋ) ရွှေကျင်ယူသည့် လုပ်ငန်းဆောင်ရွက်ရာတွင် ရေထုညစ်ညမ်းစေမည့် အရာဝတ္ထုပစ္စည်းများကို မြစ်ချောင်းအတွင်းသို့ စွန့်ပစ်ခြင်းမပြုရ။ ထို့ပြင် သဘာဝပတ်ဝန်းကျင်ကို ထိခိုက်ပျက်စီးစေသော ကုန်းနေ ရေနေ လူနှင့် သတ္တဝါများ၊ သစ်ပင်များကို အန္တရာယ်ရှိစေသည့် ဘေးဖြစ်စေတတ်သောပစ္စည်းများ၊ အဆိပ်သင့်စေသောပစ္စည်းများနှင့် ဓာတုဆေးဝါး ပစ္စည်းများကို သုံးစွဲခြင်းမပြုရ။

(ဌ) ရွှေကျင်ခြင်း၊ ရွှေသတ္တုတူးဖော်ခြင်းနှင့် သယံဇာတထုတ်လုပ်သည့် ရေယာဉ်များသည် ကြံ့ခိုင်ကောင်းမွန်ပြီး ရေယာဉ်ဝန်ထမ်းများသည် ရေယာဉ်များအား မှတ်ပုံတင်ပေးသည့် သက်ဆိုင်ရာအစိုးရဌာန၊ အဖွဲ့အစည်းမှ သတ်မှတ်ပေးထားသော ကျွမ်းကျင်မှုလက်မှတ်ရ ဝန်ထမ်းများ ဖြစ်ရမည်။

(ဍ) ရွှေကျင်ခြင်း၊ ရွှေသတ္တုတူးဖော်ခြင်းနှင့် သယံဇာတထုတ်လုပ်မှုလုပ်ငန်း စတင်ဆောင်ရွက်ခြင်းနှင့် ထုတ်လုပ်မှုအခြေအနေကို ဦးစီးဌာန ရုံးချုပ်နှင့် သက်ဆိုင်ရာရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ဒေသရုံးသို့ တစ်လလျှင် တစ်ကြိမ် သတင်းပို့ရမည်။

(ဎ) ဦးစီးဌာနက ထုတ်ပေးထားသော ထောက်ခံချက်အရ သတ်မှတ်ထားသည့် လုပ်ငန်းအတိုင်းအတာအတိုင်း ဆောင်ရွက်ပြီးစီးသည့်အခါ ဦးစီးဌာနရုံးချုပ်နှင့် သက်ဆိုင်ရာ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဒေသရုံးသို့ တင်ပြရမည်။

(ဏ) ရွှေကျင်ခြင်း၊ ရွှေသတ္တုတူးဖော်ခြင်းနှင့် သယံဇာတထုတ်လုပ်ခြင်းနှင့် ပတ်သက်၍ အခါအားလျော်စွာ ထုတ်ပြန်သောအမိန့်နှင့် ညွှန်ကြားချက် များကိုပါ လိုက်နာဆောင်ရွက်ရမည်။

(တ) နောက်ဆက်တွဲ (ခ) ဖြင့် သတ်မှတ်ထားသော ရွှေကျင်ခြင်း၊ ရွှေသတ္တု တူးဖော်ခြင်းနှင့် သယံဇာတထုတ်လုပ်ခြင်းဆိုင်ရာ စည်းကမ်းများကို တိကျစွာ လိုက်နာဆောင်ရွက်ရမည်။

၇၀။ ရွှေကျင်ခြင်း၊ ရွှေသတ္တုတူးဖော်ခြင်းနှင့် သယံဇာတထုတ်လုပ်ခြင်းလုပ်ငန်း တစ်ခုခုကို လုပ်ကိုင်ရန် ဦးစီးဌာနက ထောက်ခံချက်ပေးသည့်အခါ နည်းဥပဒေ ၆၉ ပါ ရွှေကျင်ခြင်း၊ ရွှေသတ္တုတူးဖော်ခြင်းနှင့် သယံဇာတထုတ်လုပ်ခြင်းဆိုင်ရာ တာဝန်များနှင့် စည်းကမ်းချက်များကို တိကျစွာ လိုက်နာမည်ဖြစ်ကြောင်း အဆိုပါ လုပ်ငန်း လုပ်ကိုင်ရန် လျှောက်ထားသည့် အစိုးရဌာန၊ အဖွဲ့အစည်းတစ်ခုခု သို့မဟုတ် ပုဂ္ဂိုလ်တစ်ဦးဦးသည် ဦးစီးဌာနတွင် ကတိခံဝန်ချုပ်ကို ချုပ်ဆိုရမည်။

၇၁။ ဦးစီးဌာနသည်-

(က) နည်းဥပဒေ ၇၀ အရ ချုပ်ဆိုသော ကတိခံဝန်ချုပ်ကို ဖောက်ဖျက်၍ ရွှေကျင်ခြင်း၊ ရွှေသတ္တုတူးဖော်ခြင်းနှင့် သယံဇာတထုတ်လုပ်ခြင်း ဆိုင်ရာ တာဝန်တစ်ရပ်ရပ်ကိုလည်းကောင်း၊ နောက်ဆက်တွဲ (ခ) ဖြင့် သတ်မှတ်ထားသော စည်းကမ်းချက်တစ်ရပ်ရပ်ကိုလည်းကောင်း လိုက်နာဆောင်ရွက်ရန် ပျက်ကွက်သော အစိုးရဌာန၊ အဖွဲ့အစည်းတစ်ခုခု သို့မဟုတ် ပုဂ္ဂိုလ်တစ်ဦးဦးအား ထုတ်ပေးထားသော ထောက်ခံချက်လက်မှတ်ကို ရုပ်သိမ်းနိုင်သည်။

(ခ) နည်းဥပဒေခွဲ (က)အရ ထောက်ခံချက်ကို ရုပ်သိမ်းကြောင်း သက်ဆိုင်ရာ အစိုးရဌာန၊ အဖွဲ့အစည်းသို့ အကြောင်းကြားရမည်။

၇၂။ ထုတ်ပေးထားသော ထောက်ခံချက်လက်မှတ်ကို နည်းဥပဒေ ၇၁ အရ ရုပ်သိမ်းခြင်းခံရသော အစိုးရဌာန၊ အဖွဲ့အစည်းတစ်ခုခု သို့မဟုတ် ပုဂ္ဂိုလ်တစ်ဦးဦးသည် ထောက်ခံချက်လက်မှတ်ကို ထပ်မံ၍ လျှောက်ထားရယူခြင်းမပြုဘဲ ဆက်လက်၍ ရွှေကျင်ခြင်း၊ ရွှေသတ္တုတူးဖော်ခြင်းနှင့် သယံဇာတ ထုတ်လုပ်ခြင်းလုပ်ငန်းကို လုပ်ကိုင်ခြင်းမပြုရ။

အခန်း(၁၄)

လွှန်းလမ်း၊ သင်္ဘောကျင်း၊ ရေစိုသင်္ဘောကျင်း၊ ရေလုံသင်္ဘောကျင်း တည်ဆောက်ခြင်း၊ ဆိပ်ခံတံတား၊ ဖောတံတားနှင့် ရေဆင်းတံတား ဆောက်လုပ်ခြင်း၊ မြောင်းဖော်၍ သင်္ဘောကမ်းထိုးခြင်း

၇၃။ မြစ်ချောင်းနယ်၊ ကမ်းပါးနယ်နှင့် ကမ်းနားနယ်တို့တွင် လွှန်းလမ်းတည်ဆောက်ခြင်း၊ သင်္ဘောကျင်း တည်ဆောက်ခြင်း၊ ရေစိုသင်္ဘောကျင်း တည်ဆောက်ခြင်း သို့မဟုတ် ရေလုံသင်္ဘောကျင်း တည်ဆောက်ခြင်းလုပ်ငန်း လုပ်ကိုင်လိုသူသည် အောက်ပါအချက်များကို ဖော်ပြ၍ လုပ်ငန်းခွင့်ပြုချက်ရရှိရန် ဦးစီးဌာနသို့ ပုံစံ(၅)ဖြင့် လျှောက်ထားရမည်-

(က) လုပ်ငန်းဆောင်ရွက်မည့်နေရာ၊ မြေပုံကြမ်း၊

(ခ) လုပ်ငန်းဆောင်ရွက်မည့် နေရာအကျယ်အဝန်း၊ အတိုင်းအတာ၊

(ဂ) လုပ်ငန်းဆောင်ရွက်မည့် ဒီဇိုင်းပုံစံနှင့် အတိုင်းအတာ။

၇၄။ မြစ်ချောင်းနယ်၊ ကမ်းပါးနယ်နှင့် ကမ်းနားနယ်တို့တွင် ဆိပ်ခံတံတား သို့မဟုတ် ဖောတံတား၊ ရေဆင်းတံတားဆောက်လုပ်ခြင်း လုပ်ငန်းလုပ်ကိုင်လိုသူသည် အောက်ပါအချက်များကို ဖော်ပြ၍ လုပ်ငန်းခွင့်ပြုချက်ရရှိရန် ဦးစီးဌာနသို့ ပုံစံ (၆)ဖြင့် လျှောက်ထားရမည်-

(က) လုပ်ငန်းဆောင်ရွက်မည့်နေရာ၊ မြေပုံကြမ်း၊

(ခ) တံတား၏ တည်နေရာပြ မြေပုံ၊

(ဂ) တံတား၏ ဒီဇိုင်းပုံစံနှင့် အတိုင်းအတာ။

၇၅။ မြစ်ချောင်းနယ်၊ ကမ်းပါးနယ်နှင့် ကမ်းနားနယ်တို့တွင် မြောင်းဖော်၍ သင်္ဘောကမ်းထိုးခြင်းလုပ်ငန်းလုပ်ကိုင်လိုသူသည် အောက်ပါအချက်များကို ဖော်ပြ၍ လုပ်ငန်းခွင့်ပြုချက်ရရှိရန် ဦးစီးဌာနသို့ ပုံစံ (၇) ဖြင့် လျှောက်ထားရမည်-

(က) လုပ်ငန်းဆောင်ရွက်မည့်နေရာ၊ မြေပုံကြမ်း၊

(ခ) မြောင်း၏ အတိုင်းအတာ (အလျား×အနံ×အနက်)၊

(ဂ) မြောင်း၏ တည်နေရာပြ မြေပုံ။

၇၆။ (က) ဦးစီးဌာနသည် နည်းဥပဒေ ၇၃၊ ၇၄ နှင့် ၇၅ တို့အရ လုပ်ငန်းခွင့်ပြုချက် ရရှိရန် လျှောက်ထားချက်အပေါ် ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ထိန်းသိမ်းကာကွယ်ခြင်းကို ထိခိုက်နိုင်ဖွယ်ရာ ရှိ၊ မရှိ စိစစ်ပြီး ထိခိုက်နိုင် ဖွယ်ရာရှိပါက ငြင်းပယ်ခြင်း သို့မဟုတ် ထိခိုက်နိုင်ဖွယ်ရာမရှိပါက ခွင့်ပြုပြီး စည်းကမ်းချက်များသတ်မှတ်၍ လုပ်ငန်းခွင့်ပြုချက် ပုံစံ(၈)ဖြင့် ထုတ်ပေးနိုင်သည်။

(ခ) နည်းဥပဒေခွဲ (က)အရ ထုတ်ပေးထားသည့် လုပ်ငန်းခွင့်ပြုချက်သက်တမ်း သည် ထုတ်ပေးသည့်နေ့မှစ၍ သုံးနှစ်ဖြစ်သည်။

၇၇။ နည်းဥပဒေ ၇၆ အရ လုပ်ငန်းခွင့်ပြုချက် ရရှိသူသည်-

(က) လုပ်ငန်းလုပ်ကိုင်ရန် ခွင့်ပြုထားသည့် နေရာအကျယ်အဝန်း၏ တစ်စတုရန်းမီတာလျှင် တစ်လ ၁၂၅ ကျပ်နှုန်းဖြင့် ဦးစီးဌာနသို့ ပေးသွင်း ရမည်။

(ခ) နောက်ဆက်တွဲ (ဂ) ဖြင့် သတ်မှတ်ထားသော သက်ဆိုင်ရာ သင်္ဘောကျင်း၊ ရေစိုသင်္ဘောကျင်း၊ ရေလုံသင်္ဘောကျင်း၊ ဆိပ်ခံတံတား သို့မဟုတ် ဖောတံတား၊ ရေဆင်းတံတားနှင့် မြောင်းဖော်၍ ကမ်းထိုးခြင်း လုပ်ငန်း ဆိုင်ရာ စည်းကမ်းချက်များကို လိုက်နာရမည်။

၇၈။ ဦးစီးဌာနသည် လုပ်ငန်းခွင့်ပြုချက်ရရှိသူက သတ်မှတ်ထားသော လုပ်ငန်းဆိုင်ရာ စည်းကမ်းချက်တစ်ရပ်ရပ်ကို လိုက်နာဆောင်ရွက်ရန် ပျက်ကွက်လျှင် ထုတ်ပေးထားသော လုပ်ငန်းခွင့်ပြုချက်ကို ရုပ်သိမ်းနိုင်သည်။

အခန်း(၁၅)

ကမ်းပါးနယ်နှင့် ကမ်းနားနယ်အတွင်းတည်ဆောက်ရေးလုပ်ငန်းသုံးသဲများ၊ ကျောက်များ၊ အုတ်များ၊ သစ်များနှင့် အခြားအရာဝတ္ထုများ စုပုံခြင်း

၇၉။ ကမ်းပါးနယ်နှင့် ကမ်းနားနယ်အတွင်း တည်ဆောက်ရေးလုပ်ငန်းသုံးသဲများ၊ ကျောက်များ၊ အုတ်များ၊ သစ်များ၊ ဝါးများ၊ ခနိများနှင့် အခြားအရာဝတ္ထုများကို စီးပွားရေး အလို့ငှာ စုပုံခြင်း ပြုလုပ်လိုသူသည် စုပုံလိုသော အရာဝတ္ထုပစ္စည်းအမျိုးအမည်၊ အရေအတွက်၊ အကျယ်အဝန်း၊ တည်နေရာ၊ အချိန်ကာလတို့ကို ဖော်ပြ၍ လုပ်ငန်းခွင့်ပြုချက် ရရှိရန် ဦးစီးဌာနသို့ ပုံစံ (၉)ဖြင့် လျှောက်ထားရမည်။

၈၀။ ဦးစီးဌာနသည် နည်းဥပဒေ ၇၉ အရ လုပ်ငန်းခွင့်ပြုချက်ရရှိရန် လျှောက်ထားချက်အပေါ် ကွင်းဆင်း၍ တိုင်းတာစစ်ဆေးပြီး မြစ်ချောင်းကမ်းပါးပြိုကျမှု မဖြစ်စေရေးနှင့် ကမ်းပါးနယ် တည်ငြိမ်ရေးကို ရှေးရှု၍စိစစ်ပြီး ကမ်းပါးနယ်၊ ကမ်းနားနယ်တွင် အရာဝတ္ထုများ စုပုံခြင်းဖြင့် အပိုဝန်ကြောင့် ကမ်းပါးပြိုကျမှု၊ ကမ်းပါးတည်ငြိမ်မှုကို ထိခိုက်နိုင်ဖွယ်ရာဖြစ်ပေါ်စေနိုင်ပါက စုပုံခွင့်ပြုရန် ငြင်းပယ်ခြင်း သို့မဟုတ် ထိခိုက်နိုင်ဖွယ်ရာမရှိပါက ခွင့်ပြုပြီး စည်းကမ်းချက်များ သတ်မှတ်၍ စုပုံရန်လုပ်ငန်းခွင့်ပြုချက် ပုံစံ(၁၀) ကိုထုတ်ပေးနိုင်သည်။

၈၁။ နည်းဥပဒေ ၈၀ အရ လုပ်ငန်းခွင့်ပြုချက် ရရှိသူသည်-

(က) လုပ်ငန်းအတွက် နောက်ဆက်တွဲ (ဃ)တွင် သတ်မှတ်ထားသည့် နှုန်းထားအတိုင်း စုပုံခကို ဦးစီးဌာနသို့ ပေးဆောင်ရမည်။

(ခ) သတ်မှတ်ထားသော သဲများ၊ ကျောက်များ၊ အုတ်များ၊ သစ်များ၊ ဝါးများ၊ ခနိများနှင့် အခြားအရာဝတ္ထုများကို စုပုံခြင်းလုပ်ငန်းဆိုင်ရာ စည်းကမ်း ချက်များကို လိုက်နာရမည်။

၈၂။ နည်းဥပဒေ ၈၀ အရ ထုတ်ပေးထားသည့် လုပ်ငန်းခွင့်ပြုချက် သက်တမ်းသည် ထုတ်ပေးသည့်နေ့မှစ၍ တစ်နှစ်ဖြစ်သည်။

၈၃။ ဦးစီးဌာနသည် စုပုံရန်လုပ်ငန်းခွင့်ပြုချက်ရရှိသူက သတ်မှတ်ထားသော လုပ်ငန်းဆိုင်ရာစည်းကမ်းချက်တစ်ရပ်ရပ်ကို လိုက်နာဆောင်ရွက်ရန် ပျက်ကွက်ပါက ထုတ်ပေးထားသော စုပုံရန်လုပ်ငန်းခွင့်ပြုချက်ကို ရုပ်သိမ်းနိုင်သည်။

အခန်း(၁၆)

ကမ်းပါးနယ်နှင့်ကမ်းနားနယ်အတွင်း ရေတွင်း ရေကန် တူးဖော်ခြင်းနှင့်မြေတူးခြင်း

၈၄။ ကမ်းပါးနယ်နှင့် ကမ်းနားနယ်အတွင်း ရေတွင်းဖြစ်စေ၊ ရေကန်ဖြစ်စေ တူးဖော်ခြင်း သို့မဟုတ် မြေတူးခြင်း ပြုလုပ်လိုသူသည် အောက်ပါအချက်များကို ဖော်ပြ၍ ခွင့်ပြုချက်ရရှိရန်ဦးစီးဌာနသို့ ပုံစံ (၁၁)ဖြင့် လျှောက်ထားရမည်-

(က) လုပ်ငန်းဆောင်ရွက်မည့် နေရာ၊ မြေပုံကြမ်း၊

(ခ) တည်ဆောက်မည့်နေရာ၊

(ဂ) တည်ဆောက်မည့် အတိုင်းအတာ (အလျား× အနံ× အနက်)။

၈၅။ ဦးစီးဌာနသည် နည်းဥပဒေ ၈၄ အရ ခွင့်ပြုချက်ရရှိရန် လျှောက်ထားချက်အပေါ် ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ထိန်းသိမ်းကာကွယ်ခြင်းကို ထိခိုက်နိုင်ဖွယ်ရာ ရှိ၊ မရှိ စိစစ်ပြီး ထိခိုက်နိုင်ဖွယ်ရာရှိပါက ငြင်းပယ်ခြင်း သို့မဟုတ် ထိခိုက်နိုင်ဖွယ်ရာမရှိပါက စည်းကမ်းချက်များသတ်မှတ်၍ ခွင့်ပြုချက်ပုံစံ(၁၂)ဖြင့် ထုတ်ပေးခြင်းပြုနိုင်သည်။

၈၆။ နည်းဥပဒေ ၈၅ အရ ခွင့်ပြုချက်ထုတ်ပေးရာတွင် စီးပွားရေးအလို့ငှာ မြေတူးခြင်းအတွက် လျှောက်ထားသူသည်-

(က) လုပ်ငန်းလုပ်ကိုင်ရန် ခွင့်ပြုထားသည့် နေရာအကျယ်အဝန်း၏ တစ်စတုရန်း မီတာလျှင် တစ်လ ၁၂၅ ကျပ်နှုန်းဖြင့် ဦးစီးဌာနသို့ ပေးသွင်းရမည်။

(ခ) ကမ်းပါးနယ်နှင့် ကမ်းနားနယ်အတွင်း ရေတွင်းရေကန်တူးဖော်ခြင်းနှင့် မြေတူးခြင်းအတွက် သတ်မှတ်ထားသောစည်းကမ်းချက်များကို လိုက်နာ ရမည်။

၈၇။ ဦးစီးဌာနသည် ကမ်းပါးနယ်နှင့် ကမ်းနားနယ်အတွင်း ရေတွင်းရေကန် တူးဖော်ခြင်းနှင့် မြေတူးခြင်းအတွက် ခွင့်ပြုချက်ရရှိသူက သတ်မှတ်ထားသော လုပ်ငန်းဆိုင်ရာ စည်းကမ်းချက်တစ်ရပ်ရပ်ကို လိုက်နာဆောင်ရွက်ရန် ပျက်ကွက်လျှင် ထုတ်ပေးထားသော ခွင့်ပြုချက်ကို ရုပ်သိမ်းနိုင်သည်။

အခန်း(၁၇)

ရေလမ်းထိန်းသိမ်းရေးလုပ်ငန်းများ ဆောင်ရွက်ခြင်းနှင့် ရေလမ်းအကောက်စခန်းများ သတ်မှတ်ခြင်း

၈၈။ ဦးစီးဌာနသည် မြစ်ချောင်း ရေလမ်းကြောင်းများတွင် ရေယာဉ်များ ချောမွေ့စွာ ခုတ်မောင်းနိုင်ရေးအတွက် ရေကြောင်းပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများကို ပို့ဆောင်ရေးဝန်ကြီးဌာန၏လမ်းညွှန်ချက်နှင့်အညီ စီမံချက်ချမှတ်၍ ဆောင်ရွက်ခြင်း၊ စစ်ဆေးခြင်းနှင့်ကြီးကြပ်ခြင်းတို့ပြုရမည်။

၈၉။ ရေလမ်းကြောင်းများတွင် သွားလာသည့် ရေယာဉ်များအား နောက်ဆက်တွဲ(င) ပါ နှုန်းထားအတိုင်းသတ်မှတ်ထားသော ရေလမ်းကြောင်း ဖြတ်သန်းခကို ကောက်ခံရမည့် ရေလမ်းအကောက်စခန်းများမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) တွံတေးတူးမြောင်း၊

(ခ) ညောင်တုန်းမြို့ (ပန်းလှိုင်မြစ်)၊

(ဂ) ဟင်္သာတမြို့ (ဧရာဝတီမြစ်)၊

(ဃ) ပြည်မြို့ (ဧရာဝတီမြစ်)၊

(င) မကွေးမြို့(ဧရာဝတီမြစ်)၊

(စ) ပခုက္ကူမြို့ (ဧရာဝတီမြစ်)၊

(ဆ) မန္တလေးမြို့ (ဧရာဝတီမြစ်)၊

(ဇ) ကသာမြို့ (ဧရာဝတီမြစ်)၊

(ဈ) ဗန်းမော်မြို့ (ဧရာဝတီမြစ်)၊

(ည) မုံရွာမြို့ (ချင်းတွင်းမြစ်)၊

(ဋ) ကလေးဝမြို့ (ချင်းတွင်းမြစ်)

(ဌ) ဟုမ္မလင်းမြို့ (ချင်းတွင်းမြစ်)

(ဍ) ပို့ဆောင်ရေးဝန်ကြီးဌာနက ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီ ချက်ဖြင့် ရေလမ်းအကောက်စခန်းများအဖြစ် သတ်မှတ်ထားရှိသော အခြားရေလမ်းကြောင်းများရှိ မြို့များ။

၉၀။ ဦးစီးဌာနမှ တာဝန်ရှိသူများသည် ဖြတ်သန်းသောရေယာဉ်များ၏ အတိုင်းအတာနှင့် ဝန်တင်ပမာဏတို့အား လိုအပ်ပါက နှောင့်နှေးကြန့်ကြာမှုမရှိစေဘဲ တိုင်းတာစစ်ဆေးခြင်း ပြုနိုင်သည်။

၉၁။ ရေယာဉ်မှူး၊ ရေယာဉ်အုပ်နှင့် တက်မကိုင်တို့သည် ရေလမ်းကြောင်းဖြတ်သန်းခ အတွက် ပြေစာမထုတ်ပေးမီအထိ သက်ဆိုင်ရာ ရေလမ်းအကောက်စခန်းတွင် ရေယာဉ်ကို ခေတ္တရပ်တန့်ထားရမည်။

အခန်း (၁၈)

အထွေထွေ

၉၂။ မြစ်ချောင်းနယ်၊ ကမ်းပါးနယ်နှင့် ကမ်းနားနယ်တို့အတွင်း ဥပဒေနှင့် ဤနည်းဥပဒေများအရ လုပ်ငန်းတစ်ခုခုအတွက် ထောက်ခံချက်ပေးခြင်း သို့မဟုတ် ခွင့်ပြုချက်ပေးခြင်းသည် လုပ်ငန်းလုပ်ကိုင်ခွင့်အတွက်သာဖြစ်ပြီး မြေပိုင်ဆိုင်ခွင့်နှင့် သက်ဆိုင်ခြင်းမရှိစေရ။

၉၃။ ဥပဒေအာဏာမတည်မီက မြစ်ချောင်းနယ်၊ ကမ်းပါးနယ်နှင့် ကမ်းနားနယ်တို့ အတွင်း တည်ဆောက်ထားရှိသော လုပ်ငန်းတစ်ခုခုကို ဥပဒေအာဏာတည်ပြီး နောက် ဆက်လက်၍လုပ်ကိုင်ဆောင်ရွက်လိုလျှင် လုပ်ငန်းလုပ်ကိုင်ခွင့်ရရှိရန် ဥပဒေ နှင့် ဤနည်းဥပဒေများနှင့်အညီ ဦးစီးဌာနသို့ လျှောက်ထားရမည်။

၉၄။ ဦးစီးဌာနသည် ဥပဒေပုဒ်မ ၆၊ ပုဒ်မခွဲ (စ)အရ မြစ်တွင်းသွားရေယာဉ်များ ဆိုက်ကပ်ရပ်နားရေးအတွက် ရွေးချယ်သတ်မှတ်ထားသည့် ဆိပ်ကမ်းများတွင် ပို့ဆောင်ရေးဝန်ကြီးဌာနက သတ်မှတ်ထားသော ဆိပ်ကမ်းကပ်ခကို ကောက်ခံရမည်။

၉၅။ (က) ဥပဒေနှင့် ဤနည်းဥပဒေများအရ ရေကြောင်းပြခ၊ ဆိပ်ကမ်းကပ်ခ၊ မြစ်ချောင်းများထိန်းသိမ်းရေးဆိုင်ရာ အခြားအခွန်အခများကို ဦးစီး ဌာနက ဖြစ်စေ၊ ပို့ဆောင်ရေးဝန်ကြီးဌာန၏ ခွင့်ပြုချက်နှင့်အညီ ဦးစီး ဌာနက တာဝန်ပေးသော ပုဂ္ဂလိကအဖွဲ့အစည်းတစ်ခုခုဖြစ်စေ ကောက်ခံနိုင်သည်၊

(ခ) နည်းဥပဒေခွဲ (က)ပါ အခွန်အခများ ကောက်ခံရာတွင် ပေးဆောင်ရန် ပျက်ကွက်သူအပေါ် ဦးစီးဌာနက တာဝန်ပေးအပ်ခြင်းခံရသော အရာရှိ သည် ကော်လိတ်တော်အရာရှိ၏ လုပ်ပိုင်ခွင့်များကို ကျင့်သုံး၍ မြေခွန် မပြေ ကျန်ငွေကဲ့သို့ အရကောက်ခံရမည်။

ဉာဏ်ထွန်းအောင်
ပြည်ထောင်စုဝန်ကြီး
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ပို့ဆောင်ရေးဝန်ကြီးဌာန

(ဆက်လက်ဖော်ပြပါမည်)